
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
**ထုတ်ဝေသူ**
ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ဖျူးစာပေ)
အမှတ်-၅၂၀(က)၊ အင်းဝ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးကျင်ရင် (မြ-၀၀၃၂၆) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နွေဒုက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
**မျက်နှာဖုံးပန်းချီ**
သိန်းရွှေကြည်
**အတွင်းဖလင်**
ကိုဇင်ဦးနှင့်ညီများ
**ပုံနှိပ်ခြင်း**
ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ
တန်ဖိုး-၁၀၀ ကျပ်၊ အုပ်ရေ- ၅၀၀
**ဖြန့်ချိရေး**
ဖျူးစာပေ
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၅၁၈၅၀၈၇၊ ၀၁ ၈၅၀၀၆၉၆

| |
|---|
| **နုတ်သီး**<br>မိုးခေါ်ငှက်<br>ဖျူးစာပေ၊ ၂၀၁၆။<br>၂၃၂-စာ၊ ၁၂ x ၁၈ စင်တီ။<br>(၁) မိုးခေါ်ငှက် |


BURMESE CLASSIC

## အခန်း (၁)

"အဲဒီကိစ္စ လုံးဝ ဘဒ္ဒ သဘောမတူဘူး ဖေဖေ"

"သမီး"

"ဖေဖေ လေပြေထိုး အချိုသတ်ဖို့ မကြိုးစားပါနဲ့ ဖေဖေ့ကို ဘဒ္ဒ အကဲခတ်နေခဲ့တာ ကြာပြီ၊ မူမမှန်အကျင့်ပျက်နေတာကို သဘော ကျလို့ ဆောင့်ကြည့်နေတာတော့ မဟုတ်ဘူး ဖေဖေ၊ တစ်နေ့နေ့တော့ သူ့အလိုလို အားလည်သဘောပေါက်လာမှာပဲဆိုပြီး ခွင့်လွှတ်နားလည်ပေး ထားတာ"

ကြည့်ပါဦး။ ဖအေကို ဆုံးမသွန်သင်နေတာ ဖွက်ညှိုးထထိုး ထိုးနှင့်။ ဖအေလုပ်သူ ဦးသီဟဇော်က ဆိုဖာခုံပေါ်မှာ ငြိမ်ငြိမ်သက်သက် ထိုင်နေပြီး ဘဒ္ဒချိုက အရှေ့လျှောက် အနောက်လျှောက်ဖြင့် ဂနာမငြိမ်ပါ။

အိမ်အကူမိန်းကလေးချွေးပုက ခပ်လှမ်းလှမ်းမှ ရပ်နေလျက် ခြေတုန် သတ်တုန်။

ဦးသီဟဇော်/ အပြစ်ရှိသလို မျက်နှာငယ်လေးနှင့် ခပ်ဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးမော့လာသည်။

"ဖေဖေက အရွယ်ရောက် အဲ အရွယ်လွန်နေပါပြီ သမီးရယ်၊ သမီးမေမေဆုံးသွားတာလည်း သမီးလေး သုံးနှစ်သမီးအရွယ်လောက်က ဆိုတော့ နှစ်နှစ်ဆယ်နီးပါးရှိနေပါပြီ သမီးရယ်"

"အဲဒီတော့"

"သမီးမေမေနဲ့အတူ သေဆုံးသွားခဲ့တဲ့ ဖေဖေ့နှလုံးသားက အခုမှ အသစ်တစ်ဖန်ပြန်ပြီး နိုးထလာတာပါ၊ ဖေဖေက ကလေးတစ်ယောက်အဖေ မဆိုးဖို့၊ ဟိုကအပျိုစင်လေးဆိုတော့ တစ်ဖက်မိန်းကလေးကိုတောင် အရမ်း အားနာစရာကောင်းနေပါပြီ"

"အပျိုစင်လေးလို့တော့ မပြောပါနဲ့ ဖေဖေ၊ အပျိုဟိုင်းကြီး လေဒီ ကြီးလို့ သုံးပါလား"

"အေး အေး ဟုတ်ပါတယ် သမီးရယ် ဖေဖေစကားပြော လော သွားလို့ပါ"

ကိုယ်က အပြစ်လုပ်ထားသူမို့ ဦးသီဟဇော် သမီးကိုမျက်နှာ ချိုသွေး လိုက်လျောဆက်ဆံနေရသည်။ ဘဒ္ဒချိုက ဆိုဖာခုံမှာ ဆောင့်မ ဝင်ထိုင်ပြီး မကျေမနပ် ဖြစ်နေဆဲပင်။

"ဒီအချိန် ဒီအရွယ်ထိ ဖေဖေ အရိပ်တကြည့်ကြည့် ဂရုစိုက် စောင့်ရှောက်ပေးခဲ့တာကို ဘဒ္ဒ ကျေးဇူးတွေတင်နေတာပါ၊ ဖေဖေနဲ့ တစ်သက် လုံး အတူနေဖို့ အပျိုကြီးလုပ်မယ်လို့တောင် စိတ်ကူးနေတာ"

"အဲ အဲလိုတော့ မလုပ်ပါနဲ့ သမီးရယ်၊ မျိုးဆက်တုံးသွားပါ မယ်၊ ဖေဖေတို့ပိုင်ဆိုင်သမျှ အမွေအနှစ်တွေအတွက် အမွေဆက်ခံမယ့်





ူ နှိုးမှာပေါ့၊ ပြီးတော့ ဆေးပေးမြီးယူ အိမ်ထောင်ဖက်ဆိုတာလည်း အစ်တာပဲ သမီး"

"အို ချမ်းသာကြွယ်ဝနေရင် ခြေဆုပ်လက်နယ်လုပ်ကိုင်ပေးမယ့် အခြွေအရံတွေမှ ပေါလွန်းလို့"

"ဘယ်ဟုတ်မလဲ သမီးရယ်၊ သူစိမ်းဆိုတာ သွေးသားအရင်း ာက် ဘယ်ကောင်းနိုင်မှာလဲ"

"အဲဒါဆို ဖေဖေ မိန်းမမယူနဲ့လေ"

"ဘာဆိုင်လို့လဲ"

"အဲဒါ သွေးသားအရင်းမှမဟုတ်တာ၊ ဖေဖေ့ပိုင်ဆိုင်မှုတွေကို ာ်မောပြီး ဖေဖေ့မိန်းမအဖြစ်နဲ့ ဒီအိမ်ကိုရောက်လာတာ"

"အဲလို မက်မောမှုတွေကြောင့် မဟုတ်ပါဘူးကွယ်၊ နိုင်တို့မှာ ည်း ပြည့်စုံသင့်သလောက် ပြည့်စုံပါတယ်၊ အခုဟာက အကြောင်း ကက်ရှိလို့ ပေါင်းဖက်ဆုံစည်းရတာပါ"

ဘဒ္ဒချို ခေါင်းလေးတရမ်းရမ်းနှင့် အံကြိတ်သည်။ မကျေမချမ်း ည်း တက်ခေါက်၏။

အသက်လေးဆယ်ကျော်ဆိုပေမယ့် ကျန်းမာသန်စွမ်း နုပျိုသွက် ာ်နေသေးသော ဖေဖေ့ကို ဘယ်လိုမိန်းမနှင့်မှ သဘောမတူနိုင်ပါ။ အက ရုပ်ရည်သန့်ပြန့်ချောမောသလို ကျန်းမာရေးသက်လုံကောင်းအောင် တစားလည်းလုပ်တာမို့ ယောကျ်ားပီပီသသ တောင့်တင်းသန်မာမှုရှိ ည်း

စီးပွားဥစ္စာဆိုလည်း အလျှံပယ်ရှာဖွေနိုင်ပြီး စီးပွားရေးလောက

www.burmeseclassic.com



မှာ ခေါင်းမော့လက်မထောင်နိုင်သည်ထိ ကြိုးစားမှုရှိ၏။

ဒီလိုလူမျိုးကို ပျို့ပျို့အိုအို မိန်းမတိုင်း စိတ်ဝင်စားသည်။ အမျိုးမျိုး မြှူဆွယ်စည်းရုံးချဉ်းကပ်ကြသည်။

ဖေဖေကတော့ သမီးလေး ဘဒ္ဒချိုကို ငဲ့ညှာထောက်ထားပြီး ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့တာ သူမအသက်နှင့်အမျှ ဖြစ်သည်။ ဒါပေမဲ့ လွန်ခဲ့သည့်သုံးလလောက်ကတည်းက ဖေဖေ့ခြေလှမ်းတွေ ပျက်လာ သည်။ အရင်ကထက် သေသေသပ်သပ် ပြင်ဆင်မှုတွေပိုများပြီး အိမ်ပြန်ချိန်တွေလည်း မမှန်တော့။ အကြောင်းအမျိုးမျိုး ဆင်ခြေအမျိုးမျိုးဖြင့် အချစ်ဆုံးသမီးလေးကို လှည့်ပတ်နေတာ ဘယ်လောက်ကြာပြီလဲ။

အခုတော့ ဒေါ်ယဉ်မျိုးနိုင်ကို လက်ထပ်ပြီး အိမ်ပေါ်ခေါ်တင်လာတော့မည်ဟု ပွင့်ပွင့်လင်းလင်း ဖွင့်ပြောလာ၏။ သူမရင်တွေ ဆတ်ဆတ်တုန်အောင် နာကျင်နေသည်။ ဒီသမီးလေးရဲ့မျက်နှာကို မထောက်ထားနိုင်အောင် ဖေဖေ မှုန်နေပြီလား။

ဒေါ်ယဉ်မျိုးနိုင် ဘယ်လောက်တောင် ဆွဲဆောင်မှုရှိသလဲ။ လှသလဲ သူမ စိတ်မဝင်စားပါ။ ဖေဖေ့စည်းစိမ်ဥစ္စာတွေကို လိုချင်လောဘတပ်မက်စိတ်ရှိလို့ မုဆိုးဖိုတစ်ယောက်ကို လက်ထပ်ရဲတာဟုသာ ယုံကြည်ထားသည်။

ထိုအကြောင်းအရာကြောင့် ဖေဖေ့ကို အတိုက်အခံပြောနေမိတာ နောက်ဆုတ်တော့မည့်ပုံမပေါ်သော ဖေဖေ့ကို သူမ ဘယ်လိုဖျောင်းဖျနားချရတော့မလဲ။

ကိုယ်သာ မိဘနေရာမှာဆိုလျှင် စိတ်ရှိသလောက် ရိုက်ပုတ်





ဆုံးမ လိုက်ချင်သည်။

"ဖေဖေ့ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလား"

အချိန်ကြာကြာ ငြိမ်သက်တွေးနေပြီးမှ ရုတ်တရက် အံသံကျယ်ကျယ်ဖြင့်မေးလိုက်တော့ ဖေဖေ ဆတ်ခနဲ တုန်သွားကာ

"ဖေဖေ့ကိုနားလည်ပေးပါ သမီးရယ်"

"ဖေဖေဘာသာ မနေနိုင်မထိုင်နိုင် မိန်းမယူတာကို ဘဒ္ဒက ဘာကိုနားလည်ပေးရမှာလဲ ဖေဖေ၊ ဒီအသက်ဒီအရွယ်လည်းရောက်နေပြီ၊ ဖေဖေ မစဉ်းစားတတ်ဘူးလား"

ဦးသီဟ ပခုံးတွန့်ကာ ဘာပြောရမှန်းမသိအောင် ဖြစ်သွား၏။ ဘွဲ့ရပြီးပြီဆိုပေမယ့် အသက်နှစ်ဆယ်ကျော်လေးသာ ရှိသေးသည့်သမီးက သူ့ကို ပြောဆိုဆုံးမနေတာ ရယ်စရာပင်ကောင်းသေးတော့၏။ ဒါပေမဲ့ မလှောင်ရက်၊ မရယ်ရက်ပါ။

ငယ်စဉ်တည်းက မိတဆိုးလေးမို့ ထွေးပွေ့ယုယ အလိုလိုက်ခဲ့သည်၊ အရွယ်ရောက်လာတော့လည်း သူငယ်ချင်းပေါင်းပေါင်းရင် ဘယ်လိုကိစ္စမျိုးမဆို ပွင့်ပွင့်လင်းလင်း ပြောမနာဆိုမနာ တိုင်ပင်ဖြစ်ခဲ့ကြ၏။

"နားနဲ့မနာ ဖဝါးနဲ့နာပါ သမီးရယ်၊ နိုင်နဲ့ဖေဖေ့ဘာ လက်မထပ်လို့ မဖြစ်တော့တဲ့ အခြေအနေမို့ပါ"

"တော်ပြီ ဖေဖေ ဖေဖေလုပ်ချင်ရာလုပ်ပြီးပြီဆိုရင်လည်း ဘာမှ ပြောမနေပါနဲ့တော့၊ ဘဒ္ဒ နားမထောင်ချင်တော့ဘူး"

"နားမထောင်ပေးလို့တော့ မရဘူး သမီး၊ ဒီအဖေနဲ့ဒီသမီးပဲရှိတာ တိုင်ပင်သင့်တာလည်း၊ တိုင်ပင်ရမှာပဲ၊ နားလည်ပေးသင့်တာလည်း နားလည်



www.burmeseclassic.com

www.burmeseclassic.com



ပေးရမှာပဲ”

ဘဒ္ဒချို ခေါင်းတခါခါ လက်တကာကာနှင့် ထရပ်သည်။ ငိုချတော့မလိုနှင့် မျက်ရည်တွေ စီးကျမလာအောင် ကြမ်းကြမ်းတမ်းတမ်း ပွတ်သုတ်ပစ်၏။

“ဖေဖေ့မိန်းမ ဒီအိမ်ပေါ်ရောက်လာတဲ့နေ့ဟာ ဘဒ္ဒ ဒီအိမ်မှာ မနေဘူး ဖေဖေ”

“ဟင် သမီးက ဒီမှာမနေလို့ ဘယ်သွားနေမှာလဲ”

“ဘဒ္ဒ တခြားမှာအိမ်ဝယ်ပြီး နေချင်လည်းနေမယ်၊ ငှားနေချင်လည်းနေမယ်၊ ဘဒ္ဒဘဝရပ်တည်မှုအတွက် လုပ်ငန်းလုပ်လို့ရအောင်အမွေလည်းခွဲပေးပါ ဖေဖေ”

“ဟာ အဲလိုလုပ်လို့ ဘယ်ဖြစ်မှာလဲ သမီးရယ်၊ မိဘအရိပ်မှာမနေဘဲ မိန်းကလေးတစ်ယောက်တည်း တခြားမှာသွားနေဖို့ ဘယ်လောက်တောင် အန္တရာယ်များလိုက်သလဲ”

“ဘဒ္ဒအတွက် စိတ်မပူပါနဲ့၊ ဘယ်သွားသွား ခွေးပုကိုခေါ်သွားမှာပါ”

“သူလည်း မိန်းကလေးပဲကွယ် သူ့ကိုရော ဘယ်လိုအားကိုးလို့ရမှာလဲ၊ ဒီအိမ်ကြီးမှာ ဖေဖေ့မျက်စိအောက်မှာပဲ အေးအေးချမ်းချမ်း စိတ်ချမ်းသာသာနေစမ်းပါ”

“ဘဒ္ဒ ကလေးမဟုတ်တော့ပါဘူး။ ဖေဖေ့အရိပ်မှာ နေချင်ပေမယ့် ဖေဖေ့မိန်းမမျက်နှာ မမြင်ချင်ဘူး။ ဘဒ္ဒ ရသင့်ရထိုက်တဲ့အမွေပစ္စည်းတွေကို မောင်ပိုင်စီးသွားတာမျိုးလည်း အဖြစ်မခံနိုင်ဘူး”





“သမီး အေးအေးဆေးဆေး ထိုင်ပြောပါကွယ်၊ ခိုင်က ဒါတွေကို မက်လို့ မဟုတ်ပါဘူးလို့ ဖေဖေပြောပြီးပြီလေ”

“အဲလောက် အာမခံရဲနေရင် ပိုင်ဆိုင်မှုတွေအားလုံး ဘဒ္ဒနာမည်နဲ့ အကုန်လွှဲပြောင်းပေးလိုက်ပါ ဖေဖေ၊ ဖေဖေ့မှာ အခွံကြီးပဲကျန်တော့တယ်ဆိုရင် ယဉ်မျိုးခိုင်ဆိုတဲ့ အဲဒီမိန်းမ ဖေဖေ့ကိုတွယ်ကပ်နေဦးမလားဆိုတာ သိချင်လို့ပါ”

ဘဒ္ဒချိုက ဖအေလုပ်သူကို မျက်ခုံးပင့်၍ စိန်ခေါ်နေသည်။ ဦးသီဟဇော် သက်ပြင်းချပြီး ဆုံးဖြတ်ရခက်နေသည်။ ဒီသမီးမှာ မိုက်ရူးရဲတဖွတ်ထိုး ဉာဉ်လေး ရှိ၏။ ဖြစ်ချင်သည့်ဆန္ဒရှိလျှင် ဖွဲနပဲနှင့် စိတ်ဓာတ်ပြင်းထန်လွန်း၏ ဆုံးဖြတ်ပြီးလျှင်လည်း ဘယ်လိုအကြောင်းအရာမျိုးဖြစ်ဖြစ် နောက်ဆုတ်တတ်။

သူ ဆက်ပြီးဖျောင်းဖျနေလည်း နားဝင်တော့မည်မဟုတ်။ ယဉ်မျိုးခိုင်နှင့်မပတ်သက်မှ သမီးရဲ့စိတ်က ပုံမှန်ပြန်ဖြစ်လာတော့မည်ထင်သည်။

“ဒါဆို ဒီလိုလုပ်ပါ သမီး။ အင်းလျားဘက်မှာ ဖေဖေတို့ တိုက်တစ်လုံးအသစ်ဝယ်ထားတာပဲ၊ အဲဒီမှာ ခွေးပုကိုခေါ်ပြီး သွားနေပါ၊ သမီးလုပ်ငန်းတစ်ခုခုလုပ်ချင်တယ်ဆိုလည်း ဖေဖေ့မှာ အဆက်အသွယ်ကြီးရှိတယ်၊ ဖေဖေ ကူညီပေးပါ့မယ်”

“အိမ်ကိစ္စက ထားလိုက်ပါတော့၊ ဘဒ္ဒ သွားမနေရင် မိထွေးအတွက် ဖြစ်သွားဦးမယ်၊ လုပ်ငန်းကိစ္စတွေကိုတော့ ဖေဖေ ကူညီမပေးပါနဲ့ ဘာကိုဝါသနာပါပြီး ဘာလုပ်မယ်ဆိုတာမသိလို့ ဘဒ္ဒဘာသာအချိန်ယူပြီး ဆော့လာပါ့မယ်၊ ဘဒ္ဒ ရသင့်ရထိုက်တဲ့အမွေကိုသာ ပေးလိုက်ပါ ဖေဖေ”



www.burmeseclassic.com

www.burmeseclassic.com



"သမီးက ခေါင်းမာလိုက်တာကွယ်၊ စီးပွားရေးလောကမှာ မနှုးမနပ် မအူမလည်သွားစမ်းရင် ဝါးစားခံရလိမ့်မယ်၊ သမီးက ဘာအတွေ့အကြုံမှမရှိ၊ ဘာမှလည်း နားလည်တာမဟုတ်ဘဲနဲ့ ပြီးတော့ အသက်အရွယ်အရလည်း ရင့်ကျက်မှုမရှိသေးဘူး"

ဘဒ္ဒချိုမျက်နှာလေး မှုန်မှိုင်းစူပုပ်သွားကာ ဆိုဖာခုံပေါ် ဆောင့်ခနဲ ပြန်ဝင်ထိုင်လိုက်ပြီး

"ဘဒ္ဒအတွက် အဲလောက်တွေးပူတတ်နေရင် ဖေဖေ မိန်းမယူပါ့မလား။ အခု ဘဒ္ဒလက်မခံဘူးပြောလည်း ဖေဖေ နောက်ဆုတ်မှာမှမဟုတ်တာ၊ ဘဒ္ဒ ဘာဖြစ်ဖြစ် ဘယ်လိုနေနေ လျစ်လျူရှုပေးပါ ဖေဖေ၊ ဖေဖေ့မိန်းမနဲ့ဖေဖေ ဒီအိမ်ကြီးမှာ လွတ်လွတ်လပ်လပ် ပျော်ပျော်ကြီးနေကြပါ"

"သမီး ဘဒ္ဒ"

"ဟင့်အင်း ဘဒ္ဒဘက်က ပြောစရာစကား ကုန်သွားပါပြီ ဖေဖေ၊ ဘဒ္ဒ ကိုယ့်လမ်းကိုယ်လျှောက်မယ် ခွေးပု"

"ရှန် ရှန် မမလေး"

ဦးသီဟဇော်ကို ကျောခိုင်းလိုက်ပြီး အိမ်ဖော်မလေး ခွေးပုကို အံသံအကျယ်ကြီးနှင့် လှမ်းခေါ်လိုက်သည်။ ခွေးပု ပျာပျာသလဲ ထူးပြီး သုတ်ခနဲ ပြေးဝင်လာသည်။

"ပြောပါ မမလေး"

"ငါ့ပစ္စည်းတွေ အကုန်သိမ်းထား။ တခြားတန်ဖိုးကြီးပစ္စည်းတွေလည်း ယူသွားမှာ၊ မိထွေးအတွက် ဘာမှချန်မထားခဲ့ဘူး၊ သိပြီလား"

"ဟုတ် ဟုတ်ကဲ့ ခွေးပုက မမလေးနဲ့လိုက်ရမှာလားဟင်"





"နင်က မလိုက်လို့ မိထွေးနဲ့နေခဲ့ချင်လို့လား"

"မ မနေချင်ပါဘူး မမလေးရဲ့ ခွေးပုက မမလေးနဲ့လိုက်မှာပေါ့၊ ဟို ဦးဦးဇော်ကျတော့ ဘယ်လိုလုပ်မလဲ"

"ဟဲ့ ဘယ်လိုလုပ်ရမှာလဲ၊ သူယူတဲ့မိန်းမက သူ့ကိုပြုစုလုပ်ကိုင်ပေးလိုက်မပေါ့။ ဖေဖေနော် အိမ်ဖော်ထပ်မခေါ်နဲ့ ဖေဖေ့မိန်းမကို အိမ်အလုပ်တွေရော ဖေဖေ့ကိုပြုစုရရိုက်ဖို့ရော အသေပင်ပန်းအောင်ခိုင်းပစ်၊ သူ့ဒွေးကိုယူပေမယ့် လူပေါ်ကြော့လို ပေါ့ပျက်ပျက်မနေရဘူးလို့ပြော၊ အဲဒီမိန်းမကို အလိုလိုက်စရာမလိုဘူး၊ အလျှော့ပေးစရာမလိုဘူး၊ စိတ်တိုင်းမကျရင် ရိုက်သာပစ်"

"အေး အေးပါ သမီးရယ်"

မမြင်တွေ့ဖူးသော မိထွေးကို ပြစ်တင်ပြောဆိုနေတာ ဘာတစ်ခုမှ သက်သောင့်သက်သာမရှိပါ။ သူ့ကိုမြှောက်ထိုးပင့်ကော်လုပ်ပြီး မိထွေးကို နှိပ်စက်ခိုင်းနေတာလည်း ကလေးအတွေးနှင့်ပါ။

ဒါကိုတောင် သူ့ကိုယ်သူ လူကြီးဖြစ်ပြီ ရင့်ကျက်ပြီဆိုပြီး လုပ်ငန်းတွေဘာတွေတောင် ဖအေ့အကူအညီမယူဘဲ ထူထောင်ဦးမလို့တဲ့။

ကိုယ်မကျင်လည်သော လူ့လောကထဲ ဆင်းကြည့်ဖို့ အဲလောက်ထွယ်သည်ထင်နေလား မသိ။

လူလိမ်လူညာ လူ့ကလိန်ကကျစ်တွေနှင့်တွေ့တော့ ဘယ်လိုလုပ်မလဲ။ နုနုဖပ်ဖပ် ဝင်းဝါချောမောလှပလွန်းသော သမီးလေးကို သူ ဘယ်လိုမှ စိတ်မချနိုင်ပါ။

ဒါပေမဲ့ နားလည်သိတတ်မှု၊ ရင့်ကျက်တည်ငြိမ်မှုရှိအောင် လူ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



လူ့လောကထဲကိုလည်း ထိထိရောက်ရောက် လက်တွေ့ကျကျ ဆင်းကြည့်စေချင်သည်။

မဟုတ်လျှင် သမီးလေးက သူ့အပေါ် ကလေးလို နွဲ့ဆိုးဆိုး လူကြီးတစ်ယောက်ရဲ့အတွေးတွေ၊ အသိတွေ မရှိတော့မှာစိုးလို့ပါ။ သမီးလေးကို သူ့ရင်ခွင်က ခွဲမထုတ်ချင်ပေမယ့်လည်းပေါ့လေ။

■ ■ ■



## အခန်း (၂)

"ကဲ ခွေးပု နင်နဲ့ငါ ဒီနေ့ကစပြီး စိတ်သစ်လူသစ် နေရာသစ်မှာ ဘဝအသစ်စရတော့မယ်၊ အဲဒီတော့ ငါတို့ဘာစလုပ်ရင် ကောင်းမလဲ"

"ဟင် မမလေးကလည်း ခွေးပုတော့ အိမ်ပြောင်းလာကတည်းက ခုထိမနားရသေးဘူးလေ၊ ဦးဦးဖော်က အိမ်သန့်ရှင်းရေးလုပ်ဖို့ ပစ္စည်းတွေ နေရာချထားဖို့ အလုပ်သမားတွေ ထည့်ပေးလိုက်တယ်ဆိုပေမယ့် ခွေးပုလည်း သူတို့နဲ့ရောပြီး ပင်ပန်းတာပဲ"

လေကြောရှည်နေသော ခွေးပုပါးစပ်ကို ရေဆွန့်ဘူးဖြင့် ပိတ်ပေးလိုက်ပြီး ခေါင်းကိုလည်း ဘဒ္ဒ ဒေါက်ခနဲ ခေါက်ပစ်လိုက်သည်။

"အခုပြောနေတာ အိမ်အလုပ်တွေလုပ်ဖို့ ပြောနေတာမဟုတ်ဘူးဟဲ့၊ စီးပွားရေးအကြောင်းဟဲ့ စီးပွားရေးအကြောင်း သိရဲ့လား၊ ရွှေတွေငွေတွေ ပါလာတာနဲ့ ဘာအလုပ်မှမလုပ်ဘဲ ဒီအတိုင်း ထိုင်သုံးဖြုန်းစားသောက်နေလို့ ဖြစ်မလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း မမလေးပြောတာလည်း ဟုတ်တာပဲ၊ ဒါနဲ့ မမလေးက ဘာစီးပွားရေး ဘာလုပ်ငန်းလုပ်ဖို့ စဉ်းစားထားလို့လဲ"

"ဩော် ငါမသိလို့ နင့်ကိုမေးနေတာပေါ့၊ ဘာစလုပ်ရင်ကောင်း မလဲလို့"

ခွေးပု ခေါင်းကိုပွတ်ရင်း ဂစ်ခနဲ ဖြစ်သွားသည်။ အိမ်ဖော်ကို သူဌေးက ဘာလုပ်ငန်းလုပ်ရရင်ကောင်းမလဲဟု တိုင်ပင်နေသည်တဲ့။

အဲ့လို အစွမ်းအစမရှိဘဲနဲ့တောင် ဖအေကိုခြေစုံကန်ပြီး အိမ်ပေါ်က ဆင်းလာရဲသည်။

"ဟဲ့ နင်က ဘာရယ်နေတာလဲ"

အတွေးနှင့်ခွေးပု ဟွန့်ခနဲ ရယ်လိုက်မိတော့ ဘဒ္ဒချို့လက်က မြန်မြန်ဆန်ဆန် ခွေးပုခေါင်းပေါ် ဒေါက်ခနဲ ရောက်လာပြန်သည်။

"မမလေးကလည်း"

"အဲဒီ မမလေးကလည်းဆိုတာကို မကြိုက်တာ၊ ငါ မလဲဘူး ထောင်နေတာ နင်မတွေ့ဘူးလား၊ အရင်ဆုံး နင့်ပုံစံ နင့်အချိုးကို အရင်ဆုံး ပြောင်းပစ်ရမယ်"

"ဟင် ခွေး ခွေးပုက ဘာပြောင်းရမှာလဲ၊ ဒီအတိုင်းလည်း ခွေးပု က လုနေတာကို"

"ဟွန်း ဟုတ်ပါတယ် တော်တော်ကိုလှတယ်"

ခွေးပုကို ဘဒ္ဒချို့ မျက်စောင်းကြီးကြီးပစ်ထိုးလိုက်သည်။ ခွေးပုက အညာသူမို့ အသားကညိုညို၊ ပါးပြင်ပေါ်မှာ သနပ်ခါးပါးကွက်က ခပ်ကြီး ကြီးထူထူ။





မည်းခဲနေသော ဆံပင်တွေကို နောက်မှာ ဘီးဆံပတ်ပတ်ထားပြီး ခိုတ်သင်ပုံဖော်ထားခြင်းမရှိသော မျက်ခုံးမွေးများက တိုတိုတုတ်တုတ် မည်း ညီးခဲခဲ။

ရိုးယဉ်သောအဝတ်အစားများက တောအထာ တော်ဒီဇိုင်း။ သူမ့ အဝတ်အစားအကျဉ်တွေ ဘယ်လောက်ပေးပေး မဝတ်ရဲဘူး၊ ရှက်လှချည့်ဆို ပြီး ကဆုန်ပေါက်နေသူ။ နာမည်ကလည်း ကြည့်ပါဦး၊ ပေးစရာ ခေါ်စရာ နာလို့ ခွေးပုတဲ့။

"ကဲ ခွေးပု ခုချိန်ကစပြီး နင့်နာမည်ကိုအရင်ပြောင်းရမယ်၊ ငါ့ကို ဆင်ခြေမပေးနဲ့"

"ဆင်ခြေပေးတာယ်တော့ မဟုတ်ပါဘူး၊ အဖေနဲ့အမေ ချစ်စနိုးနဲ့ ပေးထားတဲ့ဒီနာမည်ကို ဘာလို့ပြောင်းရမှာလဲဆိုတာ ပြောပြပါ မမလေး"

"ဘာ ဒီနာမည်ကို နင့်အဖေနဲ့အမေက ချစ်စနိုးနဲ့ပေးထားတယ် ဟုတ်လား၊ အံ့သြစရာပဲ"

"မအံ့သြနဲ့လေ မမလေးရဲ့၊ မြို့ကလူတွေလည်း ခေတ်မီချင်လွန်း လို့ အဖေအမေနာမည် ထည့်သုံးကြတာပဲမဟုတ်လား၊ ခွေးပုတို့ တောမှာ လည်း ခေတ်မီအောင် အဲလိုလုပ်ကြတာ မမလေးရဲ့၊ ဟော ခွေးပုဆိုရင်လေ အဖေနာမည်က ဦးခွေး အမေနာမည်က ဒေါ်ပု၊ သူများတွေထက် ပိုပြီး ခေတ်မီအောင်ဆိုပြီး အဖေနာမည်ရော အမေနာမည်ရော နှစ်မျိုးလုံးနာမည် ခံလိုက်တာပေါ့၊ အဲဒါကြောင့် ဟော ဘယ်လောက်လှလဲ၊ ခွေးပုတဲ့"

"ဟား ဟား ဟား"

စကားများလှသော ခွေးပုကို စိတ်မဆိုးနိုင်တော့ဘဲ အားရပါးရ



www.burmeseclassic.com

www.burmeseclassic.com



ဟက်ဟက်ပက်ပက်ကို ရယ်ချလိုက်မိသည်။

ခွေးပုကတော့ မြိန်ရေယှက်ရေပြောပြီး မင်သေသေနှင့်ပါ။ သူမမှာသာ နာမည်အတွက် ဂုဏ်ယူဝံ့ကြွားနေသော ခွေးပုကို အံ့သြနေရသည်။

အဲလောက်တောင် ခွေးပုက ရိုးသားသူမို့ ချစ်စရာလည်းကောင်းပါသည်။ ခွေးပုနှင့်သူမက အသက်အရွယ်လည်း သိပ်မကွာပါ။ မေမေက သူမ သုံးနှစ်သမီးအရွယ်မှာ ဆုံးပါးတာမို့ သူမ အဖော်ရအောင် ရွယ်တူမိန်းကလေးအဖော်ကို *ဖေဖေက ရှာပေးခဲ့သည်။

ခွေးပုကလည်း သူမအနွံ့အတာကို တော်တော်ခံနိုင်သည့်သူပင်။ မိဘမဲ့ဘဝလေးမို့ သူမတို့မိသားစုကိုလည်း သံယောဇဉ်ကြီးရှာပါသည်။

အခု သူမနောက်ကို လိုက်လာတာပဲကြည့်၊ ပြောမနာဆိုမနာ ခေါက်ထစ်နေလို့လည်း စိတ်ဆိုးရမှန်းမသိဘဲ အရိပ်ကြည့်နေတတ်သူပါ။

ဒါကြောင့် ခွေးပုကို ညီမရင်းသဖွယ် မုံစံပြောင်းမှုဖြစ်မည်၊ နာမည်ကိစ္စပြတ်အောင် အရင်လုပ်ဖို့အတွက် မျက်နှာပိုးသတ်ကာ မင်သေသေအရင်လုပ်လိုက်ရသည်။

"ဟဲ ခွေးပု အဖေနာမည် အမေနာမည်တွေ လာပြောမနေနဲ့ အခု ငါ နင့်ကို နာမည်ပြောင်းပေးမယ်"

"ရှင် ဘယ် ဘယ်လိုပြောင်းမှာလဲ မမလေး"

"နင်က နင့်အဖေအမေနာမည်ကို ရည်ရွယ်ပြီး ခွေးပုလို့နာမည်ပေးထားတာမဟုတ်လား။ ရည်ရွယ်တာနဲ့ ရှယ်စူးတာနဲ့က အတူတူပဲလေ။ အဲဒါကြောင့် ရည်ရွယ်တဲ့နာမည် ခွေးပုကိုမသုံးတော့ဘဲ ရှယ်စူးကိုသုံးလိုက်ရင်လည်း မိဘတွေကို ကိုယ်စားပြုတာပဲပေါ့ မဟုတ်ဘူးလား"





"ရှင် ခွေးပုကို ရှယ်စူးလို့ခေါ်မှာပေါ့ ဟုတ်လား"

"အေး နင့်နာမည် ရှယ်စူးဖြစ်သွားပြီ ဒီနေ့ကစပြီး ရှယ်စူးလို့ခေါ်မယ်။ နင်က ပြန်ထူးရင်လည်း ရှန်လို့မထူးရဘူး၊ ငါ့ကို ရှိရှိသေသေ လေးလေးစားစားလည်း ဆက်ဆံစရာလည်း မလိုဘူး"

"ရှန် အဲ ရှင် ဘာဖြစ်လို့လဲ"

"ငါ့ကို ပြန်မမေးနဲ့၊ ငါပြောတာ နားထောင်၊ နင်နဲ့ငါနဲ့က အလုပ်သမားနဲ့အလုပ်ရှင်မဟုတ်ဘူး။ သူငယ်ချင်း စီးပွားအတူလုပ်မယ့် သူငယ်ချင်းတွေဖြစ်ပြီလား"

"ဟုတ် ဟုတ်ကဲ့"

ခွေးပုက မျက်လုံးလေး ကလယ်ကလယ်နှင့် ခေါင်းညိတ်သည်။ သူမက ရေသန့်ဘူးကို ဒီအတိုင်း မော့သောက်ပြီးမှ ပြန်ချလိုက်ကာ

"နင်နဲ့စကားပြောရတာ ငါ တော်တော်အာခြောက်နေပြီ၊ တစ်ခါတည်း သဘောပေါက်အောင်နားထောင် သိလား၊ စီးပွားရေးလောကထဲကို ခြေတစ်ယောက်တည်း ခြေချလို့မဖြစ်ဘူး၊ နင်က ငါ့နောက်ကို အလုပ်သမားတစ်ယောက်လို လိုက်စောင့်ရှောက်နေရင်လည်း ငါက လူချမ်းသာကြီးတစ်ယောက်ဆိုပြီး အထင်တကြီးနဲ့ လူတွေ အနွံ့ရာယ်ပြုနိုင်တယ်။ လှုံ့လိမ်မခံရအောင် သတိရှိဖို့ သတိထားဖို့လိုတာပေါ့ဟာ။ အဲဒီတော့ လူတွေနဲ့ဆက်ဆံကြည့်ဖို့ ကွန်ပျူတာသင်တန်းတွေ စာရင်းကိုင်သင်တန်းတွေ တက်ရမယ်"

"ဟင် ခွေးပုရော အဲ ရှယ်စူးရော တက်ရမှာလား မမလေး"

"အေး တက်ရမှာပေါ့ နေဦး အဲဒီ မမလေးဆိုတဲ့ အခေါ်အဝေါ်လည်းပြောင်း၊ ငါ့ကို ဘဒ္ဒလို့ပဲခေါ်"



www.burmeseclassic.com

www.burmeseclassic.com



"အာ မမလေးကလည်း မမလေးလို့ခေါ်ရတာ နှုတ်ကျိုးနေပြီ ဘဒ္ဒလို့ပြောင်းခေါ်ရမှာ ရိုင်းသလိုပဲ၊ ခွေးပုက အဲ ရွှယ်စူးက အဲလို မခေါ်ချင်ပါဘူးတော်"

"တော်တွေ တက်တွေ မပြောနဲ့ ဆင်ခြေမပေးနဲ့ ငါ ပြောတာကို နားထောင်၊ ငါခိုင်းတာကိုလုပ်၊ အလေ့အကျင့်ဖြစ်အောင် အခုကစပြီး သင်တန်းတက်ရမယ်၊ အဝတ်အစားကိုလည်း နှင်နဲ့လိုက်ဖက်တာတွေ ငါ ဝယ်ပေးမယ်"

"ရွှယ် ရွှယ်စူး အကြံတစ်ခုလောက်ပေးကြည့်လို့ မရဘူးလား မမလေးရယ် အဲ ဘဒ္ဒရယ်"

ဆင်ခြေမပေးပါနှင့်ဆိုတာတောင် တောင်းဆိုမှုတစ်ခုနှင့် အတွန့်တက်ပြန်သည်။ အလုပ်သမားဝန်ထမ်း မဟုတ်တော့ဘဲ သူငယ်ချင်းဖြစ်သွားပြီမို့ နားလည်လက်ခံပေးရတော့မည်။

"ကဲ ပြောစမ်းပါဦး နှင်က ဘာအကြံတွေများ ပေးမလို့လဲ"

"ဩော် ဒီလိုပါ ကွန်ပျူတာသင်တန်း၊ စာရင်းကိုင်သင်တန်းတွေ တက်မနေဘဲ သူများတွေကုမ္ပဏီမှာ လုပ်ငန်းခွင်အရင်ဝင်ကြည့်ပါလားလို့ ပြောမလို့ပါ၊ ဒါမှ အောက်ခြေသိမ်းပညာတွေ တတ်မြောက်ပြီး ကိုယ်လုပ်ငန်းရှင်ဖြစ်တဲ့အခါ ဝန်ထမ်းတွေကို သင်ပြအုပ်ချုပ်နိုင်မှာပေါ့"

"ဟား ဟုတ်တာပေါ့၊ နှင်ပြောမှ ငါသတိရတယ်၊ ကြီးပွားချင်ရင် အောက်ခြေသိမ်းအလုပ်ကို နားလည်အောင် သိအောင်လုပ်လို့ ဖေဖေပြောဖူးတယ်၊ လုပ်ငန်းရှင်တစ်ယောက်က အလုပ်သမားတစ်ယောက်ဖြစ်ခဲ့ဖူးမှ အောင်မြင်နိုင်တာတဲ့၊ အဲလိုတော့လည်း နှင်က ဉာဏ်ကောင်းသားပဲ ရွှယ်စူး"





"ဒါကလည်း ဦးဦးဖေဖ်ကျေးဇူးတွေကြောင့်ပါ၊ ပညာရေးဆုံးခန်း ...တိုင်ခဲ့လို့ဆိုပြီး စာအုပ်တွေအများကြီးဖတ်ခိုင်းခဲ့လို့ပါ၊ စာဖတ်တော့ ကိုယ် ...သိတာတွေလည်း အများကြီးသိရတယ်၊ ဗဟုသုတတွေလည်း အများကြီး ...တယ်၊ လေ့လာရင် လေ့လာသလောက်လည်း တိုးတက်အောင်မြင်မှုရှိ ...တယ်၊ မဖတ်တဲ့သူက မျက်ကန်းနဲ့အတူတူပဲတဲ့"

"ဟုတ်ကဲ့ပါ ပညာရှိကြီးရယ်၊ ကျွန်တော်မျိုးမ မှတ်ထားပါ့မယ်၊ ...လို ဦးနှောက်မျိုးနဲ့ဆို လက်မှာကို ခြေလျှင်လျှောက် လေ့ကားထောင်သွားဖို့ ...အောင် တီထွင်တော့မလား မသိဘူး၊ ကျေးဇူးရှင်ကတော့"

သူမ အရွဲ့တိုက်ပြောတော့ ခွေးပု ဘဝင်လေဟပ်သွားကာ တဟဲ ...နှင့် ရယ်နေသည်။ အသားကညိုတော့ သွားဖွေးဖွေးက ထင်းခနဲ လင်းခနဲ ...။

"ငါ နောက်တစ်ခု ထပ်ပြောမယ်နော် ရွှယ်စူး၊ နှင် သနပ်ခါးတွေ ...ပုံလိုက်အခဲလိုက် မလိမ်းနဲ့တော့၊ အဲဒီ ဆံပင်ရှည်ကြီးကိုလည်း ဆံထုံး ...မထားနဲ့၊ တိုတိုလေးညှပ်မပစ်ချင်ရင် ဆိုင်မှာသွားပြီး လှလှလေး ပုံသွင်း ...မယ်၊ ဒီအတိုင်း ဖားလျားလေးချလိုက်ရင် ဝဲဝဲခါခါလေးဖြစ်နေအောင်ပေါ့၊ ...မဟုတ် ကျစ်ဆံမြီးကျစ်ထားလို့လည်း ရတယ်"

"အဲလိုကြီးတွေလုပ်စရာလိုလို့လား မမ၊ အဲ ဘဒ္ဒရယ်၊ ကျွန်မက ...ဘာသူ ဒီလောက်ပြင်ဆင်စရာမလိုပါဘူး"

"လျှာမရှည်စမ်းပါနဲ့ နှင့်ကိုလေ အဲလို အတွန့်တက်ဆင်ခြေပေး ...တတ်တာမျိုးကို မကြိုက်ဘာ၊ နှင်က ငါ့သူငယ်ချင်း၊ စီးပွားအတူလုပ်မှ ...ခစ်အိမ်တည်းနေကြတာ၊ မိဘတွေမရှိကြဘူး၊ ကိုယ့်ဒူးကိုယ်ချွန် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ကြမှာ၊ နားလည်ပြီလား''

''ဟို ဦးဦးဇော်''

''ရွှယ်စုး''

သူမ လေသံမာမာနှင့် အကျယ်ကြီးအော်ပစ်လိုက်တော့ ခွေးဝရုန်းလေးတွန့်၍ ငြိမ်ကျသွားသည်။

''ပတ်ဝန်းကျင်က အဲလိုသိထားဖို့ အရေးကြီးတယ်၊ အမှားအယွင်း အလွဲလွဲအချော်ချော် မဖြစ်စေနဲ့၊ တို့ချမ်းသာတာ သိသွားရင် လူလိမ်လူလိမ်မယ်၊ နားလည်လား။ ပြီးတော့ တို့နှစ်ယောက် ဒီလိုနေလို့လည်းမဖြစ်ဘူး။ ကိုယ်ခံပညာ သင်ရမယ်''

''ရှန် အဲ ရှင်''

''ဟုတ်တယ်လေ ဘယ်လိုလူမျိုးမှ အန္တရာယ်မပြုရဲအောင် ကိုယ်ခံပညာ အနည်းအကျဉ်း တတ်ထားမှဖြစ်မယ်''

''ကျုပ် ကျုပ်လည်း သင်ရမှာပဲလား''

''ရွှယ်စုးလည်း သင်ရမှာလားလို့မေး''

''ဟုတ်ကဲ့ အဲဒီအတိုင်းပါပဲ''

''အေး သင်ရမှာပေါ့၊ နင်က ငါ့ကို အကာအကွယ်ပြုဖို့အတွက် ပိုပြီးတော့တောင် သင်ရဦးမယ်၊ ဒါမှ ငါတို့ကို ဘယ်သူမှ အနှောင့်အယှက် မပေးရဲမှာ၊ မရိုးမသား ကလိမ်ကကျစ်လုပ်မယ့်သူမျိုးဆိုရင် ငါ မျက်စပစ်ပြလိုက်တာနဲ့ ဆော်သာဆော်၊ ဟုတ်ပြီလား''

''ဟုတ် ဟုတ်ကဲ့''

''အေး ဖေဖေ့အရိပ်က ထွက်လာလို့ ငါတို့ ဘာမှအားငယ်စရာ





လိုဘူး ကြောက်စရာမလိုဘူး''

''လူ လူတွေကိုတော့ မကြောက်ပါဘူး။ ရွှယ်စုးက သရဲတော့ ကြောက်တယ်''

''ဟင် သရဲ သရဲက ဘယ်မှာရှိလို့လဲ''

သရဲဆိုသည့်အသံကြားသည်နှင့် ဘဒ္ဒချို ကျောချမ်းသွားသည်။ ဘယ်တော့မှ မမြင်ဖူးသော သရဲကို သူမလည်း ကြောက်၏။ မတိုင်ပင်ရပါဘဲ ဘဒ္ဒချိုနှင့်ခွေးပု လူချင်းပူးကပ်သွားသည်။

ဒီနှစ်ထပ်တိုက်အိမ်ကြီးမှာ သူမတို့နှစ်ယောက်တည်း။ ခြံရှေ့မှာ အုန်းပင်မြင့်မြင့်နှစ်ပင်ရှိပြီး ခြံနောက်ဘက်မှာ သရက်ပင်ကြီးသုံးပင်ရှိသည်။

လေတိုးလိုက်တိုင်း တရှဲရှဲ တခြောက်ခြောက်။ နေ့လယ်နေ့ခင်းမှာ ပတ်ဝန်းကျင်တိုက်အိမ်တွေကို မြင်တွေ့ရတာမို့ ဘာမှမထူးခြားမဆန်းပြားသော်လည်း ဒီလိုညအချိန်မှာတော့ တိတ်ဆိတ်မှုကြောင့် နည်းနည်းသွေးပျက်ချောက်ချားချင်သည်။

ဒါပေမဲ့ သူမက သရဲဆိုတာ ဘယ်လိုကောင်ကြီးလဲ မြင်ဖူးချင်သူဖြစ်၏။ သူတို့ဘယ်လိုနေထိုင်စားသောက်သည်ဆိုတာကအစ စပ်စုချင်သူဖြစ်သည်။

ဒါကြောင့်လည်း သရဲစာအုပ်၊ တစ္ဆေစာအုပ်တွေ ဝယ်ငှားဖတ်ဖတ်ပြီး ညညဆိုလျှင် မျက်လုံးထဲမှာ ပုံဖော်ကြည့်၍ အိပ်မပျော်တတ်ပါ။

ဒီညလည်း သူမ အိပ်ပျော်တော့မည်မဟုတ်။ ဒါပေမဲ့ ကိစ္စမရှိ အနားမှာ ခွေးပုကိုခေါ်အိပ်ပြီး သရဲအကြောင်းပြောခိုင်းရမည်။

အင်း သူမမှာ လုပ်စရာတွေ အများကြီးပါလား။ ဖေဖေ့အရိပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လောက် စိတ်သက်သက်သာသာ အေးချမ်းမှုမရှိတာကတော့ သေချာသည်။ ဘာဖြစ်ဖြစ် နောင်တနှင့်တော့ မတမ်းတမိချင်တော့ပါဘူးလေ။

■ ■ ■



## အခန်း (၃)

"အဲဒါပဲ မောင်လရောင်၊ သမီးလေးက ကလေးစိတ်ကလေး အတွေးနဲ့ ရင့်ကျက်မှုမရှိသေးတော့ အန်ကယ် ဘယ်လိုမှ စိတ်မချနိုင်ဘူး။ ဒါပေမဲ့ နိုင်ငံအပေါ် အမြင်မကြည်လင် လက်ခံနားလည်မပေးနိုင်တော့လည်း သူ့သဘောအတိုင်း သူ နေချင်သလို လွှတ်ပေးလိုက်ရတယ်"

ဦးသီဟဇော် သက်ပြင်းတချချနှင့် ရင်တွေမောနေသည်။ သမီးလေးက သရဲတစ္ဆေကားကြည့်ပြီးတော့ သူ့အခန်းထဲ လာ၍ သူနှင့်လာအိပ်တတ်သူပါ။

"ပညာရေးဆိုလည်း ထူးထူးချွန်ချွန် ကြိုးစားတာမျိုးမဟုတ်ဘဲ သာမန်တွဲ့လောက်ပဲယူခဲ့တာ၊ သင်တန်းတွေတက်ခိုင်းတာလည်း ဘာသင်တန်းမှမတက်ဘူး။ အိမ်မှာနေပြီး စာအုပ်တွေဖတ်တယ်၊ ဂိမ်းကစားတယ်၊ အအေ ဂေါ့(ဖ်)ရိုက်ရင် လိုက်ရိုက်တယ်၊ ပြေးတယ်၊ လမ်းလျှောက်တယ်၊ အဲလိုလိုက်လုပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက အဖေ့ကိုပဲ ခိုကပ်အားကိုးနေလို့ လူလားမမြောက်တာပါ။ တကယ်ဆို ဘွဲ့ရပြီးတဲ့လူတစ်ယောက်က ရင့်ကျက်မှုရှိနေသင့်ပြီ"

"အဲဒါကြောင့်မို့ပေါ့ကွာ အန်ကယ်က လုပ်ငန်းတွေကို လေ့လာစေချင်တယ်၊ လက်လွှဲလို့ရအောင် အန်ကယ်ယုံကြည်လို့ရအောင်လည်း ဖြစ်စေချင်တယ်၊ ဒါပေမဲ့ အန်ကယ် အတင်းအကျပ် မတိုက်တွန်းခဲ့ပါဘူး။ မိတဆိုးလေးမို့ သူ့စိတ်အလိုအတိုင်းပဲ ထားခဲ့တယ်၊ အခု သူရမယ့်အမွေတွေတောင်းပြီး ထွက်သွားချင်တယ်ပြောတော့လည်း အန်ကယ်ခွင့်ပြုလိုက်ရတာပဲ"

ဦးသီဟဇော်မျက်နှာမှာ သမီးလေးကို စိတ်မချနိုင် ပူပန်နေသည့် အရိပ်အရောင်တွေနှင့်ပါ။

ကိုယ်ကလည်း ဘေးလူသက်သက်မို့ ဘယ်လိုဖြေသိမ့်ရမှန်းမသိ။ ဦးသီဟဇော်နှင့်ပတ်သက်ရသည်က မမယဉ်မျိုးခိုင်ကြောင့်ပင်။ မမခိုင်အဖေနှင့် ကိုယ့်အဖေက ညီအစ်ကိုအရင်းတွေမို့ မမခိုင်က သူ့ရဲ့အစ်မဝမ်းကွဲဖြစ်သွားသည်။

မမခိုင်နှင့်စီးပွားရေးအတူတွဲလုပ်ဖို့ တိုင်ပင်မှ အသိမိတ်ဆွေတစ်ယောက်ရှိသည်ဆိုပြီး ဦးသီဟဇော်နှင့်မိတ်ဆက်ပေးခဲ့တာ ဖြစ်သည်။

အဲဒီအချိန်က ဦးသီဟဇော်နှင့်မမခိုင်က ဒီလိုအခြေအနေပတ်သက်မှုမျိုးမဟုတ်ပါ။ ရိုးသားပွင့်လင်းမှုများနှင့် သူတို့စီးပွားရေးလုပ်ငန်းများကို ကိုယ်ဖိရင်ဖိ အကူအညီအဆက်အသွယ်တွေ ရှာပေးခဲ့သည်။

ပထမပိုင်းက နိုင်ငံခြားက ဝင်လာသည့် အထည်အလိပ်တွေကို မြန်မာပြည်အတွင်း အနှံ့အပြားဖြန့်သည်။ လက်လီလက်ကား အဝင်အထွက်





လည်း အဆင်ပြေ၏။

အခုနောက်ပိုင်းမှာတော့ အထည်ချုပ်စက်ရုံအသေးစားလေးကိုပါ တည်ထောင်လာနိုင်သည်။ ဒီလိုအောင်မြင်လာပြန်တော့ လူရဲ့လောဘက အတောမသတ်နိုင်။

ဂျာကင်တွေ သိုးမွေးအဝတ်အထည်တွေကိုပါ နိုင်ငံခြားတင်ပို့နိုင်အောင်ထိ စွမ်းဆောင်ချင်လာသည်။ ဒါပေမဲ့ အခက်အခဲ ပြဿနာတွေရှိလာပြီး ရင်းနှီးမြှုပ်နှံဖို့ မနိုင်မနင်းဖြစ်လာ၏။

မမခိုင်က ဦးသီဟဇော်နှင့်လက်ထပ်လိုက်ပြီမို့ ငွေအရင်းအနှီး နောက်ထပ်မထည့်နိုင်တော့ဘူးဟု ဆိုလာသည်။ ဦးသီဟဇော် ရှယ်ယာခေါ်ဖို့ကျတော့လည်း ဒီအလုပ်ကို စိတ်ဝင်စားမှုမရှိသလို တသီးတသန့် ကြိုးစားရအောင်ကို ပိုပြီးအားသန်သည်ဟု ပြောသည်။

အခုကျတော့ အဲဒီကိစ္စနှင့်ပတ်သက်ပြီး တိုင်ပင်စရာရှိ၍ စားသောက်ဆိုင်ကို လာခဲ့ပါဟု ချိန်းလိုက်တာမို့ သူရောက်လာခဲ့ရသည်။

ခုချိန်ထိတော့ စီးပွားရေးကြောင်း မပါသေးပါ။ သမီးအတွက်ပဲ ဆို့နင့်နာကျင်နေသလို လွမ်းဆွတ်တမ်းတနေသလိုပါ။ သူက ဦးသီဟဇော်ရှေ့ကို ဘီယာခွက်လေး တိုးပေးပြီးမှ

"အရမ်းကြီးလည်း စိတ်မကောင်းဖြစ်မနေပါနဲ့ မိဘအရိပ်ကထွက်သွားပြီးမှ လူကြီးဆန်ဆန် ရင့်ကျက်တည်ငြိမ်သွားတတ်တာမျိုးလည်း ရှိပါတယ်၊ ပြီးတော့ မိဘမေတ္တာကို ပိုပြီးနားလည်သွားတတ်တာမျိုးလည်း ရှိပါတယ်၊ အန်ကယ် တစ်ခုခုတော့ ပြန်ရမှာပါ"

"အေး အန်ကယ်လည်း အဲလိုတစ်ခုခု ပြန်ရပါစေဆိုတဲ့ဆန္ဒနဲ့



www.burmeseclassic.com

www.burmeseclassic.com



သမီးကို လွှတ်လိုက်တာပါ၊ ဒါပေမဲ့ သမီးဆီမှာ ပစ္စည်းဥစ္စာ ငွေကြေး အမြောက်အမြား ပါသွားတယ်၊ အဲဒီအတွက် အန်ကယ်မျက်စိအောက်မှာ စောင့်ရှောက်ပေးချင်တာ၊ လုပ်ငန်းတွေနဲ့ပတ်သက်ပြီး အကူအညီပေးချင်တာ လုံးဝ လက်မခံဘူး''

''ဘဒ္ဒက တော်တော်ခေါင်းမာမယ့်ပုံပဲနော်''

''ဟုတ်တယ် အဲဒီတစ်ချက်က သူ့အမေနဲ့ နည်းနည်းတူတယ်၊ ဖြစ်ချင်တာကို မှားမှားမှန်မှန် ဖြစ်အောင်လုပ်မယ်ဆိုတဲ့ ဖွဲ့နဲ့ပေါ့၊ အန်ကယ်ကတော့ သမီးလေးကိုချစ်လို့ နားလည်ပေးနိုင်ပါတယ်၊ ဒါပေမဲ့ ယောကျ်ား ပိုင်းလုံးတွေ ကလိမ်ကကျစ်တွေ ဘာမှနားမလည်တဲ့ စီးပွားရေးသမားကို ဖျက်ဆီးစားသွားတဲ့သူတွေနဲ့ သမီးလေးကို တွေ့ကြုံရမှာစိုးရိမ်တယ်၊ ပစ္စည်းဥစ္စာကို နမြောလို့တော့ မဟုတ်ပါဘူး။ သမီးလေးကို အမှားအယွင်းအဖြစ် မခံနိုင်တာ''

''ဟုတ်ကဲ့ အခု အန်ကယ်က ဘဒ္ဒအတွက် ဘာလုပ်ပေးချင်နေတာလဲ''

''မောင်လရောင်ကို အကူအညီတောင်းချင်တာ''

''ဗျာ''

လရောင်သခင် မျက်နှံပင့်ကာ နားမလည်နိုင်ဖြစ်သွား၏။ သူ့သမီးကိစ္စ ကိုယ်နဲ့ဘာဆိုင်လို့လဲ၊ ဦးသီဟဇော်က ဘီယာကို တစ်ငုံလောက်ငုံပြီးမှ ပြန်ချလာကာ

''မောင်လရောင်အတွက် အခက်အခဲ ဖြစ်နေမလားမသိပေမယ့် အန်ကယ် အကူအညီတောင်းချင်ပါတယ်''





''ဟုတ် ဟုတ်ကဲ့ ပြောပါ''

ကိုယ့်အပေါ်မှာ ကျေးဇူးတွေရှိထားတာမို့ ဘာဖြစ်ဖြစ် လိုက်လျောပေးရတော့မည်ထင်သည်။ သူက မိန်းကလေးတွေနှင့်သေချာမဆက်ဆံဖူးတာမို့ တစ်မျိုးကြီးတော့ ဖြစ်နေ၏။

''ဒီလိုကွ သမီးလေးနဲ့ပတ်သက်မှုတစ်ခုခုရှိအောင် မင်းကြိုးစားပေးပါ၊ ပြီးရင် ယုံကြည်မှုရအောင်လုပ်ပါ''

''ဗျာ အဲလိုကြီးလုပ်ရမယ်''

''အင်း ဟုတ်တယ် တခြားလူကို ယုံကြည်အားကိုးလိုက်ရင် အမှားအယွင်းဖြစ်မှာစိုးလို့ပါ၊ လုပ်ငန်းခွင်ရှာရင်လည်း တခြားလူကိုပုံအပ်ပစ်လိုက်မှာမျိုး ဖြစ်နိုင်တယ်ကွ၊ စီးပွားရေးလောကမှာ အပေါင်းအသင်းမိတ်ဆွေနဲ့ မတင်းရာမကင်းကြောင်းတွေ ရှိပေမယ့် ဘယ်သူနဲ့မှ စိတ်မချလို့ပါကွာ''

''ကျ ကျွန်တော်က ဘာလုပ်ပေးရမှာလဲ''

''အိမ်ဖော်မလေး ခွေးပုဆီ အန်ကယ် စုံစမ်းကြည့်တာတော့ သူတို့ ကိုယ်ခံပညာတွေ ကရာတေးတွေသင်မယ်လို့ ပြောတယ်''

''ဗျာ''

လရောင် အံ့ဩရမှာလား၊ လှောင်ရယ်ချလိုက်ရမှာလားမသိ၊ ပြူးပြူးလိုက်မိသည်။

''သူတို့က ဘာလုပ်ဖို့ အဲဒါတွေသင်တာလဲဟင်၊ စီးပွားရေးတစ်ခုခု လုပ်ကြမှာဆို''

''ဟင်း ဟင်း သမီးက ဉာဏ်ကောင်းတဲ့သဘောပေါ့ မောင်လရောင်ရဲ့၊ အဲဒါတွေတတ်ထားမှ သူများအနိုင်ကျင့်မခံရဘူးလို့ တွက်ထားမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ပြီးရင်လည်း လုပ်ငန်းစမလုပ်သေးဘူး၊ သူများအလုပ်မှာ ဝန်ထမ်းအရင်ဝင်လုပ်ဦးမှာတဲ့ဗျာ''

''တော်သေးတာပေါ့ အဲဒီအတွေးလေး ရှိသေးတာ''

''ဟုတ်တယ် အောက်ခြေသိမ်းအလုပ်တွေ တတ်ပြီးမှ လုပ်ငန်းအကြီးကြီးလုပ်မယ်တဲ့''

''အဲဒီစိတ်ကူးကို အကောင်အထည်ဖော်နိုင်ရင် အန်ကယ့်သမီး အောင်မြင်နိုင်ပါတယ်''

''အန်ကယ့်သမီးပဲကွာ အဲလောက်တော့ ရှိမှာပေါ့၊ မင်းကူညီရမှာက အန်ကယ့်သမီးကို မင်းစက်ရုံမှာ အလုပ်ခန့်ပေးဖို့ပဲ''

''အန်ကယ်က လုပ်ပြန်ပြီ''

လရောင် တကယ်ကို စိတ်ရှုပ်လာတာပါ။ စက်ရုံမှာ မိန်းကလေးအများစု ဝန်ထမ်းရှိသော်လည်း အဲလုပ်ခန့်ဖို့၊ အင်တာဗျူးသည့်အခါတိုင်း မန်နေဂျာနှင့်သာ လွှဲထားခဲ့တာပါ။ မိန်းကလေးတွေနှင့်ရောရောနှောနှော မနေတတ်တာကြောင့်ပင်။

အခုမှ ဦးသီဟဇော်ကို အားနာပြီး သူ့စိတ်တွေ ဗလုံးဗထွေးဖြစ်နေရသည်။ သူ သက်ပြင်းချတော့ ဦးသီဟဇော်က ပြုံးပြုံးကြီးနှင့်

''အန်ကယ့်ကို အားနာပြီးတော့ပဲဖြစ်ဖြစ် ကူညီပေးပါကွာ၊ ဒါကလည်း မင်းစိတ်ကိုလည်း သိနေလို့ ယုံကြည်လို့ပါ၊ အဲဒီလိုလုပ်ရင်းကနေ သမီးလေး လုပ်ငန်းလုပ်တော့မယ်ဆိုရင်လည်း မင်းလုပ်ငန်းထဲမှာ သမီးလေး ရှယ်ယာဝင် ရင်းနှီးမြှုပ်နှံလာအောင် စည်းရုံးပါ''

''အင်းလေ အန်ကယ့်မှာ အဲလောက်ဆန္ဒရှိနေရင် ကျွန်တော်





ကြိုးစားပါ့မယ်၊ မမနိုင်ကလည်း သူ့ကိုမလိုလား၊ ငြိုငြင်ပြီး ဘဒ္ဒချို အိမ်ပေါ်က ဆင်းသွားတာကို စိတ်မကောင်းဖြစ်နေတာပါ၊ ဘာပဲဖြစ်ဖြစ် အန်ကယ်ရော မမနိုင်ရော စိတ်ချမ်းသာအောင် လုပ်ပေးရမယ့်တာဝန် ကျွန်တော့်မှာ ရှိပါတယ်''

''ကျေးဇူးတင်ပါတယ်ကွာ သမီးလေး အိမ်ပေါ်ကဆင်းသွားကတည်းက အန်ကယ် မအိပ်နိုင် မစားနိုင် စိတ်တွေလေးနေခဲ့ရတာ၊ အခုမင်း ဒီလိုလေးပြောလိုက်တာနဲ့ အန်ကယ့်စိတ်တွေ အရမ်းကို ပေါ့ပါးလန်းဆန်းသွားပါပြီ၊ ချီးယား(စ်) မောင်လရောင်''

ဦးသီဟဇော်က ဖန်ခွက်ချင်းမြှောက်၍ ချွမ်ခနဲ မြှောက်လိုက်ပြီး တစ်ရှိန်ထိုးမော့သောက်သည်။ မျက်နှာကလည်း လူငယ်လေးတစ်ယောက်နှယ် ပေါ့ပါးလန်းဆန်း ပြုံးရွှင်နေသည်။ သူလည်း ကတိပေးပြီးပြီမို့ စိတ်ကို အရင်ဆုံး အဆင်သင့်ပြင်ထားမှဖြစ်မည်။

ဘာကြောင့်လဲဆိုတော့ သူက မိန်းကလေးတွေကို စိတ်မရှည်တတ်သလို သည်းခံအလျှော့ပေးဖို့လည်း စိတ်မပါလို့ပါ။

အခုတော့ ဘဒ္ဒချိုအကြောင်း ဦးသီဟဇော် ပြောထားတာထက် ပိုသိအောင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဟား ကိုယ်ခံပညာ သင်ရတာ၊ အိမ်မှာ ဂျင်ကစားရတာထက် ပိုပင်ပန်းတယ်၊ ရွယ်စူး နင်ရော ဘယ်လိုနေလဲ"

ဘဒ္ဒချို လှည့်မေးလိုက်တော့ ခွေးပုက လျှာတစ်လစ်ထွက်၍ ဖောဟဲလိုက်နေသည်။

"မေးမှမေးတတ်တယ် မမလေး၊ အဲ ဘဒ္ဒရယ်၊ ဘဒ္ဒကမှ အိမ်က ထရိန်နင်ခန်းမှာ အမြဲတမ်းကစားနေလို့ အမောခံနိုင်ဦးမယ်၊ ရွယ်စူးကတော့ ဒီမှာ နေ့တိုင်းလာပြီးလေ့ကျင့်နေရရင် အသက်တိုမှာပဲ"

"အံမယ် နင် အဲလိုမပြောနဲ့ နင့်ဘော်ဒီ ဝိတ်နည်းနည်းကျပြီး ကြည့်ကောင်းလာပြီ သိလား၊ နောက်ဆို မော်ဒယ် ခွေးပုလို့တောင် အခေါ် ခံချင်ခံရတော့မှာ"

"ဟင် ဟုတ်လား တ တကယ်လားဟင်"

ရွယ်စူးက ပေါချာချာနှင့် သူ့တစ်ကိုယ်လုံးကို လှည့်ပတ်ကြည့်





သည်။ ဝလွန်းလို့ ဗိုက်ပူဖင်ကောက်ဖြစ်နေသော ရွယ်စူးခန္ဓာကိုယ်က အနည်းငယ် ကိုယ်ရေစစ်ပြီး လှလာတာတော့ အမှန်ပင်။

နေ့တိုင်းလည်း သူမနှင့်အတူတူ ခြံထဲမှာ အပြေးလေ့ကျင့်နေရတာကိုး။ သူမက ကြက်တောင်ရိုက်ရအောင်ဆိုလည်းရိုက်၊ ရေသွားကူးရအောင်ဆိုလည်းကူး။

အပျင်းထူ အကြောက်လွန်ပေမယ့် ခုတော့လည်း အလေ့အကျင့်ရနေပါပြီ။

"ရွယ်စူး ဒီကအပြန် ရေဝင်ကူးကြမယ်နော်"

"အင်း အဲဒါတော့ သဘောကျတယ်၊ ရွာကချောင်းထဲမှာ ရေသွားကူးရင် ကမ်းပေါ် တော်တော်နဲ့တက်ချင်တာမဟုတ်ဘူး"

"တခြားဟာတွေလည်း နင် လုပ်ရင်းနဲ့ ပျော်လာမှာ နှစ်သက်လာမယ်၊ လူဆိုတာ ဘာမဆို တတ်မြောက်ထားမှ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ ရင်ဆိုင်ရဲတာတဲ့"

"ဘယ်စာအုပ်ထဲက ဖတ်ထားတာလဲ"

"အောင်မာ ငါ့ကိုများ၊ ဒေါက်"

စကားပြောနေတာထက် ဘဒ္ဒချိုလက်က မြန်သည်။ ရှုံ့မဲ့သွားသော ရွယ်စူးက

"သူငယ်ချင်းလို့ပြောပြီး အဲလိုခေါက်ထစ်နေတာ သူများမြင်ရင် ဘယ်လိုထင်သွားမလဲ"

"ပြော် အေး ဘွာတေး ဘွာတေး၊ နင်က ငါ့ကိုပမာမခန့် ပြောတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းဆိုမှတော့ အဲဒီလောက်လေးပြောတာ စိတ်ဆိုးစရာ လား"

"ကဲ ဒီနှစ်ယောက် ဘာတွေစကားများနေတာလဲ၊ သူများတွေ တောင် တန်းဖြုတ်လို့ ပြန်ကုန်ကြပြီ၊ မင်းတို့နှစ်ယောက်က မပြန်သေးဘူး လား။ သင်တန်းပြန်စလုပ်ချင်လို့လား"

ကရာတေးသင်တန်းဆရာ ရောက်လာမှ သူမတို့နှစ်ယောက် အချေ အတင်ပြောနေသည့်စကားများ ရပ်တန့်သွားကာ ကပျာကယာ ထရပ်လိုက် ကြသည်။

"မ မဟုတ်ပါဘူး ဆရာ. အခုပဲ ပြန်တော့မလို့ပါ"

ခပ်သုတ်သုတ်ပင် အဝတ်အစားလဲပြီး သူမတို့ ပြန်လာခဲ့ကြသည်။ ကားလေးကို ရေကူးကန်ဘက် မောင်းလာခဲ့တော့ ရွှယ်စူးမျက်နှာ ပြုံးရွှင်နေ သည်။

ရေကူးရမှာကိုတော့ ရွှယ်စူး ဘယ်တော့မှ မညည်းညူပါ။ ရေကူး ကန်က အိမ်နားဝန်းကျင်က ဟိုတယ်မှာရှိတာမို့ ဘယ်အချိန်လာကူးကူး အဆင်ပြေလှသည်။

အပြင်လူတွေအတွက် ငွေကြေးပေးရတာ နည်းနည်းများပေမယ့် ဟိုတယ်ပိုင်ရှင်နှင့်အသိအကျွမ်းမိတ်ဆွေ ဖြစ်နေပြီမို့ သူမတို့နှစ်ယောက်ကို ပိုက်ဆံမယူပါ။

"ဦးခင်လတ်ကြီး သံပုရာရည်နှစ်ခွက်လောက် မှာပေးပါ"

ရေကူးရင်းသောက်ဖို့ မန်နေဂျာကို သံပုရာရည်မှာခိုင်းလိုက်သည်။ ဦးခင်လတ်က ပျာပျာသလဲပင် ဟိုတယ်ဝန်ထမ်းလေးတွေကို မှာခိုင်းသေ





သည်။

ရေကူးလို့မောလာသည့်အခါ သောက်လိုက်ရသော သံပုရာရည်က ချိုအရသာရှိသည်။

"ဘဒ္ဒ ဟိုမှာကြည့်စမ်း ကားအကောင်းစားကြီးနဲ့ ဝင်လာပြီး ဦးခင် လတ်နဲ့စကားပြောနေတဲ့သူက ယောကျ်ားပီပီသသနဲ့ ချောလိုက်တာ"

နှစ်ခေါက်သုံးခေါက် ရေကူးပြီးလို့ အမောဖြေနေချိန်မှာ ရွှယ်စူးက အသံခပ်အုပ်အုပ်နှင့်ပြော၍ မေးငေါ့ပြသည်။ သူမက အမှတ်တမဲ့သာ လှည့် ကြည့်လိုက်ပြီး

"မိန်းကလေးဖြစ်ပြီး ဣန္ဒြေမရ ယောကျ်ားလေးတစ်ယောက်ကို ကြည့်နေရသလား. ရွှယ်စူးရဲ့"

"ဘာဖြစ်လဲ ချောလို့ကြည့်တာကို"

"ကြည့်စရာလားဟဲ့ ကိုယ်ကြည့်နေတာသိသွားရင် အထင်သေးခံ ရမှာပေါ့"

"သူ မျက်မှန်အမည်းကြီးတပ်ထားတော မမြင်လောက်ပါဘူး။ ဘဒ္ဒ ကလည်း သေချာကြည့်စမ်းပါ"

ဆင်ခြေပေးနိုင်လွန်းသော ရွှယ်စူးကို ဒေါက်ခနဲသာ အောက်ပစ်လိုက် သည်။ ဒါပေမဲ့ သံပုရာရည်ငုံသောက်ရင်းနှင့် ထိုလူဆီကို မျက်လုံးလှန်ကြည့် မိသည်။

နှုတ်ခမ်းမွေး ပါးမြိုင်းမွေးရေးရေး မျက်ခုံးထူထူ မျက်ဝန်းကတော့ မမြင်ရပေ၊ အရပ်အမောင်းက ဘာမန်ယောကျ်ားများထက် အနည်းငယ် မြင့်လျက် စတိုင်ကျကျ၊ အရယ်အပြုံးမဲ့မျက်နှာကလည်း ခန့်ဆောင်မှု



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ ဦးခင်လတ်နှင့် စကားပြောနေရင်း ဟန်းဖုန်းထုတ်ပြီး စကားပြောနေတာကလည်း စမတ်ကျ၏။

"ဘယ်လိုဖြစ်သွားတာလဲ မျက်လုံးလေး လွဲစမ်းပါဦး"

ရွှယ်စူးက သူမမျက်နှာရှေ့ လက်ဝါးကပ်ကာ ထေ့ငေါ့သည်။ သူမက ထိုလက်ကို ပုတ်ဖယ်ချ၍

"သရဲကားကြည့်ရတာလောက်တောင် စိတ်မဝင်စားဘူး အထင်ကြီးစရာလည်း မရှိပါဘူး"

"အဲလိုတော့ မပြောပါနဲ့၊ အရှိကိုအရှိအတိုင်း အမှန်ကို အမှန်အတိုင်းပြောတဲ့သူကမှ ရိုးသားတာတဲ့"

"အေး နင်ပဲရိုးသား။ နင်ပဲ အဲဒီလူကို စိတ်ဝင်စား၊ နင်က ယောကျ်ားတွေကိုများ ဘာအထင်ကြီးနေတာလဲ၊ ငါ့အဖေလူမျိုးတောင် ဟုတ်လှချည်ရဲ့ထင်ပြီးမှ မိန်းမယူသေးတာ၊ ဒီလူက ကလေးအဖေဖြစ်နေရင်ရော ဘယ်လိုလုပ်မလဲ"

"အဲတော် မရိုးသားတဲ့စိတ်နဲ့ ကြံစည်နေတာမှမဟုတ်တာ၊ ကြည့်ကောင်းလို့ ကြည့်ကောင်းတယ်၊ ချောလို့ချောတယ် ပြောတာပဲ၊ တကတည်းဖြစ်ပျက်နေလိုက်တာ အဲဒီလို ခါးခါးသီးသီး မပြောနဲ့ အဲဒီလူနဲ့ အမှတ်မထင်ညားတတ်တယ်"

"ရွှယ်စူး အစုတ်ပလုတ်၊ ပါးစပ်ပုတ်ကြီးနဲ့"

ဘဒ္ဒချို ဆဲဆိုတာကို မကြားရအောင် ရွှယ်စူး ရေထဲကို ဒိုင်ထိုးဆင်းသွားသည်။ ဘဒ္ဒချို ဆတ်ဆတ်ခါနေရင်းမှ ယောင်တိယောင်သံပုရာရည်တွေ အကုန်မှောက်ပစ်လိုက်သည်။ ထိုလူ့မျက်လုံးတွေ





သူမဆီ ရွေ့လျားလာသလိုထင်ရလို့ပါ။ အမှတ်တမဲ့ဆိုသော်လည်း စူးစူးနစ်နစ်နှိုလွှန်းလှသည်။ ဒီလူ အတွေ့အကြုံရှိလို့ အကြည့်ရိုင်းတာလား။

ရင်ထဲ ရှိန်းခနဲ လှိုက်ဖိုသွားပေမယ့် တစ်ခဏချင်းမှာ ထိုလူ့ပုံရိပ်ကို အာရုံထဲက ဖျောက်ပစ်လိုက်သည်။ ထိုကိစ္စတွေ ခေါင်းစားခံဖို့ အချိန်မရပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

အချိန်က ညဉ့်တစ်နာရီဝန်းကျင်။ တစ်မြို့လုံးနီးပါး မီးတွေပြတ်၍ အိမ်အချို့မှာ အင်ဗာတာမီးအလင်းရောင်သာ ရှိသည်။

ညအိပ်ချိန်မို့ စက်မီးတွေ မဖွင့်၍ တိတ်တိတ်ဆိတ်ဆိတ်။ လမှောင်ရက်လည်းဖြစ်နေ၍ အိပ်မပျော်သူတွေအဖို့ ခြောက်ကပ်ကပ်နိုင်လွန်းတာ သွေးပျက်ထိတ်လန့်စရာပင်။

ဒီညမှာ ဘဒ္ဒချိုနှင့်ရွယ်စွး အိပ်မပျော်ရသည့်အကြောင်းရင်းက လက်ဖက်ထမင်းသုပ်စားပြီး လက်ဖက်ရည်ကျကျ သောက်ဖြစ်ခဲ့ကြလို့ပါ။

ဟိုသွားဒီလာနှင့် ဟင်းချက်မစားဖြစ်တိုင်း အလွယ်တကူ လက်ဖက်ထမင်းသုပ်သာ သုပ်စားဖြစ်ကြသည်။ အနားယူချိန် တီဗွီကြည့်သည့်အခါမှာလည်း လက်ဖက်သုပ် စပ်စပ်ချဉ်ချဉ်လေးက ပါစမြဲ။

အိပ်ရာမဝင်ခင်မှာ တီဗွီကြည့်လိုက်၊ ဂိမ်းကစားလိုက်၊ သီချင်းတွေဆိုလိုက်ဖြင့် ဒီအိမ်ကြီးမှာ နှစ်ယောက်တည်းနေရသည့်လို့ အတွေးမဝင်အဲ





အိပ်တော့မည်ဆိုလျှင်တော့ အခန်းတစ်ခုထဲမှာ နှစ်ယောက်လုံး ဝင်ဖြစ်ကြသည်။

ထိုအခန်းထဲမှာ ဟိုဘက် ခုတင်တစ်လုံး၊ ဒီဘက် ခုတင်တစ်လုံးစီ အိပ်ကြပေမယ့် မနက်မိုးလင်းလျှင် ဘယ်လိုကဘယ်လို ခုတင်တစ်လုံးတည်းမှာ နှစ်ယောက်ပူးကပ်သွားလည်းမသိပါ။

ဒီညလည်း ကြောင်စီစီမျက်လုံးများက မှေးမှိတ်လို့မရဘဲ နှစ်ယောက်သား ဟိုဘက်လှိမ့် ဒီဘက်လှိမ့်ဖြင့် တဖြည်းဖြည်းချင်း ပူးကပ်လာသည်။

"မြုန်း"

"အောင်မယ်လေး"

"ဘာ ဘာသံကြီးလဲ"

မြုန်းခနဲအသံကြောင့် နှစ်ယောက်သား ပြူးပြူးပျာပျာ ငုတ်တုတ်ထထိုင်လိုက်မိကြသည်။ တစ်ယောက်လက်ကို တစ်ယောက်လည်း ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိ၏။

"သ သရဲခြောက်တာလားမသိဘူး"

"အာ မဟုတ်လောက်ပါဘူး။ ခြံထဲက အုန်းသီးကြွေကျတာဖြစ်မှာပါ"

"အဲဒါဆိုလည်း ဘာလို့ ဒီလောက်ကြောက်နေတာလဲ"

"ဘယ်မှာကြောက်လို့လဲ၊ နင် မြုန်းဆိုထထိုင်လို့ ငါလန့်သွားတာ"

ဘဒ္ဒချိုက ပေါ်တင်ပြောင်ပြောင်တင်းတင်း ညာသည်။ ရွယ်စူးက ခပ်ခနဲ ရယ်ချပြီး အင်ဗာတာနှင့် ညအိပ်မီးသီးလေး ထဖွင့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အိပ်မပျော်မယ့်အတူတူ မအိပ်နဲ့တော့ဟာ၊ အိပ်အောင်ကြိုးစားရတာ ပိုပြီးပင်ပန်းတယ်၊ နင့်ကို နာနာဘာဝတွေအကြောင်း ပြောပြမယ်လေ"

"ဟင် တကယ်လား နင်ပြောတတ်တယ်ပေါ့၊ ငါ အဲလိုအကြောင်းတွေ အရမ်းသိချင်တာဟ၊ သေရွာပြန်ဘာညာ အကြောင်းတွေရောပေါ့"

"နင် မကြောက်ဘူးပေါ့"

"မကြောက်ပါဘူး"

မကြောက်ဘူးဆိုသော်လည်း ဘဒ္ဒချိုက ရွှယ်စူးလက်ကို မလွှတ်ပါ။ ရွှယ်စူးက ကြောက်တတ်သည်ဆိုပေမယ့် ဘဒ္ဒချိုလောက် ရုပ်ပျက်ဆင်းပျက်မဟုတ်။

"ပြောလေ ဘာပဲများနေတာလဲ"

"အေးပါ တို့ပြောမှာက တခြားအကြောင်းမဟုတ်ဘူး၊ တို့အမေအကြောင်းနဲ့ တို့အကြောင်း"

"ဟင် ဒါဆို နင့်အမေက နာနာဘာဝလား၊ နင်က နာနာဘာဝလား"

"ခြော် သေတဲ့လူက နာနာဘာဝပေါ့၊ တို့က သေသေးတာမှမဟုတ်တာ"

"ကဲ ပြောပါတော့၊ နားရှင်းသွားပါပြီ"

ဘဒ္ဒချိုက သိချင်ဇောနှင့်စိတ်ပရှုည်။ ရွှယ်စူးကလည်း အမေ့ကိုသတိရအောက်မေ့စိတ်နှင့် ပြောချင်နေတာပါ။

"ဒီလိုဘဒ္ဒရဲ့၊ တို့အမေဆုံးတော့ တို့ကငါးနှစ်သမီးအရွယ်လောက်ရှိဦးမယ်၊ အမေသေတာကို သူများတွေငိုလို့သာ လိုက်ငိုတာ၊ သိပ်ဝမ်းနည်း





ရမှန်း မသိသေးဘူး။ ကလေးဆိုတော့ အမေ့အသုဘလိုက်ပို့ဖို့လည်း မခေါ်ကြဘူးပေါ့၊ တို့တောမှာက လူသေရင် ရန်ကုန်မှာလို မီးသဂြိုဟ်ပစ်တာမဟုတ်ဘူး"

"ဟင် အဲဒါဆို လူသေကောင်ကြီးကို ဘာလုပ်ပစ်တာလဲ"

"မြေမြှုပ်ကြတာပေါ့၊ အုတ်ဂူတည်တဲ့သူတွေလည်းရှိတယ်၊ မြေပုံလေးနဲ့ မှတ်တိုင်ထောင်ထားတာလည်း ရှိတယ်"

"အထူးအဆန်းပါလား"

"အေး နင်တို့အတွက်တော့ ထူးဆန်းတာပေါ့၊ ငါတို့ဆီမှာတော့ လေ့ထုံးစံလေ၊ တို့တွေက ဆင်းရဲတော့ အမေ့ကို မြေကြီးထဲမြှုပ်ပြီး မှတ်တိုင်လေးပဲ စိုက်နိုင်တာပါ၊ ဒါပေမဲ့ ဒီနေ့ထိ အမေ့မြေပုံဘယ်နားမှန်း မသိဘူး"

"ဟယ် ကိုယ့်အမေမြေမြှုပ်တဲ့နေရာတောင် မသိဘူးပေါ့၊ ဘယ်လိုသမီးမျိုးလဲ"

"အဖေက တို့ကိုမသိအောင်ထားခဲ့လို့ပါ၊ အဲဒီ သချိုင်းကုန်းကို ဘယ်တော့မှမသွားရဘူးလို့ အမိန့်ထုတ်ထားတာ"

"ဘာဖြစ်လို့လဲ"

ဘဒ္ဒချိုက စိတ်ဝင်စားတာ ရွှယ်စူးစကားဆုံးအောင် မစောင့်ဘဲဖြတ်ဖြတ်မေးသည်။ အာခြောက်လာသော ရွှယ်စူးက ရေဖန်ချိုင့်ထဲကရေငှဲသောက်ပြီးမှ စကားဆက်၏။

"တို့ဆယ်နှစ်သမီးအရွယ်လောက်မှာ အူရောင်ငန်းဖျားနဲ့ တိုက်ဖွိုက်ဖြစ်တယ်၊ သေလုမြောပါးပါပဲဟာ၊ သေပြီဆိုပြီးတော့လည်း ရပ်ထဲရွာထဲကလူတွေရော ဆွေမျိုးသားချင်းတွေရော တို့ကိုသေပြီဆိုပြီး ခေါင်းပေါင်းလေး



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ အသုဘသတင်းလာမေးရင်း ငိုတဲ့သူတွေက ငိုနေကြပြီ"

"ဟင် ဒါဆို နင်က အခုမသေသေးတော့ သေရွာပြန်ပေါ့"

"အင်း ရွာကလူတွေက တို့ကို သေရွာပြန်ခွေးပုလို့ ခေါ်ကြတား တို့ကလည်း သေသလိုလို နှစ်ရက်လောက်မြောနေတာလေ"

"ဟယ် အဲလိုမြောနေရင် ငရဲပြည်တွေ နတ်ပြည်တွေ ရောက်သွားတတ်ကြတယ်လို့ စာအုပ်တွေလည်း ဖတ်ဖူးတယ်၊ သူများတွေပြောတာလည်း ကြားဖူးတယ်၊ နှင် နင်ရော ဘယ်ရောက်သွားလဲဟင် ရွှယ်စူး"

"တို့လား တို့ ဘယ်ရောက်သွားလဲ ပြောပြမယ်လေ၊ ပထမဆုံးက ကျင်းကြီးတစ်ကျင်းထဲမှာ ကလေးလေးငါးယောက်ကျနေပြီး အော်ငိုနေတာကို မြင်ရကြားရတယ်ဟ၊ ငါက အဲဒါတွေကိုမြင်လည်း မမြင်၊ ကြားလည်း မကြားချင်လို့ အဲဒီနေရာမှာ မနေဘူးလို့ဆုံးဖြတ်လိုက်တယ်၊ ဘယ်ကိုသွားရမလဲစဉ်းစားတော့ အမေ့မြေပုံလေးကို သွားကြည့်ချင်စိတ်ပေါ်လာတယ်"

"အယ် နင်က သင်္ချိုင်းကုန်းကို တစ်ယောက်တည်းသွားရဲတယ်ပေါ့"

"ဒြော် မြောနေပါတယ်ဆိုမှ အသက်ရှင်နေတဲ့လူတွေလို ဘယ်အကြောက်အလန့်ရှိပါ့မလဲ၊ သွားချင်စိတ်ပေါက်တော့လည်း သွားတာပေါ့၊ ဒါပေမဲ့ အမေ့မြေပုံ ဘယ်နေရာမှန်းမသိလို့ ရှာရမယ့်အသိဆိုတာတော့ ရှိတယ်၊ အဲဒါနဲ့ ငါလည်း သင်္ချိုင်းကုန်းကို လှောတာပေါ့"

ပြောရင်းနှင့် ရွှယ်စူးက ရေထဲသောက်ပြန်သည်။ ဘဒ္ဒချိုက နားထောင်ရင်းနှင့် ကျောချမ်းလာသလို ရွှယ်စူးနောက်ထလိုက်ပြီး ရွှယ်စူး ထိုင်မှ ပြန်ထိုင်၏။





"အဲလို လိုက်သွားတော့ နင့်အမေမြေပုံ တွေ့လား"

"အမေနဲ့တွေ့တယ်"

"ဘာ"

"ဟုတ်တယ် တို့ဆီမှာက သေတဲ့သူတွေကို သရဏဂုံတင်တဲ့ ဇရပ်တွေရှိတယ်၊ အဲဒီ ဇရပ်က အုတ်ဂူတွေရဲ့ရှေ့မှာပေါ့၊ အဲဒီကို ငါသွားတဲ့အချိန်က လူသေလောင်းတစ်လောင်းကို ရှေ့မှာထားပြီး ဘုန်းကြီးတွေက သရဏဂုံသီလပေးဖို့ လုပ်နေကြတယ်၊ အဲဒီလူသေလောင်းကလည်း တို့ငယ်ငယ်လေးကတည်းက သေတာကြာနေတဲ့လူကြီးတစ်ယောက်ပေါ့"

"ဟယ် အဲလိုကြီး၊ ငါသာဆို ကြောက်လို့သေမှာပဲ၊ နင်က မကြောက်ဘူးပေါ့နော်"

"ငါက ဝိညာဉ်နဲ့လွင့်ပြီး လျှောက်သွားနေတာ ဘယ်လိုလုပ်ကြောက်မှာလဲ"

"ဒြော် အေး ဟုတ်သားပဲ ပြောပါ"

"တရားနာဖို့ထိုင်နေကြတဲ့လူတွေကလည်း သေပြီးသားလူတွေကြီးပဲ"

ကြက်သီးတွေဖြန်းခနဲထကာ ဘဒ္ဒချို ရွှယ်စူးအနားသို့ တိုးကပ်လာသည်။ ပြောရတာ အရှိန်ရလာသော ရွှယ်စူးက မျက်လုံးထဲမှာ ပြန်မြင်ယောင်နေသလိုမျိုးနှင့်

"တို့ကလေ အဲဒီလို သရဏဂုံတရားနာဖို့ လုပ်နေကြတာမြင်တော့ တရားနာပြီးမှ အမေ့မြေပုံကိုရှာမယ်လို့ ဆုံးဖြတ်လိုက်တယ်၊ အဲလိုနဲ့ အဲဒီဇရပ်နား ကျုံ့ကျုံ့လေးသွားထိုင်တာပေါ့၊ အဲဒီအချိန်မှာပဲလေ ဘုန်းကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



တရားယောဂီလုပ်နေတဲ့ဖရုပ်ရဲ့နောက်က အုတ်ဂူတွေပေါ်မှာ အမေက ငုတ်တုတ်ကြီးထိုင်နေတယ်''

''ဟယ် တကယ်''

''အေးပေါ့ အဲဒီအုတ်ဂူတွေကြားထဲက မြူခိုးတွေလိုလို မီးခိုးတွေလိုလိုလည်း ထွက်နေတာပဲဟ၊ သေပြီးသားလူသုံးလေးယောက်ကလည်း အမေနဲ့အတူတူ အုတ်ဂူတွေပေါ် ထိုင်နေကြတာပဲ၊ အဖွဲ့ကိုမြင်တော့ တို့အရမ်းဝမ်းသာသွားတာပေါ့၊ ပြီးတော့ အမေက သူ့ဆီလာဖို့ တို့ကို လက်ယပ်ပြီး ခေါ်နေတယ်''

''ဟယ် နင် နင် သွားလိုက်ရောလား''

''အစက ထသွားမလို့ပဲ၊ နောက်မှ တရားနာပြီးရင် လာမယ်လို့ အမေ့ကိုစိတ်ထဲက ပြောလိုက်တယ်၊ လက်ကာပြပြီးတော့ အမေကိုဘယ်မှမသွားနဲ့ စောင့်နေဦးဆိုတဲ့သဘောပေါ့၊ တရားကလည်း နာရတော့မှာဆိုပြီး တို့က. လက်အုပ်လေးချီထားတာပေါ့''

ရွှယ်ရှူးက လက်အုပ်လေးချီပြီး တရားနာဖို့ပြင်နေသည့်ပုံစံ လုပ်ပြနေသည်။

''အဲလို လက်အုပ်ချီထားတဲ့အချိန်မှာလေ ဟိုးမိုးကောင်းကင်ပေါ်ကနေ မြတ်စွာဘုရားနဲ့ ရဟန္တာတွေ သပိတ်တွေပိုက်၊ ယပ်တွေကိုင်ပြီး ကိုယ်ရောင်ကိုယ်ဝါ တောက်တောက်ပပနဲ့ ချာန့်နဲ့ရပ်တော်မူနေကြတယ်ဟ''

''ဟယ် ထူးဆန်းလိုက်တာ''

''အေး တို့မျက်လုံးထဲမှာ ဝင်းဝင်းလက်လက် ပြိုးပြိုးပြက်ပြက်တွေ မြင်လိုက်ရလို့ မော့ကြည့်လိုက်မှ ဘုရားနဲ့ရဟန္တာတွေကို တွေ့ရတာ၊





ရှင်ထဲမှာ ဇာလှပ်လှပ်နဲ့ ကြည်နူးလိုက်တာမှလေ၊ ဝမ်းသာအားရနဲ့ကို သရဏဂုံနာဖို့ လက်အုပ်ချီထားလျက်ကနေ အပေါ်ကို့မော့ပြီး ကန်တော့နေမိတော့တာပေါ့''

''ကျန်တဲ့လူတွေ အဲ ကျန်တဲ့ နာနာဘာဝတွေက မမြင်ဘူးလား''

''မမြင်ဘူး ထင်တာပဲ အမေ့ကိုတောင် ဘုရားနဲ့ရဟန္တာတွေကို ကန်တော့နေလားလို့ လှမ်းကြည့်မိသေးတယ်၊ တို့လိုပဲ ကန်တော့စေချင်လို့ပေါ့နော်၊ ဒါပေမဲ့ အဲဒီအုတ်ဂူတွေပေါ်မှာ အမေလည်းမရှိတော့ဘူး ကျန်တဲ့ နာနာဘာဝတွေလည်း မရှိတော့ဘူး။ တို့လည်း အဲဒီလို လက်အုပ်လေးချီထားလျက်နဲ့ သတိပြန်လည်လာတယ်''

''ဟင် နင့်ဝိညာဉ် နင့်ကိုယ်ထဲ ပြန်ရောက်လာတာပေါ့''

ခေါင်းညိတ်ပြပြီး ရွှယ်ရှူး ရေထသောက်ပြန်၏။ ဘဒ္ဒလည်း နားထောင်ရင်းနှင့် ရေဆာသလိုဖြစ်လာကာ ရွှယ်ရှူးလက်ထဲက ရေတစ်ခွက်ယူသောက်လိုက်သည်။

နှစ်ယောက်လုံး အခုမှ အမောပြေသလို ဖြစ်သွားကာ

''နင့်အသက်ကို ဘုရားနဲ့ရဟန္တာက ကယ်လိုက်တာပေါ့နော်''

''ဒါပေါ့ဟယ် အဲဒီအချိန်မှာ ဘုရားနဲ့ရဟန္တာတွေကို မဖူးတွေ့လိုက်ရရင် အမေ့နောက်လိုက်သွားရင်းနဲ့ တို့အသက်လည်း ပါချင်ပါသွားမှာပေါ့၊ အဲဒီလို ဘုရားတွေကိုတွေ့ပြီး အသက်ပြန်ရှင်လာရတဲ့အကြောင်းရင်းက ဘာကြောင့်လဲ သိလား''

''အင်း ပြောပါဦး''

''တို့က ကလေးဘဝကတည်းက ဘုရားစာမပြတ်ဆိုခဲ့တာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူများတွေလို ပျင်းပျင်းရှိတိုင်း သီချင်းမညည်းဘူး။ အမြဲတမ်း မဟုတ်တောင် ညအိပ်ရာဝင်ပြီဆိုရင် ဘုရားရှိခိုး ဘုရားစာဆိုတာပဲ၊ အဲလိုဆိုရင် စိတ်က အလိုလိုငြိမ်းချမ်းပြီး အိပ်ပျော်သွားရော တကယ်ကို ဘုရားဂုဏ် တရားဂုဏ် ကျေးဇူးက အရမ်းကြီးမြတ်တယ်''

''ဩော် အဲဒါကြောင့် နင့်ကို သေရွာပြန်ခွေးပုလို့ ခေါ်ကြတာကိုး။ ဒါ တကယ်ဖြစ်ရပ်ပဲ၊ စာအုပ်ထုတ်ပြီး ပြန်ရောင်းရင် အရမ်းမြတ်မယ်ဟ''

''အောင်မယ်လေး မလုပ်ပါနဲ့၊ တချို့ စာရေးဆရာတွေ ဖတ်လမ်းဆင်ပြီး ရေးစားနေတာ၊ ဒီထက်တောင် ကောင်းကြပါသေးတယ်၊ တို့ရွာမှာ တို့အဖြစ်အပျက်ထက် ဆန်းကြယ်တဲ့အဖြစ်အပျက်နဲ့ ကြုံတဲ့သူတွေတောင် ရှိသေးတယ်''

''ဟယ် ဟုတ်လား ပြောပါဦး''

''ဒီတစ်ညတော့ တော်ပါတော့၊ မိုးလင်းသွားလို့ အိပ်လိုက်ရမှာတောင် မဟုတ်ဘူး''

ရွှယ်စုးက မွေ့ရာကြီးပေါ် ပစ်လှဲကာ စောင်ခေါင်းမြီးခြုံနေပြီမို့ ဘဒ္ဒက စောင်ကို ဆွဲလှပ်လိုက်သည်။

''နင်ကလည်းဟယ် ငါတို့မနက်ဖြန် သင်တန်းမှမတက်တော့တာ၊ နေမြင့်အောင်အိပ်လို့ ဖြစ်ပါတယ်''

''ဟင် သင်တန်းပြီးအောင် မတက်ဘူးလား။ တစ်ဝက်တစ်ပျက်နဲ့''

''ငါတို့က သင်တန်းဆင်းလက်မှတ်တွေ ခါးပတ်နက်တွေရဖို့ မလိုပါဘူး။ အတွေ့အကြုံနဲ့ ဘယ်လိုခုခံကာကွယ်ရမယ်ဆိုတာ နည်းနည်းပါးပါး





သိရင် တော်ပြီပေါ့၊ နောက်နေ့ကစပြီး လုပ်ငန်းခွင်ဝင်ဖို့ လေ့လာရမယ်''

''အင်း အင်တာဗျူးတွေ ဖြေရတော့မှာပေါ့၊ မင်းတို့အိမ်ကို အိမ်ဖော်လာလုပ်တာ ဘာအင်တာဗျူးမှသိပ်ဖြေရတာ မဟုတ်ဘူး။ ဖြစ်မှဖြစ်ပါ့မလားပဲ၊ ရင်တွေတုန်လိုက်တာ''

''တွေးကြောက်မနေပါနဲ့၊ ငါက ရှေ့ကဦးဆောင်မှာပဲ၊ နင်က ငါ့နောက်ကနေ မေးလိုက်ခဲ့ပါ''

''ဟုတ်ကဲ့ ကျေးဇူးရှင် ဒီည အားမွေးဖို့ အိပ်လိုက်တော့မယ်နော်''

ငေါ့တော့တော့ပြောရင်း ရွှယ်စုး အိပ်ရာဝင်သွားခဲ့ပြီမို့ ဘဒ္ဒလည်း ရွှယ်စုးအနားမှာ တိုးကပ်အိပ်လိုက်သည်။

ရွှယ်စုးပြောသော ဘုရားနှင့်ရဟန္တာတွေကို မျက်လုံးထဲမှာမြင်ယောင်ပြီး ကြောက်စိတ်တွေလည်း ပြေပျောက်သွား၏။ မျက်လုံးတွေလည်း တဖြည်းဖြည်း မှေးမှိတ်သွားကာ နက်ဖြန်အတွက် ဘာတွေလုပ်ရမလဲ စိတ်ကူးရင်းဖြင့်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

မနက်မိုးလင်း ရေမိုးချိုးစားသောက်ပြီးတာနှင့် သတင်းစာထဲက အလုပ်ခေါ်စာကြော်ငြာတွေ တွေ့သမျှ တစ်ခုပြီးတစ်ခု အလုပ်သွားလျှောက်ကြသည်။

နေရာဒေသတွေ မတူတာမို့ ခရီးလည်းပင်ပန်း၏။ စိတ်လည်း ပင်ပန်း၏။ ဘာအလုပ် လိုချင်လဲ၊ ပွဲစားတွေနှင့် လုပ်လို့ရသလို၊ အလုပ်သမား အေဂျင်စီတွေကတစ်ဆင့် အလုပ်တွေရနိုင်သော်လည်း သင်တန်းတက် ဘာတက်နှင့်မို့ အဲဒါမျိုးလည်းမလုပ်ချင်။

အခုခေတ်က နိုင်ငံခြားဘာသာစကားတတ်မှ၊ ကွန်ပျူတာတတ်မှ အလုပ်ရဖို့ လွယ်ကူသည်ထင်သည်။ သူမလည်း ဘာသင်တန်းကိုမှ အချိန်ကုန်ခံပြီး မတက်ချင်ပါ။ ဝါသနာမပါတာကြောင့်လည်းဖြစ်မည်။

ဟိုလျှောက်ဒီလျှောက်နှင့် တစ်ပတ်လောက်ရှိလာတော့ သူမတို့ နှစ်ယောက်လုံး နည်းနည်းစိတ်ကုန်လာသည်။ သုံးနာရီဝန်းကျင်လောက်လည်း





မို့ ဗိုက်ဆာဆာနှင့် ကိုရီးယားစားသောက်ဆိုင်တစ်ဆိုင်မှာ တဝတပြဲ ...စ်လိုက်ကြ၏။ နွယ်စူးက အသက်မရှူတမ်း မောကြီးပမ်းကြီးကို ပလုတ် ...တောင်းစားသည်။

"နင့်ဥစ္စာ ဘယ်သူမှ လုမစားပါဘူးဟဲ့၊ အငတ်တိုင်းပြည်ကလာ ... ကျနေတာပဲ၊ နင်လည်းသေဦးမယ်၊ ရေလေးဘာလေး သောက်ဦး"

"ဗိုက်ဆာလို့ပါ ဘဒ္ဒရဲ့၊ ဒီမှာ ဟင်းချိုတွေနဲ့ မျှော့ချနေတာ ...ဘူးလား၊ အခုမှ ဗိုက်က နေသာထိုင်သာ ရှိသွားတာ"

"အေး နင်ကတော့ ဘယ်လောက်ပင်ပန်းပင်ပန်း စားလို့ဝင်နေတာ ...ပဲ"

"ဘဒ္ဒက စားမဝင်ဘူးပေါ့၊ ဘာလို့ ဒီလောက်အပင်ပန်းခံနေလဲ ...ရယ်၊ ဘာအလုပ်မှ မလုပ်လည်း ဒီအတိုင်း ထိုင်စားလို့ရအောင် ချမ်းသာ ...တာပဲဥစ္စာ"

"ဖြော် စည်းစိမ်ဥစ္စာတွေ ပြည့်စုံတိုင်း ဘာအလုပ်မှ မလုပ်ဘဲ ...င်စားလို့ဖြစ်မလား၊ ဒါတွေက တည်မြဲတဲ့အရာတွေမှ မဟုတ်တာ၊ မီးဘေး ...ဘေးသင့်ရင် နာရီပိုင်းမိနစ်ပိုင်းအတွင်း ပျောက်ဆုံးသွားမယ့်အရာတွေဟဲ့၊ ...ယ့်မှာ ပညာတွေတတ်ထားမှ ဘယ်ဘဝရောက်ရောက် ရပ်တည်နိုင်အောင်မကျ ..."

"အဲလို အသိဉာဏ်တွေ ရှိနေရင်လည်း ပိုင်ဆိုင်မှုတွေနဲ့ ရင်းနှီး ...ပြီး လုပ်ငန်းရှင်ဖြစ်အောင် လုပ်လိုက်ပြီးတာပဲ"

"နင်ဟာလေ ပြောနေတာလည်း အာပေါက်နေပြီ နားကို မလည် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်"

ဘဒ္ဒချိုက စိတ်မရှည်သလို ဟိုကြည့်ဒီကြည့်လုပ်ပြီးမှ ရွှယ်စူး ခေါင်းကို ဒေါက်ခနဲခေါက်သည်။ ခြေမြန်လက်မြန် ရွှယ်စူးအပေါ် အနိုင်ယူ ချင်သည့်အကျင့်က အခုထိမပျောက်သေးပါ။

"ဘဒ္ဒနော် သူငယ်ချင်းလို့ဆိုပြီး စားသောက်ဆိုင်ထဲမှာ ဘာလို့ ခေါက်ရပြန်တာလဲ"

"သူများတွေ အရိပ်အခြည်ကြည့်ပြီး ဘယ်သူမှမမြင်မှ ခေါက်တာ ပါဟဲ့၊ နင်က ပညာမဲ့စကားနဲ့ ဆင်ခြေပေးနေလို့ပါ၊ ငွေရှိလို့ ရင်းနှီးမြှုပ်နှံ ရလည်း ယုံကြည်ရတဲ့သူရှိဦးမှ၊ ယုံကြည်ရလို့အလုပ်လုပ်ပြီဆိုလည်း အောင် မြေသိမ်းအလုပ်ကအစ တတ်ကျွမ်းနားလည်ထားမှ"

"ကြီးကြီးကျယ်ကျယ်တွေ ပြောပြန်ပြီ ဘဒ္ဒရယ်၊ အင်တာဗျူး ဖြေတာတောင် တစ်ခုမှအဆင်မပြေဘူး"

"ဟဲ့ အဲဒါက လုပ်ငန်းအတွေ့အကြုံရှိလား၊ ကွန်ပျူတာတတ်လား ဘာသာစကား ဘယ်နှမျိုးပြောတတ်လဲနဲ့ ဒါတွေချည်းမေးနေတာကိုး"

"ဒီခေတ်က စားသောက်ဆိုင်မှာ အိုက်တိုးပန်းကန်ဆေးလုပ်ချင် ရင်တောင် ဒါမျိုးတွေ တတ်ထားမှတဲ့၊ အဲဒီသင်တန်းတွေအရင်တက်လိုက် ပါလား၊ ဒါလည်း အရေးကြီးတဲ့ကဏ္ဍတစ်ခုပဲဥစ္စာ"

ရွှယ်စူး လေးလေးနက်နက် ပြောလာတော့ ဘဒ္ဒချို ငြိမ်ငြိမ်သက် သက်နားထောင်ပြီး အစားအသောက်ပန်းကန်တွေကို တစ်ဖက်တိုးရွှေ့လိုက် ကာ

"နင်ပြောတာလည်း ဟုတ်ပါတယ်၊ ဒါပေမဲ့ နောက်လုပ်ငန်းတခြား





အကောင်အထည်ဖော်ဖြစ်မှပဲ အဲဒီကိစ္စ စဉ်းစားတော့မယ်ဟာ၊ အခု အလုပ် တစ်ခုပဲရဖို့ အရေးကြီးတယ်"

"ဟိုလေ ဦးဦးဇော်က အဆက်အသွယ်အသိမိတ်ဆွေတွေများ ဘယ်၊ ဦးဦးဇော်ကို ပြောကြည့်ပါလား"

"မာင့်အင်း အိမ်ကထွက်လာပြီးမှ ဖေဖေ့အကူအညီ ဘယ်တော့မှ မယူဘူး၊ မိထွေးအမြင်မကြည် ငြိုငြင်ခံရတဲ့ဘဝမျိုးမှာလည်း မနေဘူး၊ အဲဒီ အတွယ်တစ်ခုကို အားကိုးနေရင်လည်း ဘယ်တော့မှ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ရဲတဲ့စိတ် ရှိတော့မှာမဟုတ်ဘူး"

"အဲဒါဆိုလည်း ဘဒ္ဒတစ်ယောက်တည်း လုပ်ပါတော့လားဟယ်၊ ဒါ့ထက် ဟိုအိမ်မှာနေခဲ့သလိုပဲ ထမင်းဟင်းချက် အိမ်သန့်ရှင်းရေးလုပ်ပါမယ်၊ အဲ့လို ဘွဲ့ရပညာတတ်တစ်ယောက်တောင် အလုပ်ရဖို့မလွယ်တာ တို့ဆိုရင် အင်တာဗျူးဖို့တောင် အဆင်ပြေမှာမဟုတ်ဘူး"

"အားမလျှော့စမ်းပါနဲ့ဟာ၊ နင်နဲ့ငါနဲ့ နှစ်ယောက်အတူ လုပ်လို့ရတဲ့ အရာကိုပဲ ငါလုပ်မှာပါ"

"ဒါဆို တို့လို ဘွဲ့ရပညာတတ်မဟုတ်တဲ့သူတွေကိုပါ အလုပ်ခန့် ထားတဲ့ လှိုင်သာယာစက်မှုဇုန်ဘက်က အထည်ချုပ်စက်ရုံတွေမှာ အလုပ် များလျှောက်ကြည့်မလားဟင်"

"ဘာ"

ဘဒ္ဒချို အသံကျယ်ကျယ်လောင်လောင်ပင် ဖြစ်သွား၏။ လှိုင်သာ ယာတဲ့ ဒီလောက်ဝေးဝေးလံလံကြီးကို ရွှယ်စူး ဘာစိတ်ကူးပေါက်ပြီး ပြော ပါလိမ့်။

www.burmeseclassic.com



မြို့ထဲက ကုမ္ပဏီတွေ တစ်ခုပြီးတစ်ခု အလုပ်လျှောက်တုန်းက တော့ နှာခေါင်းတရှုံ့ရှုံ့နှင့်။

"နင် ဘယ်လိုများ အဲလောက်ဝေးတဲ့နေရာကို စဉ်းစားမိသွားတာ လဲ ရွှယ်ရူး၊ အထည်ချုပ်ဆိုတာကရော နင့်ခေါင်းထဲ ဘယ်လိုရောက်လာ တာလဲ"

"ဪ မြို့ထဲက ကုမ္ပဏီတွေက ဒီလောက် ဇိမ်ကျကျ်နေတာ အလုပ်ရဖို့လည်းမလွယ်ဘူး၊ ပြီးတော့ ဘဒ္ဒကလည်း အဝတ်အထည်ဒီဇိုင်း ထွင်ရတာ ဝါသနာပါတယ်မဟုတ်လား၊ ကိုယ်ဝါသနာပါရာ ကျွမ်းကျင်ရာ လုပ်ငန်းတစ်ခုကို လုပ်တော့မယ်ဆိုတော့လည်း အခြေခံကစပြီး တတ်ထား ပေါ့၊ တခြားမှာ သင်တန်းတက်နေရင် ငွေစောင်ကုန်နေဦးမယ်"

"ပြောတော့ လွယ်လိုက်တာ၊ အဲဒီဘက်မှာအလုပ်ရပြီပဲထားပါဦး ဘာနဲ့သွားမှာလဲ"

"ကိုယ့်ကားနဲ့ကိုယ် သွားမှာပေါ့"

"အေး ကိုယ်ပိုင်ကားနဲ့အလုပ်ဆင်းတဲ့သူတွေ မရှိသားဘူးဆိုပြီး ကန်ထုတ်လိုက်မှ ဟုတ်ပေ့ဖြစ်နေဦးမယ်"

"ဒါကတော့ ကားကိုတစ်နေရာမှာ အပ်ထားရင်ဖြစ်နေတာပဲ အဓိက,က အလုပ်သမားဇနီထမ်းတွေ သဘောတရား လုပ်ငန်းအတွေ့အကြုံ လက်တွေ့ကျကျ လေ့လာကြည့်လို့ရဖို့ပဲလေ"

"အင်း စိတ်တော့ဝင်စားပါတယ်၊ အဝတ်အစားဒီဇိုင်း မိုက်မိုက်လေး ခေတ်နဲ့အညီ ပြောင်းလဲလုပ်ရမှာမျိုးဆိုရင် လေ့လာကြည့်ချင်ပါတယ်၊ ဟုတ်ပြီ အဲဒီကိစ္စအဆင်ပြေရင် အတွေ့အကြုံတွေ အများကြီးရလာနိုင်တယ်"





ဘဒ္ဒချို တက်တက်ကြွကြွ စိတ်ဝင်စားမှုရှိလာမှ ရွှယ်ရူး သက်ပြင်း ချနိုင်တော့သည်။

ဒီကွက်ရှင်ထိ စည်းရုံးနိုင်ဖို့ စိတ်ရှည်ရှည်ထား၍ စောင့်ခဲ့ရသည်။ ဦးဇော်နှင့်တိုင်ပင်ပြီးသားဆိုပေမယ့် ဘဒ္ဒချို မရိပ်စားမိအောင် ဘဒ္ဒချို စိတ်အလိုကျ လိုက်လျောကာ မင်းသေသေ ဂရုစိုက်နေခဲ့ရ၏။

အရွယ်ရောက်နေသောသမီးကို အစိုးရိမ်ကြီး ပူပန်နေတတ်သော ဦးဇော်မေတ္တာက လေးစားစရာကောင်းသည်။

မျက်စိအောက်မှာ မဟုတ်သော်လည်း ဘဒ္ဒချိုအတွက် စီမံမှုတွေ ညီရွှယ်ချက်တွေနှင့်ပါ။

ဒါတွေကိုသာ ဘဒ္ဒချို နားလည်ခဲ့လျှင် ဒီမိသားစုလေးက အေး အေးချမ်းချမ်းနှင့် ပျော်စရာကောင်းမှာအမှန်ပင်။

တစ်နေ့နေ့ ဘဒ္ဒချို သဘောပေါက်နားလည်လက်ခံလာပါစေဟု ဆုတောင်းရင်းဖြင့်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"မနက်ဖြန် မင်းစက်ရုံကို သမီးလေး အလုပ်လာလျှောက်လိမ့်မယ် အင်တာဗျူးဖြေတဲ့အချိန်မှာ ကမောက်ကမ အလွဲအချော်မဖြစ်အောင် မင်း ဂရုစိုက်ပေးပါ မောင်လရောင်"

"ဒီလောက်ဝေးတဲ့နေရာကို သူ တကယ်ရော လာပါ့မလား အန်ကယ်"

"လာဖြစ်အောင်လို့ ခွေးပု အစီစဉ်တကျနဲ့ တိုက်တွန်းပြီးလို့ အဆင်ပြေတယ်ပြောပါတယ်၊ မြို့ထဲက ကုမ္ပဏီတွေကို အလုပ်မရအောင် အန်ကယ်ကပဲ စိတ်ချွေအပေါင်းအသင်းတွေဆီ ဖုန်းဆက်ပြီး ပိတ်ပင်တားဆီးလာခဲ့တာပါ၊ ဒီဘက်ကို ခွေးပုတိုက်တွန်းလို့ရအောင် စိတ်လည်လာအောင် ဉာဏ်သုံးလိုက်တဲ့သဘောပေါ့"

"အန်ကယ်က အန်ကယ့်သမီးကို အရမ်းချစ်တာပဲနော်"

ဦးသီဟဇော် ပြုံးပြုံးကြီးနှင့် ခေါင်းညိတ်ပြကာ





"ဖနီးသည်ကလည်းမရှိ၊ တခြား သွေးရင်းသားရင်း သားသမီး ဆိုလည်းမရှိဆိုတော့ ဒီသမီးလေးတစ်ယောက်တည်းအပေါ် သံယောဇဉ်ပို အချစ်ပိုရတာပေါ့ကွာ၊ မိတဆိုးလေးဆိုတော့ ဘယ်လိုလုပ် ပစ်ထားရက်မှာလဲ ညသာ နိုင့်ကိုနားလည်ပေးပြီး လက်ခံလိုက်ရင် အန်ကယ်တို့မိသားစုလေးက အရှိန်ကို ပျော်စရာကောင်းမှာ၊ အခုတော့ နိုင့်ကိုလည်း အားနာရတယ်၊ နိုင့်ကို အန်ကယ် လက်ထပ်လိုက်တာ နိုင် ကံဆိုးစေပြီလား မပြောတတ် တော့ပါဘူးကွာ"

ဦးသီဟဇော် ပြောနေရင်းနှင့် လေးလေးပင်ပင် သက်ပြင်းချလိုက်သည်။ သူကတော့ ဦးသီဟဇော်နှင့်မမနိုင် လက်ထပ်ဖြစ်တာ မမနိုင် ကံဆိုးသည် ဟု မတွေးမိပါ။

ဘာကြောင့်လဲဆိုတော့ မမနိုင်က ဦးသီဟဇော်ကို တကယ်ချစ် ခဲ့တာကြောင့် ဖြစ်သည်။ မမနိုင်ရည်းစားဦးက ဦးသီဟဇော်နှင့် နည်းနည်း ဆင်ဆင်တူသည်။ အသက်ကြီးတာ ယေဘာလောက်ပဲ ကွာမည်ထင်၏။ မမနိုင် ရည်းစားဦးက ကားအက်ဆီးဒင့်တစ်ခုကြောင့် သေဆုံးသွားတာမို့ ဦးသီဟဇော်က မမနိုင်အတွက် အစားထိုးဖြေသိမ့်စရာ အချစ်တစ်ခု ဖြစ်သွား ခဲ့သည်။ ဒါကြောင့်မို့လည်း အသက်ကွာပြီး ကလေးတစ်ယောက်အဖေ ဖြစ်သူနှင့်လက်ထပ်သည့်ကိစ္စကို သူ မကန့်ကွက်ခဲ့တာပါ။

အပျိုတစ်ယောက်ကို ပိုင်ဆိုင်ရတာမို့ ဦးသီဟဇော်ဘက်ကလည်း အဆင်ပြေလိမ့်မည်ဟု ထင်ထားခဲ့သည်။ ခုတော့ ဒီလိုမဟုတ်။ ဦးသီဟဇော် သမီး ဘဒ္ဒချို၊ ခါးခါးသီးသီးဖြစ်နေတာ သူ မကျေနပ်နိုင်။

ဒါပေမဲ့ စိတ်ထဲရှိသလောက်လည်း ပြောခွင့်မသာပါ။ ဦးသီဟဇော်



www.burmeseclassic.com

ကျေးရူးက ရှိသလို မမနိုင် စိတ်ချမ်းသာဖို့ကလည်း အရေးကြီးနေသည် ဘာဖြစ်ဖြစ် စိတ်မပါလည်း သူလိုက်လျောရတော့မှာပါပဲ။

"သူတို့ တကယ် အလုပ်လာလျှောက်မယ်ဆိုရင်တော့ အင်တာဗျူးအတွက် အဆင်ပြေဖို့ မနက်နေ့ရာကိုမှာထားပြီးသားပါ"

"ဟင် မင်းက အလုပ်ရှင်ဖြစ်ပြီး ကိုယ်တိုင် အင်တာဗျူးတာ မဟုတ်ဘူးလား"

"တခြားသူတွေတော့ လုပ်ပါတယ်၊ ဘဒ္ဒချိုတို့ကိုတော့ လိုအပ်မှ ဝင်ပါလိုက်မယ် အန်ကယ်၊ သူတို့အခြေအနေလည်း သိရအောင်လို့ပါ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် အလုပ်ကတော့ခန့်ဖြစ်အောင် ခန့်မှာပါ၊ ကျွန်တော် စိုးရိမ်တာက ဒီအလုပ်ကို ဘဒ္ဒချို စိတ်ဝင်စားပါ့မလား၊ စိတ်ရှည်ပါ့မလားဆိုတာပဲ"

"အင်း ဝါသနာပါနိုင်တာကိုတော့ အန်ကယ် အာမခံတယ်၊ သူ ဝတ်တဲ့အဝတ်အစားတွေက ရယ်ဒီမိတ်နည်းတယ်၊ ဒီဇိုင်နာဆီမှာ အစအပ်ပြီး သူလိုချင်တဲ့ပုံစံ၊ သူဝတ်ချင်တဲ့ပုံစံကိုထွင်ပြီး ချုပ်ခိုင်းပြီးမှ ဝတ်တာလေ စိတ်မရှည်မှာကလည်း သေချာသလောက်ပဲကွ၊ ကိုယ်ခံပညာသင်တာပဲ ကြည့်ပါလား၊ သင်တန်းဆင်းလက်မှတ်ရတဲ့အထိ စိတ်ရှည်တာမဟုတ်ဘူး တခြားပညာရေးနဲ့ပတ်သက်တဲ့ သင်တန်းတွေလည်း အဲဒါကြောင့် အချိန်ပေးပြီး မသင်ယူခဲ့တာကွ"

"ဘဒ္ဒချိုက တကယ့်ကလေးဆိုးပဲ"

သူ နှာခေါင်းရှုံ့ပြောတော့ ဦးသီဟဇော် ပီတိဖြင့်ပြုံးနေသည်။

"သမီးက အဲလိုအကျင့်စရိုက်လေးတွေ ရှိတာကလွဲရင် ချစ်စရာ





ကောင်းပါတယ်၊ ပေါ့ပေါ့ပါးပါး ပျော်ပျော်နေတတ်တာလည်း ကလေးဆန်တာပဲကွ"

ရင့်ကျက်မှုမရှိတာလည်း အထင်ကြီးစရာမဟုတ်ပါဘူးဟု ပြောထွက်လိုက်လျှင် ဦးသီဟဇော် သူ့သမီးအတွက် ဘယ်လောက်တောင် ဆတ်ဆတ်ခါ နာသွားမည်မသိ။

သူကလည်း လူကြီးလည်းဖြစ်၊ ကျေးဇူးရှင်လည်းဖြစ်သော ဦးသီဟဇော်ကို ဒီလိုမျိုး ပါးစပ်ကထုတ်ပြောပြီး မတိုက်ခိုက်ချင်ပါ။

"ဟို အန်ကယ် မမနိုင်ရော နေကောင်းရဲ့လားဟင်၊ သူ့ကိုတောင် ကျွန်တော် နှစ်ပတ်လည် ငွေစာရင်းရှင်းတမ်းတွေလာပေးဦးမှာ"

"အဲဒီအမြတ်အစွန်းငွေလောက်ကို မင်းခေါင်းထဲ ထည့်မထားပါနဲ့ကွာ၊ ပိုရင် ပိုသလောက် ရရင်ရသလောက် မင်းရင်းနှီးမြှုပ်နှံမှုထဲကိုပဲ ထည့်လိုက်ပါ၊ မင်းလည်း အရင်းအနှီးလိုနေတာပဲမဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ် ဒါပေမဲ့"

"ဒါပေမဲ့နဲ့ မင်းမမနိုင်ဘဝ ပြည့်စုံမြင့်မားဖို့ အန်ကယ်တာဝန်ယူထားတာပဲ၊ ဒီဝက်မက ချမ်းသာကြွယ်ဝအောင် ထားနိုင်ဖို့လည်း အန်ကယ်မှာ နှုန်အားတွေရှိပါတယ်"

"ကျွန်တော် ယုံပါတယ် အန်ကယ်၊ ဘဒ္ဒချိုလည်း အန်ကယ့် အရည်အချင်းတစ်ဝက်လောက်မီရင် ကောင်းမှာပဲနော်"

"သမီးမှာ အရည်အချင်းရှိပါတယ်၊ အန်ကယ် ပုံသွင်းကြိုးကိုင်တာ သုံးခဲ့လို့ကွ၊ သားသမီးကိုချစ်ရင် အလိုမလိုက်နဲ့ အိပ်နေတဲ့အချိန်မှ နင်ပါ ဆိုတဲ့ လူကြီးသူမတွေပြောတဲ့စကားက သိပ်မှန်တာပဲ၊ လူငယ်တွေရဲ့အတွေး



www.burmeseclassic.com

www.burmeseclassic.com



အခေါ် အဖျူအဆ အစွမ်းအစပဲ့ဟာ လူကြီးတွေရဲ့ဆုံးမသွန်သင် ပဲ့ပြင်မှုက အဓိက အရေးကြီးဆုံးပဲ၊ အနိကယ့်သမီးလေးရဲ့စိတ်တွေကို ပြုပြင်ဖို့ နောက်မကျသေးဘူးလို့ ထင်ပါတယ်၊ မင်းကိုပဲ အားကိုးပါရစေ မောင်လရောင်"

ဦးသီဟဇော် ဒီလိုပြောလေ သူကတော့ ရင်လေးလေပါ။ ဘဒ္ဒချိုကို ဘာကြောင့် သူ့ဆီပုံအပ်နေရသလဲဆိုတာလည်း သူ နားမလည်ပါ။

ဘာဖြစ်ဖြစ် ဦးသီဟဇော်သမီး ဘဒ္ဒချိုနှင့်တော့ ထိပ်တိုက်ဆုံတွေ့ဖို့ အချိန်သိပ်မဝေးတော့ပေ။

မင်း ဘယ်လိုမိန်းကလေးမျိုးလဲ ဘဒ္ဒချို။

■ ■ ■



အခန်း (၈)

"အဖေ အမေ နာမည်"

-------

"အသက်"

-------

"ဘာနဲ့ ဘွဲ့ရတာလဲ"

-------

"ဟ ဘာလို့တစ်ခွန်းမှ မဖြေရဲတာလဲ၊ ဒါ အင်တာဗျူးနေတာ"

"ရှင်တို့ဖောင်ထဲမှာ ကိုယ်ရေးရာဇဝင်အပြည့်အစုံ ထည့်ရေးပေးထားတာပဲ၊ စာတတ်ရင် ဖတ်ကြည့်ရုံနဲ့သိတာကို ဘာလို့မေးနေလဲ"

မန်နေဂျာက ဒေါသဖြစ်ကာ လေသံမာမာနှင့်အော်တော့ ဘဒ္ဒချိုကလည်း သံယောင်လိုက်၍ ခပ်ကျယ်ကျယ် ပက်ခနဲ ပြန်အော်လေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မရရှာင်နေပါစေ၊ ဒီလိုမျိုး တင်စီးအကျောတင်းတာမျိုးတော့ ဘဒ္ဒချိုတို့ သည်းမခံတတ်ပါ။

အင်တာဗျူးဖြေဖို့ ရောက်လာစဉ်မှာ ကိုယ့်ရှေ့ကလူတွေရော ကိုယ့်နောက်ကလူတွေရော အရင်ဆုံးခေါ်ဖျူးပြီး သူမနှင့်ရွှယ်စူးကိုတော့ နောက်ဆုံးမှ ခေါ်သည်။

အချိန်ပဲ တစ်နာရီကျော်နေပြီ၊ ဗိုက်တွေက ဆာလွန်းလို့ ခွေခေါက်အူလိမ်နေ၏။ စိတ်တိုဒေါသတွေဖြစ်ပြီး သူမထပြန်ဖို့ တကဲကဲလုပ်နေတာကို ရွှယ်စူးက ဖွတ်အတင်း တားဆီးနေသည်။

"စိတ်ရှည်လိုက်ပါ ဘဒ္ဒရယ်၊ ဟိုနေရာ ဒီနေရာ ပြေးလွှားနေတာလည်း အလုပ်ကရတာမဟုတ်ဘူး၊ ဒီနေရာမှာတော့ ဘာအလုပ်ဖြစ်ဖြစ် တစ်ခုခုရလိမ့်မယ်လို့ တို့ယုံကြည်တယ် သည်းခံပါနော်"

အကြားအမြင်ရ ဘိုးတော်လိုလို မယ်တော်လိုလိုနှင့် ရွှယ်စူးရဲ့ အားပေးမှုကြောင့် သူမ ဒီလောက်ထိ သည်းခံအောင့်အီးနေခဲ့တာပါ။ ဒါကို စက်ရုံမန်နေဂျာက ဘေးနားမှာ ထိုင်နေသော စာရေးမကို တီးတိုးတီးတိုး ပြောလိုက်၊ သူမကိုလှည့်မေးလိုက်နှင့်မို့ ဒေါသတွေ တဖွားဖွား ထွက်နေရသည်။

အဲလို ပြန်ပြောလိုက်တော့လည်း မန်နေဂျာက စိတ်ဆိုးပုံမရပါ။ သူမတင်ထားသည့် ဖောင်စာရွက်ကို ကောက်ကိုင်ပြီး အစအဆုံး အပြန်အလှန် ဖတ်သည်။ ပြီးမှ

"ဒီစက်ရုံမှာ ဘာကို ဝါသနာပါတာလဲ၊ ဘယ်လိုရာထူးနဲ့လုပ်ချင်တာလဲ"





"စက္ကူထရီ"

"ဘာ ဒီစက်ရုံမှာ အဲလိုရာထူးမျိုးအလုပ်မခန့်ပါဘူး၊ စူပါဗိုက်ဆိုင်ယ်၊ နီတာရှိမယ်၊ မန်နေဂျာ စာရေးမနဲ့ အထွေထွေလုပ်သား၊ လုံခြုံရေး၊ သန့်ရှင်းရေး၊ ဒါတွေပဲရှိတယ်၊ အဝတ်အထည်ဒီဇိုင်းပညာရှင်ဆိုလည်း နိုင်ငံခြားသင်တန်းဆင်းပညာရှင် ဒါမှမဟုတ် လုပ်သက်အတွေ့အကြုံ သုံးနှစ် ငါးနှစ်"

"ဒီမယ် အဲလိုအတွေ့အကြုံ အတတ်ပညာတွေရှိနေရင် ရှင်တို့စက်ရုံအလုပ်တောင် လာမလျှောက်ဘူး၊ ကိုယ့်ဘာသာ လုပ်ငန်းထူထောင်ပြီး အောင်မြင်အောင် လုပ်ပစ်မှာပေါ့"

"ဟဲ့ ဘဒ္ဒ စကားပြောဆင်ခြင်လေ၊ ငါတို့က အရမ်းချမ်းသာနေတဲ့ပုံစံပေါက်နေပြီ၊ လူလိမ်တွေနဲ့တွေ့မှာစိုးတယ်ဆို"

အားကောင်းမောင်းသန် ပက်ပက်လန်အောင် ပြောနေသော ဘဒ္ဒချိုကို ရွှယ်စူးက မသိမသာ လက်တို့သတိပေးသည်။ ခုမှ ကိုယ့်ကိုယ်ကိုယ်သတိထားပြီး မင်သေသေနေလိုက်ရ၏။

ဒါပေမဲ့ ရင်ထဲက ဒေါသအစိုင်အခဲတွေကတော့ ဆူပွက်ဆဲပါ။ တခြားနေရာတွေမှာ အလုပ်လျှောက်ခဲ့စဉ်က ဘာစကားမှသိပ်မပြောရ။ ဒါတွေ မတတ်ဘူးလား၊ အလုပ်မရဘူးဟု ပြောလွှတ်တာနှင့် ပြန်လာခဲ့ရရုံပင်။

ခုတော့ ဗိုက်ထဲက တဗွီဗွီမြည်လေ လေသံက ပြင်းလေဖြစ်နေရသည်။

"ကဲ ရှင်တို့မှာ အလုပ်ပေးစရာမရှိဘူး မဟုတ်လား၊ ထပြန်မြယ် ရွှယ်စူး၊ စိတ်ကုန်တယ်"

ထိုင်ခုံမှ ဖြုန်းခနဲ ထကာ ရွှယ်စူးလက်ကို ဆွဲတော့ မန်နေဂျာက



www.burmeseclassic.com

www.burmeseclassic.com



ပျာပျာသလဲ လက်ကာတားသည်။

"နေ နေပါဦးဗျာ၊ ခင်ဗျားလိုချင်တဲ့ရာထူးမျိုး ရနိုင်မလားဆိုတာ ကျွန်တော်တို့သူဌေးကို မေးပေးပါ့မယ်၊ သူဌေးက အစည်းအဝေးလုပ်နေလို့ ခဏလေးစောင့်ပါနော်"

"အလုပ်ရမှာသေချာလို့ စောင့်ရတာတော့ ကိစ္စမရှိပါဘူး။ မရေမရာဆိုရင် ဗိုက်ဆာနေလို့ ရှင်တို့သူဌေးကိုလည်း အားမနာတမ်းပေါက်ကွဲပစ်မှာပဲ"

"ဗျာ ဟုတ်ကဲ့ ပေါက်ကွဲပါ ပေါက်ကွဲပါနော်"

မန်နေဂျာ ဒီလောက် ပျာယာခတ်နေတာ ထူးတော့ထူးဆန်းနေသည်။ ဒါပေမဲ့ ဒီလို ခပ်ယယ လိုက်လျှောမှုမျိုးကိုတော့ သူမကျေနပ်၏။ ရှယ်ရှူးက သူမလက်ကိုဆွဲ၍ ပြန်ထိုင်ခိုင်းကာ

"ဘာဖြစ်ရယ် နင်ပြောနေတာကြီးက ရိုက်ပေါက်နော်၊ သူများပိုင်နက်ထဲ အောက်ကျနောက်ကျ အလုပ်လာလျှောက်နေတာကို နင့်အိမ်က အိမ်ဖော်အလုပ်သမားတွေကိုဆက်ဆံသလို ဆက်ဆံနေရလား။ သူတို့အလုပ်ရှင်သူဌေးက နင့်ထက်အပေါက်ဆိုးပြီး ဆွဲထုတ်ခံနေရဦးမယ်"

"အဲဒါဆို ပိုကောင်းတာပေါ့၊ ခပ်မြန်မြန် ဆွဲထုတ်တာနဲ့ စားသောက်ဆိုင်ဝင်ပြီး အပြေးဝင်ဆွဲလိုက်ရုံပဲ"

ဟင်းခနဲ သက်ပြင်းချနေ၍ ရှယ်ရှူး ရှင်တုန်ပန်းတုန် ဖြစ်နေရသည်။ အဆင်ပြေပြေမှ ဖြစ်ပါ့မလား။ အလုပ်မှ ရပါ့မလား။ ဒီအလုပ်ရမှ၊ အမှားအယွင်းမဖြစ်မှ ဦးဦးဖော် စိတ်ချမ်းသာမှာ။ ဒီစက်ရုံပိုင်ရှင် သူဌေး လရောင်ဆိုသည့်လူကရော ဘာကြောင့် ရောက်မလာသေးတာလဲ။





ဦးဦးဖော်ရဲ့ နာမည်ပြောပြထားပေမယ့် လူကိုတော့ တစ်ခါမှမမြင်ဖူးပါ။ မိမိတို့ရောက်လာမည်ဆိုတာ သိနေလျက်နဲ့ အစည်းအဝေးလုပ်နေသည်ဆိုတာကရော အထာကိုင်နေတာလား။ ပဲများနေတာလား။ ကြီးကျယ်ထည်ဝါလွန်းသည့်လူလား။ ဘာဖြစ်ဖြစ် စိတ်မရှည်လို့ ထပြန်လျှင်တော့ ဦးဦးဖော်နှင့် ပြဿနာတက်ပေလိမ့်မည်။

"ဟော သူဌေးလာပြီ"

မန်နေဂျာအသံကြောင့် ကျွိခနဲ ရုံးခန်းတံခါးဖွင့်သံ ကြားရာဘက်ကို ဘာဖြစ်ဖြစ် လည်လေးလိမ်စောင်းကြည့်လိုက်သည်။ နက်ခ်တိုင်၊ ကုတ်နှင့် စတိုင်ပန်အနက်ရောင်တို့က မြင့်မားသောအရပ်အမောင်းနှင့် လိုက်ဖက်ကာ ယောကျ်ားပီပီသသ ဝုံဝုံကြွားကြွား ရှိလှသည်။ စက်ရုံသူဌေးအဖွဲ့ကို ပိုင်ဆိုင်ထားပေမယ့် အသက်ကြီးကြီးရင့်ရင့်လည်း မဟုတ်။ လူလတ်ပိုင်းအရွယ်ထည်းမဟုတ်၊ လူငယ်ပိုင်းသာသာ အသက်နှစ်ဆယ့်ငါးနှစ် သုံးဆယ်ကြားလောက် ရှိလိမ့်မည်ဟု ခန့်မှန်းရသည်။

ထိုလူကို မြင်ဖူးသလိုရှိပေမယ့် ဘယ်မှာမြင်ဖူးသလဲဆိုတာ စဉ်းစားမရဖြစ်နေသည်။ တစ်နေရာရာမှာ အမှတ်တမဲ့ ကြုံဆုံလိုက်ရတာမျိုးသာ ဖြစ်နိုင်၏။

"ဆရာ ထိုင်ပါ၊ သူတို့စောင့်နေတာ နည်းနည်းတောင် ကြာသွားပြီ"

"အေးကွာ အစည်းအဝေးပြီး နေ့လယ်စာ ဝင်စားနေတာနဲ့ နောက်ကျသွားတာ၊ အင်တာဗျူးကိစ္စတွေက မင်းနဲ့ပဲ ပြီးပြတ်သွားမယ်ထင်လို့လေ"

စားပွဲရှည်ကြီးရဲ့ထိပ်ဆုံးက ဆုံလည်မှာ ဝင်ထိုင်ရင်း သူမတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ခပ်စူးစူး မျက်လုံးတစ်ချက် ဝေ့ကြည့်သည်။ ထိုအကြည့်မှာ လူတစ်ဖက်သားကို ချက်ချင်းခွဲခြောင်ဖမ်းစားထားနိုင်သော အင်အားပြင်းသည့်ညို့ဓာတ်တစ်မျိုး ရှိနေသည်။ စကားပြောလိုက်သော ဟန်ပန် လေယူလေသိမ်းက ဩရှရှိုကြည် ညက်ညောလျက် တိကျသေသပ်ထည်ဝါမှုကို ဖော်ညွှန်းနေ၏။

ဒါကြောင့်များ ဒီလိုအနေအထားမှာ ဂုဏ်သိက္ခာကြီးမြတ်စွာနှင့် ရပ်တည်နေနိုင်တာလား။

"သူတို့နဲ့ ဘယ်လိုမပြေလည်တာတွေရှိလို့ မပြီးမပြတ်ဖြစ်နေရတာလဲ အောင်နိုင်၊ မင်းက ဒီစက်ရုံမှာ မန်နေဂျာတစ်ယောက်ပဲ လိုအပ်တဲ့ဝန်ထမ်းနေရာတွေကိုလည်း မင်းသိတယ်၊ သူတို့လုပ်နိုင်တယ်ဆို အလုပ်ခန့်လိုက်၊ မလုပ်နိုင်ရင်လည်း ငါရောက်မလာခင်ကတည်းက ပြီးပြတ်နေရမှာ"

သူမတို့ကို တစ်ချက်မှ လှည့်မကြည့်တော့ဘဲ သူ့မန်နေဂျာကို အပြစ်တင်နေတာက မတန်မရာ ဆက်ဆံခံနေရသလိုပင်။ ပါးစပ်က ပေါက်ကွဲပစ်ချင်တာ လျှာယားနေသော်လည်း ရှယ်စူးက ဖွတ်အတင်းလက်ကုပ်သတိပေးနေ၍ အံကိုသာ တင်းတင်းကြိတ်ထားရသည်။

"ဒီလိုပါ ဆရာ၊ သူလုပ်ချင်တာက စက္ကူထရီတဲ့၊ ဆရာကလည်း ဟိုတစ်လောက ငါမနိုင်နင်းတဲ့အလုပ်တွေကို ခွဲဝေမျှပေးဖို့ အနားမှာ စက္ကူထရီတစ်ယောက်လောက်ထားမှဖြစ်တော့မယ်လို့ ပြောထားတယ်မဟုတ်လား၊ အဲဒါကြောင့် သင့်တော်မလားလို့ စောင့်ခိုင်းထားတာပါ၊ ဆရာစိတ်ကျေနပ်အောင် ဗျူးကြည့်ပြီး အဆင်ပြေရင် အလုပ်ခန့်လို့ရအောင်ပါ"

မန်နေဂျာ ကျိုးနွံနာခံစွာ ရှင်းပြမှ ထိုသူဌေးရဲ့မျက်လုံးအကြည့်က





သူမတို့ဆီ ပြန်ရောက်လာသည်။

"မင်းက စက္ကူထရီလုပ်ချင်တယ် ဟုတ်လား၊ ဘယ်မှာလုပ်ဖူးလဲ၊ အတွေ့အကြုံရှိသလား"

"မရှိဘူး ဘာတွေလုပ်ရမယ်ဆိုတာလည်း မသိဘူး၊ အခုမှ စမ်းသပ်ကြည့်မှာ အလုပ်ခန့်ချင်ခန့် မခန့်ချင်နေ"

ကြီးကျယ်လွန်းသည့် ထိုလူကို အမြင်ကတ်ကတ်နှင့် ဘုသောက်အွှာ ပြောလိုက်သည်။ သူက အစည်းအဝေး ပြီးတာတောင် စားသောက်ပြီးမှ ပြန်ရောက်လာသည်။

သူမတို့က ဗိုက်အဆာခံပြီး စောင့်နေရသည်။ စကားပြောတာသည်း မာရေကျောရေ မတူတန်သလိုနှင့်။ ဒီလိုလူမျိုးကို အလုပ်ရဖို့အကြောင်းတစ်ခုနှင့် မာနကိုခဝါချပြီး အောက်ကျို့တောင်းပန်နေစရာမလိုပါ။

ဒီလူ ဒေါသတွေဖြစ်ပြီး သူမတို့ကို အလုပ်မခန့်တော့ဘူးလို့ အော်ပါက်လွှတ်လိုက်လျှင် ပိုတောင်ကောင်းသေးသည်။

"မင်း စက္ကူထရီအလုပ်ကို တကယ်လုပ်နိုင်ပါ့မလား"

"ဟင်"

လေသံက ထူးပြီးမာမနေပါ။ မျက်နှာကလည်း ပုံမှန်အတိုင်းနှင့်မို့လူတာကြောင့် သူမတို့ကို နှင်မထုတ်တော့လည်းမသိ။

"မင်းအတွေ့အကြုံ မရှိခဲ့ဘူးဆိုပေမယ့်လည်း ငါ အစမ်းခန့်ကြည့်မယ်၊ ဘယ်မှာမှ မလုပ်ဘူးတော့ ငါ့အတွက် သစ္စာရှိလူယုံတစ်ယောက်လည်း ဖြစ်ချင်ဖြစ်လာနိုင်တယ်လို့ ထင်လို့ပါ၊ ဒီနည်းပညာတွေက ယုံကြည်ရတဲ့သူနဲ့ တွဲလုပ်မှဖြစ်မှာကွ၊ မင်းဝါသနာပါမယ်ဆိုရင် ငါ့ပညာတွေလည်း



www.burmeseclassic.com

အကုန်သင်ပေးပါ့မယ်''

''တ တကယ်ပြောတာလား''

ပညာကုန်သင်ပေးမည်ဆိုသောစကားကြောင့် သူမ မယုံမရဲနှင့် ဝမ်းသာအားရ မေးလိုက်သည်။ ထိုလူက နှုတ်ခမ်းလေးတစ်ဖက် တွန့်ကွေး သွားကာ မသိမသာပြုံးသည်။

''ငါတို့လုပ်ငန်းရှင်တွေအတွက် လူကောင်းတစ်ယောက် လိုအင် သလို လူတော်တစ်ယောက်လည်း လိုအပ်တယ်၊ လူတော်တစ်ယောက်ရှိ ဆိုတာလည်း ကိုယ်ကပံ့ပိုးကူညီ မြေတောင်မြှောက်ပေးနိုင်မှ ဖြစ်မှာမဟုတ် လား''

''ဟား ဟုတ်တာပေါ့၊ ရှင် စကားပြောလိမ္မာသားပဲ၊ ဘဒ္ဒဖေဖေ လည်း အဲလိုစကားမျိုးတွေ ပြောဖူးတယ်''

''ဘာ မင်းအဖေက လုပ်ငန်းရှင်လား၊ အဲဒါဆို ငါ့လုပ်ငန်းတွေသ် အောင် မင်း သူလျှိုလာလုပ်တာပေါ့''

သူ့ ခပ်တည်တည်နှင့် အစ်အောက်လိုက်တော့ သူမ လက်တကာ ကာနှင့် ပြုံးပျာသွားကာ

''ဖာင် အာ မဟုတ်ပါဘူး၊ ဖေဖေသာ အရမ်းချမ်းသာတဲ့လုပ်ငန်း ရှင်တစ်ယောက်ဆိုရင် ဘဒ္ဒက သူများတွေရဲ့အခစားဝန်ထမ်း လုပ်ပါ့မလား သူများစကားပြောတင်စီးတာတောင် မခံချင်ဘဲနဲ့ အောက်ကျနောက်ကျ သူလျှိုဝင်လုပ်ဖို့ဆိုတာလည်း စဉ်းတောင်မစဉ်းစားဘူး''

''ဒါဆို မင်းဘာလို့ အလုပ်လာလျှောက်တာလဲ''

''အိမ်ကစီးပွားရေး အဆင်မပြေမှုတွေကြောင့်ပေါ့၊ အမေက ကျန်း





ရေးမကောင်းဘူး၊ ဘဒ္ဒအောက်က အငယ်နှစ်ယောက် ကျောင်းထားဖို့ တ်လည်း လိုသေးတယ်''

''မင်းအဖေကရော ဘာလုပ်လဲ''

''ဟင် အဲလိုလေ အာ ခင်ဗျား အလုပ်ခန့်ချင်ခန့် မခန့်ချင်နေ များအိမ်တွင်းရေး အဲလောက်မစပ်စုပါနဲ့''

ရုပ်တည်ကြီးနှင့် ဂျစ်ကန်ကန်နိုင်သော ဘဒ္ဒချို့ပြောသမျှကို နား ဆင်ပြီး လရောင် အတွင်းကြိတ်ရယ်နေမိသည်။ တော်တော်ဉာဏ်များ ည့် ကောင်မလေးပါ။

''ကောင်းပြီလေ မင်းမပြောချင်လည်း မပြောပါနဲ့တော့၊ တကယ် မ်က ကိုယ့်ဝန်ထမ်းကို ယုံကြည်ရဖို့ဆိုရင် နောက်ကြောင်းရာဇဝင် အရှုပ် ချုင်းကိုလည်း သိထားမှဖြစ်တာကွ၊ ငါတို့ ဒီလုပ်ငန်းတွေကို လေ့လာသင်ယူ တဲ့အချိန်တုန်းကလည်း ကိုယ့်ဆရာသမားတွေ ပညာသင်ပေးချင်လာ အောင် ယုံကြည်မှုရှိလာအောင် ပြောခဲ့ရတာ၊ အောက်ကျို့ခံခဲ့ရတာပဲ၊ အဲဒါ ကြောင့်လည်း တစ်သက်စားမကုန်တဲ့ ပညာအမွေတွေ ရလိုက်တာပေါ့''

''ခင်ဗျားဘာသာ ဘယ်လိုတွေပြောပြီး ယူခဲ့ ယူခဲ့၊ ဘဒ္ဒကိုတော့ ဆင်မပြေလို့ အလုပ်လာလုပ်တယ်၊ ဒီလောက်ပဲ သိထား''

''ကောင်းပြီလေ မင်းကိုအစမ်းခန့်ဝန်ထမ်း သုံးလခန့်ကြည့်မယ်၊ ကြိုးစားမှုရှိရင်တော့ အမြဲတမ်းဝန်ထမ်းဖြစ်သွားမှာပေါ့''

''သူ့ သူ့ကိုရော ရာထူးတစ်ခုခုနဲ့ အလုပ်ခန့်ပေးပါလား''

ဘဒ္ဒချို့က ရွယ်စူးကို လက်ညှိုးထိုးပြသည်။ သူက မျက်ခုံးပင့် ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်သူလဲ"

"ဘဒ္ဒ သူငယ်ချင်းပါ"

"ဘွဲ့ရပြီးပြီလား"

"ဟင် အဲ မ မရသေးပါဘူး"

"ဘွဲ့မရသေးဘဲနဲ့ ဘယ်လိုရာထူးပေးပြီး အလုပ်ခန့်ရမှာလဲ၊ အ
ပြေတဲ့နေရာမှာ လုပ်ချင်တယ်ဆိုရင်တော့"

"ဟုတ် ဟုတ်ကဲ့ ဘယ်နေရာရရ ရှယ်စူးလုပ်ပါ့မယ်၊ အ
တစ်စက်ရှိတည်း အလုပ်လုပ်ရရင် ကျေနပ်ပါပြီ၊ ဟို ရှယ်စူးက ဘာအ
မဆို လုပ်နိုင်ပါတယ်ရှင်၊ ပင်ပင်ပန်းပန်းလည်း ရတယ်၊ အကြမ်း
ဆိုလည်း"

"ဟဲ့ ရှယ်စူး"

ကရားရေလွှတ် ပျာပျာသလဲဖြစ်နေသော ရှယ်စူးခေါင်းကို ဆို
ဆတ်ခနဲ ခေါက်ပစ်လိုက်မိ၏။ ပြီးမှ လက်ရှိအခြေအနေကို သတိ
လရောင်ကို စပ်ဖြဲဖြဲရယ်ပြသည်။

"ဟင်း ဟင်း ဘဒ္ဒတို့က သူငယ်ချင်းချင်း ပြောမနာဆို
လက်လည်းပါတတ်ကြတယ်လေ၊ ဟို ဒီလိုပါ အရမ်းပင်ပန်းတဲ့နေရာ
နိုင်းပါ၊ နိုင်းပါလို့ပြောသလို ဖြစ်နေလို့ပါ၊ သူက သူ့အိမ်မှာလည်း ပင်ပ
အလုပ်တွေ လုပ်နေရင်တော့လေ"

"မင်းတို့က နှစ်ယောက်အတူတူနေကြတာ မဟုတ်ဘူးလား"

"ရှင်"

"ဩော် အဲ သူငယ်ချင်းတွေဆိုလို့ မေးကြည့်တာပါ"





"ခင်ဗျားကြီး ထင်ချင်သလိုထင်၊ တွေးချင်သလိုသာ တွေးတော့၊
...ခန့်မယ်ဆိုပြီးတာပဲ၊ ဩော် ဘယ်နေ့အလုပ်ဆင်းရမှာလဲ"

"မင်းတို့ အဆင်ပြေမယ်ဆိုရင် မနက်ဖြန်ပေါ့၊ ကြီးပွားတိုးတက်
...သူတွေက ဆင်ခြေမပေးဘူး၊ အချိန်နာရီမတွက်ဆိုင်ဘူး"

"အောင်မယ်လေး ကြီးကျယ်လိုက်တာ"

လရောင် မကြားအောင် နှာခေါင်းရှုံ့ရေရွတ်ပြီး ဘဒ္ဒချိုတို့ ထရပ်
...ကြသည်။

"အင်တာဗျူးကိစ္စပြီးပြီဆိုရင် ဘဒ္ဒတို့ပြန်လိုက်ပါဦးမယ်၊ ဗိုက်အရမ်း
...နေလို့ မနေနိုင်တော့ဘူး"

"ဩော် ဘာမှ မစားရသေးဘူးလား၊ ဒါဆိုလည်း ပြန်ကြလေ၊
...လုပ်ဆင်းရင် ထမင်းချိုင့်ထည့်ယူလာခဲ့ကြနော်"

"သိပါတယ်"

"ဒါနဲ့ ဖယ်ရီစီးမယ်ဆိုရင် လှိုင်သာယာမြို့တွင်းပဲ ပေးတာနော်၊
...တို့အိမ်လိပ်စာ ဖောင်ထဲမှာ ဘယ်လိုဖြစ်ထားလဲ"

"သ သမိုင်းပါ၊ ဟိုလေ ဖယ်ရီမစီးရလည်း ရပါတယ်၊ အဆင်ပြေ
...ယ် ဒါပဲနော်"

ဘဒ္ဒချိုတို့ ပြောရင်းပြောရင်းနဲ့ စကားအများပါတော့မှာမို့ ခပ်သုတ်
...သုတ် ထွက်သွားကြသည်။

သူ တမင်ညစ်ပြီး လှည့်ပတ်မေးနေတာပါ။ သူများအလိမ်ခံရမှာ
...လို့ သူမကိုယ်တိုင် လိမ်ဆင်ဖာတ်ခင်းပြီး မလိုမိုတပတ် လုပ်နေတာကို
...သည်းယားလွန်းလို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



မပြည့်စုံချင်ယောင်ဆောင်ပြီး အလုပ်သာလျှောက်တာကလည်း အပေါ်စီးကနေ ဂျစ်ကန်ကန် မိုက်ကန်းကန်း စိန်ခေါ်နေသလိုမျိုးပါ။

ဒါပေမဲ့ လှတာကတော့ ရက်ရက်စက်စက် ပြစ်မျိုးမဲ့မထင် လှရက်လွန်းသည်။ နိုးယဉ်လွန်းတာလည်းမဟုတ်၊ ခေတ်ရှေ့ပြေးလွန်းနေတာလည်း မဟုတ်။

ခေတ်နှင့်တစ်ပြေးညီ ဂုဏ်သိက္ခာရှိစွာ ဝတ်ဆင်ထားပြီး မလုံမခြုံ ပေါ့ပျက်ပျက်စတိုင်မျိုးမဟုတ်ဘဲ ကြည့်လို့ကောင်းနေသည်။ ဖေဒါရောင် ပိုးပျော့ကိုယ်ကျပ်လေးနှင့် မိန်းမဝတ်စတိုင်ပန်လေးက ဝင်းဖန့်စိမ်းစိုနေသော သူ့မအသားအရေနှင့် လိုက်ဖက်လွန်း၏။

ပိုးသားလေးလို ဖြောင့်စင်းပျော့အိနေသော သရီးစတက်ပုံစံ ပုံသွင်းထားသည့် ဆံနွယ်များကို ဘာကာလာမှ တင်မထားပါ။

ကလန်ကဆန် ပြောတတ်သော နှုတ်ခမ်းလေးက ဆေးမကူပါဘဲ စိုရဲအိထွေး ဖူးရွနေကာ မျက်နက်ဝန်းလေးက စူးရှအားကောင်းနေပြီး လည်တိုင်လေးက သွေးကြောစိမ်းမျှင်မျှင်လေးများနှင့် ရှင်းကြော့နေသည်။

ဦးသီဟာဇော် သူ့သမီးကို ချီးမွမ်းခန်းကြွားလုံးထုတ်တာ အပိုတွေ မဟုတ်မှန်း အခုမှသိ၏။

နောက်နေ့ကစပြီး ဘဒ္ဒချို့ဆိုသော ကောင်မလေးရဲ့အလှကို နေ့တိုင်း ကြည့်မြင်ခွင့်ရတော့မှာပါလေ။

■ ■ ■



## အခန်း (၉)

မနက်ဖြန် အလုပ်ဆင်းသွားရဖို့အရေး ဘဒ္ဒချို့နှင့်ရွယ်ရူး မမောနိုင် မပန်းနိုင် ယောက်ယက်ခတ်နေရသည်။ ထမင်းဟင်းကအစ စားနေကျထမင်း ဆောင်းဟင်းကောင်း သူဌေးအစားအစာမျိုး မဖြစ်အောင် ဂရုစိုက်ရသည်။

အဝတ်အစားဆိုလည်း တစ်ပတ်နွမ်းလေး ဝတ်သွားလို့ရအောင် ပြင်ဆင်ထားရ၏။ သုံးလပြည့်လျှင် ဝန်ထမ်းဝတ်စုံပေးမည်ဆိုသည့်အတွက် နောက်ဆိုလျှင် အဝတ်အစားအတွက် သိပ်အခက်အခဲမရှိတော့ပါ။

ခက်နေတာက အိမ်ကနေ လိုင်းသာ်ယာစက်မှုဇုန်အထိ အလုပ် သွားဆင်းရမည့်ဒုက္ခပင်။ အိမ်မှာကားရှိသော်လည်း ကိုယ်ပိုင်ကား ကိုယ်တိုင် မောင်းသွားလို့မဖြစ်။

လရောင်ဆိုသော ကိုကြီးကျယ်ရိပ်မိသွားလျှင် သူလျှိုဆိုပြီး ဖွပ်စွဲ ခံနေရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ မနက်ရှစ်နာရီ အလုပ်ဝင်ဖို့ ဘာနဲ့သွားကြမှာလဲ၊ အိမ်က ကားနဲ့က လုံးဝမဖြစ်ဘူး"

"တက္ကစီငှားသွားလိုက် ဖြစ်နေတာပဲ ဘဒ္ဒရယ်၊ ကားကိုစက်ရုံမရောက်ခင် လမ်းထိပ်မှာရပ်ခိုင်းပြီး လမ်းဆင်းလျှောက်သွားမှာပေါ့"

"အင်း ဟုတ်သားပဲ၊ နင်ပြောလိုက်တော့လည်း လွယ်သလိုလိုပဲနော်၊ အပြန်ကျလည်း အဲလိုပဲ ပြန်ရမှာပေါ့"

"အဲလို မလုပ်ရင် ဟိုသူဌေးက သံသယဝင်ပြီး အလုပ်ခန့်မှာတောင် မဟုတ်ဘူး။ ဟင်းလည်း သိပ်ကြီးမများနဲ့နော်၊ မနက်စောစောလေးထပြီး မုန့်ညင်းဖြူနဲ့ကြက်သားနဲ့ပဲ ကြော်လာခဲ့မယ်"

"ပုစွန်ထုပ်ကြော်လေး ထည့်ခဲ့လို့ မရဘူးလား"

"အဲဒီ ပုစွန်ထုပ်ဆိုတာ နင်တို့လို သူဌေးတွေပဲစားနိုင်တာ၊ မမြေလည့်လို့ သူများဝန်ထမ်းသွားလုပ်တဲ့သူက စားနိုင်ပါ့မလား။ နင်စားချင်ရင် အိမ်မှာအဝစားပေါ့"

"အေး ဟုတ်ပါတယ်ဟယ်၊ ငါစီမံတဲ့ ကဲတရားပဲ၊ အလိုက်အထိုက်ဆက်ကာရုံပေါ့။ ဩော် ဟိုကျရင်လေ အရမ်းပင်ပန်းတဲ့အလုပ်တွေ သိပ်မလုပ်နဲ့နော်၊ နင်က အိမ်မှာလည်း ပင်ပင်ပန်းပန်း မနားမနေလုပ်နေရတာ"

သံယောဇဉ်စကားမှန်းသိပေမယ့် ရှယ်ရူး လောင်ရယ်ရယ်ချလိုက်၏။

"နင်က ဘာရယ်တာလဲ"

"နင့်စိတ်ကို ပြုံးပြင်ဖို့ မလွယ်သေးလို့ပါ၊ သူဌေးသမီးပုံစံမပျောက်သေးဘဲ အလုပ်သွားလျှောက်တာ ရခဲ့လို့တော်သေးတာပေါ့၊ အဲဒီ လချောင်





ဆိုတဲ့သူ သဘောကောင်းလွန်းလို့သာနော်"

"ဒါကြီးလား သဘောကောင်းမယ့်ရုပ်၊ မာရေကျောရေ စီးစီးပိုးပိုးနဲ့"

"ဒါကတော့ သူက သူဌေးကြီး ဘဒ္ဒရဲ့ အလုပ်သမားတွေအများကြီးကို တာဝန်ယူအုပ်ချုပ်နေရတာ မျက်နှာက နှာဘူးရုပ်လိုဖြစ်နေလို့ရမလား။ အံမယ် ယောကျ်ားပီပီသသ ခန့်ခန့်ချောကြီးနော်"

"နင်ပဲ စိတ်ကူးယဉ်၊ ငါကတော့ အိမ်မက်ထဲ မက်ရင်တောင် မျက်နှာထသစ်ပစ်မယ်၊ ယောကျ်ားတွေကို ကြည့်လို့ကို မရတာ"

"ဘယ်အချိန်တုန်းက ယောကျ်ားမုန်းတီးရေးဝါဒ စွဲကပ်သွားတာလဲ"

"ဖေဖေ နောက်မိန်းမယူကတည်းက"

"အယ် သူလည်း ယောကျ်ားမယူမှာကျနေတာပဲ"

"ယောကျ်ား ဘာလုပ်ဖို့လဲ၊ ငါ့မှာ ပစ္စည်းဥစ္စာ ဂုဏ်ခနေတွေအပြည့်ရှိတယ်၊ အားကိုးရှာစရာမလိုဘူး"

မျက်နှာခပ်တင်းတင်းနှင့် ဘဒ္ဒ အတည့်ပေါက်ပြောနေပေမယ့် ရှယ်ရူးက ခပ်လှောင်လှောင် ရယ်ပြန်သည်။

"အိမ်ထောင်ပြုတာ အားကိုးရှာတာ တစ်ခုတည်းအတွက်မှ မဟုတ်တာ၊ ချစ်ခင်မြတ်နိုးလို့ ယုံကြည်လေးစားလို့ အမည်နာမဂုဏ်ပုဒ်တွေမှ အများကြီး"

"အံမယ် မိန်းမ အချစ်အကြောင်း ခရေစေ့တွင်းကျ ဝေဖန်လို့ပါလား။ မရိုးတော့ဘူးထင်တယ်နော်၊ ဟိုတစ်ခေါက် တောပြန်သွားတာ ရည်းစားတွေဘာတွေ ရလာခဲ့ပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အာ မ မဟုတ်ပါဘူး"

ရှက်ကိုးရှက်ကန်း ဖြစ်သွားသည့် ရွှယ်စူးမျက်နှာလေးက ပန်းသွေးရောင်ပြေးသွားအံ့။

"နင် မညာနဲ့နော် ရွှယ်စူး၊ နင့်မျက်နှာမှာပေါ်နေပြီ"

"တ တကယ်ပြောတာပါ၊ ဟိုလေ သူက တို့ကိုချစ်တယ်လို့ ပြောခဲ့တာတော့ မှန်ပါတယ်၊ တို့က အဖြေမပေးရသေးပါဘူး"

"နင်က သူ့ကိုမချစ်ဘူးပေါ့"

"အဲလိုလည်း မဟုတ်ဘူး၊ သူက ရွာမှာနေပြီး နွားကျောင်းလယ်ထွန်နဲ့ တောပြန်ပြီး တို့က အိမ်ထောင်ပြုလို့ ဖြစ်ပါ့မလား၊ အိမ်ထောင်ပြုလိုက်ပြီဆိုကတည်းက နှစ်ယောက်တစ်ဘဝ မဟုတ်တော့ဘူးလေ၊ သားသမီးတွေပါရလာမှာ၊ အဲဒီ တို့ရဲ့သားသမီးတွေကို အမြင်ကျဉ်းကျဉ်းနဲ့ တောမှာ ဆင်းဆင်းရဲရဲ မထားချင်ဘူး၊ အဲဒါကြောင့် ဘဝအပြောင်းအလဲလုပ်နိုင်မှ စဉ်းစားမယ်လို့ ပြောပစ်ခဲ့တယ်"

ပညာဆုံးခန်းမတိုင်ပေမယ့် ရွှယ်စူး၊ အသိဉာဏ်က တက္ကသိုလ်ဘွဲ့လွန်အောင်မှတ်တောင် ကျော်နေသည်။ ဒါပေမဲ့ ဘဒ္ဒ အထင်မကြီးနိုင်ပါ။

"နင်က အဲလို အပြောင်းအလဲလုပ်နိုင်ရင် အဲဒီလူကို လက်ထပ်မယ်ပေါ့လေ၊ မဖြစ်ဘူးနော် ရွှယ်စူး၊ နင် ငါ့ကိုတစ်ယောက်တည်း ထားသွားပြီး လက်မထပ်ရဘူး။ ငါက ဖေဖေနဲ့လည်း ရှုနတော့တာမဟုတ်ဘူး၊ နင့်အားကိုးနဲ့ ပုန်ကန်ပြီးထွက်လာတာ"

"ဟင်း ဟင်း စိတ်မပူပါနဲ့ ဘဒ္ဒရယ်၊ သူလည်း အဲလိုအပြောင်းအလဲဖြစ်အောင် ရန်ကုန်ကိုလိုက်မလာပါဘူး၊ သူက အမေအိုကြီးကို လုပ်





ကျွေးနေတဲ့သားလိမ္မာဟ၊ အချစ်အတွက်နဲ့ သူ့အမေကို ပစ်ပယ်လောက်အောင် မမိုက်ပါဘူး"

"အေးလေ အဲလိုမျိုးဆိုရင်တော့ ကောင်းပါတယ်၊ နင်ရော ငါရော အချစ်မရှာ အပူမရှာဘဲ အပျိုကြီးလုပ်ကြမယ် သိလား၊ ပညာစုံတတ်ပြီးရင် ငါတို့နှစ်ယောက် စိတ်တူကိုယ်တူနဲ့ လုပ်ငန်းတွေလည်းအများကြီးလုပ်ကြမယ်နော်၊ အိမ်ထောင်ပြုသားမွေးလုပ်ရအောင် ငါတို့က ချို့တဲ့သူတွေမှ မဟုတ်တာ၊ ငါကလေ နင့်ကိုသေတဲ့အထိ ထောက်ပံ့ပေးပြီး ကောင်းကောင်းစောင့်ရှောက်မှာပါ"

ဘဒ္ဒက ကလေးအတွေးနှင့် တက်တက်ကြွကြွပါ။ အဖေကို သတိရကြောင်း လွမ်းကြောင်းမပြောဘဲ တမင်မေ့ထားနိုင်အောင် ကြိုးစားနေတာလည်း မှန်းလို့ နားကြည်းလို့ မဖြစ်နိုင်။ သူမကိုမေ့ပြီး မိတွေးနှင့်ပျော်နေသလားဆိုသည့် အတွေးမဝင်အောင် နေနေတာဖြစ်နိုင်သည်။

လုပ်ငန်းခွင်ဝင်ပြီးမှ ဘဒ္ဒ ရင့်ကျက်လာတော့မည် ထင်၏။ မနက်ဖြန် အတွေ့အကြုံသစ် ရှာရတော့မည်မို့ နှစ်ယောက်သား တစ်ညလုံး ကောင်းကောင်းအိပ်မပျော်ကြပါ။

အထူးအဆန်းကြီးဖြစ်ပြီး စိုးတထိတ်ထိတ်နှင့် မနက်မိုးမလင်းခင်ထိုးယကောင်းကောင်းနှင့် စောစောနိုးနေကြပြီး မနက်စာအသာပြေစား၊ ထမင်းဘူးတွေထည့်ဖြင့် စိတ်တွေလှုပ်ရှားကာ ရင်တွေလည်း ခုန်နေကြသည်။

တက္ကစီကားငှားစီးပြီး စက်ရုံတွေနားမရောက်ခင် ကားပေါ်ကဆင်းပြီး လမ်းလျှောက်လာခဲ့တော့ ပျားပန်းခတ်မျှ အလုပ်သမားဝန်ထမ်းတွေကို မြင်တွေ့ရ၍ ပျော်ရွှင်လာသလိုလို ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုစက်ရုံ ဒီစက်ရုံက အလုပ်သမားတွေက အလုပ်မတက်ခင်မှာ လမ်းဘေးဈေးသည်လေးတွေဆီက မုန့်ပဲသရေစာတွေ ဝယ်စားကြ၊ ထမင်းဟင်းတွေဝယ်ကြနှင့် အုန်းအုန်းထ ဆူညံနေသည်။

"ဘဒ္ဒ ငါတို့လည်း တစ်ခုခု ဝယ်စားရအောင်လေ"

"အာ မစားချင်ပါဘူး။ လူတွေ သွားလာနေလို့ ဖုန်မှုန့်ကသဲတွေ တရှုပ်ရှုပ်နဲ့ လမ်းဘေးအစားအစာတွေစားရင် ရောဂါရမှာပေါ့"

"အဲလို မပြောရဘူးလေ ဘဒ္ဒရဲ့၊ လုပ်ငန်းရှင်ကြီးတစ်ယောက် လုပ်ဖို့ အောက်ခြေလူတန်းစားဘဝတွေကို လေ့လာတဲ့အခါမှာ သူတို့တွေ ပြောဆိုပြုမူအလေ့အထတွေကိုပါ သိထားဖို့လိုတာပေါ့၊ တချို့လုပ်ငန်းရှင်တွေက အမြင့်ဆုံးနေရာကို တန်းခနဲ တက်ထိုင်ပြီး သူတို့တွေရဲ့ဘဝကို နားမလည်ဘူး။ ကိုယ်ချင်းမစာတတ်ကြဘူး။ အဲလိုတွေဖြစ်လာတော့ အလုပ်ရှင်နဲ့ အလုပ်သမားကြားမှာ ပဋိပက္ခတွေနဲ့ ပြဿနာတွေ ဖြစ်လာတော့တာပေါ့"

"အဲဒါက အလုပ်သမားတွေရဲ့ မတော်လောဘကြောင့် ဖြစ်မှာပါ၊ ရသင့်ရထိုက်တဲ့ တန်ရာတန်ကြေးထက် အခွင့်အရေးပိုလိုချင်ကြတယ်၊ ကိုယ့်ရဲ့စားဝတ်နေရေး ပြေလည်အောင် အလုပ်ခန့်ပေးတဲ့အလုပ်ရှင်ကို ကျေးဇူးတင်ရမှန်းမသိတတ်ကြဘူး"

ရွယ်စူးက လုပ်ငန်းရှင်အယူဝါဒနှင့် တစ်ဖက်သတ်ပြောနေသော ဘဒ္ဒကို ခနဲ့ခနဲ့ မဲ့ရွဲ့ကြည့်ကာ

"နင်က လုပ်ငန်းရှင်ကြီးတောင် မဖြစ်သေးဘူး၊ အလုပ်သမားတွေအပေါ် မညှာမတာ တွေးနေပါရောလား။ အလုပ်ရှင်တွေဘက်မှာ အဲလို အတွေးတွေရှိနေသရွေ့ ကိုယ့်အပေါ် သစ္စာရှိတဲ့အလုပ်သမားကောင်း ဘယ်





တော့မှ ရမှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"မျှတွေးတတ်ရမယ်လေ၊ ဆန်ပေးလို့ ဆီရတာ၊ သမီးပေးလို့ သမက်ရတာမဟုတ်ဘူးလား။ အလုပ်သမားတစ်ယောက်က သွေးနဲ့ချွေးနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းနဲ့ အလုပ်လုပ်မပေးဘဲ နင်တို့က လုပ်အားခဆိုတာမျိုး ပေးပါ့မလား။ နင်တို့လုပ်ငန်းရှင်တွေက အလုပ်သမားတွေရဲ့ကျေးဇူးအတင်ခံချင်ရင် နင်တို့ကလည်း အလုပ်သမားတွေကို ကျေးဇူးပြန်တင်တတ်မှဖြစ်မယ် ဘဒ္ဒ"

"အို ဘာဆိုင်လို့လဲ ငါတို့က လုပ်အားခပေးလို့ သူတို့မိသားစုဘဝ စားဝတ်နေရေး ပြေလည်နေတာ"

"စေတနာသန့်သန့်နဲ့ ပရဟိတလုပ်နေတာမဟုတ်ဘဲ အဲလိုတစ်ဖက်သတ် မတွေးပါနဲ့ဟာ၊ သူတို့တွေကြောင့် နင်တို့လုပ်ငန်းတွေလည်းပတ်မှုရှိ အောင်မြင်တိုးတက်နေကြတာပါ၊ အလုပ်ရှင်နဲ့အလုပ်သမားဆိုတာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီလို့ တွေးလိုက်ရင် ကိုယ်ချင်းစာစိတ်ထားလိုက်ရင် ကိုယ့်အပေါ် တစ်သက်လုံးသစ္စာရှိမယ့် အလုပ်သမားကောင်းတွေ ရလာမှာပါ၊ အဲဒါမှ ဂုဏ်သိက္ခာရှိတဲ့ အလုပ်ရှင်ဖြစ်လာလိမ့်မယ်၊ ဒါတို့အလုပ်ရှင်တွေကမှ ကျေးဇူးရှင်လို့ ဘယ်တော့မှမတွေးနဲ့"

ရွယ်စူး အတိုက်အခံပြောနေမိတာ မရင့်ကျက်သေးဘဲ လုပ်ငန်းရှင်တစ်ယောက်ဖြစ်ချင်နေသည့် ဘဒ္ဒကို နားလည်စေချင်လို့ပါ။

အောက်ခြေလူတန်းစားက အနိမ့်ခံမဟုတ်ဘူးဆိုတာလည်း သိစေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဆင့်အတန်းမတူဘူးဆိုပေမယ့် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အပြန်အလှန် မှီခိုနေရသည့်လူတွေ မဟုတ်ပါလား။

ဘဒ္ဒ သိသင့်သလောက် သူမပြောပြထားသလို ဘဒ္ဒ ဒီထက်ပိုပြီး သိနားလည်အောင် လရောင်ကလည်း တဖြည်းဖြည်းနှင့်သိမ်းသွင်းပေလိမ့်မည်။

လူတိုင်းကို မရိုးမသား သံသယမျက်လုံးတွေနဲ့ မကြည့်ပါနဲ့။ မတွေးပါနဲ့။ လူတိုင်းကလည်း အဲဒီလိုတုံ့ပြန်မှုပဲ ပြန်ပေးလိမ့်မယ်၊ ဘဒ္ဒရျို။

■ ■ ■



## အခန်း (၁၀)

"သူ့ သမီးလေး အခြေအနေ ပြောပါဦး၊ မောင်လရောင်၊ အလုပ်တွေအပေါ်မှာစိတ်ဝင်စားမှု ရှိရဲ့လား။ စိတ်ရှည်ရှည်နဲ့ရော ကြိုးစားပါ့မလား"

လရောင် ရောက်လာသည်နှင့် ဦးသီဟဇော် ပျာပျာသလဲ မေးမြန်းနေသည်။ ဒေါ်ယဉ်မျိုးနိုင်က ဦးသီဟဇော်လက်ကို ဆွဲကိုင်လိုက်ကာ

"လရောင် အမောဖြေပါစေဦး ဦးဇော်ရယ်၊ အိမ်တောင်ရောက်နေပြီ အေးအေးဆေးဆေး မေးလို့ရပါတယ်"

"မမနိုင်ယောက်ျားက သူ့သမီးလေးဆို သည်းခံဖြည့်ဆည်းလုပ်နေတာပဲ၊ ကိုယ့်ကတော့ သတိရပုံတောင်မပေါ်ဘူး"

"သမီးဆိုးလေးကို အန်ကယ် ခွင့်လွှတ်နားလည်ပါတယ်ကွာ၊ အန်ကယ်က သူ့ကိုပစ်ပယ်သလိုဖြစ်ပြီး မင်းမမနိုင်ကို လက်ထပ်ခဲ့တာကို[ကြ]ာ"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ဦးဇော်က နိုင်ကိုလက်ထပ်ခဲ့တာ နောင်တရနေတာလား"

ဒေါ်ယဉ်မျိုးနိုင်က မျက်စောင်းလေးဝင့်လျက် ခနဲ့လိုက်တော့ ဦးသီဟဇော် ပျာပျာသလဲဖြစ်သွားကာ

"နောင်တမရပါဘူး နိုင်လေးရယ်၊ နိုင်ကို ကိုဇော် မြတ်မြတ်နိုးနိုး ချစ်လို့ လက်ထပ်ခဲ့တာပါ၊ သမီးလေးကလည်း မိတဆိုးလေးလေ၊ ကိုဇော် လက်ပေါ်မှာပဲ ထွေးပွေ့ယုယခဲ့ရတာ၊ သူများဖခင်တွေထက် မေတ္တာတွေပုံ ပေးခဲ့ရတာပေါ့"

"နိုင် နားလည်ပါတယ် ဦးဇော်ရယ်၊ ဘဒ္ဒချိုလေးအပေါ် အချစ်ပိုတာကို နိုင်မငြိုငြင်ပါဘူး၊ ဘဒ္ဒချိုလေးကိုလည်း နိုင်အပေါ် အမြင်မကြည်လို့ ဆိုပြီး မေတ္တာမပျက်ပါဘူး၊ နိုင်ဘဝက မိသားစုတွေအများကြီးနဲ့ နွေးနွေးထွေးထွေး မနေခဲ့ရပါဘူး ဦးဇော်၊ တကယ်ဆို ဘဒ္ဒချိုလေးနဲ့လည်း နိုင် ပြေလည်ချင်ပါတယ်"

ဒေါ်ယဉ်မျိုးနိုင်ရဲ့သဘောထားကြီး နားလည်မှုကို ဦးသီဟဇော်လေးစားမြတ်နိုးကာ ဒေါ်ယဉ်မျိုးနိုင်ပခုံးလေးကို ဆုပ်ဖက်လိုက်သည်။

"ကျေးဇူးတင်ပါတယ် နိုင်၊ သမီးလေးလည်း တစ်နေ့နေ့ နိုင့်မေတ္တာကို နားလည်လာမှာပါ၊ ဩော် သမီးကိစ္စ မေးနေရင်းနဲ့ စကားလမ်းကြောင်းတွေ ပြောင်းကုန်ပြီ၊ သမီးအကြောင်းပြောပါဦး မောင်လရောင်"

"ဟုတ်ကဲ့ အလုပ်စဝင်တဲ့နေ့ကတော့ မြင်တွေ့သမျှတွေကို အံ့ဩပြီး အထူးအဆန်းဖြစ်နေတယ်ထင်ပါတယ်၊ အလုပ်သဘောတရားတွေ နည်းနည်းရှင်းပြပြီး စိတ်ဝင်စားမှုရှိအောင် လုပ်ရတာပေါ့၊ စကားပြောလို့တော့ သိပ်အဆင်မပြေသေးဘူး အန်ကယ်၊ အလုပ်ရှင်သူဌေးဆိုပြီး ကျွန်တော့်ကို





...စားရမှန်းလည်း သိတာမဟုတ်ဘူး"

"အေး အဲဒါက သူ့မှာငွေကြေးပစ္စည်းဥစ္စာ နောက်ခံဘက်ဂရောင်း ...လို့ ကျိုးနွံနာခံရမှန်းမသိ ဖြစ်နေတာပေါ့၊ သည်းခံပေးပါကွာ၊ ခွေးပုလေး ...ရော မင်း ဘယ်နေရာမှာခိုင်းထားလဲ၊ သူကရော စိတ်ဝင်စားမှုရှိရဲ့လား"

"ဟုတ်ကဲ့ သူ့ကိုတော့ စက်လိုင်းတွေ ဇာပါရီရလုပ်ခိုင်းရတာပေါ့၊ ...ကလည်း နည်းတယ်၊ ဘာတတ်ကျွမ်းမှုမှလည်း မရှိဘူးလေ၊ ဒါပေမဲ့ ...ာ လူတိုင်းနဲ့လည်း တည့်အောင်ပေါင်းတတ်တယ်၊ ကျွန်တော့်ကိုလည်း ...စားမှုရှိပါတယ်၊ ဘဒ္ဒချိုကိုလည်း သည်းခံပေးဖို့လည်း ကျွန်တော့်ကို ...လာပြောတယ်"

"အေး ခွေးပုလေးက သမီးလေးကို အရမ်းသံယောဇဉ်ကြီးတာကွ၊ ...ငယ်ကတည်းက သမီးအဖော်ရအောင် ခေါ်ထားခဲ့တာ၊ သူ့မှာက အဖေ ...မရှိတော့ဘူးဆိုပေမယ့် တောက ဆွေမျိုးသားချင်းတွေဆီတော့ တစ်နှစ် ...ခါပြန်တယ်၊ အဲလိုပြန်ရင် အန်ကယ်က သူ့အတွက် ပြည့်ပြည့်စုံစုံ ...က်ပံ့ပေးလိုက်ပါတယ်၊ သမီးအပေါ် ညီမအရင်းတမျှ ကောင်းရှာတယ် ...ဟုတ်လား"

"ဟုတ်ကဲ့ တကယ်ကောင်းရှာပါတယ်၊ ဩော် အရှုပ်ပိတ်ရက်မို့ ...ာက်လာပေမယ့် ကျွန်တော့်မှာ တခြားအလုပ်ကိစ္စလေးတွေ ရှိသေးတယ်၊ ...လိုက်ပါဦးမယ်နော်"

"ထမင်းစားပြီးမှ ပြန်လေ လရောင်ရဲ့၊ မမနိုင် ဟင်းကောင်းကောင်း ...ထားပါတယ်၊ အခုပဲ ထမင်းပွဲပြင်လိုက်မယ်"

မမနိုင်က ထမင်းပွဲပြင်ဖို့ ထသွားပြီမို့ သူပြန်လို့မဖြစ်တော့ပါ။

www.burmeseclassic.com



ဦးသီဟဇော်နှင့်အတူတူ ထမင်းဝိုင်းကို လိုက်လာခဲ့သည်။ မမခိုင်က အ ထောင်ရှင်မကောင်းပီသစွာ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထားသည်။

"အင်း အန်ကယ်က အိမ်မှာ ခိုင်ချက်ပြုတ်ကျွေးမွေးတာတွေ ကောင်းကောင်းမွန်မွန် စားသောက်နေပြီး သမီးလေးကတော့ စက်ရုံ တော်တော်အနေအစား ဆင်းရဲနေမယ်ထင်တယ်"

"ဟုတ်တယ် အန်ကယ်၊ သူချမ်းသာတာ လူသိမှာစိုးပြီး ဒုက္ခ နေတယ်၊ အိမ်ကနေ စက်ရုံကို တက္ကစီနဲ့လာတယ်ဆိုပေမယ့် လမ်းထိ တော်တော်ဝေးဝေးကနေ လမ်းလျှောက်လာတာ ပင်ပန်းမှာပဲ၊ လုပ်ငန်းအ အကြိုနဲ့ပတ်သက်တာကိုတော့ စိတ်ဝင်စားမှုရှိအောင် ကျွန်တော် သင်ပေး ပါတယ်၊ လုပ်ငန်းရှင်အစည်းအဝေးတွေခေါ်သွားဖို့လည်း စဉ်းစားထားပါတယ်"

"အေး အဲဒါတွေလည်း လုပ်ပါ၊ မင်းအပေါ် ယုံကြည်မှုရှိလာအော သူ့မှာရှိတာတွေနဲ့ ရင်းနှီးမြုပ်နှံချင်လာအောင်လည်းလုပ်ပါ၊ အတွေ့အကြုံ သမီးလေးကို ရင့်ကျက်လာနိုင်မှာဆိုပေမယ့် အစွန်းရောက်ပြီး အန်ကယ် လုံးဝဥပေက္ခာပြုစိမ်းကားသွားမှာလည်း စိုးရိမ်တယ်"

"ဦးဇော် မေတ္တာကို ဘဒ္ဒ နားလည်လာမှာပါ ဦးဇော်ရယ်"

"နားလည်လာအောင်လည်း ဦးဇော်ဘက်က ကြိုးစားမှာပါ၊ ဒါေ ပညာရဖို့ ကြိုးစားရင်း သမီးလေး ဒုက္ခများနေတာကိုတော့ ဦးဇော် စိ မကောင်းဘူး၊ သူ အရမ်းပင်ပန်းနေမှာပဲ ခိုင်"

ဦးသီဟဇော် ထမင်းစားရင်းနှင့် မျက်ရည်လည်နေပါသည်။ လည်း ဘဒ္ဒချို အပင်ပန်းခံပြီး ပညာတွေ လေ့လာနေတာကို စိတ်မကော ပါ။





သူ့ကို မချေမင် ဆက်ဆံတတ်ပေမယ့် အဝတ်အထည်ဒီဇိုင်းပညာ ကိုတော့ စိတ်ဝင်စားမှုရှိသည်။ ကွန်ပျူတာနှင့်ပတ်သက်ပြီးလည်း စက်ရုံမှာ ကွန်ပျူတာတွေရှိနေတာမို့ လေ့လာသင်ယူနေ၏။

ခက်နေတာက ထမင်းစားချိန်ရောက်လျှင် ထမင်းချိုင့်လေးကိုင်ပြီး နာခေါင်းတရှုံ့ရှုံ့ ဖြစ်နေတတ်တာပင်။

ရွယ်စူးဆိုသည့် ကောင်မလေးက ဟင်းကိုတစ်ခွက်တည်းနှင့် ဖြစ် သလို ချက်လာတတ်တာကိုး။

အဲဒီကိစ္စတွေ အဆင်ပြေမှုရှိလာဖို့အတွက် သူ့ဘက်က ရင်းရင်း နှီးနှီး လိုက်လျောဆက်ဆံပေးဖို့ လိုလာပြီထင်သည်။

သူတစ်ခုခုတော့ ဆုံးဖြတ်မှဖြစ်မှာပါ။

မင်းအဆင်ပြေဖို့ ကိုယ်ဘာလို့ တွေးနေမိတာလဲ မသိဘူး ကောင် လေးရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဘဒ္ဒချို ဒီနေ့ ဘာဟင်းချက်လာလဲ"

ထမင်းချိုင့်လေးကိုင်ပြီး ရှယ်ရှူးဆီ ထမင်းသွားစားဖို့ ပြင်နေသော ဘဒ္ဒချို အနားသွားရပ်ရင်း သူမေးလိုက်တော့ ဘဒ္ဒချို သူ့ကို မျက်လုံးလေး ပင့်ကြည့်ကာ

"ဟင်းမကောင်းပါဘူး သူဌေးရာ၊ အသီးအရွက်နဲ့ ကြက်ဥရော ကြော်လာတာ တစ်ခွက်တည်းပါ"

"ဟင်းကောင်းကောင်းပါလာတဲ့နေ့ တစ်ရက်မှမရှိဘူးနော်"

"ခင်ဗျားတို့လို သူဌေးမှမဟုတ်တာ၊ ဟင်းကောင်းကောင်း ဘယ်စားနိုင်ပါ့မလဲ"

"အဲလို ဟင်းကောင်းကောင်းကြီးတွေ နေ့တိုင်းစားနေရတော့လည်း မစားချင်တော့ဘူးကွ၊ ကိုယ်လည်း တစ်ယောက်တည်းသမားဆိုတော့ စား





သောက်ဆိုင်ကမှာစားရတာ၊ သိပ်အဆင်မပြေဘူး၊ ဒီနေ့ ပုစွန်ထုပ်ဆီပြန်နဲ့ ဟော်နံ့ရိုးပေါင်းတဲ့၊ ဟို ဖြစ်နိုင်ရင် အဲဒီဟင်းတွေ မင်းတို့စားပစ်လိုက်ပြီး ကိုယ့်ကို မင်းတို့အသီးအရွက်ကြော်လေး ပေးခဲ့ပါလား၊ ဟင်းလဲစားတဲ့ သဘောပေါ့"

"အာ ဘဒ္ဒတို့ ဟင်းကိုခင်ဗျား ဘယ်လိုလုပ်စားနိုင်မှာလဲ"

"စားနိုင်ပါတယ်ကွာ၊ အသားငါးတွေ တကယ်ကို မစားချင်လို့ပါ၊ စားသောက်ဆိုင်က အနံ့အသက်တွေလည်း မခံချင်တော့လို့ကွ၊ နောက်နေ့ လည်း၊ အဲလိုလည်း၊ စားရအောင်နော်"

ပြောပြောဆိုဆိုနှင့် လရောင် ထမင်းချိုင့်ချင်း လဲယူပြီး ရုံးခန်း အပြင်ထွက်လာခဲ့သည်။ မျက်လုံးလေးပြူးကာလယ်နှင့် ကြောင်တောင်တောင် ကျန်ရစ်ခဲ့သော ဘဒ္ဒက ငါးဆင့်ချိုင့်ကြီးဆွဲပြီး ရှယ်ရှူးရှိရာ ထမင်းစားဆောင် ကိုသွားဖို့ တွန့်ဆုတ်နေရ၏။

ဒီချိုင့်ကြီးကိုင်လာသော သူမကို တခြားဝန်ထမ်းတွေက ဘယ်လို ထင်မြင်ယူဆကြမလဲ။ ဘယ်လို ဝေဖန်ကြမလဲ။ ရှယ်ရှူးကရော ဘယ်လို ပြောမလဲ။

ဒါပေမဲ့ ဒီအတိုင်းနေလို့လည်းမဖြစ်ပါ။ ထမင်းအငတ်တော့ မခံနိုင်။ ဘယ်သူဘာပြောပြော ဟင်းကောင်းကောင်းနှင့်စားရတော့မည်မို့ စိတ်ထဲက ဝိတိတဝေဝေဖြင့် ကျေနပ်နေသည်။ ထမင်းချိုင့်ချင်း ဖွတ်တရွတ် လဲသွား သော လရောင်ဆိုသည့် ဟိုလူကြီးကို အမြင်ကတ်မိတော့မလိုလိုနှင့် ကျေးဇူး ထင် တင်မိသေး၏။

"ဟယ် ဘဒ္ဒ ဘယ်လိုဖြစ်လာတာလဲ၊ ငါးဆင့်ချိုင့်ကြီးနဲ့ နင့်



www.burmeseclassic.com

www.burmeseclassic.com



သုံးဆင့်ချိုင့်လေးက ဘယ်ရောက်သွားလို့လဲ''

ရွှယ်စူးက ခပ်လှမ်းလှမ်းကပင် အကျယ်ကြီးအော်မေး၏။ ထမင်းစားနေကြသည့် တခြားဝန်ထမ်းတွေလည်း ရှိနေတာမို့ ရွှယ်စူးကို မျက်စောင်းဝင့်ရင်း အနားရောက်မှ

''ဟို သူဌေးပေါ့ ငါတို့ အသီးအရွက်ကြော်ကို စားချင်လို့ဆိုပြီး ချိုင့်ချင်းလဲပေးလိုက်တာ၊ ဒီထဲမှာ ဟင်းကောင်းတွေပါတယ်၊ အပီသာဆွဲပစ်လိုက်''

''ဟယ် ဘဒ္ဒရယ် အဲလိုဆိုလည်း ရုံးခန်းထဲမှာ နင့်တစ်ယောက်တည်း စားလိုက်ပြီးရော၊ ထမင်းစားဆောင်ယူလာတော့ သူများတွေ တစ်မျိုးထင်ကုန်မှာပေါ့''

''မတတ်နိုင်ဘူး၊ ငါတစ်ယောက်တည်း မျိုမကျလို့ နင်လည်းစားရအောင် ယူလာတာပေါ့၊ စကားမများနဲ့ စားမှာသာစား''

ဘယ်သူတွေကြည့်ကြည့် ဂရုမစိုက်တော့ဘဲ ချိုင့်တွေကို ဂလုံဂလွှမ်မြည်အောင်ဖွင့်လျက် ဘဒ္ဒချို အားရပါးရ ဆွဲနေသည်။

''အား စားလို့ကောင်းလိုက်တာ၊ စက်ရုံကအပြန်နောက်ကျလို့ ဈေးဝယ်မရတာနဲ့ အိမ်မှာလည်း ဟင်းကောင်းမစားရတာ ကြာပြီ၊ ကျေးဇူးရှင်ကြီးကို ထိုင်တောင်ကန်တော့သင့်တယ်၊ စားပေ့ ရွှယ်စူး နောက်နေ့တွေလည်း ဒီလိုပဲ ဟင်းလဲစားရအောင်လို့ ဘိုးတော်ကမှာလိုက်သေးတယ်သိလား''

''နင်ကတော့လေ သူဌေးကို အားနာစရာဖြစ်အောင် လုပ်နေပြီ''

''ငါက ဘာလုပ်လို့လဲ၊ သူ့ဘာသာ ဖွတ်တရွတ် လဲယူသွားတာ





ကို အရင်က ရုံးခန်းထဲမှာစားပြီး အခု ဘယ်သွားစားမလို့လဲ မသိဘူး၊ ငါ့ချိုင့်ဆွဲပြီး ထွက်သွားလိုက်တာ အမြီးတောင် မမြင်ရတော့ဘူး''

''ဟဲ့ ဟိုက နင့်ထက်အသက်ကြီးတယ်၊ စကားကိုဆင်ဆင်ခြင်ခြင် မပြောဘူး၊ ငရဲကြီးတော့မှာပဲ''

''ငရဲကြီးတော့ ဂရဲလေးနိုင်တယ်၊ အပိုတွေမပြောနဲ့ စားမှာသာစား''

ငါမနိုင်မ သမီး ဘဒ္ဒချိုကို ဆလံသလျက် ရွှယ်စူး ပါးစပ်ပိတ်သွားသည်။ ထမင်းစားနေရင်းမှ အထည်အလိပ်လာချသော ကွန်တိန်နာ ကားကြီးဆီကို မျက်လုံးအကြည့် ရောက်သွား၏။

''ဟယ်''

''ဘာဖြစ်တာလဲ စားရင်း သောက်ရင်း အရိုးမျက်သွားလို့လား''

''မ မဟုတ်ဘူး ထွန်း ထွန်းခင်''

''ဘယ်က ထွန်းခင်လဲ၊ နင့်အကြွေးရှင်လား''

ရွှယ်စူးက ဘဒ္ဒချိုကို စကားခွန်းတုံ့မပြန်တော့ဘဲ ကွန်တိန်နာကားဆီကို ခပ်သုတ်သုတ် ပြေးလေသည်။

ဘဒ္ဒချို ထမင်းစားနေရင်းက လည်နင်သွား၏။ ရွှယ်စူး ဘာဖြစ်သွားတာလဲ။ ထွန်းခင်ဆိုတာ ဘယ်သူလဲ။ ထလိုက်ဖို့ပြင်လိုက်ပြီးမှ စက္ကူထရီဆိုသော ဂုဏ်ပုဒ်ကြောင့် ဣန္ဒြေရရ ပြန်ထိုင်နေလိုက်ရ၏။

''ထွန်းခင်''

''ဟာ ခွေးမ နင် နင်က ဒီစက်ရုံမှာ''

''အေး ငါ ဒီစက်ရုံမှာ လုပ်တာ သိပ်မကြာသေးဘူး၊ နင် နင်ရော



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန် ဘယ်ချိန်တုန်းက ရောက်တာလဲ၊ ဘာတွေလုပ်နေတာလဲ၊ ဒီကွန်တိ
နာကအားကြီးနဲ့ ပါလာတာလား''

''မဟုတ်ဘူး ငါလည်း ဒီစက်ရုံမှာပဲ''

''ဟင် ငါလည်း နင့်ကို မတွေ့ပါဘူး''

''ငါက မီးစက်မောင်းတာဝန်နဲ့ဟ၊ စက်ရုံနောက်ဘက်မှာပဲနေရတာ
ဒီလိုကားတွေနဲ့ ပစ္စည်းအတင်အချနေ့ပဲ ပိတ်လိပ်တွေ ပါကင်ပုံးတွေ တင်ရ
ပေးဖို့ ထွက်လာရတာ၊ ဝမ်းသာလိုက်တာ ခွေးပုရာ၊ နင် အရမ်းလည်း ဖ
လာတယ်နော်''

ထွန်းခင်က ဝမ်းသာအားရ ဖြစ်နေသည်။ ရွှယ်စုူးလည်း စိတ်တွေ
လှုပ်ရှားကာ ရင်တွေလည်းခုန်နေသည်။ ထွန်းခင် ရန်ကုန်ကိုလိုက်လာမည်
ဟု ထင်မထားမိပါ။

''နင် ဘယ်လိုလုပ် ရန်ကုန်ရောက်လာတာလဲ ထွန်းခင်၊ နင့်အမေ
ကရော''

''အမေ ဆုံးသွားပြီဟ၊ အဲဒါကြောင့် နင်ပြောခဲ့တဲ့စကားအတိုင်း
ငါ ရန်ကုန်မြို့ကို ရောက်အောင်လာခဲ့တာ၊ ဒါပေမဲ့ နင် ဘယ်မှာနေမှန်းမသိ
ဘူးလေ၊ ငါ့ဘဝ တိုးတက်ပြောင်းလဲမှုရှိအောင်လုပ်ပြီးရင် နင့်ကိုရှာမယ်လို့
ဆုံးဖြတ်ထားတာ၊ အခု မမျှော်လင့်ဘဲဆုံတွေ့လိုက်ရတာ ဘယ်လိုဝမ်းသာ
မှန်းမသိဘူး ခွေးပုရာ''

''ဟဲ့ ခွေးပု ခွေးပုနဲ့ မခေါ်နဲ့တော့၊ ငါ့နာမည် ရွှယ်စုူးဖြစ်သွားပြီ
ရွှယ်စုူးလို့ခေါ် သိလား၊ ငါလည်း ဝမ်းသာပါတယ် ထွန်းခင်ရယ်၊ တစ်ရွာ
မပြောင်း သူ့ကောင်းမဖြစ်တဲ့ နင် အဲလို စွန့်စွန့်စားစားထွက်လာတာ အရမ်း





မှန်တယ်''

''နင် အားကိုးရတဲ့လူတစ်ယောက်ဖြစ်အောင် ငါ ကြိုးစားမှာပါ၊
ဟိုလေ ငါ့ကိုတော့ အဖြေပေးဦးနော်''

ရွှယ်စုူး မျက်နှာကို သေချာကြည့်ပြီးပြောနေတာမို့ ဟိုကြည့်ဒီ
ကြည့်ဖြင့် ရွှယ်စုူးရှက်ကိုးရှက်ကန်း ဖြစ်သွားရသည်။

''နင်ကလည်း ဒီပြင်လူတွေ ကြားသွားပါဦးမယ်''

''ငါက ရန်ကုန်တောင် ရောက်အောင်လာခဲ့ရပြီ၊ အဲဒါ နင့်ကြောင့်
လေ ခွေး အဲ ရွှယ်စုူးရဲ့၊ ရွာမှာဆိုရင် နွားကျောင်းတာ၊ နွားစာရိတ်တာ၊
ကြက်ခြံတွေသာလုပ်တာ၊ ဒီမှာလောက် မပင်ပန်းဘူးဟ၊ ဒါပေမဲ့ နင့်စိတ်
တစ်ခုတည်းနဲ့ ပင်ပန်းတယ်လို့ ငါ မထင်ပါဘူး၊ နင်သာအဖြေပေးရင် ငါ
ခွန်အားတွေပိုရှိလာမှာ''

''အေး အေးပါဟာ နင်နဲ့ငါနဲ့ ဒီမှာတွေ့ကြဦးမှာပဲဟာ၊ ဟိုလေ
ငါ သွားတော့မယ်နော်၊ ဘဒ္ဒစောင့်နေပြီ''

''ရွှယ်စုူး ရွှယ်စုူး''

ထွန်းခင် ခေါ်သံကြားပေမယ့် ရွှယ်စုူး နောက်လှည့်မကြည့်တော့၊
ဘဒ္ဒကိုမေ့လျော့ပြီး ထားခဲ့မိတာ ခုမှသတိရသည်။ မေးခွန်းတွေ တရစပ်နှင့်
ဘဒ္ဒ ပြဿနာရှာတော့မည်ဆိုတာလည်း တွေးကြည့်စရာပင်မလို။

ကိုယ့်ရင်ထဲမှာ အဖြေကတော့ အဆင်သင့်ရှိပြီးသားပါ။ သူ့အလိုလို
ပြောထွက်ချင်နေတဲ့ စကားတွေပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ကဲ ပြောစမ်းပါဦး အဲဒီ ထွန်းခင်ဆိုတာ ဘယ်သူလဲ"

"ဟိုတစ်ခါ တို့ပြောထားတဲ့ တို့ကို အဖြေတောင်းထားတဲ့လူ"

"တောက လိုက်လာတာလား"

"ဟုတ်တယ်"

"နင်တို့ အချိတ်အဆက်လုပ်ထားကြတာလား"

"မဟုတ်ပါဘူး သူ့အမေဆုံးလို့ ရန်ကုန်တက်လာတာတဲ့၊ တိုက်တိုက်ဆိုင်ဆိုင် ဒီမှာလာဆုံရတာ"

"နင်ပျော်နေတာလား ရွှယ်စူး"

ဘဒ္ဒအသံက ဆောင့်ဆောင့်အောင့်အောင့်ဖြင့် မကျေမနပ် ဖြစ်နေတာ သိသာနေသည်။ စက်ရုံက ပြန်လာကတည်းက မျက်နှာတစ်ခုလုံး တည်တင်းမှုန်မှိုင်းအေးစက်နေတာပါ။

စကားလည်း တစ်လုံးမှမပြောသလို ထမင်းလည်းကောင်းကောင်း





စား။ ရွှယ်စူးကလည်း အပြစ်ရှိသလို ခံစားရကာ မျက်နှာရိပ်မျက်နှာကဲကြည့်ပြီး လုပ်စရာရှိတာ လုပ်နေရသည်။ အိပ်ရာဝင်မှ ခပ်တည်တည်နှင့် ဘဒ္ဒ စကားစ၏။ မေးသမျှ အမှန်အတိုင်း ဖြေတော့လည်း မျက်စောင်းတခဲခဲ။

"ငါတို့ နောက်နေ့ အဲဒီစက်ရုံ မသွားတော့ဘူး"

"ဟင် ဘာ ဘာဖြစ်လို့"

"သွားနေရင် နင်နဲ့အဲဒီလူ တွေ့နေကြတော့မှာလေ၊ ပြီးရင် နင်က အဖြေပေးမယ်၊ နင်တို့ချင်း ချစ်သွားကြတော့မယ်"

"အာ မဟုတ်တာတဲ ဘဒ္ဒရယ်၊ ငါတို့ကိစ္စလေးနဲ့ နင့်ရည်ရွယ်ချက်ကြီးကို အပျက်မခံပါနဲ့"

"ငါ့ကိစ္စက အရေးမကြီးဘူး ငွေရှိရင် ဘယ်အချိန်မဆို လုပ်ငန်းထူထောင်လို့ရတယ်၊ နင်နဲ့အဲဒီလူ နှစ်ပါးကြည်သွားရင် ငါက တစ်ယောက်တည်း ငုတ်တုတ်မေ့ကျန်ခဲ့မှာ ဘယ်လိုနည်းနဲ့မှ မဖြစ်ဘူး ရွှယ်စူး၊ ခြေရာဖျောက်လိုက်တော့"

ဘဒ္ဒကတော့ ဖွတ်တရွတ် ပြဿနာရှာနေသည်။ မိမိသာဆက်ပြီး အတိုက်အခံလုပ်နေလျှင် အခြေအနေက ပိုပြီးတင်းမာပေလိမ့်မည်။

စိတ်ကိုလျှော့ကာ မျက်နှာကိုအချိုသာဆုံးပြုံးပြီး ဘဒ္ဒ ပခုံးလေးကို ခဲ့တရဲလေး ဖက်၍

"ဘဒ္ဒရယ် တို့က ဘာလို့ နင့်ကိုထားခဲ့ရမှာလဲ၊ သူ့ကိုလည်း အဖြေမပေးပါဘူး။ နင် လုပ်ငန်းရှင်ကြီးဖြစ်သွားရင်တော့ မပြောတတ်ဘူး ပေါ့ဟာ"

www.burmeseclassic.com



"ဘာ"

"သဘောကိုပြောတာပါ။ နင်နဲ့အတူတူ ကြိုးစားမှ တိုးတက်ပြောင်းလဲမှာ၊ သူ့ကိုယူလိုက်ရင် လင်ယူသားမွေးကိစ္စတွေနဲ့ပဲ အဆုံးသတ်သွားမှာပေါ့ဟာ"

"နင် တကယ်ပြောတာလား ရွှယ်စူး"

"တကယ်ပြောတာပါ၊ တို့လည်း နိမ့်ကျတဲ့ဘဝမှာ အကြာကြီး မနေချင်ဘူး"

"သူ့ဘက်က ကြိုးစားလာရင်ကော"

"ဟင်"

"နင်ပေးခဲ့တဲ့ မျှော်လင့်ချက်ကို အကောင်အထည်ဖော်ဖို့ သူ ရန်ကုန်ကိုလိုက်လာပြီး အလုပ်တွေလုပ်နေပြီလေ၊ ဒီအတိုင်း လက်လျှော့ပြီး ပြန်လှည့်သွားပါ့မလား။ နင် ကိုယ်က ယောကျ်ားငမ်းငမ်းတက်လိုချင်လို့ မျှော်လင့်ချက်တွေ ပေးထားခဲ့တာ၊ ဟိုကလည်း နွားသိုးကြိုးပြတ်လိုက်လာတယ်"

ဘဒ္ဒ စည်းလွတ်ဝါးလွတ်ကို ဝေဖန်ပုတ်ချနေသည်။ ဒါပေမဲ့ ရွှယ်စူး စိတ်မဆိုးရက်ပါ။ မိမိအပေါ် သံယောဇဉ်ကြီးလို့ ဖနော်တိုနေတာ မဟုတ်ပါလား။

"ဘဒ္ဒ နင်တွေးသလို ဘာမှ ဖြစ်မလာသေးဘဲနဲ့ အဲလိုကြီး မနေပါနဲ့ဟာ၊ သူ့ကိုလည်း ငါ နားလည်အောင်ပြောပြမှာပါ၊ တို့က နင့်ကို မှီခိုနေတဲ့သူလေ၊ နင်ပြိုငြင်အောင် ဘာမှမလုပ်ပါဘူး။ တို့ကို စိတ်ချနော်၊ တို့တွေက အလုပ်ရှင်အလုပ်သမားကဏ္ဍမျိုးမှမဟုတ်တာ၊ သူငယ်ချင်းသံယောဇဉ်တွေနဲ့ပဲ"





လေသံအေးအေးနှင့် ချော့မော့ဖျောင်းဖျတော့ ဘဒ္ဒမျက်နှာလေး အနည်းငယ် ကြည်လင်လန်းဆန်းလာသည်။ အိပ်ရာခုတင်ပေါ် ပစ်လှဲချပြီး

"ဒါပဲနော် ရွှယ်စူး၊ နင် အဲဒီလူကို တကယ်မကြိုက်ရဘူး"

ရွှယ်စူးက ဘဒ္ဒအလိုကျ ခေါင်းညိတ်ကတိပေးလိုက်ပေမယ့် ရင်ထဲမှာတော့ ဘဒ္ဒစကားတွေကို ဖွတ်အတင်းငြင်းဆန်နေမိသည်။ နှလုံးသားက လက်ခံထားပြီးမှ ပိုက်ဘုတ်မှာရေးထားသလို အလွယ်တကူ ဖျက်လို့ရမှာလဲ။

မနက်မိုးလင်း စက်ရုံရောက်တော့ ဘဒ္ဒချို ရုံးခန်းထဲ ဝင်သွားချိန်မှာ မီးစက်မောင်းသည့်ဘက်ကို ရွှယ်စူး ထွက်လာခဲ့သည်။ အလုပ်တက်ဖို့ ဆယ့်ငါးမိနစ်ခန့် လိုသေးသည်မို့ ထွန်းခင်နှင့်စကားအနည်းငယ် ပြောချိန်ရ၏။ ထွန်းခင်ကို သတိပေးရဦးမည် မဟုတ်ပါလား။

"ဘဒ္ဒချိုဆိုတာ ငါ့ရဲ့အလုပ်ရှင်၊ အစွန်းရောက်သွေးကြီးနေတာ မဟုတ်ပေမယ့် အခုလောလောဆယ် သူ့ကိုအတိုက်အခံလုပ်လို့ မဖြစ်သေးဘူး"

"နင်က သူ့စကားကိုနားထောင်ပြီး ငါ့ကိုအဖြေမပေးတော့ဘူးလား ဟင်၊ အဲလိုဆိုရင် ငါ ရန်ကုန်ကိုရောက်လာတာ ဘာအဓိပ္ပာယ်မှ မရှိတော့ဘူးပေါ့"

"အဲလိုကြီး မယူဆပါနဲ့ ထွန်းခင်ရယ်၊ ငါတို့မှာ အကြောင်းလေးတွေ ရှိနေသေးလို့ပါ၊ ဖြစ်နိုင်ရင်လေ သူနဲ့ခင်မင်လာအောင် ကြိုးစားကြည့်ပါ၊ သူက တစ်ယူသန် တစ်ဖွတ်ထိုးဟာ၊ သူ့အဖေကို ကလန်ကဆန် အတိုက်အခံလုပ်ပြီး အိမ်ကတောင် ထွက်လာတာ၊ ငါ့အားကိုးနဲ့ပေါ့လေ"

"နင့်အလုပ်ရှင်ကလည်း နင့်ကိုယ်ရေးကိုယ်တာတောင် စွက်ဖက်သလား ဘယ်လိုကြီးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးရှိတယ်လေ၊ သံယောဇဉ်လည်းကြီးပြီး ငါ့ကို ညီမတစ်ယောက်လို ဆက်ဆံတာပါ၊ အဲဒါကြောင့် ငါ့မှာလည်း တာဝန်တွေရှိတယ်၊ သူနဲ့ကတိစကားတွေရှိသလို သူ့အဖေအပေါ်လည်း ကျေးဇူးသိတတ်ရမယ်"

"ငါ အားတွေတောင် လျော့သွားပြီဟာ"

ထွန်းခင် စိတ်ပျက်လက်ပျက် မှိုင်တွေကျသွား၏။ ဒီလိုဆိုတော့လည်း ရွှယ်စူး စိတ်မကောင်းပါ။ တစ်ရွာတည်းနေ တစ်ရေတည်းသောက် ငယ်သူငယ်ချင်း ဘဝချင်းတူမို့ ဘဝအတွက် တိုးတက်မှုမရှိတောင် လက်တွဲချင်စိတ်တော့ရှိပါသည်။

ဒီတစ်ယောက်သာ ရည်းစားစကားအပြောခံရတာမို့ အချစ်ဆိုတာကိုလည်း ရင်ထဲထည့်၍ ခံစားချင်သည်။

အသားညိုညို တုတ်တုတ်ခိုင်ခိုင် ထွန်းခင်က သူမအတွက်တော့ ယောကျ်ားပီသသည့်လူတစ်ယောက်ပါ။ ဒါပေမဲ့ အခုတော့ ရင်ထဲကခံစားမှုတွေကို မျိုသိပ်ထားရပေဦးမည်။

"ထွန်းခင် ငါ့ကိုစိတ်ရှည်ရှည်နဲ့စောင့်ပေးပါနော်၊ အားလည်းမလျှော့ပါနဲ့ သူနဲ့အဆင်ပြေအောင် ပေါင်းနိုင်ရင် ငါတို့လည်း အဆင်ပြေသွားမှာပါ"

"အေး အေးပါဟာ၊ အဲလိုပဲလုပ်တာပေါ့၊ နင့်ကို အမြဲမြင်တွေ့ရတော့မှာမို့ဖြေသာပါတယ်၊ အရမ်းလည်း စိတ်ချမ်းသာတယ်"

ခုလို စကားပြောနေရတာ ပျော်စရာလည်းကောင်းသည်။ ရင်ခုန်စရာလည်းကောင်းသည်။ စက်ရုံတစ်ရုံထဲမှာ တစ်မိုးအောက်မှာ အချစ်ရဲ့ရနံ့တွေ သင်းပျံ့လှိုင်ဖို့ အချိန်မလိုတော့ပါ။

■ ■ ■



## အခန်း (၁၃)

"အချိန်ရဲ့တန်ဖိုးကို နားလည်မှ အဲဒီလူက တိုးတက်ကြီးပွားနိုင်တယ်၊ အလုပ်တစ်ခုကို စိတ်ဝင်တစားနဲ့ ကြိုးစားမှုရှိမှ အဲဒီအလုပ်ရဲ့တန်ဖိုးသက်ရောက်မှုကို ခံစားရတယ်၊ အလုပ်သမားဝန်ထမ်းတွေအပေါ် ညှာတာမှုရှိမှ သူတို့ရဲ့စေတနာ တန်ပြန်မှုကို ရလိမ့်မယ်၊ အဲဒါတွေက လုပ်ငန်းရှင်တွေသိထားသင့်တဲ့အကြောင်းအရာပဲ"

"ဘဒ္ဒနဲ့ ဘာဆိုင်လို့လဲ၊ ဘဒ္ဒက ခင်များရဲ့ဝန်ထမ်းပဲဥစ္စာ"

"မင်းတစ်သက်လုံး သူများရဲ့အခစားဝန်ထမ်းလုပ်ဖို့ တွေးထားတာလား။ လူဆိုတာ မျှော်လင့်ချက်နဲ့ ရည်မှန်းချက်တွေနဲ့ ရှင်သန်နေကြရတာကွ၊ တစ်နေ့နေ့မှာ မင်း လုပ်ငန်းရှင်တစ်ယောက် မဖြစ်ဘူးလို့ ပြောနိုင်မလား"

ဒီလူ သူမတို့ရဲ့စိတ်ကူးအိပ်မက်တွေကို ဘယ်လိုလုပ်သိနေပါလိမ့်၊ သူမတို့လည်း ပိပိရိရိ နေထိုင်ခဲ့ကြတာပါ။ သူမတို့ ချမ်းသာပြည့်စုံမှုကို သိသွားလျှင် ဒီလူ ဘာတွေကြံစည်လာနိုင်သလဲ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာတွေတွေးနေတာလဲ၊ သူဆင်းရဲတစ်ယောက်ကလည်း ကံသာတဲ့အချိန်မှာ သူဌေးသူကြွယ် ဖြစ်နိုင်တယ်၊ ကုဋေရှစ်ဆယ် သူဌေးသားကလည်း ခွက်ဆွဲတောင်းစားရတဲ့ဘဝမျိုးကို ရောက်ချင်ရောက်သွားနိုင်တာပဲ၊ အမြဲတမ်း ကံတရားကို လွှဲချနေလို့တော့ မရဘူးပေါ့၊ လူတစ်ယောက်ရဲ့ လုံ့လဝီရိယက ကံတရားဆိုတာကို ပြောင်းပြန်လှန်ပစ်နိုင်တဲ့ စွမ်းအင်တွေ ရှိတယ်"

"ဖေဖေ ပြောလို့ အဲဒီစကားတွေ ကြားဖူးပါတယ်၊ ဒါပေမဲ့ ခင်ဗျား ပါးစပ်က ဘဒ္ဒကို အဲဒါတွေ ပြောဖို့ သိပ်မလိုအပ်ဘူးထင်တယ်၊ လုပ်ငန်းနဲ့ ပတ်သက်ပြီး ဘဒ္ဒ နားလည်အောင် သင်ပေးတာတွေကို ကျေးဇူးတင်တယ်၊ လုပ်ငန်းရှင်တစ်ယောက် သိသင့်သိထိုက်တာတွေဆိုတာက ဘဒ္ဒနဲ့ လုံးဝ မအပ်စပ်လို့ပါ၊ ဝန်ထမ်းတစ်ယောက် သိသင့်သိထိုက်တာလို့ပြောမှ ဘဒ္ဒ နားနဲ့ ယဉ်ပါးမှာပေါ့"

သူမရဲ့ဖုံးကွယ်မှုက သူ့ရင်ကို အောင့်သက်သက်ဖြစ်သွားစေသည်။ သူ့ကို ခုထိ မယုံကြည်နိုင်သေးတာမျိုးလား။ သူမတို့ ချမ်းသာကြွယ်ဝတာကို သိပြီး မြူဆွယ်စည်းရုံးနေသည်လို့ ယူဆနေတာလား။ သူမဘဝကို မသိစေချင်ဘူးဆိုရင်လည်း မသိသလိုနေပေးလိုက်ရုံပေါ့။

"ကောင်းပြီလေ ဝန်ထမ်းကျင့်ဝတ်ပဲ နားထောင်ချင်တယ်ဆိုရင်တော့ ဒီနှစ်ထုတ်ကုန်ထွက်မယ့် ဒီဇိုင်းသစ်တွေ အင်တာနက်ပေါ်တင်ဖို့ ရုပ်ပုံတွေကို အစည်းအဝေးခေါ်ပါ၊ နိုင်ငံခြားကိုပို့ရမယ့် သိုးမွေးထည်တွေကိုလည်း ဒီဇိုင်းသစ်ထပ်ပြောင်းမယ်"

"ဟင် အရင်ပို့တဲ့ဒီဇိုင်းတွေက အောင်မြင်တယ် မဟုတ်လား"





"အောင်မြင်တယ်ဆိုတာကလည်း အမြဲတမ်း ဆန်းသစ်နေလို့ပေါ့ ... အရာဝတ္ထုပစ္စည်းတစ်ခုဆိုတာ သုံးလေးလောက်သုံးစွဲပြီးရင် ဒိတ်အောက် ...ထတ်တာ၊ ကိုယ်က အဲဒါကို အလျဉ်မီအောင် ဆန်းသစ်တီထွင်နိုင်မှ ...ရင် နောက်ကြောက်ကျကျန်ခဲ့မှာပါပဲ"

"ခင်ဗျားက တော်ပါတယ်၊ ခင်ဗျားစက်ရုံကထုတ်တဲ့ ပေါ်ပြူလာ ...ဆိပ်နဲ့ ဘောင်းဘီတိုတွေ၊ ရှပ်အင်္ကျီတွေ၊ ဂျာကင်တွေက ပြည်တွင်း ...နှိုက်တွေ၊ စင်တာတွေမှာလည်း ရောင်းအားကောင်းတယ်နော်"

"အဲဒါက ခေတ်လူငယ်တွေအကြိုက် ဖစီဆိုဒ်ဖြစ်နိုင်တာတွေ ...ပ်ပေးနိုင်လို့ပါ"

"အဲဒီပညာတွေ ခင်ဗျား နိုင်ငံခြားထိ သွားသင်ထားတာဆို"

"ဟုတ်တယ် ငွေတော်တော်များများ အကုန်ခံပြီး သွားသင်ထား... အရင်က အထည်အလိပ်ဖြန့်ချိတဲ့ပညာပဲ တတ်တာလေ၊ နောက်မှ ...အတတ်ပညာတွေကို သင်ယူချင်စိတ်ပေါ်လာတာ၊ ဒါပေမဲ့ အောင်မြင် ...လောက် ရင်းနှီးမြှုပ်နှံဖို့ ငွေအင်အားမလုံလောက်ဘူး ဖြစ်နေတယ်"

"ဟင် ဒီလောက်လုပ်ငန်းတွေ အောင်မြင်မှုရှိနေတာကို ခင်ဗျား ...ဘတွေက အရင်းအနှီး ထပ်ထုတ်မပေးဘူးလား"

"ကိုယ့်မှာ မိဘတွေမရှိတော့ဘူးကွ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ် ...ပြီး ကြိုးစားခဲ့ရတာ၊ နောက်မှာ ထောက်ပံ့ပေးရမယ့် မိသားစုမရှိဘဲ ...လို့ လောဘကြီးနေတာလဲလို့ မင်း မေးချင်နေမှာပဲ၊ စီးပွားရေးလောကထဲ ...ခြေစုံပစ်ဝင်မိပြီဆိုရင်လည်း အောင်မြင်သည်ဖြစ်စေ၊ ကျရှုံးသည်ဖြစ်စေ ...သူမှ နောက်ပြန်မဆုတ်ချင်ကြဘူး၊ စိန်ခေါ်မှုကို ယှဉ်ပြိုင်ပြီး ...ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ရောက်အောင် ကြိုးစားရတာ ပိုပြီးအရသာရှိတယ်၊ ဒါပေမဲ့ ကိုယ့်မှာ အင်အား နည်းနေတော့ ဒီအောင်မြင်မှုလောက်နဲ့ ကျေနပ်ရတော့မယ်ထင်တယ်"

အားကောင်းမောင်းသန် ပြောနေရင်းက လေသံပျော့သွားတော့ ဘဒ္ဒချို စိတ်မကောင်းဖြစ်သွားမိသည်။ အရည်အချင်းရှိတိုင်း မအောင်မြင်နိုင်တာ ငွေကြေးပံ့ပိုးမှုအားနည်းလို့ ဖြစ်နိုင်သည်။

"တချို့ လုပ်ငန်းရှင်တွေ ငွေအင်အားမတောင့်တင်းရင် စပ်တူ ရှယ်ယာခေါ်ပြီး လုပ်နေကြတာပဲ၊ ခင်ဗျားလည်း အဲလိုလုပ်ပါလား"

"အထည်အလိပ်တွေ လုပ်တုန်းက အစ်မဝမ်းကွဲတစ်ယောက်နဲ့ ရှယ်ယာလုပ်ဖူးတယ်၊ အခု သူက အိမ်ထောင်ကျသွားတော့ ဆက်မလုပ်တော့ဘူး။ ကိုယ်ကလည်း သူစိမ်းတွေနဲ့ မလုပ်ချင်ဘူးလေ၊ ကိုယ်နိုင်တဲ့ဝန် ကိုယ့်ဘာသာထမ်းပြီး အေးအေးချမ်းချမ်းနေချင်တာ၊ အခုမှ စိတ်အနှောင့် အယှက် ဖြစ်နေရတာ"

"ဘာဖြစ်လို့လဲဟင်"

လရောင်က တန်းခနဲ မဖြေ။ ဆံလည်ထိုင်ခုံကို ကျောကပ်မှီပြီး သက်ပြင်းရှိုက်သည်။

"လုပ်ငန်းတွေက တိုးချဲ့ရင်တိုးချဲ့သလောက် အောင်မြင်နေမှန်း သိရဲ့နဲ့ ကိုယ့်မှာ အဲဒီရင်းနှီးမြှုပ်နှံမှုဘက်မှာ အားနည်းနေတာ ကိုယ့်ကိုယ် ကိုယ် အားမရဘူး။ ဒီအတိုင်းသွားနေတော့လည်း လုပ်ငန်းရှင်အသိုက်အဝန်း ကြားမှာ မျက်နှာငယ်ရတာပေါ့"

လရောင် စကားလုံးများက ဘဒ္ဒချို ချက်ကောင်းကို ထိသွား သည်ထင်သည်။ ငြိမ်ငြိမ်သက်သက်နှင့် ခပ်တွေတွေဖြစ်သွား၏။ သူမ ဘာ





တွေ စဉ်းစားသွားသည်ဆိုတာ သူ့စိတ်ထဲက သိနေသလိုလိုပင်။

ဘာဖြစ်ဖြစ် သူမပိုင်ဆိုင်မှုတွေ သူ့လုပ်ငန်းထဲ ရှယ်ယာထည့်ချင် လာအောင် အသနားခံသိမ်းသွင်းနေတာလည်း မဟုတ်ပါ။

ဦးသီဟဇော်ဆန္ဒတွေအတိုင်း ပြောကြည့်နေရတာတောင် စိတ်က မလုံချင်။ သူမအထင်သေးသွားမှာကို စိုးရိမ်နေမိတာကရော ဘာကြောင့်ပါလဲ။ သူမနှင့်ပတ်သက်ပြီး သူ့ရင်ထဲ အလေးအနက် ခံစားမှုတစ်ခုခု ရှိနေတာကို တော့ သူ ဝန်ခံရပေလိမ့်မည်။

အမြဲလိုလို သူမအကြောင်း တွေးဖြစ်နေသလို သူမမျက်နှာလေးကို ခဏခဏ မြင်ယောင်နေမိသည်။ ဒါဟာ ဘယ်သူ့ဆန္ဒမှမပါဘဲ ကိုယ့်စိတ် ခံစားမှုသက်သက်သာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"အဲဒါ အခွင့်အရေးပဲ ဘဒ္ဒ၊ သူဌေးရဲ့ရိုးသားမှုကို နင်လည်း လေ့လာသင့်သလောက် လေ့လာပြီးပြီပဲ၊ သူ့ရဲ့ကြိုးစားမှုနဲ့ အောင်မြင်မှုကလည်း မျက်မြင်လက်တွေ့ပဲလေ၊ အစည်းအဝေးတွေ ဘာတွေတက်ရင်တောင် နင့်ကိုခေါ်သွားလို့ နင်အကုန်သိနေပြီ၊ သူ့ကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပြီး ရင်းနှီးမြှုပ်နှံမှု လုပ်လိုက်ပါလား"

"တင့်အင်း ငါကလုပ်ဖို့ ဆုံးဖြတ်ပြီးပြီဆိုရင်တောင် ငါ့ဘာသာ တစ်ယောက်တည်းလုပ်ကြည့်ချင်တာ"

"နင်က ဘယ်လောက်နားလည်လို့လဲ၊ တတ်မြောက်ပြီးသားလူ အောင်မြင်နေတဲ့လူနဲ့ ပူးပေါင်းတော့ နင့်အတွက်အကျိုးအမြတ်ပိုရှိတာပေါ့ ဘဒ္ဒရဲ့"

"ဟင့်အင်း ငါတို့က သူ့စက်ရုံထဲကို မလိမ့်တပတ်နဲ့ ရောက်လာကြတာ၊ ဒီလို ဒီအကြောင်းပါလို့ ပြောလိုက်ရင် သူပါ တို့ကိုဘယ်လိုထင်





သွားမလဲ"

ဘဒ္ဒရဲ့စိုးရိမ်မှုက သွေးရိုးသားရိုး မဖြစ်တန်ရာ။ လရောင်ရဲ့အထင်မြင်လွဲမှားမှုကို ခံနိုင်ရည်မရှိတော့တာလား။ ဒါဟာ ဘာကြောင့်ဖြစ်နိုင်သလဲ။

"ဘဒ္ဒ နင့်ရင်ထဲ ဘာတွေရှိနေသလဲ"

"ဘာကိုပြောတာလဲ"

"သူဌေးရဲ့စက္ကူထရီတစ်ယောက်အနေနဲ့ အမြဲတတွဲတွဲရှိနေရတာကို"

"ဒါက အလုပ်ရှင်အလုပ်သမားကဏ္ဍပဲဟာ၊ ငါ့ရင်ထဲ ဘာရှိရမှာလဲ"

"သူနဲ့ပတ်သက်ပြီး ခံစားမှုတစ်ခုခုတောင် နင့်ရင်ထဲ ရောက်မလာဘူးလား"

"နင့်မေးခွန်းတွေက လိုရာဆွဲတွေးနေသလိုပဲ၊ နင်ပြောတာတွေ ငါ နားမလည်ဘူး ရွှယ်စုး၊ အခု သူက ငါ့ကိုပညာတွေသင်ပေးနေတယ်၊ ငါက ငါ့အကြောင်းနဲ့ငါ စိတ်ဝင်တစား ပညာတွေ သင်ယူနေတယ် ဒါပဲ"

ရွှယ်စုးက ထမင်းချိုင့်ဆင့်နေရင်းက ဟွန့်ခနဲ မဲ့သည်။

"သူ့ဘက်ကရော ရိုးသားတယ်လို့ နင်ထင်သလား ဘဒ္ဒ"

"နင် ဘာတွေပြောနေတာလဲ"

"နေ့စဉ်နေ့တိုင်း ဒီထမင်းချိုင့် လဲစားနေတာ၊ စက္ကူထရီတစ်ယောက် သိသင့်သိထိုက်တာထက် ပညာတွေသင်ပေးနေတာ၊ လူရာဝင်ပွဲတိုးအောင် လုပ်ငန်းရှင်တွေရှေ့မှာ ဦးစားပေးဆက်ဆံတာ၊ ဒါတွေက လုပ်ငန်းသဘောတရားအရ လုပ်နေတာမဟုတ်ဘူး ဘဒ္ဒ"



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ လှပ်ခနဲ ဖြစ်သွားလျက် မျက်နှာတစ်ခုလုံး နီမြန်းရှိန်းဖိန်း သွားသည်။ ရှက်ကိုးရှက်ကန်းဖြင့် ရွှယ်စုးခေါင်းကိုလည်း ခေါက်ခနဲ ခေါက်ပစ်လိုက်၏။

"နင်က အချစ်ရှိနေတော့ အဲဒီအကြောင်းတွေ တွေးတတ်နေပြီပေါ့၊ သူကရော အလုပ်သမားလို့ ဘီထားတဲ့ငါကို စိတ်ဝင်စားပါ့မလား။ တလွဲတွေ လျှောက်တွေးမနေနဲ့၊ ဇာခြားလူတွေတောင် ထမင်းစားပြီးလို့ စက်ရုံပေါ် ပြန်တက်နေကြပြီ၊ ငါတို့လည်း သွားရအောင်"

"အလုပ်တက်ဖို့ အချိန်လိုပါသေးတယ်ဟာ၊ နင်ကလည်း ရုံးခန်းထဲ မြန်မြန်ဝင်ချင်နေပြီလား"

"ရွှယ်စုး အစွတ်ပလုတ် ဘာဖြစ်နေတာလဲ"

အာခံထက်အရင် လက်က ရောက်သွားသော်လည်း ဒီတစ်ခါ ရွှယ်စုးက ရှောင်တိမ်းလိုက်ပြီးသား ဖြစ်နေသည်။

"ဓခွး အဲ ရွှယ်စုး"

"ဟယ် ထွန်းခင်"

ထွန်းခင်ဆိုသောအသံကြောင့် ဘဒ္ဒ ပျာခနဲ မော့ကြည့်မိ၏။ ထွန်း ခင်ဆိုသည့်လူက ရွှယ်စုးဘက်က ခုံတန်းလေးမှာ ဝင်ထိုင်သည်။ အသား ညိုညို တုတ်တုတ်ခိုင်ခိုင်နှင့် မျက်နှာက ရယ်မလို ပြုံးမလိုစပ်ဖြဖြ။

"ဘ ဘဒ္ဒ သူကလေ ငါပြောတဲ့ ထွန်းခင်ဆိုတာ"

"ပြောမနေနဲ့ မသိချင်ဘူး၊ လာ ထ၊ သွားမယ် ရွှယ်စုး"

"နေ နေပါဦးဟယ်"

ရွှယ်စုးလက်ကို ဖျတ်ခနဲ ဆွဲပြီး ထရပ်လိုက်ပေမယ့် ရွှယ်စုးက





သူ့လက်ကို ပြန်ဆွဲထားသည်။

"နင်ကလည်းဟယ် ငါ မိတ်ဆက်ပေးနေတာပဲဟာ၊ ကောင်း ကောင်းမွန်မွန် ပြန်နှုတ်ဆက်သင့်ပါတယ်"

"မလိုပါဘူး နင့်ကိုငါ ပြောပြီးသားပဲ၊ အဲဒီလူနဲ့ မပတ်သက်ရဘူး ဆို"

"တစ်ရွာတည်းသားချင်း အဲလောက်ကြီး ကင်းကင်းရှင်းရှင်းနေလို့ ဖြစ်မလားဟယ်၊ အသိမိတ်ဆွေတစ်ယောက်အနေနဲ့တော့ ခေါ်ပြောဆက်ဆံ ရမှာပေါ့"

"နင်တို့က ဒီအတိုင်း ရပ်နေမှာမို့လား။ နင်ကိုက အချစ်နလန်ထဖို့ နိုးနိုးတက်နေတာ၊ စက်ရုံပေါ်တက်ဖို့ ခေါ်နေတာတောင် နင့်လူ လာမှာမို့လို့ သွားချင်သေးဘူး ပြောနေတာမဟုတ်လား"

"ကလေးလေး ကျနေတာပဲ ဘဒ္ဒရယ်၊ အဲဒီလောက် တစ်ယူသန် ကြီး ပုတ်ခတ်ဖို့ မကောင်းပါဘူး။ တို့နှစ်ယောက်က ဘာမှလည်း မရိုးမသား ဖြစ်ကြသေးတာ မဟုတ်ဘူး၊ နင် အရမ်းလွန်တာပဲ"

"ဘာ ငါက လွန်တယ် ဟုတ်လား၊ နင် ခုတော့ ငါ့ကိုဒီစကား ပြောပြီပေါ့၊ နင်က အားကိုးရသွားပြီကိုး၊ နင့်လူနဲ့နင် တစ်ဝကြီးစကားပြော နေခဲ့ ရွှယ်စုး၊ ငါ့ကို ဘာမှလာမပြောနဲ့တော့"

"ဘဒ္ဒ ဟဲ့ ဘဒ္ဒ"

ရွှယ်စုး ဘယ်လောက်အော်အော်၊ ဘဒ္ဒ လုံးဝပြန်လှည့်မကြည့်ဘဲ စက်ရုံပေါ်တက်ကာ ရုံးခန်းထဲထိ ကမူးရှူးထိုး ပြေးဝင်လာခဲ့သည်။ ရုံးခန်းထဲ ရောက်မှ စားပွဲပေါ်မျက်နှာမှောက်ပြီး ချုံးပွဲချ ငိုပစ်လိုက်၏။ ရွှယ်စုး ပက်ပက်



www.burmeseclassic.com

www.burmeseclassic.com



လန်ပြန်ပြောလိုက်တာကို ရင်မှာတလှိုက်လှိုက် ဝမ်းနည်းနေမိသည်။

"ဘဒ္ဒ"

နူးညံ့နွေးထွေးလွန်းသော အသံချိုချိုလေးနှင့် လရောင် သူမပန်း လေးကို ဖွဖွလေး ဆုပ်ကိုင်လာသည်။

"ဘာကို အဲလောက် ဝမ်းနည်းနေတာလဲ"

ပုခုံးလေး တသိမ့်သိမ့်လှုပ်ခါအောင် ငိုရှိုက်နေသော ဘဒ္ဒက ဘာ ပြန်မပြောပါ။ အချိန်ကြာလာတော့ မျက်ရည်တွေနှင့် နှပ်တွေရောကာ တ ရွှဲ တရွှတ်ရွှတ် ဖြစ်နေသည်မို့ တစ်သျှူးဘောက်စ်ထဲက တစ်သျှူးတွေ တစ်ရွက်ပြီးတစ်ရွက် ယူပေးလိုက်ရ၏။

သူမက ဆောင့်ဆောင့်အောင့်အောင့် ဆွဲယူသုတ်ပြီး လုံးချေ အမှိုက်ခြင်းထဲကို သေချာချိန်ကာ လှမ်းလှမ်းပစ်သည်။ ကလေးလေးတ ယောက်လို ဆော့ကစားနေရတာကိုများ အောက်မေ့နေသည်လားမသိ။

ရင့်ကျက်မှုမရှိသော ဒီကောင်မလေးက ပိုင်ဆိုင်မှုတွေအများကြီးနှ လုပ်ငန်းကြီးလုပ်ချင်နေတာတဲ့လား။ အသိဉာဏ်ကတော့ မှုကြီးအဆင့်မဟုတ် ပါ။

လူလိမ်မခံရအောင် ပညာတွေရအောင် သူ့စက်ရုံမှာတော ဝန်ထမ်းလာလုပ်နေသေးတာပဲ။

သူမက ငိုလို့ကောင်းဆဲ၊ သုတ်လို့ကောင်းဆဲ တစ်သျှူးတွေလုံးချေ ၍ ဆော့လို့ကောင်းဆဲပါ။

"ဟား ဟား ဟား"

"ခင်ဗျားကြီး ဘာရယ်တာလဲ၊ ဘဒ္ဒကို လှောင်နေတာလား"





"မဟုတ်ပါဘူး မင်းကလေးဆန်တာ ချစ်စရာကောင်းလို့ပါ"

"ဘာ"

"ဘာ ဘာမှမဟုတ်ဘူး၊ မင်း ဘာလို့ငိုလာတာလဲ သိချင်လို့ပါ၊ မင်းပုံစံက အသည်းမာသလိုလိုနဲ့"

သူ ဟျာဟျာသလဲ ငြင်းဆန်လိုက်တော့ သူမက တိခနဲ အငိုတိတ် လျက် မျက်စောင်းဝင့်ကာ

"အသည်းမာတာ ပျော့တာ အပေါ်ယံကြည့်ရုံနဲ့ သိမလား၊ လူဆို ရင် ငိုစရာရှိငို၊ ရယ်စရာရှိရယ် ခံစားတတ်တဲ့သူတွေချည်းပဲ"

"ဟုတ်ပါပြီ အခု မင်းဘာဖြစ်လာတာလဲ"

"ရွှယ်စုးပေါ့ ရွှယ်စုး ရည်းစားရနေပြီ၊ နောက်ဆိုရင် ဘဒ္ဒကို ထားခဲ့တော့မှာ"

"မင်းကလည်းကွာ ဒါငိုစရာလား၊ မင်းနဲ့သွေးရင်းသားရင်းလည်း မဟုတ်ဘူး၊ အရွယ်ရောက်လာတဲ့သူတိုင်းမှာလည်း အချစ်ဆိုတာ ရှိကြတာ ပဲလေ၊ သူ့အချစ်ကို ပိတ်ပင်တားဆီးရင် မင်းအလှည့်ကျ ဝဋ်လိုက်မှာ မ ကြောက်ဘူးလား"

"မကြောက်ပါဘူး၊ ဘယ်တော့မှ ရည်းစားလည်းမထားဘူး၊ ယောကျ်ား လည်းမယူဘူး"

"အာမခံမရပါနဲ့ကွာ၊ မတွေ့ခင်သာ ဒီစကားပြောနိုင်တာပါ၊ အဲလို အပြောကြီးတဲ့လူမျိုးတွေက သူများတွေထက်တောင် ပိုချစ်ပြီး ပိုစွဲလမ်းတာ တယ်လို့ ကြားဖူးတယ်"

"ဟင် တကယ် ခင်ဗျား ဘယ်လိုလုပ်သိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘဒ္ဒချိုက ကလေးဆန်ဆန် လက်ညှိုးလေးထောင်ကာ သူ့ကိုပြန်မေးတော့ သူက ဟက်ခနဲရယ်ကာ

"ကြားဖူးတယ်လို့ ပြောတာလေ၊ ကိုယ်လည်း ဘယ်သူ့မှမချစ်ဘူးလို့ အတွေ့အကြုံတော့ မရှိပါဘူး။ ဒါပေမဲ့ ဒါတွေက သင်ယူလေ့လာစရာမလိုတဲ့အကြောင်းအရာတွေပါ၊ မင်းလည်း တစ်နေ့နေ့ အလိုလိုသိလာမှာပါ၊ အဲဒါကြောင့် ရွယ်စူးကို အပြစ်မတင်ပါနဲ့"

"အဲလို လွှတ်ပေးလိုက်ရင် ရွယ်စူးက ဘဒ္ဒကို ထားခဲ့မှာပေါ့"

"မင်းတစ်ယောက်တည်း ကျန်ခဲ့မှာစိုးရင် မင်းလည်း အချစ်ရှာပေါ့"

"ဘာ ခင်ဗျား ဘာပြောတယ်"

"ဩော် ဟို ဒီလိုပါကွာ၊ ဒီလိုအချစ်ရှိလာတဲ့သူတွေက မင်းလိုသူငယ်ချင်းမပြောနဲ့ မိဘတွေ တားဆီးပိတ်ပင်ခဲ့ရင်တောင် ရတတ်ကြတာမှမဟုတ်တာ၊ အတင်းအကျပ်ဖြစ်လာရင် ချက်ချင်း နိုးရာလိုက်တာတွေ ဘာတွေ လုပ်သွားတတ်တာမျိုးတွေတောင် ရှိတယ်နော်"

"အဟင့် အဟင့် ဟင့်"

"ဟ ဘာဖြစ်တာလဲ၊ ဘဒ္ဒ ဘဒ္ဒ"

သူ့စကားကြောင့် သူမ ပိုပြီး ဝမ်းနည်းသွားသည်ထင်သည်။ ဒါမှမဟုတ် ရွယ်စူး ယောက်ျားနောက်လိုက်သွားလျှင်ဆိုသော အတွေးနှင့် အားငယ်ထိတ်လန့်သွားတာလည်း ဖြစ်နိုင်၏။ သည်းသည်းထန်ထန်ငိုကြွေးပြီး သူ့ကိုလည်း ဂရုမစိုက်နိုင် မရှက်နိုင်တော့ပါ။

သူလည်း ရုံးခန်းထဲ တစ်ယောက်ယောက်ဝင်လာလျှင် ဘယ်လို





တွေ အထင်လွဲသွားနိုင်သလဲ တွေး၍ ခြေမကိုင်မိ လက်မကိုင်မိ ဘာလုပ်ရမှန်းမသိဖြစ်နေရသည်။

အချိန်အတော်ကြာတော့ စားပွဲပေါ် မျက်နှာမှောက်လျက်နှင့် သူမ ငိုသံတိတ်သွားသည်။

ဘဒ္ဒချို အိပ်ပျော်သွားတာလား။ အလုပ်တက်ချိန်လည်း ရောက်နေပြီမို့ ရုံးခန်းထဲကို တစ်ယောက်ယောက် အချိန်မရွေး ဝင်လာနိုင်သည်။

"ဘဒ္ဒ ဘဒ္ဒချို"

ဝင်းဖန့်ဖန့်မျက်နှာလေးပေါ် ကပိုကရို နွှဲ့ကျနေသော ဆံနွယ်လေးတွေကို ဖွဖွရွရွလေး ထိကိုင်၍ ခေါ်နေမိသည်။ နားနားကပ်ခေါ်နေပေမယ့် ဘဒ္ဒချိုက တုတ်တုတ်မျှ မလှုပ်ခါ။

"ဘဒ္ဒ ဘဒ္ဒ"

သူမဘက်က ရှုပ်ရှားညည်းညူသံပင် မရှိတာမို့ သူ နည်းနည်းသွေးပျက်ထိတ်လန့်လာသည်။ သူမ ဒီလောက်အထိ ငြိမ်သက်နေဖို့ မကောင်း။ ရှိုက်သံလေးပင် မကြားရတော့တာမို့ မွေးညင်းစိမ်းနုလေးတွေနှင့် သွေးကြောတွေ ရေးရေးထင်နေသော သူမပါးပြင်လေးကို ခပ်သာသာ ပုတ်ခေါ်ကြည့်၏။

ဟား ဘဒ္ဒချို ဘဒ္ဒချို။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"မင်းတို့နေတဲ့အိမ်က ဘယ်မှာလဲ ရွှယ်စူး"

"ရှင် ဟို ဟို ဘဒ္ဒက သိစေချင်မှာမဟုတ်ဘူး သူဌေး"

"အခုအချိန်မှာ သူသိစေချင်တာ မသိစေချင်တာက အရေးမကြီးဘူးလေ၊ ဆရာဝန်က အရမ်းအားနည်းနေလို့ အိမ်မှာအနားယူရမယ်လို့ မှာလိုက်တယ်မဟုတ်လား။ အခု ဆေးရှိန်နဲ့မှိန်းနေတာ အိမ်အရောက်လိုက်ပို့ပေးရမှာပေါ့"

"ဟိုလေ ရွှယ် ရွှယ်စူး တက္ကစီကားနဲ့ ခေါ်သွားလိုက်ပါ့မယ်"

လရောင် အိမ်လိုက်လာတာသိလျှင် ဘဒ္ဒ ပြဿနာရှာ အပြစ်တင်ခံရမှာစိုး၍ ရွှယ်စူး ကြောက်ကန်ကန်ပြောနေမိသည်။ လရောင်က လက်ခံမည့်ပုံမပေါ်ပါ။ ဘဒ္ဒကို အစိုးရိမ်ကြီး စိတ်မချနိုင်ဖြစ်နေတာ မျက်နှာမှာ ပေါ်လွင်နေသည်။

ရုံးခန်းထဲမှာ ဘဒ္ဒ သတိလစ်မေ့မြောနေတော့ ဓာတ်လိုင်းထဲမှာ





အလုပ်လုပ်နေသော ရွှယ်စူးကို သူကိုယ်တိုင် ရေးကြီးသုတ်ပျာနှင့် လာခေါ်သည်။ သူ့ကားနှင့်ပင် ဆေးခန်းကိုလိုက်ပို့ပြီး ဘဒ္ဒ ဆေးသွင်းနေချိန်မှာလည်း စိတ်ရှည်ရှည်နှင့်စောင့်ပေးသည်။ သတိရလာသော်လည်း အားနည်းလွန်းသည် ဘဒ္ဒက ဘာစကားမှ မပြောနိုင်ဖြစ်နေတာကို ယောက်ယက်ခတ်ပူပန်နေပြီး ဆေးရှိန်နှင့် အိပ်ပျော်သွားသော ဘဒ္ဒကို ကားပေါ်မွေ့ချီတင်၍ အိမ်လိုက်ပို့ဖို့ လုပ်နေပြန်သည်။

ဘဒ္ဒ နိုးလာလျှင် ရှေ့မအကြောင်း လရောင် သိသွားပြီဆိုပြီး သူမကို အပြစ်တင်လို့ဆုံးမှာမဟုတ်။

"ဒီ ဒီအတိုင်း မသိချင်ယောင်ဆောင်ပေးပါဦးလား သူဌေးရယ်၊ သူဌေးကို သူအရမ်းကြီး ယုံကြည်မှုမရှိသေးတဲ့အချိန်မှာ ဘာမှမသိသလို နေလိုက်တာကောင်းမယ်ထင်ပါတယ်"

"ကိုယ် သူ့ကိုစိတ်မချဘူး ရွှယ်စူး။ မိဘအရိပ်မှာ မဟုတ်တဲ့အတွက် ပစ်စလက်ခတ် မထားခဲ့နိုင်ဘူး။ သူ နိုးလာလို့ ပြဿနာရှာရင် ကိုယ် ကြည့်ကောင်းအောင် ရှင်းပေးပါ့မယ်၊ မင်းကို အပြစ်မတင်စေရပါဘူး"

"ဟင့်အင်း ရွှယ်စူးကို အပြစ်တင်မှာ ရွှယ်စူး မကြောက်ပါဘူး။ သူ့ကိုယ်သူ ဟုတ်လှပြီဆိုပြီး ဖုံးဖိထားတဲ့ဟာတွေ သူဌေး သိသွားရင်သာ သူ အရမ်းရှက်သွားမှာ စိုးရိမ်တာ"

"ဘာ ကိုယ် နားရှင်းအောင် ပြောပါလား"

"ဒြော် အရင်က ဘယ်လိုကိစ္စပဲဖြစ်ဖြစ် ဘာအလုပ်ပဲဖြစ်ဖြစ် ဘဒ္ဒချို့ ကြာရှည်စိတ်မဝင်စားခဲ့ဘူး။ အခု သူဌေးရဲ့လက်အောက်မှာ သူ့ အခစားဝန်ထမ်းလုပ်နေရတာကို ပျော်နေသလိုပဲ၊ ဒါဟာ ယုံကြည်မှုမဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးနော်၊ သူ့ဒွေးရဲ့သင်ပြုသိမ်းသွင်းမှုတွေကို သဘောကျနေတာလို့ ရွှယ်စုး ထင်တယ်"

ရွှယ်စုးစကားကြောင့် ကားစတီရာရင်ပေါ် တင်ထားသော သူ့ လက်တွေတောင် ကတုန်ကယင်ဖြစ်သွားရ၏။ ရင်တွေလည်း တလှပ်လှပ် ပရမ်းပတာနှင့်ပါ။ ဒါပေမဲ့ သူ ဘာကြောင့် ခေါင်းရမ်းမိသွားသလဲ မသိ။

"သူ ကိုယ့်အပေါ် သဘောကျတယ်၊ စိတ်ဝင်စားတယ်လို့ ကိုယ် လုံးဝမထင်မိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ ကိုယ့်အပေါ် နူးညံ့သိမ်မွေ့မှုနဲ့ တစ်ခါမှ မဆက်ဆံဖူးဘူး၊ အလုပ်ရှင်တစ်ယောက်ရယ်လို့လည်း ဒီနေ့ထိ လေးလေးစားစား မရှိခဲ့သေးပါဘူး"

"ဒါက ဘဒ္ဒချိရဲ့စတိုင်လေ၊ အရာရာပြည့်စုံမှုရှိတဲ့မိန်းမတစ်ယောက်ရဲ့ ဆွဲဆောင်မှုလို့လည်း ပြောလို့ရတယ်"

"ကဲပါ အဲဒါတွေ နောက်မှပြောလို့ရတယ်၊ အခု မင်းတို့နေတဲ့ အိမ်လိပ်စာသာပြော၊ ဟုတ်ပြီလား"

"ဟင်း ခက်ပါလား သူ့ဒွေးရယ်"

ဖွတ်တရွတ်နိုင်လွန်းသော လရောင်ကို ဖြစ်ချင်ရာဖြစ် မျက်စိမှိတ်၍ အိမ်လိပ်စာ ပြောလိုက်ရသည်။

ကားလေးက ကတ္တရာလမ်းမပေါ်မှာ တရိပ်ရိပ်ပြေးလို့ပါ။ လမ်းတစ်လျှောက်လုံး ကားမောင်းနေရင်းနှင့် ဘဒ္ဒချိမျက်နှာလေးကို လရောင် အရိပ်တကြည့်ကြည့်နှင့်။

အိမ်ကိုရောက်တော့ ဘဒ္ဒချိကိုယ်လေးကို ခွေ့ခနဲ ပွေ့ချီ၍ အိပ်ခန်းထဲထိ လိုက်ပို့သည်။ ဘဒ္ဒချိ အိပ်ရာကနိုးပြီး ဘာမှမဖြစ်ဘူးဆိုမှ ပြန်မည်လို့လည်း ပေကတ်ကတ်ပြော၏။





ရွှယ်စုးက ဦးသီဟဇော်ဆီ အကျိုးသင့်အကြောင်းသင့် ဖုန်းဆက် အသိပေးဖို့ပြောတော့လည်း

"နောက်မှ အန်ကယ့်ဆီကို ကိုယ်ကိုယ်တိုင်သွားပြောလိုက်ပါ့မယ်၊ အခုပြောလိုက်ရင် အန်ကယ်စိတ်ပူပြီး လိုက်လာရင် ပြဿနာတွေ ပိုကြီးသွားလိမ့်မယ်"

"အန်ကယ်က သူ့သမီးကို အရမ်းစိုးရိမ်ကြီးတာ၊ ဘာဖြစ်ဖြစ် အသိပေးလိုက်တာကောင်းမယ်ထင်တယ်၊ နောက်မှသိရတယ်ဆိုရင် ရွှယ်စုးကိုရော သူ့ဒွေးကိုရော အန်ကယ် အပြစ်တင်နေဦးမယ်"

"မင်း နေရာတကာ တွေးကြောက်မနေနဲ့ ရွှယ်စုး၊ ပြဿနာဆိုတာ အခုရှင်းသင့်တာကို ရှင်းရတယ်၊ နောက်မှ ရှင်းသင့်တာဆိုလည်း နောက်မှ ရှင်းရတယ်၊ ဘဒ္ဒ နိုးမလာခင် ကိုယ်ဒီမှာရှိနေမှာပဲ၊ ပြော် ကိုယ့်ကို သူ့ဒွေး သူ့ဒွေးလို့ ခေါ်မနေနဲ့ နာမည်ပဲခေါ်"

"ဟုတ် ဟုတ်ကဲ့ပါ"

ရွှယ်စုး ဘာပြောပြော နားလည်လက်ခံမှာမဟုတ်တာမို့ ဘဒ္ဒအတွက်အားရှိအောင် ကြက်ပေါင်းရည်ပြင်ဆင်ဖို့ မီးဖိုခန်းဘက် ထွက်လာခဲ့သည်။

ဒီအချိန်မှာ လရောင်ကို ဘယ်လိုမှဖျောင်းဖျမရနိုင်တော့မှန်းသိလိုက်သည်။ လရောင်ဘက်က ဒီအခြေအနေမျိုးလေး ဖြစ်လာတာကို ဦးသီဟဇော်သိလျှင်လည်း ကျေနပ်နေပေလိမ့်မည်။ ရွှယ်စုးလည်း ဘဒ္ဒချိအတွက် ကြည်နူးပီတိ ဖြစ်မိတာပါပဲ။ ထိုပြောင်းလဲမှုက ဘဒ္ဒနှင့်သာ သက်ဆိုင်လျက်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဟင် ခင် ခင်ဗျား ဘဒ္ဒအခန်းထဲ ဘယ်လိုလုပ်ရောက်နေတာလဲ၊ ဒီအိမ်ကို ဘာလို့လိုက်လာတာလဲ"

စူးစူးဝါးဝါး အော်ရင်း ဘဒ္ဒချို အိပ်ရာခုတင်ပေါ်က လူးလဲထသည်။ သူမ ခုတင်အနီးမှာ ခုံပုလေးနှင့်ထိုင်ရင်း ငိုက်မျဉ်းမှေးစင်းနေမိသော လရောင် မျက်လုံးတွေလည်း သူမအသံကြောင့် လန့်ဖျပ် ပြူးကျယ်သွားရ၏။

"ဘာလို့လာတာလဲ၊ ဘာလို့လိုက်လာတာလဲလို့"

"စိတ်ကို ငြိမ်ငြိမ်ထားပါ၊ ဘဒ္ဒရယ် မင်းအရမ်းအားနည်းပြီး သတိလစ်လို့ ကိုယ်ဆေးခန်းလိုက်ပို့တယ်၊ စိတ်မချလို့ အိမ်အထိလိုက်ပို့တယ်၊ ကိုယ် ဘာမှားယွင်းသွားလို့လဲ"

"မှားတာပေါ့ အရမ်းမှားတာပေါ့၊ အလုပ်ရှင်ရဲ့တာဝန်ဝတ္တရားအရ ဆေးခန်းလိုက်ပို့ပြီး ကိုယ့်ဘာသာပြန်ပေါ့၊ အ အခု ဘဒ္ဒအခန်းထဲထိ ရွှယ်စူး ဘယ်ရောက်သွားလို့လဲ ရွှယ်စူး"





ဘဒ္ဒချို သွေးရူးသွေးတမ်း ဖြစ်နေသည့်ပုံစံဖြင့် ခုတင်ပေါ်ကဆင်းပြီး ရွှယ်စူးနာမည်ကို အကျယ်ကြီးအော်သည်။

ဘဒ္ဒချိုလက်ကို လရောင် ဖျတ်ခနဲ ဆွဲ၍ ပြန်ထိုင်ခိုင်းလိုက်ကာ

"ဘာလို့ အဲလောက်အော်နေတာလဲ၊ မင်းအတွက် ကြက်ပေါင်းဆီလုပ်ပေးခိုင်းပြီး သူလည်း အရမ်းပင်ပန်းနေလို့ ခဏအနားယူခိုင်းထားတယ်"

"အို ဘယ်လိုဖြစ်ဖြစ် ဘဒ္ဒအနားမှာ ရွှယ်စူးပဲရှိရမှာပေါ့၊ ခင်ဗျားကို ရွှယ်စူး အိမ်လိပ်စာ ပြောပြီးခေါ်လာတာမဟုတ်လား"

"မင်း ရွှယ်စူးကို အရမ်းကြီး အပြစ်တင်မနေနဲ့၊ သူ ဖွတ်အတောင်းခိုင်းနေတဲ့ကြားက သူ့ကို အကျပ်ကိုင်အနိုင်ကျင့်ပြီး ကိုယ်လိုက်လာခဲ့တာ၊ ကိုယ့်ကို မင်းပိုင်ဆိုင်မှုတွေမြင်ပြီး လောဘတွေတက် လိမ်လည်မယ့်ကောင်လို့ ထင်နေတာလဲ၊ မင်း ဘယ်လောက်ချမ်းသာချမ်းသာ ကိုယ်မက်မောစရာ အကြောင်းမရှိဘူး"

အဲလိုကြောင့် မဟုတ်ဘူးလို့ ပြောထွက်လိုက်ချင်ပေမယ့် ဘာကြောင့် ဘာလို့ ဖြေရှင်းဖို့လည်း စကားစရှာမရချေ။

သူမ မျက်လုံးဖွင့်လိုက်ချိန်မှာ လရောင်ကိုမြင်တွေ့လိုက်ရ၍ လန့်ဖျပ်တုန်တက်သွားရသလို ရင်တွေလည်း ဆတ်ဆတ်ခုန်သွားရ၏။ သူမတို့ အကွယ်လျှို့ဝှက်ထားသမျှ သိသွားပြီ၊ သူလျှို့တွေအဖြစ် အထင်မြင်သေးခံရမှာလည်း စိုးရိမ်သည်။

"ခင် ခင်ဗျားကြီး ပြန်တော့၊ ဘဒ္ဒတို့နဲ့မပတ်သက်ဘူး၊ မသိခဲ့ဘူးလို့ သဘောထားပြီး မေ့ထားလိုက်ပါ၊ ဘဒ္ဒတို့လည်း ခင်ဗျားကျေးဇူးကို



www.burmeseclassic.com

www.burmeseclassic.com



မလာတော့ဘူး''

''မင်း အဲလိုလုပ်လို့ မဖြစ်ဘူး။ မင်း ငါ့ဆီက ပညာစုံမှမတတ်သေးတာ၊ ဘဒ္ဒတို့ ဒီပုံစံမျိုးနဲ့ ခင်ဗျားစက်ရုံကိုရောက်တာ စီးပွားပြိုင်ချင်လို့ သူလျှိုလာလုပ်တာ မဟုတ်ပါဘူး''

''ကိုယ်သိပါတယ်ကွာ၊ အခု မင်းကို အပြစ်တင်နေလို့လား။ အဲ ကိစ္စနဲ့ပတ်သက်ပြီး မင်းစိတ်ထဲမှာ ဘာမှမထားနဲ့၊ အခု မင်းနေကောင်းအောင် နေ၊ ပြီးရင် ကိုယ့်စက်ရုံကို ပြန်လာ''

''ဟင် ဟင့်အင်း။ မလာတော့ဘူး''

''ဘဒ္ဒ''

ပူဆွေးရှိုန်းမြနေသော ဘဒ္ဒ လက်ဖဝါးနုနုလေးကို သူ အားနှင့်ဆုပ်ညှစ်ပစ်လိုက်တာ သူမ မျက်ဝန်းတွေထဲ စူးစူးနစ်နစ် စိုက်ကြည့်ပစ်လိုက်သည်။

''ဘာလုပ်တာလဲ ဖယ်ပါ၊ သူများအိမ်လည်း လာသေးတယ် အဲလို အခွင့်အရေးမယူနဲ့''

''ကိုယ် အခွင့်အရေးယူနေတာ မဟုတ်ဘူး''

''ဒါဆို မိန်းကလေးတွေချည်းနေတာဆိုပြီး အနိုင်ကျင့်မလို့လေ''

''မဟုတ်ဘူး မင်းပြောတာတွေ တစ်ခုမှမဟုတ်ဘူး၊ မင်းဘာ ကိုယ့်ကိုမယုံမကြည် အထင်သေးနေရတာလဲ၊ ကိုယ်က မင်းပိုင်ဆိုင်မှုတွေ လောဘတက် မက်မောပြီး မင်းကိုအခွင့်အရေးယူ သွေးဆောင်ဖြားယောင်း နေတယ်လို့ ထင်နေတာလား။ ကိုယ်က ကိုယ့်အရည်အချင်းနဲ့ကိုယ် တိုးတက် ကြီးပွားအောင်မြင်အောင် လုပ်နိုင်တဲ့ကောင်ပါကွ''





''သိပါတယ်''

''သိတယ်ဆိုရင်လည်း မယုံသင်္ကာမျက်လုံးအကြည့်တွေကို ပြန်ရုပ်သိမ်းပါလားကွာ၊ ကိုယ် မင်းကို စီးပွားရေးလုပ်ငန်းတွေ သင်ပြပေးနေတယ်ဆိုတာလည်း မင်းကို စေတနာသန့်သန့်နဲ့ တတ်မြောက်စေချင်လို့ပါ''

''ဘဒ္ဒတို့ ချမ်းသာတယ်ဆိုတာ ခင်ဗျား အစတည်းက သိနေတာလား''

''ဟင် ဟို အဲဒါကလေ''

သူ အမှန်အတိုင်းပြောလို့ ဖြစ်ပါ့မလား။ ဦးသီဟဇော် လက်ထပ်သိုက်သည့်မိန်းမက သူ့အစ်မဝမ်းကွဲဆိုတာသာ သိသွားလျှင် သူမ ဘယ်လိုတွေ ပေါက်ကွဲခံစားသွားရနိုင်သလဲ။

ဒီအချိန်လေးမှာ ထိုကိစ္စတွေ ရှုပ်ထွေးမသွားစေချင်။ ဟင်းခနဲ သက်ပြင်းချ၍ သူမလက်ကလေးကို လွှတ်မပေးဘဲ

''မင်း ကိုယ့်ကို ခင်ဗျား ခင်ဗျားဆိုတဲ့ နာမ်စားကြီးသုံးနေတာ အရမ်းရိုင်းလွန်းမနေဘူးလားကွာ၊ ကိုယ့်မှာ လရောင်ဆိုတဲ့နာမည်ရှိတာပဲ၊ နာမည်ခေါ်ပေါ့''

''မခေါ်ချင်ပါဘူး၊ လရောင်တဲ့ နာမည်က တင်စျောင်စီးစီး''

''အဲဒါဆိုလည်း နာမ်စားတစ်ခုခု ပြောင်းခေါ်ကွာ''

''ဘယ်လိုခေါ်ရမှာလဲ''

''ကိုကို''

''ဘာ''

''ဟုတ်တယ်လေ ကိုယ်က မင်းထက် အသက်ကြီးတယ်၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အလုပ်ရှင်သူဌေးကို ခင်ဗျားလို့ သုံးနှုန်းပြောဆိုနေတာ မင်းကိုယ်မင်း ယဉ်ကျေးမှုရှိတယ် ထင်နေလား။ ပညာတတ် အဆင့်အတန်းရှိတဲ့ မိန်းက လေးက ယဉ်ကျေးမှုတော့ ရှိရမှာပေါ့''

''ယဉ်ကျေးမှုရှိအောင် ခင်ဗျားကို အဲ ရှင့်ကို ကိုကိုလို့ခေါ်ရမယ် ပေါ့၊ မခေါ်နိုင်ပါဘူး အဲလို နာမ်စားက သွေးသားရင်းချာ မောင်နှမတွေ ချစ်သူရည်းစားတွေမှ ခေါ်ကြတာ၊ ရှင်နဲ့ဘဒ္ဒက ဘာပတ်သက်မှုရှိလို့လဲ''

''မင်းဘက်က ပတ်သက်မှုမရှိပေမယ့် ကိုယ့်ဘက်က ပတ်သက် ချင်နေတယ်လေ''

''ဘာ ဘာပတ်သက်ချင်တာလဲ''

ချစ်လို့ပါလို့ လွှတ်ခနဲ ပြောထွက်လိုက်ချင်သည်။ သူမပိုင်ဆိုင်မှု တွေကြောင့် မက်မောတွယ်ကပ်ချင်နေတာလို့များ ထင်မြင်ယူဆသွားမလား။

''ပြောလေ ဘာပတ်သက်ချင်တာလဲလို့''

''ဟို ဘာ ဘာမှမဟုတ်တော့ပါဘူး၊ မင်းနေကောင်းတယ်ဆိုရင် ကိုယ်ပြန်တော့မယ်၊ ရွှယ်စူးကို ကြက်ပေါင်းရည် ယူလာခိုင်းလိုက်မယ်နော် မင်းအားရှိအောင် သောက်လိုက်ပါ''

သူမ လက်ကလေး မလွှတ်ချင်လွှတ်ချင်နှင့် သက်ပြင်းရှိုက်ရင်း လရောင်က ရပ်တော့ သူမ ကပျာကသီ တိုင်ကပ်နာရီကြီးကို လှမ်းကြည့် မိလိုက်သည်။

''ဟင် ည ဆယ်နှစ်နာရီတောင်ကျော်နေပြီ၊ ဒီအချိန်မှ လှိုင်သာ ယာဘက်ထိ ပြန်လို့ဖြစ်ပါ့မလား။ ရှင် ညစာရော စားပြီးပြီလား''

''ဟင့်အင်း မစားရသေးဘူး။ အိမ်ရောက်မှ ခေါက်ဆွဲထုပ်ဘာညာ





မှုတ်သောက်လိုက်ရင် ဖြစ်ပါတယ်''

''အဲဒါဆို ဘဒ္ဒတို့အိမ်မှာလည်း ခေါက်ဆွဲထုပ်တွေရှိတာပဲ၊ ရှင် စားသောက်ပြီးမှ ပြန်ချင်ပြန်ပါ၊ ဘဒ္ဒကြောင့် ရှင်လည်း အရမ်းပင်ပန်းနေမှာ''

''ရပါတယ် မင်း ဘာမှမဖြစ်တော့ဘူးဆိုရင်ပဲ ကိုယ် ပင်ပန်းရကျိုး နပ်ပါတယ်၊ အခု မင်းနေကောင်းသွားပြီဆိုတော့ ကိုယ် အရမ်းစိတ်ချမ်းသာ သွားပြီ''

''ကဲပါ ဘာမှပြောမနေတော့နဲ့ ရှင်တစ်ခုခုစားသောက်ပြီးမှ ဘဒ္ဒ လည်း စိတ်ချမ်းသာမှာ၊ ရွှယ်စူးကိုနှိုးပြီး တစ်ခုခု လုပ်ခိုင်းလိုက်မယ်''

ဘဒ္ဒချို ဆိုးဆိုးဆတ်ဆတ်နှင့် အခန်းပြင်ထွက်လာတော့ လရောင် သူမနောက်မှ ထွက်လိုက်လာသည်။

အားကိုးရသော ရွှယ်စူးက အောက်ထပ်ဧည့်ခန်းဆိုဖာခုံပေါ်မှာ အချိုးရှုံး အိပ်မောကျလို့ပါ။

''ဟဲ့ ရွှယ်စူး ထစမ်း ထ တော်တော်အားကိုးရတယ်၊ စားစရာ တစ်ခုခုလုပ်ပေးဦး''

''ဟင် နင့်အတွက် ကြက်ပေါင်းရည်ရှိတယ်လေ၊ ငါ ရှယ်လုပ်ပေး ထားတာ၊ နင်က ဘာစားချင်လို့လဲ၊ အိမ်မှာ ကြက်သားချောင်းနဲ့ ခေါက်ဆွဲ ထုပ်တွေပဲ ရှိတယ်''

ရွှယ်စူးက ကယောင်ကတမ်း ကမူးရှူးထိုးဖြင့် မျက်လုံးတွေကို ပွတ်သပ်ပြီး ပြောနေသည်။ ဘဒ္ဒချို ခေါက်ခနဲ ခေါင်းကိုခေါက်လိုက်မှ ရွှယ်စူး မျက်လုံးကျယ်သွားကာ

''ဟယ် သူဌေး အခုချိန်ထိ မပြန်ရသေးဘူးပေါ့၊ ရွှယ်စူး ဧည့်ခန်း

www.burmeseclassic.com



ထဲမှာ ထိုင်စောင့်နေရင်းနဲ့ မှေးခနဲ အိပ်ပျော်သွားတာ ထင်တယ်၊ ရွှယ် ရွှယ်စူး ဘာလုပ်ပေးရမလဲဟင်''

''ဘာမှ လုပ်မပေးနဲ့တော့၊ ခေါက်ဆွဲထုပ်နဲ့ ကြက်သားချောင်းနှ[illegible] တယ်ဆိုရင် ကိုယ့်ဘာသာ ကြော်စားလိုက်မယ်''

''ဟင် ရှင်က ကြော်တတ်တယ်ပေါ့''

''အိမ်မှာဆို ကိုယ့်ဘာသာ ချက်ပြုတ်စားနေတာပဲကွ၊ အိမ် အစောင့်ခေါ်ထားတဲ့ ကောင်လေးကလည်း ဘာမှလုပ်တတ်တာ မဟုတ်ဘူး ဆိုင်က အစားအသောက်တွေ မစားချင်တဲ့နေ့ ကိုယ့်ဒုက္ခနဲ့ကိုယ်ပေါ့''

''ဩော် ပညာစုံတတ်တယ်ပေါ့၊ ဘဒ္ဒတို့ကိုတော့ မမြူစားနဲ့နော်''

''အပြုစားမခံချင်ရင် ကိုယ် ခေါက်ဆွဲကြော်ပြီးရင် မင်းတို့ မစား ကြနဲ့ပေါ့''

''မစားပါဘူး ရှင့်ဘာသာ ကြော်ပြီး ရှင့်ဘာသာစားပြီးပြန်''

''မင်း နှင်မထုတ်လည်း ပြန်မှာပါကွာ၊ ကိုယ်ကြော်တဲ့ခေါက်ဆွဲ ကြော်သာ မင်းတို့မစားကြနဲ့''

''အောင်မယ်လေး မစားပါဘူး။ ရွှယ်စူး ငါ့ဖို့ ကြက်စွပ်ပြုတ်ထည့် ပေး။ ငါ ဗိုက်အရမ်းဆာနေပြီ''

ဆေးရှိန်နဲ့ အိပ်ပျော်သွားပေမယ့် သူမဗိုက်တွေဆာ၊ ရင်တွေပူပြီး နိုးလာခဲ့တာပါ။ နိုးနိုးချင်း လရောင်ကို မြင်တွေ့လိုက်ရလို့ ဆာလောင်မွတ်သိပ် မှုတွေ မေ့ပျောက်သွားပေမယ့် အခုတော့လည်း ရင်တစ်ခုလုံး ပူလောင်အေ အောင် ဆာနေပြန်သည်။

သုံးယောက်လုံး မီးဖိုခန်းထဲရောက်လာတော့ လရောင်က သူ့အိ[illegible]





သူ့ရာလိုပင် ရေခဲသေတ္တာထဲက ခေါက်ဆွဲကြော်ထုပ်တွေ အသီးအရွက်တွေ အသားခြောက်တွေယူပြီး ကြော်လှော်ဖို့ သွက်သွက်လက်လက်ပင် ပြင်ဆင် နေသည်။

ဘဒ္ဒက ရွှယ်စူးထည့်ပေးသော ကြက်စွပ်ပြုတ်ကို နှာခေါင်းတရှုံ့ရှုံ့ ဖြင့် သောက်နေရ၏။ ကြက်စွပ်ပြုတ်က လူမမာစော်နံသလို အညှီနံ့ကြောင့် အန်ချင်သလိုကြီးလည်း ဖြစ်နေသည်။

ရွှယ်စူးက ထိုင်ခုံတစ်လုံး ဆွဲကိုင်ပြီး ငိုက်မျဉ်းလို့။

''ဟား မွှေး မွှေးလိုက်တာ''

တရှဲရှဲ ကြော်လှော်သံကြားနေရပြီး ခေါက်ဆွဲကြော်နံ့ တသင်းသင်း [illegible] နှာခေါင်းဝထဲ တိုးဝင်လာသည်မို့ စိတ်မထိန်းနိုင်ဘဲ လွှတ်ခနဲ အသံထွက် [illegible]လိုက်မိသည်။

ရွှယ်စူးလည်း မျက်လုံးပွင့်လာကာ နှာခေါင်းတရှုံ့ရှုံ့လုပ်၍ အနံ့ခံ [illegible]သည်။ လရောင်က ခေါက်ဆွဲကြော်တွေကို ပန်းကန်ပြားခပ်ကြီးကြီးနှင့် [illegible]ကာ ဖွန်းခက်ရင်းတွေ တူတွေဖြင့် စားပွဲတင်လိုက်ပြီး စားဖို့သောက်ဖို့ [illegible]ဆင်နေ၏။

ရွှယ်စူးက သွားရည်တမြားမြားဖြစ်နေသလို ဘဒ္ဒလည်း ခေါက်ဆွဲ ကြော်ပန်းကန်ကို အာသာငမ်းငမ်း မျက်လုံးမလွှဲတမ်း ကြည့်နေမိသည်။ [illegible]သည်က သူ့ဘာသာလုပ်စားနေတာမို့ ကျွေးပါဦးလို့လည်း တောင်းစား [illegible]ကောင်း။

မျှော်နေလို့လည်း မသင့်တော်သဖြင့် တံတွေးတွေသာ ဂလု[illegible] [illegible]နေရသည်။ လရောင်က သူမတို့ရှေ့မှာပင် မြိန်ရေယှက်ရေ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဆွဲသည်။

"အဲ အဲဒီခေါက်ဆွဲကြော်က စားကောင်းလားဟင်"

မနေနိုင် မထိုင်နိုင် ဘဒ္ဒချို မေးလိုက်တော့ လရောင် မျက်ခုံးတစ်ချက်ပင့်ကြည့်ကာ

"ကောင်းတာပေါ့၊ အခုလို ဆာလောင်မွတ်သိပ်နေတဲ့အချိန်မျိုးမှာ ပူပူလောင်လောင် အစားအသောက်က ဘာကြီးဖြစ်နေနေ အရမ်းအရသာရှိတာကွ၊ အသားချောင်းတွေနဲ့ ခေါက်ဆွဲကြော်လိုက်တာဆိုတော့ ဆွေမျိုးမေ့လောက်တဲ့ နတ်သုဒ္ဓါစားရသလိုပဲ"

"ဟို ရှင်ပြောတာ ဟုတ်မဟုတ် မြည်းကြည့်လို့မရဘူးလားဟင်"

"ဩော် မင်းစားကြည့်ချင်လို့လား"

"အင်း"

သူ့မ ဟန်မဆောင်နိုင်အောင် ခေါင်းညိတ်ပြတော့ လရောင်က လုပ်ငန်းကြီးလုပ်ရမှာလိုလို နားထင်ကို လက်ညှိုးနှင့်ထောက်၍ စဉ်းစားခန်းဖွင့်သည်။ ပြီးမှ

"ကိုယ်က မင်းစားချင်တာကို ကျွေးရမှာဆိုတော့ အပေးအယူတော့ ရှိတယ်ကွ"

"ရှင်ကလည်း ခေါက်ဆွဲကြော်လေးစားဖို့အရေး အပေးအယူလုပ်ဦးမှာလား"

"လုပ်ရမှာပေါ့ကွ၊ ဒီအချိန်မှာ ဒီလိုခေါက်ဆွဲကြော်မျိုး မင်းဘယ်သွားပြီး ဝယ်စားမှာလဲ၊ ဝယ်လို့ရတယ်ဆိုရင်တောင် အချိန်ကုန်မယ်၊ ငွေပင်ပန်းမယ်၊ အဲဒီတော့ ဒီခေါက်ဆွဲကြော်ရဲ့တန်ဖိုးကို မင်းမှန်းကြည့်လိုက်"





"အောင်မယ်လေး စီးပွားရေးသမားလို့ မပြောရဘူး၊ တွက်ချက်နေလိုက်တာ၊ ကဲ ပြောပါ ဘယ်လိုအပေးအယူလဲ"

"မင်းကို ခုနက ကိုကိုလို့ခေါ်ခိုင်းထားတယ်လေ၊ ကိုကို တစ်ခွန်းခေါ်ရင် ကျွေးမယ်"

"အယ် ရွှယ်စုးရေ့မှာ အဲလိုကြီး ပြောရလား၊ ယုတ်မာလိုက်တာ"

ဘဒ္ဒမျက်နှာလေး ပန်းသွေးရောင်ပြေးလျက် ထူပူနီမြန်းသွားသည်။ ရွှယ်စုးက မျက်လုံးလည်းပြူး ပါးစပ်ကလည်း အဟောင်းသားနှင့် ကိုကိုဆိုသော နာမ်စား၏အတိမ်အနက်ကို နားမလည်နိုင်ဖြစ်နေသည်။

လရောင်က ဇွန်းခက်ရင်းကို ခေါက်ဆွဲကြော်ပန်းကန်ပေါ်ချ၍ ခပ်လွှင့်လွှင့်ပြုံးကာ

'မင်းက ဘာတွေ အတွေးပေါက်သွားတာလဲ၊ ကိုယ့်ကို ခြင်ဗျားကြီး သုံးနှုန်းနေတာ နားထဲမှာ ကန့်လန့်တိုက် ယဉ်ကျေးမှုမရှိလို့ မင်းကို နာမ်စားတစ်ခု ပါးစပ်ထဲတွေ့အောင် ခေါ်ခိုင်းထားရတာယ်လေ၊ အပန်းကြီးတာလည်းမဟုတ်ဘဲနဲ့၊ မခေါ်ချင်နေပေါ့၊ ဒီခေါက်ဆွဲကြော် တစ်ပန်းကန်တတော့ ကိုယ့်ဗိုက်ထဲအသာလေး လောင်းထည့်လိုက်ရုံပဲ"

"နေ နေပါဦး ရှင်ကလည်း"

"ရှင်ကလည်း မပြောနဲ့၊ ကိုကိုကလည်းပြော"

လရောင် ခေါက်ဆွဲကြော်တစ်ပန်းတန်နှင့် မာန်တက်နေကာ ညည်းမန်းနှိပ်စက်အကျပ်ကိုင်နေသည်။ ရွှယ်စုးကို အားကိုးတကြီး လှည့်ကြည့်တော့ ခေါ်လိုက်ပါဆိုသည့်သဘောမျိုးဖြင့် မျက်ခုံးပင့် မေးငေါ့ပြသည်။ ဘဒ္ဒ ရင်ထဲမှာလည်း ကိုကိုလို့ခေါ်ဖို့အရေး တလှုပ်လှုပ်နှင့် ဖျော့ချပ်ခါလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကို ကိုကိုလို့ခေါ်ရင် ရှင်တကယ်ကျွေးမှာလား"

"အခုခေါ်လိုက် အခုကျွေးမယ်"

"ရှင်နော် သူများဗိုက်နက်ထဲလာပြီး အနိုင်ကျင့်နေတာ၊ ဒါက ဘဒ္ဒတို့အိမ်ကဟာတွေချည်းပဲ၊ ရှင်မကျွေးလည်း လုစားလို့ရတယ်၊ ဒါပေမဲ့ မရိုင်းချင်လို့ သိလား"

"ဘဒ္ဒရယ် အဲဒါတွေ ပြောမနေပါနဲ့ ကိုကိုလို့ခေါ်ရတာပဲ အသားမှဲ့ ပါသွားတာမှမဟုတ်တာ၊ ခေါက်ဆွဲကြော်စားရဖို့အရေးကြီးတယ်၊ ခေါ်လိုက် ခေါ်လိုက်"

"အေးလေ ပဲများနေတာ"

လရောင်နှင့်ရွှယ်စုး အတိုင်အဖောက်ညီနေတာကို ဘဒ္ဒချို မျက်စောင်းဝင့်ပြီး ခေါက်ဆွဲကြော်ပန်းကန်ကို လှမ်းကိုင်သည်။ လရောင်က ဖျတ်ခနဲ ပြန်ဆွဲထားကာ

"ခေါ်ရင် ကျွေးမယ်လေ၊ ဘာလို့ဆွဲတာလဲ"

"ခေါ်မလို့ ဆွဲတာပေါ့"

"အေး ခေါ်"

"ကိုကို"

"ချွင် ချွင်"

ကိုကိုဆိုသော ငြိမ်းညောင်းပျော်ဝင့်နေသည့်အသံလေးက လရောင်နားထဲ တစိမ့်စိမ့် စီးဝင်သွားကာ ခြေဖျားလက်ဖျားတွေပါ တုန်ခါသွားသည်မို့ လက်နှင့်ဖိမိသော ဖွန်းခက်ရင်းတွေ သံပတ်လင်းပေါ် ချွင်ခနဲ ချွင်ခနဲ လွတ်ကျကုန်လေသည်။





ရွှယ်စုးက လှစ်ခနဲ ကုန်းကောက်ပြီး ဖွန်းခက်ရင်းတွေကို ဘေစင်မှာသွားဆေး၍ ဘဒ္ဒချိုလက်ထဲရောက်သွားသော ခေါက်ဆွဲကြော်တွေ အားပါးတရ စားနေသည်။

ဘဒ္ဒချိုကလည်း အလုအယက် ကောင်းကောင်းဆွဲ၏။ ခေါက်ဆွဲကြော်အနည်းငယ်သာ ဝင်သေးသော သူ့ဗိုက်ထဲက ဆာလောင်မွတ်သိပ်ခြင်းတွေ ကင်းလျက်၊ ကြည်နူးပီတိတွေနှင့်ပြည့်နက်ကျပ်ခဲနေသည်။

ပျော်စရာညလေးတစ်ညပါ ဘဒ္ဒချို။ ဘယ်တော့မှ မမေ့နိုင်မယ့် ရင်ခုန်မှုတွေ မြူးတဲ့ညလေးပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဘာ သမီးလေးက အရမ်းအားနည်းပြီး သတိလစ်တဲ့အထိပါ ဖြစ်သွားတယ် ဟုတ်လား။ အခု အခု ဘယ်လိုနေသေးလဲ"

"သက်သာသွားပါပြီ အန်ကယ်၊ ကျွန်တော်ကိုယ်တိုင် ဆေးခန်းကို လိုက်ပို့လိုက်ပါတယ်"

"သမီးလေး အရမ်းအားငယ်နေလို့လားမသိဘူး။ အရင်က အဲလို မျိုး တစ်ခါမှမဖြစ်ဖူးပါဘူး။ အန်ကယ်နဲ့ပတ်သက်ပြီး တစိမ့်စိမ့်တွေး ဝမ်းနည်း နေလို့ဖြစ်ရမယ်၊ သမီးလေးကို အန်ကယ်သွားတွေ့မှဖြစ်တော့မယ်ထင်တယ်၊ သူ့ကိုဥပဂ္ကောပြုထားသလို ဖြစ်လို့"

"သိပ်လည်းစိတ်မပူပါနဲ့ အန်ကယ်၊ သူ့ခြေထောက်ပေါ် သူရပ် ကြည့်ဖို့ ကြိုးစားနေတဲ့အချိန်မှာ သူ့စိတ်တွေဝေအောင် ပျော့ညံ့အောင် မလုပ်သင့်ဘူး။ ပစ်စလက်ခတ် ဥပေက္ခာပြု ရက်စက်နိုင်းနေတာလည်း မဟုတ် ပါဘူး။ ဒီအတိုင်း လွှတ်ကြည့်လိုက်ပါဦး"





ဦးသီဟဇော် ငိုင်တွေသွားကာ သက်ပြင်းရှိုက်ရင်းဖြင့် ဟန်းဖုန်း ပြည်လာ၍ စက်ဖွင့်နားထောင်လိုက်သည်။

"ခဏနေဘ် မောင်လရောင်"

ဖုန်းနားထောင်ရင်း ဦးသီဟဇော် ဧည့်ခန်းအပြင်ဘက် ထွက်သွား သည်။ မမနိုင်က အအေးဖန်ခွက်လေးတွေ ယူလာပြီး သူ့ရှေ့ချပေး၏။

"လရောင် အအေးသောက်ဦး"

"ဟုတ်ကဲ့ မမနိုင်၊ အဆင်ပြေတယ် နေကောင်းတယ်မဟုတ် လား"

"မမနိုင်က အဆင်လည်းပြေတယ်၊ နေလည်းကောင်းပါတယ်၊ မင်းရော ဘဒ္ဒချိုနဲ့အဆင်ပြေရဲ့လား"

"ဗျာ ဘယ်လိုအဆင်ပြေတာကို ပြောတာလဲ"

"ဩော် အစစအရာရာ ပြောတာပေါ့၊ စီးပွားရေးရော လူမှုရေး ရော"

"စီးပွားရေးက သူနားလည်အောင် သင်ပြပေးနေတာပေါ့၊ လူမှု ရေးကတော့ ကန့်လန့်တိုက်ခံနေရတုန်းပဲ၊ ဒါပေမဲ့ ယုံကြည်မှုနည်းနည်းရှိ လာပြီလို့တော့ ထင်ရတယ်"

"ဒါပဲလား"

ပြုံးစိစိနှင့် မမနိုင် မေးခွန်းကြောင့် မလုံမလဲဖြစ်ကာ လရောင် ခေါင်းကြီးငုံ့လျှိုးသွားရသည်။

သူ့ကို အခွင့်အရေးယူတတ်သူဟု ထင်မြင်ယူဆသွားကြမလား စိုးရိမ်နေမိ၏။

www.burmeseclassic.com



"မောင်လရောင် ကျေးဇူးတင်တယ်ကွာ"

"ဗျာ"

ဖုန်းပြောပြီးရောက်လာသည့် ဦးသီဟဇော်က သူ့ပခုံးကိုဆုပ်ကိုင်ကာ လှိုက်လှိုက်လှဲလှဲ ပြောလိုက်တာမို့ နားမလည်တတ်အောင် ဖြစ်သွားရသည်။

"မောင်လရောင် ညက သမီးတို့အိမ်မှာ အိပ်တာဆို"

"ဗျာ ဟုတ် ဟုတ်ကဲ့ ဟို"

"အခုပဲ ခွေးပု ဖုန်းဆက်တယ်၊ သမီးကို အရမ်းဂရုစိုက်တာပဲတဲ့ ခေါက်ဆွဲတွေ ဘာတွေတောင် ကြော်ကျွေးခဲ့သေးတယ်ဆိုကွ"

"ဟုတ်ကဲ့ ဟို ဘဒ္ဒ နေမကောင်းတာ စိတ်မချလို့ အခြေအနေ စောင့်ကြည့်ရင်းနဲ့ အိမ်ပြန်ဖို့ နောက်ကျသွားလို့ပါ၊ ခေါက်ဆွဲကြော်ကလည်း ကျွန်တော် ည ညစာမစားရသေးတာနဲ့"

"အဲလောက်ကြီး ရှင်းပြစရာမလိုပါဘူး မောင်လရောင်ရယ်၊ ခွေးပုက အန်ကယ့်ကို အကုန်ပြောပြပြီးပါပြီ"

"ဗျာ ကျ ကျွန်တော်က"

လရောင် အသံတွေတုန်၊ ဇောချွေးတွေပြန်နေတာကို ဦးသီဟဇော် သဘောတွေကျ ကျေနပ်နေကာ ပြုံးပြုံးကြီး ဖြစ်နေသည်။

"မင်း အဲလောက်ကြီး မရိုးအစဉ်းပါနဲ့ မောင်လရောင်ရယ်၊ ဒီလိုကိစ္စမျိုးကို ဖအေတစ်ယောက်က တိုက်တွန်းနေရတာတော့ သိပ်မဟုတ်သေးဘူးထင်တယ်"

"အဲလိုပြောလည်း လရောင်က နားလည်မှာမဟုတ်ဘူး၊ နိုင်





ပြောလိုက်ပါတော့မယ်၊ ဒီလို လရောင်ရေ ဦးဇော်က ဘဒ္ဒလေးနဲ့လရောင်ကို လက်ထပ်ပေးဖို့အထိ စဉ်းစားနေတာ၊ ဒါပေမဲ့ လူကြီးမိဘက စီစဉ်လို့လက်ခံလိုက်ရတာမျိုးလည်း မဖြစ်စေချင်ဘူးလေ၊ အဲဒါကြောင့် လရောင်ကို ကြိုးစားစေချင်တာ၊ ကဲ သိပြီလား သဘောပေါက်ပြီလား"

"ဟုတ် ဟုတ်ကဲ့"

သူ့ရင်ထဲ လူပျိုပေါက်လေးရဲ့ရင်ခုန်သံမျိုးဖြင့် ပရမ်းပတာလှုပ်ခါ၍ ရှက်ကိုးရှက်ကန်း မနေတတ် မထိုင်တတ် ဖြစ်နေရသည်။

ဦးသီဟဇော်ရဲ့လိုက်လျောမှုကြောင့် အားတက်မိသလိုလည်း ရှိ၏။

"အန်ကယ်က မင်းမမခိုင်ပြောသလို ဆန္ဒမျိုး ရှိနေတာအမှန်ပဲ မောင်လရောင်၊ မင်းတို့ရဲ့ ရင်းနှီးမှုကို ခွေးပုပြောပြတော့ အန်ကယ် အရမ်းဝမ်းသာသွားတယ်၊ ဒီထက်အခြေအနေ ကောင်းအောင်ကြိုးစားပါ၊ ဒီထက်ပိုပြီးလည်း သမီးလေးကို စောင့်ရှောက်ပေးပါ"

"ကျ ကျွန်တော် ကြိုးစားပါ့မယ် အန်ကယ်"

"ဩော် လရောင်က အဲလိုပြောတော့ ဘဒ္ဒလေးကို စိတ်ဝင်စားနေတာ သေချာပြီပေါ့လေ"

"မမခိုင်ကလည်း"

"အံမယ် ရှက်သလိုလို့လုပ်မနေပါနဲ့၊ အဲဒါကြောင့် မင်းလူပျိုကြီး ဖြစ်နေတာ"

"မဟိုင်းသေးပါဘူး မမခိုင်ရယ်၊ ကျွန်တော့်အတွက် အချိန်တွေ အများကြီးရှိပါသေးတယ်"

"ဘဒ္ဒလေးနဲ့တွေ့မှ မာန်တက်သွားတယ်ပြောပါ၊ ဒါပဲနော် လရောင်



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေတော့ သိပ်မဆွဲနဲ့၊ ဘဒ္ဒလေးရဲ့စိတ်ကို အမြန်ဆုံးချုပ်ကိုင်နိုင်အောင် ကြိုးစားပါ၊ ဘဒ္ဒလေးက ကလေးစိတ်ဆိုတော့ မင်းသည်းခံရမှာတွေတော့ များတယ်၊ ဒါပေမဲ့ အစွဲလမ်းကြီးမယ့်ပုံမျိုးဆိုတော့ မင်းကံကောင်းမှာပါ”

မမခိုင်နှင့်ဦးသီဟဖော် စကားတွေကြောင့် သူ အားတက်မိတာ အမှန်ပင်။

အိမ်ပြန်လမ်းမှာ စိတ်ခန္ဓာတစ်ခုလုံး ပေါ့ပါးလန်းဆန်းနေပြီး လူက မြောက်ကြွကြွပင်ဖြစ်နေ၏။ အိမ်ကိုလည်း ပြန်ချင်စိတ်မရှိသေးပါ။

ဒီနေ့ ဘဒ္ဒ နေမကောင်းတာကို အကြောင်းပြပြီး စက်ရုံကိုရောက် မလာတာကြောင့် ရင်ထဲမှာ တစ်ခုခုလိုအပ်နေသလို ခံစားနေရသည်။

သူမမျက်နှာလေးကို မမြင်တွေ့ရလျှင် သူ အိပ်ပျော်ပါ့မလားပင် မသိ။

စက်ရုံကအပြန် ဦးသီဟဖော်တို့ကို အသိပေးပြောခဲ့ပြီးမှ ဘဒ္ဒ မျက်နှာလေးကို ပိုပြီးမြင်ချင်တွေ့ချင်နေသည်။ သူ့စိတ်အလိုတိုင်း သူ့ကား လေးက ဘဒ္ဒချိုလေးတို့ အိမ်ဘက်ကို ဦးတည်နေသည်။

ခြံဝင်းရှေ့အရောက်မှာ ကားဟွန်းတီးလိုက်တော့ အိမ်ထဲကနေ ရွှယ်စူး ပြေးထွက်လာပြီး ဝင်းတံခါးဖွင့်ပေးသည်။

“ဘဒ္ဒရော နေကောင်းသက်သာရဲ့လား ရွှယ်စူး”

“နေလည်းကောင်းတယ် သက်လည်းသက်သာတယ်၊ ဒါပေမဲ့ ဆရာဝန်ပေးလိုက်တဲ့ဆေးတွေကို ဆေးပတ်လည်အောင်မသောက်ဘူးဆိုပြီး ဂျီကျနေတယ်”

“အေး အေး ဒီမှာ ကြက်ဆီထမင်းယူလာတယ်၊ ပန်းကန်ထဲထည့်





…သူ့ဆီယူလာပေးလိုက်နော်”

“ရွှယ်စူးဖို့ရော ပါလားဟင်”

“ပါပါတယ်၊ အဲဒီမှာ နှစ်ပွဲတောင်၊ နင်တစ်ပွဲစားလိုက်ပေါ့”

“ဟေး ပျော်လိုက်တာ”

ရွှယ်စူး ဝမ်းသာအားရခုန်၍ မီးဖိုခန်းဘက် ပြေးဝင်သွားသည်။ …ကာ ဧည့်ခန်းမှာတီဗွီထိုင်ကြည့်နေသော ဘဒ္ဒဆီ လျှောက်လာခဲ့သည်။ …အနားရောက်လာမှ ဘဒ္ဒချိုက မျက်လုံးဝေ့ကြည့်ကာ

“ဒီအချိန်ကြီးမှ ဘာလို့လာရတာလဲ၊ ဒီညတော့ ဒီမှာအိပ်လို့ …ဘူးနော်”

“ကိုယ်ပြန်မှာပါကွာ၊ မင်းသက်ရော သက်သာရဲ့လားလို့ စက်ရုံက …ပြန်ဝင်ကြည့်တာပါ”

“စက်ရုံကအပြန်ဆိုတာတော့ မဖြစ်နိုင်ပါဘူး၊ အရမ်းနောက်ကျ …တာကို”

“ဪ အင်း ဟုတ်တယ်၊ စက်ရုံမှာ လစိတ်ငွေစာရင်းရှင်းတမ်းနဲ့ …တမ်းတွေ လစာထုတ်ပေးဖို့ လုပ်နေရတာနဲ့ နောက်ကျသွားတာ ဟို …မသောက်ချင်လို့ ဂျီကျနေတယ်ဆို၊ မြန်မြန်နေကောင်းဖို့အောင် ဆေး …က်မှပေါ့ကွာ၊ အဲလို ပေကတ်ကတ်လုပ်နေရင် စက်ရုံကို ဘယ်လိုလုပ် …နိုင်မှာလဲ”

မလာချင်လို့ ဒီလိုလုပ်နေတာ ဒီလူမသိဘူးလား။ မရိုးသားတော့ဘူး …ာ သိသိကြီးနှင့် တွယ်ကပ်မနေချင်။

သူမရဲ့စိတ်ကရော ရိုးသားမှုရှိရဲ့လားဆိုတာ မသေချာပါ။ …ကိုလို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်ရတာကို ရင်ထဲမှာ တသသဖြစ်နေပြီး ထပ်ခါထပ်ခါ ခေါ်ချင်နေသည်။

ဒီနေ့တစ်နေ့လုံး စက်ရုံကိုမသွားရတာလည်း ရင်ထဲမှာ တာ တာတာနှင့် လရောင် ရောက်လာပါစေလို့ ဆုတောင်းနေမိတာကရော အ ကြောင့်ပါလဲ။

ဒါပေမဲ့ တကယ်တမ်း လရောင် ရောက်လာတော့လည်း မျက်ထဲ ချင်းဆုံကြည့်ဖို့ မဝံ့မရဲ။ မျက်နှာတစ်ခုလုံးက ထူပူနီမြန်းရှိန်းဖိန်းနေသည်

"ဘဒ္ဒ ငြိမ်သည်ရောက်နေတာကိုကွာ တီဗွီပဲကြည့်နေရသလား"

"ရှင် ဘာပြောမှာလဲ၊ ပြောပြီးပြန်လေ"

"ဟို ဝမ်းသာစကားပြောမလို့ပါ၊ စင်တာတွေ ကုန်တိုက်တွေ တင်ထားတဲ့ ဒီဇိုင်းသစ် ဘောင်းဘီတို့တွေ တုံ့ပြန်မှုကောင်းတယ်လို့ ပြော မလို့ပါ"

"ကောင်းမယ်လို့ အစကတည်းက ဘဒ္ဒ ပြောခဲ့သားပဲ၊ နွေရာသီ အတွက်လည်း သင့်တော်တယ်၊ လွတ်လပ်ပေါ့ပါးမှုရှိလို့ လူကြီးလူငယ်မရွေး ကြိုက်ကြမှာပဲ၊ ချည်ထည်တွေက အပူကိုလည်း ခံနိုင်ရည်ရှိတယ်"

"မင်းအွအတွေးနဲ့ ဒီတစ်ပတ် ဒီဇိုင်းပြောင်းတာ အောင်မြင်သွားပြီ မင်းကို ကျေးဇူးတင်နေတာပါ၊ မင်းအရည်အချင်း ဘယ်လောက်တိုးတက် လာပြီလဲဆိုတာ ထုတ်ပြလိုက်သလိုပဲပေါ့၊ နောက်လည်း ကိုယ့်ကိုအကြံဉာဏ် တွေ ပေးပါနော်၊ ကိုယ်တို့ပူးပေါင်းကြိုးစားကြတာပေါ့"

"ဘဒ္ဒမှာ ပိုင်ဆိုင်မှုတွေ အများကြီးဆိုပြီး ရှင့်လုပ်ငန်းထဲမှာ ရှယ်ယာဝင်ချင်လာအောင် စည်းရုံးနေတာလား"





"ဘာ မင်းဘယ်လိုပြောလိုက်တာလဲ"

မာနကို ထိပါးခံရတော့ လူက အသံတွေတုန်ယင်ပြီး ဆတ်ဆတ်ခါ သွား၏။ သူမလည်း သူ့အော်သံကြောင့် ဆတ်ခနဲ တုန်သွားပြီး မျက်လုံး သားကို ပင့်မော့ကြည့်သည်။

"ကိုယ့်ကိုယောက်ျားပိုင်းလုံးလို့ ထင်နေတာလား ဘဒ္ဒ၊ မင်း ပိုင်ဆိုင်မှုတွေမျှော်ကိုးပြီး မင်းကို လေချိုသွေး သိမ်းသွင်းနေတာမဟုတ်ဘူး။ ကိုယ်နိုင်တဲ့ဝန်နဲ့ ကိုယ့်ဘာသာ ဆက်လျှောက်လို့ရတယ်"

"ဘ ဘဒ္ဒက အဲလိုသဘောမျိုး ပြောတာ မဟုတ်ပါဘူး၊ ရှင်က ဘာလို့ အဲလောက်ကြီး စိတ်ဆိုးသွားရတာလဲ ကိုကို"

"ဟင်"

ကိုကိုဆိုသော နာမ်စားလေးကြောင့် တိုးတိတ်သော အာမေဍိတ်သံ သံထွက်သွားကာ တင်းမာမှုန်ကုတ်နေသည့် သူ့မျက်နှာက အလိုအ လျောက် ပြေကျသွားရသည်။

"မင်း စကားပြောရင် လူတစ်ယောက်ကို ယုံကြည်မှုနည်းပြီး ထိန်းထိန်းသိမ်းသိမ်း မရှိဘူးကွာ၊ ကိုယ်က မာနနဲ့ရှင်သန်ရပ်တည်နေတဲ့ ကောင်၊ ကိုယ်ပိုင်အရည်အချင်း ရှိသလောက်လေးနဲ့လည်း ရှောင့်ရဲတင်းတိမ် ခံတယ်၊ ကိုယ်ထိန်းသိမ်းထားတဲ့ ကိုယ်ကျင့်သိက္ခာကို ထိပါးရင်တော့ သည်းမခံတတ်ဘူး"

"လူကြီးဖြစ်ပြီး စိတ်ဆိုးတတ်လိုက်တာ၊ ဘဒ္ဒက မတောင်းပန် ဘတ်ဘူးနော်၊ ရှင်းရှင်းပဲ"

"ကဲ ဘာတွေရှင်းနေကြတာလဲ၊ တဒ္ဒ ဒီမှာ နင်ကြိုက်တဲ့ ကြက်ဆီ ထမင်း မစားတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်စူးက ပန်းကန်တွေကိုင်ပြီး ညှော်ခန်းထဲဝင်လာသည်။ အ
မျက်နှာလေးက ကလေးလေးတစ်ယောက်လို လင်းလက်ဝင်းထိန်သွား

"ဟယ် ကိုကို ဝယ်လာတာလားဟင် ဘဒ္ဒက ကြက်ဆီထမင်း
အရမ်းကြိုက်တာ"

ကိုကိုလို့ခေါ်ကာ မျက်နှာချိုသွေးပြီး အားမနာတမ်း ပလုတ်
လောင်းစားပါတော့သည်။ သူဝယ်လာသော ကြက်ဆီထမင်းကို စားပါဦး
အားနာပါးနာပင်မခေါ်ပါ။

လည်နင်နေတာတောင် ရင်ဘတ်ဖိပြီး ဆက်စားနေတာမို့ သူ
ရေခဲသေတ္တာထဲက ရေသန့်ဘူးတစ်ဘူး ယူပေးလိုက်ရသည်။

"ကျေးဇူး ကိုကို"

အသည်းတယားယားနှင့် နဖူးကို ခပ်နာနာထုပစ်လိုက်ချင်စရာ
ကိုကို ကိုကိုနှင့် သူ့ကိုနိုင်စားပေတော့မည်ထင်သည်။

"နောက်တစ်ခါလာရင်လည်း အဲလို စားစရာတစ်ခုခု ဝယ်လာ
ကိုကို၊ ဘဒ္ဒတို့က ရှော့ပင်သိပ်မထွက်ဖြစ်တော့ တော်ရုံတန်ရုံ ဝယ်
ဖြစ်တော့ဘူး"

သူ ခေါင်းညိတ်ပြရင်း ဟက်ခနဲ ပစ်ရယ်ချလိုက်မိ၏။ တ
သောက်လို့ကုန်တာနှင့် နောက်တစ်ခေါက်အတွက် ထပ်မှာနေသေးသ
သူ ခဏခဏ လာမှာကို မငြိုငြင်တော့ဘဲ တော်သေးသည်ဟု စိတ်ဖြေ

အဲလို အလိုက်မသိတာလေးကို ချစ်စရာကောင်းနေတာ
မသိတော့ပါ။

■ ■ ■



အခန်း (၁၈)

"တင်းတောင် တင်းတောင်"

ခြံဝက ဘဲလ်တီးသံကြောင့် ဘဒ္ဒချိုနှင့်ရွှယ်စူး ပြိုင်တူ မျက်လုံး
သွားကြ၏။ ဘယ်ကညှော်သည်မို့ လူခေါ်ဘဲလ်တီးနေရတာလဲ။ လရောင်
င် ကားဟွန်းတီးနေကျ။ တခြားညှော်သည်လည်း မလာဖူးတာမို့ အထူး
နိုး ဖြစ်နေရသည်။

"ထွက်ကြည့်လိုက်ဦး ရွှယ်စူး၊ ကိုကိုတော့ မဖြစ်နိုင်ဘူး"

ကိုကိုလို့ နှုတ်အာဓတ္တေနေသော ဘဒ္ဒကို မဲ့ရွဲ့မျက်စောင်းဝင့်ပြီးမှ
း ခြံဝထွက်ကာ တံခါးဖွင့်လိုက်သည်။

"ဟယ် ထွန်းခင် နင် နင် ဘယ်လို"

ရွှယ်စူး အံ့သြလွန်းကာ မေးခွန်းတွေတောင် အပြီးသတ်မပြောနိုင်။
ခင်က ရွှယ်စူး ဖွင့်ပေးသော လူဝင်ပေါက်တံခါးမှ ခြံဝင်းထဲ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



"နှင် အလုပ်မဆင်းတာ နှစ်ရက် သုံးရက်ရှိပြီဆိုတော့ ဘာဖြ
ဖြစ်နေလဲဆိုပြီး ငါစိုးရိမ်လို့ ရောက်လာတာဟ"

"ဒီ ဒီအိမ်လိပ်စာ နှင်ဘယ်လိုလုပ်သိတာလဲ"

"စက်ရုံသူဌေးကို မေးလာခဲ့တာ"

"ဘာ ဦးလရောင်ကို ပြောတာလား"

"အေး မင်းသွားချင်ရင် ခွင့်ယူသွားဆိုပြီး ခွင့်လည်းပေးလိုက်တယ် နှင်က ဘာလို့ စက်ရုံမလာတော့တာလဲဟ၊ ငါ အရမ်းသတိရနေတာ အခု နှင်ဘာမှမဖြစ်တာမြင်ရတော့ ငါ စိတ်ချမ်းသာသွားပါပြီ"

ထွန်းခင် ရှင်းပြနေတာတွေ ရွှယ်စုး နားထဲ မရောက်ပါ။ အ ဘာတွေပြောမလဲဆိုပြီး တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေရသည်။

"ရွှယ်စုး အဲဒါ ဘာလုပ်နေတာလဲ"

တွေးနေရင်းမှာပင် ဘဒ္ဒ ခပ်သုတ်သုတ် ပြေးထွက်လာရင်း ဆေ လိုက်တာမို့ ခြေဖျားလက်ဖျားများပင် အေးစက်ထုံကျဉ်နေသည်။ ဘယ်င် ဆင်ခြေပေး လှည့်ပတ်ပြောရမလဲဆိုတာလည်း အလျင်အမြန် စဉ်းစားရေ

"ဟိုလေ ငါတို့စက်ရုံမဆင်းလို့ဆိုပြီး စိုးရိမ်ပြီး သတင်းလာမေး တဲ့"

"ရှုပ်ရှုပ်ယှက်ယှက် သူသိစရာလိုလို့လား။ အခု ဘာမှမဖြစ်ဘူး ပြောပြီး ပြန်လွှတ်လိုက်"

"နှင်ကလည်းဟယ် သူ့မှာ ဒီအထိရောက်လာရပြီး ခဏတဖြု အနားယူနိုင်ပြီးမှ ပြန်လွှတ်လိုက်ရအောင်ပါ၊ အားနာစရာကောင်းပါတယ် ဟယ် နော်"





"ရွှယ်စုး"

"တို့တောင်းပန်ပါတယ် ဘဒ္ဒရယ်၊ တစ်ရွာတည်းသားချင်း အပေါင်း သင်းမိတ်ဆွေတွေ ပစ်စလက်ခတ် ဆက်ဆံလိုက်ရင် ရွာပြန်ရောက်တော့ တို့ကို သူဌေးအရှိန်အဝါနဲ့ မာန်တက်နေတယ်၊ မာနကြီးနေတယ် ပြောကြ သေး နှင့်ကိုလည်း ငွေဂုဏ်မောက်နေတဲ့ သူဌေးသမီးလို့ အပုပ်ချခံရမှာပဲ၊ ဆိုတာ အဲလိုနာမည်ဆိုးကြီးနဲ့တော့ အပြောမခံချင်ဘူး မဟုတ်လား"

"အစုတ်ပလုတ် ရွှယ်စုး စကားတတ်တိုင်း လျှောက်ပြောနေတယ်၊ အေး နင်ပြောသလို ခဏတဖြုတ် ညှိခံပြီးရင် ပြန်လွှတ်ရမယ်နော် ဟွန်း နောက်တစ်ခါ ထပ်မပြောဘူး"

ဘဒ္ဒချို ဘောက်ဆတ်ဘောက်ဆတ်ဖြင့် အိမ်ထဲ ပြန်ဝင်သွား သည်။ အခုမှ ရွှယ်စုး သက်ပြင်းချနိုင်ကာ ထွန်းခင်ကို အိမ်ဘက်ခေါ်လာခဲ့ သည်။ ဒါပေမဲ့ ဘဒ္ဒမကြိုက်တာကို သိနေတာမို့ မဆင်မခြင် ညှိခန်းထဲထိ တော့ ခေါ်မသွားပါ။

အိမ်ရှေ့ပေါ်တီကိုအောက်က ကြိမ်ထိုင်ခုံလေးတွေမှာပဲ ထွန်းခင်ကို ထိုင်ခိုင်းလိုက်သည်။ ထွန်းခင်အတွက် အအေးတစ်ခွက် ဖျော်ပေးပြီးမှ သူမ သည်း ဝင်ထိုင်လိုက်၏။

ဘဒ္ဒကလည်း ရွှယ်စုးတို့ ဘာတွေပြော ဘာတွေလုပ်ကြမလဲဆိုပြီး ငြိမ်မရ ချောင်းမြောင်းအကဲခတ်လို့ပေါ့။

"နှင် ဘာလို့ အတင့်ရဲပြီး ရောက်လာရတာလဲဟယ်၊ ငါက သူများတွေဆီမှာ ခိုကပ်နေရတာပါ၊ မျက်နှာမငယ်ရဘူးဆိုပေမယ့် ကိုယ့်ဘဝ ကိုယ့်အဆင့်အတန်းတော့ နားလည်ရမှာပေါ့"

www.burmeseclassic.com



“ငါလည်း နင့်ကို ဒီဘဝထဲက ဆွဲထုတ်ချင်လှပါပြီဟာ၊ သူများအိမ်မှာနေရတဲ့ဘဝမျိုး နင့်ကိုငါမထားပါဘူး။ ငါ့အခု တခြားအလုပ်တစ်ခု စဉ်ထားတယ်ဟ၊ ကားထုတ်တဲ့ စက်ရုံမှာလေ၊ အလုပ်ကြမ်းဆိုပေမယ့် လစာကောင်းကောင်းရမယ်တဲ့၊ ကျွမ်းကျင်မှုနဲ့အဆင့်တက်သွားရင် နင် ငါ့ဆီ မှီခိုလို့ရပါပြီ”

မယောင်မလည်လုပ်နေသည့် ဘဒ္ဒချိုမကြားအောင် အသံတိုးတိုးလေး ပြောနေသော ထွန်းခင်စကားတွေကို နားစိုက်ထောင်ရင်း ရွယ်စူးအားတွေရှိနေသည်။

ထွန်းခင်မှာ ရွယ်စူးအားကိုးနိုင်လောက်သည့် အရည်အချင်း အခွင့်အစတွေနှင့်ပါလား။

“ဟဲ့ နင်တို့ ဘာတွေပြောနေကြတာလဲ”

ဘဒ္ဒချိုက မကြားတကြား ဖြစ်နေရတာကို စိတ်မရှည်ဖြစ်လာဟန်တူသည်။ ရွယ်စူးအနား ဝင်ထိုင်ကာ တဲ့တိုးပင်မေး၏။ ရွယ်စူးနှင့်ထွန်းခင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီးမှ

“ဟိုလေ ထွန်း၊ ထွန်းခင်က သူ သူ့ရဲ့ခြောက်ခံရတဲ့အကြောင်း ပြောပြနေတာပါ၊ နော် ထွန်းခင်”

“အော် အင်း ဟုတ် ဟုတ်တယ်”

“ဟယ် တကယ် ဘယ်လိုအခြောက်ခံရတာလဲ ဟင်”

သရဲအကြောင်းဆိုတာနှင့် ဘဒ္ဒချိုမျက်နှာ အမူအရာ ပြောင်းသွားသည်။ စိတ်ဝင်တစားနှင့် ကိုယ်ခန္ဓာကိုလည်း မတ်မတ်ပြင်ထိုင်၏။ ရွယ်စူး ထွန်းခင်ကို မေးငေါ့လိုက်ကာ





“နင် ငယ်ငယ်က သရဲခြောက်ခံခဲ့ရတာတွေ၊ အတွေ့အကြုံတွေ ပြောပြလိုက်လေဟယ်၊ ဘဒ္ဒက အဲလိုအကြောင်းတွေ အရမ်းစိတ်ဝင်စားတာ သိချင်တာ”

“အော် အင်း ဒီလိုဗျ၊ ကျွန်တော် ငယ်ငယ်လေးတုန်းက ကျွန်တော် အစ်မလင်မယားနေတဲ့ ထန်းတစ်ပင်ရေနံမြေမှာ သွားနေဖူးတယ်၊ ကြခင်းမြို့နယ်ထဲမှာလို့ ပြောရမလား မသိပါဘူး။ အစ်မယောက်ျားက ကရိန်းကားကြီးတွေနောက်လိုက်ရတဲ့ ဝန်ထမ်းပေါ့၊ အဲဒီကရိန်းကားကြီးတွေက တံတားပေါင်တွေ စက်ရုံပစ္စည်းတွေ သယ်တဲ့အခါ အောက်ကနေ အချိန်အဆ အလျှော့အတင်းလုပ်ဖို့ လက်မထောင်ပြရတဲ့သူလေ၊ အင်း အတိုချုံးပြီး ပြောရရင် စက္ကန့်ပိုင်းအတွင်းမှာ သူ့ရဲ့သတိလစ်မှားယွင်းမှုကြောင့် တံတားပေါင်ကြီးပိပြီး သေသွားရတာပေါ့”

“ဟယ် သနားစရာကောင်းလိုက်တာနော်၊ သားသမီးတွေရော ကျန်ခဲ့သေးလားဟင်”

“ကျန်ခဲ့တာပေါ့ သားလေးတစ်ယောက် သမီးလေးတစ်ယောက် ကျွန်တော်နဲ့အမေက အစ်မနဲ့အဲဒီကလေးနှစ်ယောက်ကို စောင့်ရှောက်ဖို့အတွက် အစ်မတို့ဆီ လိုက်သွားကြတယ်၊ အစ်မက စောလုပ်တော့ကိုင် မလုပ်ချင်ဘူးဆိုပြီး ပြန်မလာတော့၊ ကျွန်တော့်ကိုလိုက်သွားရတာပေါ့၊ အမေကတော့ တောက်လယ်တွေ ယာတွေပစ်ထားလို့မရတာနဲ့ နှစ်လသုံးလနေပြီး ပြန်သွားတာပါ၊ ကျွန်တော်တစ်ယောက်တည်း တူလေးနဲ့တူမလေးကို ထိန်းပေးဖို့ ကျန်ရစ်ခဲ့တာ”

ဘဒ္ဒက ထွန်းခင်ပြောပြနေတာကို စိတ်မရှည်သလိုကြီး ရွယ်စူးကို



www.burmeseclassic.com

www.burmeseclassic.com



တံတောင်ဖြင့်တို့ကာ

"နင့်လူပြောနေတာ သရဲအကြောင်းလည်း မပါဘူး၊ နင်တို့ ငါ့ကို လိမ်နေကြတာလား"

"ဟာ မ မဟုတ်ပါဘူးဗျာ၊ ရှုသေတာတောင် ပြောနေပြီဥစ္စာ၊ သရဲအကြောင်းလည်း ပါတော့မှာပေါ့"

"အဲဒါဆို မြန်မြန်ပြော၊ သိချင်လှပြီ"

ဘဒ္ဒက ကလေးတစ်ယောက်လို ဖွတ်အတင်း တောင်းဆိုသည်။ ထကာယ်မလွယ်သည့် ဘဒ္ဒပါ။

"ရေနံမြေဆိုတော့ အဲလို အစိမ်းသေတဲ့သူတွေရှိတယ်၊ အခုခေတ် တော့ မရှိတော့ဘူးထင်ပါတယ်၊ အဲဒီတုန်းကတော့ သစ်ပင်ကြီး ဝါးပင်ကြီး တွေလည်း ရှိတော့ နယ်မြေက ကြမ်းတယ်လေ၊ တစ်ခုခု အမှားအယွင်း လုပ်မိတာနဲ့ တစ်ခုခု ဆိုးဆိုးဝါးဝါးကတော့ ဖြစ်တာပဲ၊ အဲဒီမှာ ကျွန်တော် လကြာကြာနေခဲ့ဖူးတယ်၊ တစ်နေ့မှာ ကလေးနှစ်ယောက်က အိမ်သာတက် ချင်တယ်ဆိုလို့ ညမှောင်မှောင်ကြီးထဲ အိမ်သာရှိတဲ့ဘက်ကို လိုက်ပို့ရတယ်ဗျ"

"အဲဒီမှာ သရဲနဲ့တွေ့ရောလား"

"နေဦး ကျွန်တော်ပြောပြမယ်၊ အဲဒီမှာက သီးသန့်အိမ်သာဆိုတာ မရှိဘူး၊ ဟိုဘက်ကုန်းကမှ ဒီဘက်ကုန်းကမှ လမ်းသွားလို့ရအောင် ဆောက် ထားတဲ့ တံတားနဲ့ မနီးမဝေးနေရာလေးမှာ အိမ်သာတစ်လုံးပဲရှိတယ်၊ တော နက်ကြီးထဲမှာ အလုပ်သမားတွေက သစ်တွေဝါးတွေပေါ်တော့ ကိုယ့်ဘာသာ အိမ်လေးတွေဆောက်နေကြတာပေါ့၊ အိမ်သာကတော့ တစ်လုံးတည်းရယ်"

"ဟဲ့ ထွန်းခင် အိမ်သာဘယ်မှာရှိရှိ၊ ရှေ့ဆက်ပြောပါတော့"





"အေးပါဟ အဲဒီအိမ်သာ ဘယ်နားမှာရှိတယ်ဆိုတာ သိရမှ အဓိပ္ပာယ်ရှိမှာပေါ့"

"အောင်မယ်လေး ကြီးကျယ်လိုက်တာ"

"ကြီးကျယ်တာတော့ မပြောနဲ့၊ အိမ်သာက ကျင်းတွေဘာတွေ တူးဆောက်ထားတာလည်း မဟုတ်ဘူး၊ ရေအိမ်သာလည်း မဟုတ်ဘူး၊ ဝါးရုံပင်တွေ သစ်ပင်ကြီးတွေအောက်က ချောင်းစပ်နားမှာ ဒီအတိုင်း အိမ်သာ တက်လို့ အဆင်ပြေရုံ ဆောက်ထားတာ၊ ထားပါတော့ဟာ အဲဒီအိမ်သာမှာ ညညဆို မီးလုံးကြီးတွေ တဝင်းဝင်းနဲ့တဲ့ဟ"

"ဘာ ဘာမီးလုံးကြီးတွေလဲ"

ဘဒ္ဒချို စိတ်ဝင်တစားမေးသည်။ ရွယ်စုးလည်း ကျောကော့သွား ၏။

"ချေးစားစုန်းလို့ ပြောတာပဲ၊ လပြည့်လကွယ်ဆို ချေးစားစုန်းတွေ မြူးတာတဲ့၊ အဲဒီအချိန်ဆို အနီးနားဝန်းကျင်က အိမ်တွေ ချေးစော်နံဟောင် နေတာပေါ့၊ ဒါပေမဲ့ အဲဒါကို ငါ လက်တွေ့မမြင်ဖူးဘူးနော်၊ ငါမြင်ဖူးတာက ကလေးတွေကို အိမ်သာသွားတည့်တဲ့ညကြီးမှာ ဟိုဘက်တံတားပေါ်က အလုပ်သမားတွေ ဘွတ်ဖိနပ်ကြီးတွေနဲ့ ပြေးဆင်းလာသံကို အရင်ကြားရ တာ"

"အဲဒီအချိန်ကြီးမှ အလုပ်သမားတွေက ဘာလို့ပြေးကြတာလဲ"

"အဲဒီပြေးတဲ့လူတွေက သက်ရှိထင်ရှားတွေ မဟုတ်ဘူး၊ သေပြီး သားလူတွေပေါ့ဟာ၊ အဲဒီ ဘွတ်ဖိနပ်သံတွေ တဖြောင်းဖြောင်းကြားတော့ ငါလည်း ဘာလဲဆိုပြီး အဲဒီတံတားဘက် လှည့်ကြည့်လိုက်တာပေါ့"

"ဘာ ဘာတွေတွေ့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သစ်ပင်ကြီးတွေက တဖြည်းဖြည်း နိမ့်ကျလာပြီး ယိမ်းထိုးလှုပ်ရှားလာတယ်ဟ၊ ငါကလည်း ကလေးအရွယ်ပဲ ရှိသေးတော့ ကြောက်လန့်ရမှန်းမသိဘဲ အထူးအဆန်းဖြစ်ပြီး ကြည့်နေတာပေါ့၊ အဲဒီအချိန်မှာပဲ ဘွတ်ဖိနပ်သံတွေကလည်း ပိုကျယ်လာတယ်၊ အပင်ကြီးတွေကလည်း တရှဲရှဲ တဝုန်းဝုန်း ယိမ်းထိုးလှုပ်ရှားပြီး အပင်ချင်းရိုက်လို့ မီးတွေလည်းပွင့်တယ်"

"ဟင် အဲလိုကြီးလား"

ဘဒ္ဒက စိတ်ဝင်တစားမေးနေပေမယ့် ချွေးစေးတွေ ပြန်နေသော လက်နှင့် ရွှယ်စုးလက်မောင်းကို ဆုပ်ကိုင်ထားသည်။

"တဖြည်းဖြည်း တဝုန်းဝုန်း တဖျောင်းဖျောင်း မီးတွေကပွင့်နဲ့ ငါတို့ရပ်နေတဲ့နေရာနဲ့ နီးနီးလာတယ်၊ ငါလည်း အဲဒီအချိန်မှ ကလေးနှစ်ယောက်လက်ကိုဆွဲပြီး ပြန်ပြေးတက်ခဲ့တာ၊ အဲဒီမြင်ကွင်းက အခုထိ အသစ်တိုင်းပဲဟာ၊ အခု ပြန်တွေးမှ ကြောက်ရမှန်းသိတာ"

"ဒါလေးများ ဘာကြောက်စရာရှိလို့လဲ"

"အောင်မာ လက်တွေ့ပဲ သွားကြည့်လိုက်ပါဦး၊ ဒါပေမဲ့ အဲဒါတင်မဟုတ်ဘူးဟ၊ ဟိုးချောင်းရိုးထိပ်ဘက်ကနေ မိတ်လိုက်တဲ့မြွေတွေကလည်း အလုံးလိုက်အထွေးလိုက် တရှီရှီနဲ့ အရှိန်ပြင်းပြင်း လိမ့်ဆင်းလာတာ"

"ဟယ် မိတ်လိုက်တဲ့မြွေတွေက အလုံးအထွေးလိုက်ကြီး ဟုတ်လား နှစ်ကောင်တွဲ သုံးကောင်တွဲ မဟုတ်ဘူးလား"

"တောထဲမှာဆိုတော့ တစ်ကောင်ဆာထပ်ပူး၊ နောက်တစ်ကောင်က ထပ်ပူးနဲ့ အကောင်တစ်ရာလောက် အလုံးအထွေးကြီးဖြစ်ပြီး ပေပါလုံးကြီး အမြင့်ကနေ လိမ့်ချလာသလိုပေါ့၊ မြွေတွန်သံတွေတောင် ကြောက်ခမန်းလိလိပါဆိုမှ၊ မနက်မိုးလင်း ချောင်းထဲလည်းသွားကြည့်လိုက်ရော မြွေခေါင်း





ပြတ်တွေ အမြီးပြတ်တွေမှ မနည်းမနောဘဲ သူတို့က အဲဒီအချိန်မှာ မာန်လည်းပြီး အဆိပ်လည်းဖြစ်နေကြတာလေ၊ ကိုယ့်အသက်သေမှာတောင် မမှုကြဘူး"

"အောင်မယ်လေး ကြက်သီးထစရာကြီးနော်၊ အခုရော အဲဒီဘက်တွေမှာ ဒီလိုမျိုးတွေ ရှိသေးလားဟင်"

"ဘယ်ရှိတော့မလဲဟ၊ နေရာတိုင်းမှာ မြို့ပြလို ဖွံ့ဖြိုးတိုးတက်နေပြီဆိုတော့ ဒိုင်ယာရီပုံပြင်တွေလည်း ပပျောက်သွားပြီပေါ့၊ ကြောက်လန့်သွေးပျက်စရာတွေ ဘယ်မှာမှ မရှိတော့ပါဘူး"

အခုမှ ဘဒ္ဒရော ရွှယ်စုးရော ရင်ဘတ်ကလေးတွေဖိကာ သက်ပြင်းချနိုင်ကြသည်။ ထွန်းခင်ရဲ့နောက်ဆုံးဖြေသိမ့်မှုက ကြောက်လန့်မှုတွေကို ပြေပျောက်စေ၏။

"ဟို အအေးသောက်ဦးလေ ထွန်းခင်ရဲ့ စကားပြောရတာ မောသွားရောပေါ့"

အအေးခွက် တိုးပေးရင်း သဒ္ဒါပိုနေသော ရွှယ်စုးကို ဘဒ္ဒချိုချက်စောင်းထိုးလိုက်မိပေမယ့် ဘာမှတော့ မပြောလိုက်တော့ပါ။ ထွန်းခင်ဆိုသောလူနှင့် သဘောတူကြည်ဖြူလို့ မဟုတ်ပေမယ့် ဒီတစ်နေ့တော့ ရွှယ်စုးဆန္ဒအတိုင်း လွှတ်ထားလိုက်ဖို့ဆုံးဖြတ်လိုက်သည်။

ဒါပေမဲ့ ဒီထက်ပိုရောင့်တက်မှာမျိုးတော့ လက်မခံနိုင်ပါ။ ဒါဟာ ထွယ်မိတွယ်ရာ သံယောဇဉ်ဖြစ်မိနေသော ရွှယ်စုးကို မစွန့်လွှတ်ချင်သည့် စိတ်ဆန္ဒသက်သက်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ဒီနေ့ ဘဒ္ဒချို စက်ရုံပြန်ဆင်း၍ လရောင် မြူးမြူးကြွကြွ သွက်သွက်လက်လက်ဖြစ်နေသည်။ စိတ်တွေလည်း ပေါ့ပါးလန်းဆန်းနေ၏။

ဘဒ္ဒမျက်နှာလေးကို အရိပ်တကြည့်ကြည့် ရှိနေရခြင်းသည်လည်း မြတ်နိုးမှုတွေဖြင့် ရင်တွေတလှပ်လှပ် ပျော်ရွှင်နေသည်။ ဒါပေမဲ့ တစ်နေ့လုံး ဘဒ္ဒချိုမျက်နှာလေး ညှိုးနွမ်းနေတော့ သူ့ရင်ထဲမှာ မတင်မကျ နိုးလိုးခုလုဖြင့် စိတ်မကောင်းဖြစ်နေရသည်။

"ဘဒ္ဒ တစ်နေ့လုံး မျက်နှာမကောင်းဘူး။ ဘာဖြစ်လို့လဲဟင် နေမကောင်းသေးဘူးလား"

ညနေပိုင်းလောက်မှာ နေမထိထိုင်မသာ မျိုသိပ်မထားနိုင်တော့တာမို့ သူ ဖွင့်မေးလိုက်သည်။ ဘဒ္ဒချိုက သူ့ကိုမျက်လုံးလေးလှန်ကြည့်ပြီး သက်ပြင်းရှိုက်ကာ





"မနက်ဖြန် သောကြာနေ့ဆို ဖေဖေ့မွေးနေ့ အရင်ကဆို သားအဖနှစ်ယောက် ရွှေတိဂုံဘုရားတက်နေကျ ဖေဖေ့အတွက် ပန်းဆီမီးအမွှေးနံ့သာတိုင်တွေ လှူဒါန်းကြတယ်၊ ပရဟိတကျောင်းတွေမှာလည်း အကျွေးအမွေးနဲ့ ပဒေသာပင်တွေလည်း လှူကြတာပဲ"

"အခုလည်း မင်းအဖေနဲ့ သွားလှူလို့ရတာပဲလေ၊ ကိုယ်လိုက်ခေါ်ပြီး သွားပေါ့ကွ"

"ဖေဖေက နောက်အိမ်ထောင်ပြုထားတာ သူ့မိန်းမနဲ့ပဲ သွားမှာပေါ့၊ ဘဒ္ဒက ကိုယ့်သဘောနဲ့ ကိုယ်အိမ်ပေါ်က ဆင်းလာတာ"

"တော်တော်သနားစရာကောင်းတယ်နော်၊ မင်းအဖေက ဘာမှမပေးလိုက်ဘူးထင်တယ်၊ ချို့ချို့တဲ့တဲ့နဲ့"

"ရှင်က အရွဲ့တိုက်ပြောနေတာလား"

သူမ မျက်စောင်းဝင့်ပြီး ရန်တွေ့တော့ သူ ဟက်ခနဲ ရယ်ချလျက် သူမ ခေါင်းကိုဖွဖွလေး ပုတ်လိုက်သည်။

"အလကားစတာပါ၊ ကိုယ့်ကို အပြည့်အဝ ထောက်ပံ့ပေးကမ်းလိုက်တဲ့ အဖေကို မင်းပုန်မကန်သင့် မစော်ကားသင့်ဘူး"

"ဒါဆို မိထွေးအတွက်ပါဆိုပြီး အကုန်ထားခဲ့ရမှာလား"

"အဲဒါက မိထွေးလောဘရှိလား မရှိလားဆိုတာ အရင်စုံစမ်းသင့်တာပေါ့"

"စုံစမ်းကြည့်လောက်အောင် စိတ်မဝင်စားပါဘူး မြင်ဖူးတွေ့ဖူးသေးသည်းမဟုတ်ဘူး၊ အကြောင်းမဲ့သက်သက် မုန်းတီးနာကြည်းနေတာမျိုးလည်းမဟုတ်ဘူး၊ ဖေဖေ့ကို နောက်အိမ်ထောင်မပြုစေချင်တဲ့ စိတ်သက်သက်ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဘဒ္ဒနဲ့ဖေဖေရဲ့ ပျော်ရွှင်နွေးထွေးမှုရှိတဲ့ ကမ္ဘာလေးထဲကို ဖျက်လိုဖျက်ဆီးဝင်လာတဲ့သူအဖြစ် အမြင်မကြည်တာ"

"အဲဒါ မင်းဘက်က တစ်ဖက်သတ်အယူအဆတွေပဲလေ၊ လူဆိုတာ တစ်သက်စာ အမှီရဖို့ အဖော်ရှာကြတာချည်းပါပဲ၊ မင်းလည်း လူသားတစ်ယောက်ပဲကွာ၊ အချစ်မရှာ အဖော်မရှာဘဲနဲ့ နေသွားမှာမို့လား"

"မရှာပါဘူး၊ ဘာလို့ရှာရမှာလဲ၊ တစ်ယောက်တည်းလည်း နေသွားနိုင်တယ်"

"မျက်စိမှိတ်ပြီး ဖွတ်မငြင်းစမ်းပါနဲ့ကွာ၊ ဂုဏ်နေပစ္စည်းဥစ္စာပြည့်စုံမှုကြောင့် မာနကြီးနေတာ မဟုတ်လား၊ အမှီတွယ်မရှိရင် မနေတတ်လို့ ရွယ်စူးကိုတောင် အဖော်အဖြစ်ခေါ်ထားသေးတာ၊ ရွယ်စူး ချစ်သူရပြီး ထွက်သွားမှာလည်း ကြောက်နေတယ်လေ"

"ဘာ"

သူ့စကားက ကွက်တိတိုက်ရိုက်ထိခိုက်သွားသည်ထင်သည်။ သူ့ကို စူးခနဲ မော့ကြည့်ပြီး အသံကျယ်ကျယ်နှင့်အော်၏။ သူက အပြုံးမပျက်ပင်

"ကိုယ်ပြောတာ မဟုတ်လို့လား၊ လူဆိုတာ သူ့လွတ်လပ်ပိုင်ခွင့်နဲ့သူကွ၊ သူ့ဘဝအတွက် သူ့မှာရွေးချယ်ပိုင်ခွင့်တွေရှိတယ်၊ ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်၊ မင်းချုပ်ကိုင်ထားတယ်ဆိုရင် အဲဒါ အတ္တကြီးတာပဲ"

"ရှင်က ဘဒ္ဒကို တစ်ယောက်တည်းနေစေချင်တာလား"

"ဟင့်အင်း ကိုယ်က မင်းအနားမှာ တစ်သက်လုံး အဖော်အဖြစ်ရှိနေမှာပဲဥစ္စာ၊ မင်းအတွက် ဘာတွေလိုအပ်ဦးမှာလဲ"

"ဟင် ရှင် ရှင်က"





"ကိုယ် မင်းကိုချစ်တယ်"

မျှော်လင့်ထားပြီးသားဆိုပေမယ့် တကယ့်လက်တွေ့ ကြားလိုက်ရ ည်အချိန်မှာ သူမရင်တွေ ဝုန်းဒိုင်းကျဲ ဖျပ်ဖျပ်ခါသွားသည်။ လရောင်မျက်နှာ ရင်ဆိုင်မကြည့်ရဲတော့သလို ခေါင်းကြီးလည်း ငုံ့လျှိုးသွား၏။

"ကိုကို တကယ်ပြောတာ ဘဒ္ဒ၊ မင်းကို ကိုကို သိပ်ချစ်တယ်၊ ပြောဖို့ ရည်ရွယ်ထားခဲ့တာ ကြာပြီဆိုပေမယ့် ပိုင်ဆိုင်မှုတွေ များလွန်းတဲ့ မယုံသင်္ကာ အထင်သေးရှုတ်ချမယ့်မျက်လုံးတွေကို ရင်မဆိုင်ချင်လို့ မျိုသိပ်နေခဲ့တာပါ၊ ကိုယ့်အနေနဲ့ ယောကျ်ားပီပီသသ ကတိတစ်ခု နိုင်ပါတယ် ဘဒ္ဒ၊ မင်းကိုချစ်မိခဲ့တဲ့အတွက် မင်းမှာ ဘာပိုင်ဆိုင်မှုမှမရှိ ကိုယ့်ဘဝအတွက် ဘဒ္ဒချိုဖြစ်ဖို့ပဲ အရေးကြီးပါတယ်"

ယုံကြည်ပါတယ်လို့ ပြောရမှာလား ဟင့်အင်းလို့ ငြင်းဆန်ရမှာ ဘဒ္ဒ ဝေခွဲမရ။ အနားတိုးကပ်လာသော လရောင်ရဲ့အသက်ရှူသံခပ် ငြင်းကြောင့် စိတ်တို့သွေးမျက်ချောက်ချားကာ ကတုန်ကယင် ဖြစ်နေရ ည်။

"ကိုကိုကို လက်ခံနိုင်လား၊ လက်မခံနိုင်ဘူးလား၊ ယုံကြည်လား ကြည်လားဆိုတာ အဖြေတစ်ခုခုပေးပါ"

"ဘ ဘဒ္ဒက ဘာဖြေရမှာလဲ"

"ချစ်တယ်လို့ဖြေပေါ့ ဘဒ္ဒရယ်၊ ဘဒ္ဒ ကိုကို့ကိုချစ်တယ် မဟုတ်

"အင်း ဟင့်အင်း ဘဒ္ဒ စဉ်း စဉ်းစားဦးမယ်"

စိတ်လှုပ်ရှားတုန်ယင်နေသော ဘဒ္ဒပခုံးလေးကို လရောင် ဖွဖွ



www.burmeseclassic.com

www.burmeseclassic.com



ထွေးဖက်လိုက်တော့ သူမ ခပ်လွန့်လွန့်လေး ရုန်းဖယ်ထွက်သည်။

"ဘာဖြစ်နေတာလဲ ရုံးခန်းထဲမှာ တစ်ယောက်ယောက်မြင်သွား ဘယ်လိုလုပ်မလဲ"

"မကြည့်ရဲတဲ့သူ ရှောင်သွားလိမ့်မပေါ့၊ ကိုကိုကတော့ မင်း ချစ်မိတဲ့အချိန်ကစပြီး ဘာကိုမှ ဂရုမစိုက်ချင်တော့ဘူး"

"ဟင့် ဟင့်အင်း ဘဒ္ဒ ကြောက်တယ်"

"ဘာကိုကြောက်တာလဲ မင်းပိုင်ဆိုင်မှုတွေကို လိမ်ညာသိမ်း သွားမှာစိုးလို့လား"

"အဲလိုလည်း မဟုတ်ပါဘူး၊ ရိုးရိုးသားသား ကြိုးစားနေ ဘဒ္ဒ မြင်နေတာပဲဥစ္စာ"

"ဒါဆို ကိုကို့ကို မချစ်နိုင်လို့လား"

ဘဒ္ဒ မျက်နှာလေး လွှဲဖယ်ကာ အသံတိတ်သွားသည်။ မချင့်မရဲဖြစ်ကာ သူမ လက်ဖဝါးနုနုလေးကို ခပ်ဖိဖိ ဆုပ်ညှစ်လိုက် ရုန်းဖယ်ခြင်းမပြုဘဲ မျက်လုံးလေးပြူးလည်လျက် မော့ကြည့်၏။

"ဘာ ဘဒ္ဒ စဉ်းစားဦးမယ်လို့ ပြောပြီးပြီပဲ"

"အချိန်တွေ အကြာကြီးတော့ မတောင်းဆိုပါနဲ့ ဘဒ္ဒရယ်၊ ဖြန် ဘဒ္ဒကို ဘုရားလိုက်ပို့မယ်၊ ဘဒ္ဒဖေဖေအတွက် ကုသိုလ်တွေဘာ လုပ်ပေးလိုက်ပေါ့"

"ဟင် မနက်ဖြန် စက်ရုံလည်း မပိတ်ဘဲနဲ့"

"ဘဒ္ဒအတွက် ကိုကိုအချိန်ပေးရမှာပေါ့၊ ဘဒ္ဒကလည်း တိုး တိတိကျကျ အဖြေပေးပါ၊ ပြီးရင် ဘဒ္ဒကို ကိုကိုလက်ထပ်မယ်၊ ဟို





ပိုင်မှုတွေ ကိုကို ဘာမှမမက်မောဘူးနော်၊ အဲဒါတွေအားလုံး ဘဒ္ဒဖေဖေ့ ပြန်ပေးလိုက်ပါ"

"အံမယ် အဲလိုတော့ မပေးပါဘူး၊ မိထွေးအတွက်ချည်း ဖြစ်သွား ပေါ့"

"မင်းမိထွေးက အဲလောက်ကြီး မက်မောမယ်၊ လောဘကြီးမယ် ထင်ပါဘူးကွာ"

"ကိုကိုက ဘာလို့ အဲလိုထင်ရတာလဲ၊ ပြည့်စုံချမ်းသာတဲ့သူတွေက လိုလေ အိုတစ္ဆေဆိုတာ မကြားဖူးဘူးလား၊ ချမ်းသာတဲ့သူတွေမှာ ရောင့်ရဲတင်းတိမ်မှုဆိုတာ မရှိဘူး၊ တရားမှုရော မတရားမှုရော ဘယ်ကရရ ကုန်လောဘကြီးကြတာပဲ"

လူကြီးလေးလို ပြောနေသော ဘဒ္ဒ ခေါင်းလေးကို ဖတ်ခနဲပုတ် ကာ

"မင်းကတော့ လောဘမကြီးဘူး၊ ရောင့်ရဲတင်းတိမ်မှု ရှိတယ်ပေါ့၊ အပိုင်စီးသိမ်းပိုက်မှာစိုးလို့ အကုန်သယ်ချလာပြီးတော့"

"ဒါက သူ့ဆီက မတော်လောဘနဲ့ယူလာတာမှမဟုတ်တာ၊ ယ် ရသင့်ရထိုက်တဲ့ ကိုယ့်ပိုင်ဆိုင်မှုတွေပဲဥစ္စာ၊ ဒါနဲ့ ကိုကိုက အဲဒီမိထွေး က ဘာလို့ခုခံကာကွယ်ပြောပေးနေရတာလဲ၊ ဘဒ္ဒ မိထွေးက ကိုကို့ သိမိတ်ဆွေမို့လား"

"ဟင် မ မဟုတ်ပါဘူး၊ သူများအပေါ် ယုံကြည်မှုနည်းရင် ဘဒ္ဒ နဲ့မှာစိုးလို့ပါ"

ပျာပျာသလဲ ဖြေရှင်းလိုက်ရသည်။ အမှန်တရားတွေသိသွားလျှင်



www.burmeseclassic.com

www.burmeseclassic.com



အထင်အမြင်လွဲမှားပြီး မုန်းတီးနာကြည်းသွားမှာမျိုး သူ ခံနိုင်ရည်မရှိပါ။

ထိုအတွေးနှင့် သူ့ကို နေ့စဉ်နေ့တိုင်း ခြောက်လှန့်ခံနေရသည်။ ဘဒ္ဒချိုကို မြတ်နိုးတန်ဖိုးထားစွာ ချစ်မိနေလို့ ဖြစ်ပေလိမ့်မည်။ အစွန်းအထင်းမရှိ ရိုးသားဖြူစင်တဲ့ ကိုယ့်ရဲ့အချစ်တွေကို မင်းနားလည်စမ်းပါ ချစ်သူရယ်...

■ ■ ■



## အခန်း (၂၀)

"လရောင်"

"ဟာ မမခိုင် ဘုရားလာဖူးတာလား"

"အင်း ဒီနေ့ ဦးဖော် မွေးနေ့လေ၊ ဦးဖော် သူ့မွေးနေ့ထောင့်မှာ ဘုရားထိုင် ပုတီးစိပ်နေတယ်၊ မင်းကရော ဘယ်သူနဲ့လာတာလဲ"

"ဘ ဘဒ္ဒချိုနဲ့"

မလုံမလဲပြောရင်း အသံတွေပါ တုန်ခါသွား၏။ ဘုရားဆင်းတုဆော်တွေ ရေသပ္ပာယ်နေသော ဘဒ္ဒချိုက မမခိုင်နှင့် သူ့ကိုလှမ်းကြည့်အော်ခေါ်နေ၍ပါ။

"မမခိုင် ကျွန်တော် သွားမယ်နော်၊ နောက်မှ အိမ်ကိုလာခဲ့မယ်"

မမခိုင်ကို ကပျာကသီ နှုတ်ဆက်ပြီး ဘဒ္ဒချိုအနား ခပ်မြန်မြန်ချဉ်းကပ်လာခဲ့သည်။ ဘဒ္ဒက မမခိုင်ကို စိမ်းနေအောင် ကြည့်နေပြီးမှ

"အဲဒါ ရှင့်ရည်းစားလား"



www.burmeseclassic.com

www.burmeseclassic.com



"အာ မ မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်သူလဲ"

"အာ အသိမိတ်ဆွေပါ၊ သူ့ယောကျ်ားနဲ့ ဘုရားလာတာတဲ့"

"ဟုတ်လို့လား ရှင်တို့ချင်း နှုတ်ဆက်ခေါ်ပြောတာ အရမ်းရင်း နေသလိုပဲ"

"အာ ရိုးရိုးသားသားပါကွာ၊ ကိုကို ကျိန်ဆို ကျိန်ရဲပါတယ်"

"အဲဒါဆိုလည်း သူ့ယောကျ်ားနဲ့ပါတွေ့ပြီး ခေါ်ပြောနှုတ်ဆက် မှာပေါ့၊ အခု သူ့ယောကျ်ားဆိုတာက ဘယ်မှာလဲ"

"ဟို အဲ အဲဒါ"

လရောင် ဘာပြောရမှန်း၊ ဘယ်လိုလုပ်ရမှန်းမသိအောင် ခေါင်း တွေ စိတ်တွေ ရှုပ်ထွေးနောက်ကျိသွားရသည်။ ဘဒ္ဒချိုက ပေကတ်ကတ် ဖွတ်တရွတ်နှင့် သူ့ကိုမယုံမကြည်ဖြစ်နေ၏။

သူနှင့်မတိမ်းမယိမ်းဖြစ်နေသည့် ယဉ်သောလှသော မမခိုင်ကို သူ့ချစ်သူရည်းစားလို့ထင်ပြီး သဝန်တိုနေခြင်းများလား။ သူ့ရင်ထဲ ကြည်နူး လိုက်ဖိုသွားသလို ရှိပေမယ့် ပေါ့ပါးစွာ မပျော်နိုင်ပါ။ ဘဒ္ဒ လက်ကလေး ဖျတ်ခနဲဆွဲပြီး

"ဟို ကိုကိုတို့ ပရဟိတကျောင်းကို ငွေသွားလှူရအောင်လေ ဒီဘုရားမှာ အကုန်လုပ်ပြီးသွားပြီမဟုတ်လား"

"ဖေဖေ့မွေးနံထောင့်မှာ အရင်ဆုံး အာလင်းတိုင်၊ အမွှေးတိုင်၊ ရေသပ္ပာယ်ခဲ့တာဆိုပေမယ့် ဖေဖေ့အတွက် နောက်တစ်ခေါက်ပြန်လာပြီး ဆုတောင်းတာ ကောင်းမယ်ထင်တယ်နော်၊ ကိုကို့အလုပ်တွေက မအားမလပ် နဲ့ အချိန်ရပါ့မလား"





"ကိုကို တစ်နေ့တာ အချိန်တွေအားလုံး မင်းပိုင်တယ်၊ လာ ...ကိုတို့သွားရအောင်"

ဘဒ္ဒ လက်ကလေးကို ဖွတ်အတင်းပင် ဆွဲခေါ်လာခဲ့ရသည်။ ...သီဟဇော်နှင့်မမခိုင်ကို တွဲလျက် မြင်တွေ့သွားလျှင် ဘာတွေဖြစ်သွားနိုင် ...ဲဆိုသည့်ပြဿနာ အစိုင်အခဲက အဆုံးအစမမြင်နိုင်။

သူနှင့်ဘဒ္ဒချို စောရောက်နေပြီး ဦးသီဟဇော်မွေးနံထောင့်မှာ ဆီမီး ...ထွန်းကပ်နေသည့်အချိန် မမခိုင်နှင့်ဦးသီဟဇော် ရောက်မလာသေး၍ တော် ...သေးသည်။

ဘဒ္ဒချို သူမမွေးနံထောင့်မှာ ရေသပ္ပာယ်နေမှ မမခိုင်နှင့်တွေ့လို့ ... အသက်ရှူချောင်ခဲ့ရ၏။

ဒါတောင် ဘဒ္ဒချိုက မမခိုင်နှင့်သူ့ကို အထင်လွဲသဝန်တိုနေသေး ...သည်။ ဘုရားကနေ ကားလေးမောင်းပြီး ထွက်လာမှ သူ သက်ပြင်းချနိုင် ...တော့၏။

သူမတို့သားအဖ အတူတူလှူဒါန်းနေကျ ပရဟိတကျောင်းတွေ ...သမဲ့ဂေဟာ၊ ဘုန်းကြီးကျောင်းတွေရောက်တော့လည်း ခပ်မြန်မြန်ပင် လှူ ...နိုင်းရသည်။ ဦးသီဟဇော်နှင့်မမခိုင်လည်း ရောက်လာနိုင်သည်။

အဝင်အထွက်ဆုံလို့ သူမ ဖေဖေက မိတွေးနှင့်ဒီလိုသွားလာလှူ ...နေတာသာ သိလျှင် ဝမ်းနည်းနာကျင်ခံစားနေပေဦးမည်။

"ဘဒ္ဒ ဗိုက်မဆာဘူးလား။ ဟိုတယ်တစ်ခုခုမှာ နေ့လယ်စာ ဝင် ...ရအောင်လေ"

"ဟိုတယ် ဘာလို့ဝင်စားမှာလဲ၊ ဒီနေ့ ရှယ်စူးက အိမ်မှာ...ချက်



www.burmeseclassic.com

www.burmeseclassic.com



ထားမယ်တဲ့၊ ဒီနေ့ ဘဒ္ဒ စက်ရုံမသွားတော့ သူလည်း မသွားတော့ဘူးလေ"

"ဘဒ္ဒက နောက်တစ်ခေါက် ဘုရားကိုပြန်တက်ဦးမှာဆိုရင် ညနေစောင်းလောက်မှ အိမ်ကိုပြန်ရောက်ကြမှာ ဗိုက်ဆာနေမှာပေါ့၊ စားသောက်ပြီး ဘုရားကိုတက်မယ်၊ ဒါမှမဟုတ် ဘဒ္ဒ ရုပ်ရှင်တွေဘာတွေ ကြည့်ချင်သေးလား၊ ဒီနေ့ ဘဒ္ဒ ဘာလုပ်ချင်လဲ၊ ကိုကို အကုန်လိုက်လျောမယ်"

"ဟင် တကယ်နော် ကိုကို၊ ဘဒ္ဒတို့ အိမ်ပြောင်းလာကတည်းက ရုပ်ရှင်တစ်ခါမှ မကြည့်ရလို့ ရုပ်ရှင်တော့ ကြည့်ချင်သား ကိုကိုရဲ့၊ ဒါပေမဲ့ ရှယ်စူးမပါတော့ မကြည့်တော့ပါဘူး၊ ရှယ်စူးသနားပါတယ်"

"နောက်တော့ ရှယ်စူးကို သက်သက်လိုက်ပြလို့ရတာပဲကွာ၊ ဒီနေ့ ဘဒ္ဒ ကုသိုလ်တွေလုပ်ဖို့ စိတ်လွတ်ကိုယ်လွတ် ထွက်လာတာပဲ၊ ဘဒ္ဒ လုပ်ချင်တာလုပ်ပါ"

"အင်း ပြီးရော ပြီးရော"

သူ စိတ်ကျေနပ်အောင် လိုက်လျောရသလိုမျိုးဖြင့် ခေါင်းညိတ်တော့ သူ့ရင်မှာ ကြည်ကြည်နူးနူး လှိုက်ဖိုသွားရသည်။ ဟိုတယ်မှာ နေ့လယ်စာဝင်စားပြီး ရုပ်ရှင်လည်း ကြည့်ဖြစ်သည်။

ရုပ်ရှင်ရုံထဲအရောက်မှာ သူမကိုယ်သင်းရနံ့လေးကို နီးနီးကပ်ကပ် ရှူရှိုက်နေရသည်မို့ သူ့နှလုံးသွေးတွေ ပွက်ပွက်ဆူဝေလှုပ်ရှားနေသည်။

ရုပ်ရှင်ပိတ်ကားပေါ်မှာ ဘာတွေပြနေတာလဲ သူ သတိမထားမိ။ ဖူးစင်ဝင်းမွတ်နေသော သူမမျက်နှာလေးကိုသာ မြတ်နိုးမဝစွာ တသသ တမြည့်မြည့်ကြည့်နေဖြစ်သည်။

သူမကလည်း အကဲခတ်မိစွာ သူ့ကိုပခုံးချင်းတိုက်ပြီး





"ဘဒ္ဒကို ရုပ်ရှင်ပိတ်ကားကြီးမှတ်ပြီး ခြင်္ုသုံးသပ်နေတာလား"

"ရုပ်ရှင်ကြည့်ရတာထက် ခံစားလို့ကောင်းလို့ပါ၊ ကိုကို့ကို ချစ်တယ်လို့ပြောတော့ကွာ၊ တရားဝင်ချစ်သူဘဝ ရောက်ချင်ပြီ လက်ထပ်ချင်ပြီ"

"စီးပွားရေးသမားလို့ မပြောရဘူး၊ လောဘကလည်း ကြီးလိုက်တာ၊ ချစ်သူဘဝမရောက်သေးဘူး၊ လက်ထပ်မယ်ဆိုတာက တစ်ခါတည်း ပြောချလိုက်တာပဲ"

"ပိုင်ဆိုင်ချင်လို့ပေါ့ ဘဒ္ဒရယ်၊ အခု ဘဒ္ဒလက်ကလေးကို ကိုင်ဖို့တောင် စည်းစောင့်နေရတယ်"

"အောင်မယ်လေး ပြောတတ်နေလိုက်တာ၊ ရော့ လက်ပဲကိုင်ရမယ်နော်၊ ဒီထက် အဆင့်ကျော်မလာနဲ့"

သူမလက်ကလေးကို ဆောင့်အောင့် သူ့ရှေ့ထိုးပေးတော့ လှိုက်ခနဲ နှလုံးခုန်ပျော်ရွှင်သွားမိသည်။

"ဟာ ဘဒ္ဒ ချစ်တယ်လို့ ကိုကို့ကို အဖြေပေးတာလား"

"နလပိန်းတုံး မဟုတ်ဘဲနဲ့ အချင်ယောင်ဆောင်ပြီး ထပ်မေးမနေနဲ့"

"မင်း နှုတ်ဖျားလေးက ချစ်တယ်လို့ ပြောတဲ့စကားလေးတော့ ကြားချင်သေးတာပေါ့ကွာ၊ ပြောလေ ကိုကို့ကိုချစ်တယ်လို့"

သူမ လက်ဖဝါးလေးကိုမလွှတ်တမ်း ဆုပ်ကိုင်ပြီး သူမေးတော့ မျက်နှာလေးကို ဟိုလွှဲဒီလွှဲဖြင့် ခေါင်းရမ်းသည်။

"ရှက်တယ် အဲလိုကြီး မပြောချင်ဘူး"

www.burmeseclassic.com



"ဘယ်သူကြားအောင် အော်ရမှာမို့လဲ၊ ကိုကို့နားကို တိုးတိုးလေး ကပ်ပြော လာ"

"ဟင့်အင်း ကိုကိုနော်"

သူ့ရဲ့ခပ်တင်းတင်း တွယ်ဖက်မှုမှာ သူမ လွန့်လွန့်လေးရုန်းသည်။ ဒါပေမဲ့ သူမ ရုန်းလေနစ်လေဖြစ်သွားကာ သူ့ရင်ခွင်မှာ ငြိမ်ငြိမ်သက်သက် မျက်နှာလေးအပ်သွားသည်။

သူက ဝှက်ထားသော မျက်နှာလှလှလေးကို မရမကဖင့်မော့၍ နမ်းလိုက်၏။

ရုန်းဖယ်လို့မရတော့မယ့်အတူတူဆိုပြီး သူမကလည်း အရွဲ့တိုက် ကာ သူ့ရင်ခွင်ထဲက မခွာတော့ပေ။

ရှပ်ရှင်ပြီးသွားသည်အထိ သူ့ရင်ခွင်ထဲမှာ ဒီအတိုင်း။ အိမ်ပြန် လမ်းမှာတော့ သူမလက်ကလေးကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ခွင့်ရကာ ဆုလာဘ် ကြီးသလို လူက မော်မော်ကြွားကြွား မြောက်ကြွကြွဖြစ်နေသည်။

ဘဒ္ဒကလည်း ဘုရားပေါ်အတက်မှာ ကလေးလေးတစ်ယောက်လို သူ့လက်ကို ယီးလေးခိုလို့ပါ။ ဘုရားမှာလည်း သူ့အဖေအတွက် အကြာ ကြီးဆုတောင်းသည်။

"ကိုကို ဘဒ္ဒအနားမှာပဲနေနော်၊ ဘယ်မှမသွားနဲ့၊ ဘဒ္ဒက အကြာ ကြီးဆုတောင်းဦးမှာ"

ထိုသို့ ချွဲချွဲနွဲ့နွဲ့ပြောတော့ သူ ဘယ်မှထမသွားဖြစ်ပါ။ သူမဘုရား ရှိခိုး ဆုတောင်းနေပုံလေးကို မြတ်မြတ်နိုးနိုး တမေ့တမော ထိုင်ကြည့်နေမိ သည်။





"ဘဒ္ဒ ဘယ်သွားဦးမလဲဟင်"

သူမ ဘုရားရှိခိုးပြီးချိန်မှာ သူမေးတော့ ဘဒ္ဒက ခေါင်းရမ်းပြသည်။

"ဘယ်မှမသွားတော့ဘူးလေ ကိုကိုရဲ့ အခု ညနေစောင်းနေပြီ ရှယ်ဂူးမျှော်နေမှာပေါ့၊ ကိုကိုနဲ့အပြင်မှာ တစ်နေကုန်နေရတာ အပြစ်ရှိသလို တောင်ခံစားရတယ်"

"ဘာလို့ အပြစ်ရှိသလို ခံစားရမှာလဲ၊ လူတိုင်းမှာ ကိုယ်ပိုင်လွတ် လပ်ခွင့်၊ ကိုယ်ပိုင်ခံစားချက်တွေနဲ့ အဲဒါကြောင့် ရှယ်ဂူး ကိုယ်ရေးကိုယ်တာ ကိုလည်း အရမ်းကြီး တင်းကျပ်ချုပ်ကိုင်မထားပါနဲ့"

"ကိုကိုကလေ သူများတွေဘက်ကချည်း တွေးပေးနေတာပဲနော်၊ ဘဒ္ဒမိတွေဘက်ကလည်း ပြောပေးတာပဲ၊ ရှယ်ဂူးကိုလည်း ကိုယ်ချင်းစာ ပါကဲသေးတယ်၊ သူ့မွေးချင်းသားချင်း အရင်းတွေဆို မလွယ်ဘူး"

"ဩော် ဒီ ဒီလိုပါပဲ"

စကားမများအောင် ထိန်းပြောရင်း ရင်ထဲမှာတော့ ထိတ်ခနဲဖြစ်၏။ ဒီကောင်မလေးကို ဘာမှမသိစေချင်သေးပါ။ ဒီအတိုင်းမသိသလို ချစ်ပေးပါ ဦး ဘဒ္ဒလေးရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"တီ တီ တီ"

ကားဟွန်းအဆက်မပြတ်တီးနေပေမယ့် အိမ်ထဲက ရွှယ်စူးထွက်မလာ။ ရွှယ်စူး အိပ်ပျော်နေတာလား။ တီဗွီအကျယ်ကြီးဖွင့်ထားလို့ ကားဟွန်းတီးသံကို မကြားတာများလား။

"ကားဟွန်းထပ်တီးလိုက်ပါဦး ကိုကို၊ ရွှယ်စူး ခြံတံခါး ဘာလို့လာမဖွင့်တာလဲ မသိဘူး"

"တီ တီ တီ"

ဘဒ္ဒတိုက်တွန်းမှုနှင့် ဟွန်းထပ်တီးသော်လည်း ဘာမှထူးခြားမလာပါ။ ဘဒ္ဒက စိတ်မရှည်သလို ကားတံခါးဖွင့် အောက်ဆင်းကာ ခြံတံခါးနားသို့ သွားကြည့်သည်။

"ဟယ် ကိုကို ခြံတံခါးက သော့ခတ်ထားတာမဟုတ်ဘူး၊ စေ့ရုံစေ့ထားတာ၊ ကိုကို မောင်းဝင်လာခဲ့လေ၊ ဘဒ္ဒ တံခါးဖွင့်လိုက်မယ်၊ အိမ်ထဲ





ရောက်မှ ရွှယ်စူးနဖူး အာလူးသီးထွက်အောင် ခေါက်ပစ်လိုက်မယ်"

ကြိမ်းဝါးရင်း ဘဒ္ဒက တံခါးဖွင့်ပေးသည်။ သူ့ကားလေး ခြံဝင်းထဲရောက်မှ သော့ပြန်ခတ်လိုက်၏။

"ရွှယ်စူး ရွှယ်စူး"

ရွှယ်စူးနာမည် တကြော်ကြော်အော်ခေါ်ရင်း ဘဒ္ဒ အိမ်ထဲဝင်သွားသည်မို့ သူလည်း နောက်ကလိုက်ဝင်သွားရသည်။ ပြန်ထူးသံမကြားရတော့ ရေချိုးခန်း ထမင်းစားခန်းတွေထဲထိ ဘဒ္ဒ လိုက်ကြည့်နေ၏။

"ကိုကို ညေ့ခန်းမှာ ခဏထိုင်စောင့်ဦးနော်၊ ရွှယ်စူး အပေါ်ထပ်ရောက်နေလားမသိဘူး၊ ဘဒ္ဒ တက်ကြည့်လိုက်ဦးမယ်၊ ဒီလောက်အော်နေတာတောင် မကြားဘူး။ သူနိုးဝင်ခိုးရင် ဘယ်လိုလုပ်မှာလဲ တွေ့ရင်မလွှယ်ဘူးမှတ်"

ဗျစ်တောက်ဗျစ်တောက် ပြောရင်း ဘဒ္ဒအပေါ် ပြေးတက်သွားတော့ ညေ့ခန်းဆိုဖာခုံမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ခဏအကြာမှာ စာရွက်လေးတစ်ရွက်ကိုင်၍ ဘဒ္ဒ အပေါ်ထပ်ကနေ တဒုန်းဒုန်း ပြေးဆင်းလာသည်။

"ကိုကို ကိုကို ရွှယ်စူး မရှိတော့ဘူး"

"ဘာ မရှိလို့ ရွှယ်စူးက ဘယ်သွားမှာလဲ၊ ဟိုနား ဒီနားဈေးဝယ်သွားညာ ထွက်ချင်ထွက်မှာပေါ့"

"မ မဟုတ်ပါဘူး၊ ယောကျ်ားနောက်လိုက်သွားတာ၊ ဒီမှာ စာရေးထားခဲ့တယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲက စာရွက်လေးကို ကမျာကယာ ဖြန့်ဖတ်ကြည့်လိုက်ကြသည်။

ဘဒ္ဒ

တစ်သက်လုံး နှုတ်မဆက်ရဘူးလို့ ယုံကြည်ထားပေမယ့် နလုံးသားရဲ့အလိုဆန္ဒကို လိုက်လျောမိလို့ နှုတ်မဆက်ချင်ဘဲ နှုတ်ဆက်ခဲ့ပါတယ်။

အချစ်ကြောင့် လူတွေရဲ့စိတ်တွေ ပြောင်းလဲသွားတတ်ကြတယ်ဆိုပေမယ့် ဘဒ္ဒအပေါ်ထားတဲ့ တို့ရဲ့သံယောဇဉ်တွေကတော့ ဘယ်တော့မှ မပြောင်းလဲပါဘူး။ ဘဒ္ဒရဲ့အစေအပါးဘဝနဲ့ပဲဖြစ်ဖြစ် သူငယ်ချင်းဆိုတဲ့ ခင်မင်မှုနဲ့ပဲဖြစ်ဖြစ် ပြန်ဆုံချင်ပါသေးတယ်၊ တို့နှစ်ယောက်မင်္ဂလာပွဲကို လာဖြစ်အောင်လာခဲ့ပေးပါနော်၊ ကိုကြီးကျယ်ကျယ်မဟုတ်တောင် မင်္ဂလာဆွမ်းကျွေးလေးဖြစ်ဖြစ် လုပ်ပေးပါ့မယ်လို့ ထွန်းခင် ကတိပေးထားတယ်၊ နင်လည်း သူဒွေးလရောင်နဲ့ အဆင်ပြေပါစေလို့ ဆုတောင်းခဲ့ပါတယ်၊ သူဒွေးကို ဘယ်လိုအကြောင်းအရာမျိုးနဲ့မှ မုန်းမသွားဘဲ ချစ်တဲ့အမြင်နဲ့ပဲ ကြည့်လိုက်ပါ၊ သူဒွေးက နင့်ကိုတကယ်ချစ်ရှာတာပါ၊ ဒါပဲနော် ဘဒ္ဒ။

အချစ်ကို မလွှန်ဆန်နိုင်တဲ့နေ့ နင်လည်း တို့ကို ကိုယ်ချင်းစာတတ်လာမှာပါ။

သံယောဇဉ်များစွာဖြင့်

ရွှယ်စုး

သူ စာရွက်လေးကို ပြန်ခေါက်လိုက်ချိန်မှာပဲ ဘဒ္ဒက မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျနေကာ

"သံယောဇဉ် ဘာသံယောဇဉ်လဲ၊ အဲလို သံယောဇဉ် တကယ်ရှိ





တယ်ဆိုရင် ဒီလိုလုပ်သွားပါ့မလား၊ အခုတော့ ဘဒ္ဒကို ဒီအိမ်ကြီးမှာ တစ်ယောက်တည်းထားခဲ့ပြီး ယောကျ်ားနောက် ကောက်ကောက်ပါအောင်လိုက်သွားတယ်တဲ့၊ ကြားလို့ကောင်းကြသေးရဲ့လား အီး ဟီး ဟီး ရွှယ်စုးအစုတ်ပလုတ်မ"

"ဘဒ္ဒကလည်းကွာ သူလည်း ချစ်တဲ့သူနဲ့ အတူနေချင်ရှာမှာပေါ့၊ စိတ်မကောင်းဖြစ်မနေပါနဲ့"

"စိတ်မကောင်းမဖြစ်ပါဘူး၊ စိတ်နာတာ သိလား၊ စိတ်နာတာ၊ ဘဒ္ဒက သူ့အားကိုးနဲ့ ဖေဖေ့အရိပ်က ထွက်လာတာပါလို့ သူ့ကိုပြောထားရဲ့သားနဲ့ သူမို့ လုပ်ရက်တယ်၊ ဘဒ္ဒက တစ်ယောက်တည်း ဒီအိမ်ကြီးမှာ ဘယ်လိုလုပ်နေရမှာလဲ"

"မနေရဲရင် ကိုယ့်အဖေအိမ် ကိုယ်ပြန်ပေါ့ကွ၊ ဘယ်သူက နှင်ထုတ်မှာလဲ၊ ရိုက်ထုတ်မှာလဲ"

"မပြန်ချင်ပါဘူး မိထွေးမျက်နှာကို မကြည့်ချင်တာ၊ အဲဒီမိထွေးနဲ့ ဝလုံးပလဲဖြစ်နေမယ့် ဖေဖေ့ကိုလည်း မမြင်ချင်ဘူး"

ဘဒ္ဒက ကလေးဆိုးကြီးလို ဆိုဖာခုံပေါ်မှာ ဆောင့်ကြောင့်တက်ထိုင်ပြီး ပြောလည်းပြော၊ ငိုလည်းငို နှပ်ကလည်း တရှုပ်ရှုပ်။ ရုံးခန်းထဲက အဖြစ်အပျက်ကိုမြင်ယောင်ကာ သူ ဟက်ခနဲ ရယ်ချလိုက်မိသည်။

"ကိုကိုက ဘာရယ်တာလဲ၊ ဘဒ္ဒကို လှောင်နေတာလား"

"မဟုတ်ပါဘူးကွာ မင်းငိုတာလေးက အရမ်းချစ်စရာကောင်းလို့ပါ၊ ဒါပေမဲ့ အရမ်းကြီးလည်း မငိုနဲ့ကွ၊ မင်း စိတ်ပင်ပန်းနေတာလည်း ကိုကို မကြည့်ရက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အပိုတွေ မပြောပါနဲ့၊ ဒီလိုအချိန်မှာ တစ်ယောက်တည်းနေရမှာ တွေးပြီး မငိုချင်ဘဲနေပါ့မလား၊ ဘာဒုက္ခ အရမ်းသရဲကြောက်တာ"

"မင်း မကြောက်အောင် ကိုကို မင်းနဲ့အတူတူနေပေးမယ်လေ"

"ဘာ"

"ဟ အရမ်းကြီး မအော်ပါနဲ့ကွ၊ ကိုကိုက မရိုးမသားစိတ်နဲ့ ပြောတာမဟုတ်ပါဘူး၊ စေတနာနဲ့ မင်းကို စောင့်ရှောက်ပေးမယ်လို့ ပြောတာ"

"ကိုကိုက သရဲထက်ကြောက်စရာကောင်းနေရင် ဘယ်လိုလုပ်မလဲ၊ ဖေဖေကပြောဖူးတယ်၊ နာနာဘာဝဆိုတာ မြင်တွေ့အပ်တဲ့အရာတွေ မဟုတ်ဘူး၊ တကယ်လို့ တွေ့ခဲ့ရင်တောင် နာနာဘာဝတွေ မှဲ့နေတာထက် သက်ရှိထင်ရှားတွေ့မြင်နေရတဲ့ လူတွေရဲ့အပြုံးလောက် ကြောက်စရာမကောင်းဘူးတဲ့"

"သြော် မှတ်သားလောက်ပါတယ်"

"ကိုကိုက ရွဲ့ပြန်ပြီ"

"မရွဲ့ပါဘူး တကယ်ပြောတာ၊ မင်းအဖေပြောတာ မှန်တယ်ကွ၊ လူတွေရဲ့ လောဘ ဒေါသ အတ္တတွေလောက် ဘယ်အရာကမှ ကြောက်စရာမကောင်းဘူး၊ ကဲပါကွာ ဒီဆိုဖာခုံပေါ်မှာ ကိုကို တစ်ညလုံးစောင့်အိပ်ပေးပါ့မယ်၊ မင်းက ကိုယ့်အခန်းမှာပဲ ကိုယ်ပြန်အိပ်ပေါ့"

"ဟင့်အင်း အခန်းထဲလည်း တစ်ယောက်တည်း မအိပ်ရဲပါဘူး၊ ကိုကိုနဲ့တစ်ညလုံး ထိုင်စကားပြောမယ်"

"ကဲ သဘောတော်အတိုင်းပါပဲခင်ဗျာ၊ ခင်ဗျားလေး စိတ်ချမ်းသာရင် ပြီးတာပါပဲ"





သူ ထိုသို့ပြောလိုက်မှ မျက်ရည်တွေသုတ်ပြီး ပြုံးပြုံးရွှင်ရွှင် ဖြစ်တော့တာ

"ညစာစားဖို့ ဘယ်လိုလုပ်ကြမလဲဟင်၊ တခုခုအပြင်ထွက်စား ကြမလား"

"နေဦးလေ ဒီမှာ ဘာတွေရှိလဲ၊ အရင်ကြည့်ရအောင်၊ ရွှယ်ရှုး ဘာမှချက်မထားခဲ့ဘူးဆိုရင် အခုကို ကိုကိုချက်ကျွေးမှာပေါ့၊ မိုးတစ်စက်ဆို ခေါက်ဆွဲကြော်ပေးတာမျိုးပဲဖြစ်ဖြစ်"

"အဲဒါဆို ကိုကို ဘာလုပ်ကျွေးကျွေး စားမှာပေါ့၊ ရွှယ်ရှုးဟင်း တွေ ချက်ထားလည်း မစားဘူး၊ စိတ်နာတယ်"

"ဒါဆိုပါကွာ မီးဖိုခန်းထဲ သွားရအောင်နော်"

သူမကို စိတ်ကျေနပ်သွားအောင် အလိုက်အထိုက် ဆက်ဆံပေးရင်း ဖြင့် သူမလက်ကလေးကို ဆွဲ၍ မီးဖိုခန်းထဲသို့ခေါ်လာခဲ့သည်။

"ဟာ ရွှယ်ရှုး ဟင်းတွေအများကြီး ချက်ခဲ့တာပဲကွ"

ထမင်းစားပွဲပေါ်က အုပ်ဆောင်းကိုလှပ်လိုက်သည်နှင့် ရွှယ်ရှုး ချက်ထားခဲ့သည့် ဟင်းတွေ အလျှံပယ်ပင်။

အနွက သူ့လက်ထဲက အုပ်ဆောင်းကို ပြန်ဆွဲယူကာ ဆောင့်ခနဲ ပြန်အုပ်ထားလိုက်ပြီး

"မစားပါဘူးဆိုမှ ဘာလို့ အုပ်ဆောင်းဖွင့်နေတာလဲ၊ ပြီးရင် အမှိုက် ပုံးထဲ အကုန်ထည့်ပစ်မှာ၊ ကိုကိုပဲ တစ်ခုခုလုပ်ကျွေးနော်"

အနွက အဲလို ကလေးဆန်လွန်းသူပါ။ ရွှယ်ရှုးကို စိတ်ဆိုးစိတ်ကောက် ထားလား။ စိတ်ကောက်တာလား မသိပေမယ့် သူကတော့ မင်းမနိုးရုံမျှ



www.burmeseclassic.com

www.burmeseclassic.com



မည်။

ဒါပေမဲ့ သူ ကျေနပ်ကြည်နူးနေပါသည်။ သူမအတွက်ဆို သူ့ခွန်အားတွေ ကုန်ချင်ကုန်ပါစေ။ ပေးဆပ်ချစ်နှင့် ချစ်မြတ်နိုးချင်လှသည်ကလေးလေးတစ်ယောက်လို ဆိုးနွဲ့အနိုင်ယူချင်လည်း ယူပါစေ။

ကြင်နာယုယစောင့်ရှောက်ပေးချင်ပါသည်။ ဒါဟာ ရယူလိုခြင်းကင်းသည့် ချစ်ခြင်းသက်သက်ဖြင့်။

■ ■ ■



## အခန်း (၂၂)

"ဗျာ ရွယ်စူးက အန်ကယ့်အိမ်မှာ"

"ဟုတ်တယ် မောင်လရောင်၊ ခွေးပုက ဒီလိုလုပ်မယ်ဆိုတဲ့အကြောင်း အန်ကယ့်ကိုဖုန်းဆက်အသိပေးတော့ ဘယ်မှမသွားဖို့ပြောပြီး အန်ကယ် ခေါ်ထားလိုက်တာ"

"အဲ အဲဒါတော့ မကောင်းဘူးထင်တယ်၊ ဟိုမှာ ဘဒ္ဒက တစ်ယောက်တည်း အားလည်းငယ်၊ ကြောက်လည်းကြောက်နေရှာတာ"

"အဲဒီကိစ္စ ခွေးပုလည်း စိတ်မကောင်းဘူး၊ အန်ကယ်လည်း စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ဘယ်လိုလုပ်မလဲ မောင်လရောင်ရယ်၊ သမီးလေးက သူ့ဆန္ဒအတွက် ခွေးပုတို့ချစ်ခြင်းကို ခွဲသလိုဖြစ်နေတာ၊ ခွေးပုစိတ်ဆန္ဒကို ညှဉ်းပန်းနှိပ်စက်သလိုဖြစ်နေတာ၊ အန်ကယ် ဒီအတိုင်းကြည့်နေရမှာလား၊ ခွေးပု သူ့ဆုံးဖြတ်ချက်နဲ့သူ အဝေးကိုထွက်သွားမှာသိသိကြီးနဲ့ လျစ်လျူရှုလိုက်ရင်ရော အန်ကယ်တို့ လူပီသပါဦးမလား"

ဦးသီဟဇော် ပြောတော့လည်း ဟုတ်နေပြန်တော့ သူ့မှာ ပြောစရာ စကားမရှိတော့သလိုတောင် ဖြစ်သွားသည်။ ဦးသီဟဇော်က စိုးရိမ်မှုပူပန်မှု ကင်းစွာနှင့်

"ရွှေပုကို တိုက်တွန်းလိုက်တာကလည်း သမီးလေးအတွက် မင်း ရှိနေလို့ပါ"

"ဗျာ ဟို ကျွန်တော် ဘာကို ပြုပြုဝင်ဝင် ရိုးရိုးသားသားပဲ စောင့်ရှောက်ပေးခဲ့တာပါ"

"မင်းရဲ့ကိုယ်ကျင့်တရားကို အန်ကယ်ယုံကြည်ပါတယ်၊ အဲဒါ ကြောင့်လည်း သမီးလေးရဲ့လက်တွဲဖော်အဖြစ် မင်းကို စိတ်ချလက်ချ ရွေးချယ်ခဲ့တာပေါ့၊ မင်းတို့ချစ်သူအဆင်မပြေ ဖြစ်သွားကြပြီဆိုတော့ အန်ကယ် အချိန်မရွေး စိတ်အေးခဲ့တာပေါ့ကွာ၊ မင်းတို့ကို အန်ကယ်အကြီးကျယ်ဆုံး အခမ်းအနားနဲ့ လက်ထပ်ပေးမယ်"

"သိပ်မရွယ်လောက်အောင်ပါတယ် အန်ကယ်"

"ဘာလို့လဲ"

"အန်ကယ်သိတဲ့ အခုရောက်နေတဲ့နေရာက ကျွန်တော်နဲ့မမိုင် နှုတ်ဆက် တာကို ခု မြော်သွားတယ်"

"မိုင်က ပြောပြပါတယ်၊ သမီးလေးက မိုင့်ကိုတောင် သေချာ ကြည့်သွားသေးတယ်တဲ့၊ အန်ကယ်ကလည်း အန်ကယ့်စမ်းရေမှာ တရားကို သမီးလေး လာလိမ့်မယ်ဆိုတာ ကြိုသိနေတယ်၊ အမျှတိုင်တွေ ထိမ်မှု က နှစ်စဉ်နှစ်တိုင်း အန်ကယ့်အတွက် သမီးလေးလှုဒါနပေးနေကျပုံအတိုင်း မြင်တွေ့နေရလို့လေ"





"ဟုတ်ပါတယ် ဘာမှအဆန်းအဆန်း ကျွန်တော် လိုက်ပို့တာပါ"

"အန်ကယ့်ကို သမီးလေး မုန်းမနေတာသိလိုက်ရလို့ အန်ကယ် ဝမ်းသာပါတယ်ကွာ"

ဦးသီဟဇော် အသံတွေတုန်ခါပြီး မျက်ရည်တွေလည်နေသည်။ မှာထားသည့် ကော်ဖီခွက်တွေကိုလည်း တစ်ယောက်မှ မသောက်ဖြစ်။

"ဒါပေမဲ့ အဲဒီနေ့က တိုက်ဆိုင်မှုက ကျွန်တော်တို့အားလုံးကို ဘာမှ နားကြည်းမုန်းတီးသွားနိုင်တယ်ထင်တယ်"

"ဟင် ဘာဖြစ်လို့လဲ မောင်လရောင်"

"အဲဒီအချိန်က မမိုင်ကို သူကြည့်တာ ကျွန်တော့်ရဲ့ ဂလိုဗရုန်း အမှတ်နဲ့ သဝန်တိုပြီး ဂရုစိုက်ကြည့်ခဲ့တာ၊ မှတ်မှတ်ထင်ထင် ရှိသွားခဲ့တယ် ဆိုပါတော့ အန်ကယ်၊ အဲဒါကို တစ်နေ့နေ့မှာ အန်ကယ်ရယ် မမိုင်ရယ် ကျွန်တော်ရယ် ဒီသုံးယောက်ရဲ့ပတ်သက်ဆက်စပ်မှုကို သဘောပေါက်သွား ပြီး သူ့ကိုချဉ်းကပ်ခဲ့တာ အစီအစဉ်တကျလို့ သူ ထင်မသွားနိုင်ဘူးလား"

"အဲဒီတော့"

"သူ မမိုင်ကို မုန်းနေဆဲပါ အန်ကယ်၊ မမိုင်သာ အန်ကယ်ရဲ့ မိန်းမ၊ ကျွန်တော့်ရဲ့အစ်မပါလို့ သိသွားရင် ကျွန်တော့်ကိုလည်း ရောယောင် မုန်းသွားနိုင်ပါတယ်"

ဦးသီဟဇော် သက်ပြင်းရှိုက်သည်။ သူလည်း အသက်ရှူလို့မဝပါ။

"အင်း မင်းပြောမှ အန်ကယ် ပိုပြီးရင်မောသွားပြီကွာ၊ ဒါပေမဲ့ ဒီကိစ္စက ဒီထက်ပိုပြီးလည်း ရှောင်လွှဲလို့မရတော့ဘူး။ ထိပ်တိုက်ရင်ဆိုင်ရ မယ့်အကြောင်းတွေ ရှိလာပြီ"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ဗျာ အန်ကယ် ဘာကိုဆိုလိုတာလဲ"

"ခွေးပု မင်္ဂလာဧည့်ခံပွဲလေးကို အန်ကယ်က အိမ်မှာလုပ်ပေး

စီစဉ်ထားတယ်၊ သမီးလေးကိုလည်း အဲဒီကိစ္စ အသိပေးရမှာပဲမဟုတ်လား

ပြီးတော့ ခွေးပုကလည်း သူ့မင်္ဂလာပွဲကို သမီးလေးကို လာစေချင်တယ်

သမီးလေးကလည်း စိတ်နာတယ်ဆိုပြီး မလာဘဲတော့နေမှာမဟုတ်ဘူး

သမီးက ခွေးပုလေးကို အရမ်းသံယောဇဉ်ကြီးရှာတာ"

လရောင် နောက်တစ်ကြိမ် လေးလေးပင်ပင် သက်ပြင်းရှိုက်မိပြ

၏။ ဘဒ္ဒအမုန်းစက်ကွင်းက ဘယ်လိုမှ လွတ်လမ်းမမြင်တော့။

"သူ မသွားချင်ဘူးဆိုရင်တောင် တိုက်တွန်းရမယ့်တာဝန် ကျွန်

တော်တို့မှာရှိနေတယ် အန်ကယ်၊ ကောင်လေးကလည်း ကျွန်တော့်စက်ရုံ

ဆိုတော့ ကျွန်တော်လည်း မလာလို့မရဘူး"

"တွေးကြောက်ပြီး ရှောင်တိမ်းလို့လည်း ဖြစ်မှမဖြစ်တော့တာ

ရင်ဆိုင်ကြည့်ကြရုံပေါ့၊ မင်းဘက်က ခံနိုင်ရည်ရှိရှိနဲ့ သမီးလေး ဘယ်လို

ဆုံးဖြတ်ဆုံးဖြတ် သည်းခံပေးပါ၊ စိတ်ရှည်နားလည်ပေးပါ၊ ရင့်ကျက်မှုမ

နိုင်သေးတာက အန်ကယ် ဆုံးမသွန်သင်မှု နည်းခဲ့လို့ပါကွာ"

"အန်ကယ့်မှာ အပြစ်မရှိပါဘူး။ သားသမီးတစ်ယောက်ကို အေး

ရာပြည့်စုံအောင်ထားနိုင်ရင် အဲဒါ မိဘဝီသနေပါပြီ၊ ရောင့်ရဲတင်းတိမ်မှု

ကျေနပ်မှုသိတတ်ရမှာက သားသမီးတွေရဲ့ဝတ္တရားပဲလေ၊ အန်ကယ် နော

အိမ်ထောင်ပြုတာ မှားခဲ့တယ်ဆိုရင်လည်း တစ်ပင်လဲလို့ တစ်ပင်ထူ

သူနားလည်ပေးရမှာပေါ့။ သူလည်း ဦးခွေးဆံမြည့် အန်ကယ်နဲ့တစ်သက်

နေမှာမှ မဟုတ်တာ"





ဦးသီဟဇော်ကို ဖျောင်းဖျဖြေသိမ့်နေရပေမယ့် သူ့ရင်ထဲ မောကျစ်

နေမှုက ပြေပျောက်မသွားပါ။ ဘာတွေဖြစ်သွားနိုင်သလဲဆိုသည့် အတွေးက

သူ့ကိုတစိမ့်စိမ့် သွေးပျက်မတတ် ခြောက်လှန့်ခံနေရသည်။

ဘဒ္ဒမုန်းလျှင် သူရှင်သန်ရာဘဝလေး အဆုံးသတ်သွားမှာ သေချာ

သည်။

"သမီးလေးဆီ အခုပဲ ဖုန်းဆက်အသိပေးလိုက်တော့မယ်"

"ဗျာ အန်ကယ် ဘာတွေပြောမှာလဲ"

ဦးသီဟဇော်က ကော်ဖီခွက်ကို သောက်မလိုလုပ်ပြီးမှ ပြန်ချလိုက်

တာ

"ခွေးပု အန်ကယ့်ဆီရောက်နေတဲ့အကြောင်းနဲ့ အကျဉ်းရုံးမင်္ဂလာ

ပွဲလေးကို ခွေးပု မျက်နှာမငယ်ရအောင် လာပေးဖို့ပေါ့"

ဦးသီဟဇော် ပြဿနာကို ထိပ်တိုက်ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားဟန်

တူသည်။ သူ မတုန်မလှုပ်ဖြစ်နေတော့ သူ့ပခုံးကို လှမ်းပုတ်ကာ

"ရင်ဆိုင်ဖို့ ကြိုတွေးပြီး ပြင်ဆင်ထားရင် မင်းခံနိုင်ရည်ရှိမှာပါကွာ၊

တအုံ့နွေးနွေးနဲ့ အချိန်ဆွဲရှောင်လွှဲနေတာကမှ ကြာရှည်ခံစားနေရမှာ၊ အချစ်

ရှိရင် အမုန်းဆိုတာလည်း ရှိမှာပေါ့၊ ပြဿနာဆိုတာရှိရင်လည်း ဖြေရှင်းစရာ

နည်းလမ်းတွေ အများကြီးရှိပါတယ်၊ အန်ကယ်တောင်မှ သမီးလေး ဒီလို

လုပ်သွားမယ်ဆိုတာ သိသိကြီးနဲ့ ခိုင့်ကိုစွန့်စားပြီး လက်ထပ်ခဲ့တယ်၊ ဒါက

လည်း ကိုယ့်အတ္တစိတ်ကို ဦးစားပေးပြီး ဆုံးဖြတ်လိုက်တာ မဟုတ်ဘူး"

"ဒါဆို ဘာကြောင့်လဲ အန်ကယ်"

"တစ်နေ့နေ့မှာ သမီးလေး အန်ကယ့်မေတ္တာကို နားလည်ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



လာပေါ်မှာမယ်၊ ရင့်ကျက်တည်ငြိမ်မှုတွေနဲ့ မိုင့်ကိုလည်း လက်စကြိုဆို ပေါ်မှာမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ပါ။ အချိန်တစ်ခုကိုတော့ သမီးလေးကို စိုးရိမ် ပူပန်မှုတွေ၊ စိတ်မချနိုင်မှုတွေနဲ့ ရင်းထားရတာပေါ့"

ဦးသီဟဇော်ရဲ့ဘဒ္ဒအပေါ် ထားသော မေတ္တာအတိမ်အနက်ကို ခန့်မှန်းမိလိုက်သည်။ သူကရော ဘဒ္ဒကို ဘယ်လိုပေးဆပ်မှုတွေနှင့် မျှော်လင့် ရမှာလဲ။

စမ်းမရောက်ခင်က မြားကုန်သွားသော ခံစားမှုမျိုးဖြင့် သူ့ရင်တစ် လုံး နုံးခွေရည့်နဲ့နေသည်။

တိုက်ပွဲတစ်ခုအတွက် လက်နက်အင်အား လူအင်အား တောင့် တင်းပြည့်စုံမှ စစ်အောင်နိုင်သည်တဲ့။ သူ့အတွက်တော့ ချစ်တတ်သော နှလုံးသားတစ်စုံသာ စတေးစရာရှိပါသည်။ စိတ်ကြိုက်ချေမှုအသုံးချပါ ချစ်သူ

■ ■ ■

## အခန်း (၂၃)

ဒီတစ်ကြိမ် ဘဒ္ဒအိမ်ကို လှမ်းဝင်ရသည့်ခြေလှမ်းတွေက တုံ့နှေး လေးကန်နေသည်။ စက်ရုံပိတ်ရက်ဆိုပေမယ့် အပြင်မှာ ဦးသီဟဇော်နှင့် စကားပြောဖို့ ချိန်းထားသည်မို့ အိမ်ခဏပြန်ဦးမည်ဆိုပြီး ဘဒ္ဒဆီခွင့်တောင်း ကာ. သူထွက်သွားခဲ့သည်။

သူနှင့်စကားပြောပြီးအပြန်မှာ ဘဒ္ဒဆီကို ဦးသီဟဇော် ဖုန်းဆက် ပြောထားမည်ဆို၍ သူမလည်း သိသလောက်သိပြီးရော့ပေါ့။ ရှယ်စူး ဦးသီဟ ဇော်အိမ်ရောက်သွားတာ သူမ ဘယ်လိုခံစားနေရမလဲ။

စိုးရိမ်နေမိသော်လည်း သူမမျက်နှာပေါ်က အပြုံးတစ်စကို မြင် လိုက်ရ၍ ရင်ပူသက်သာသွားပါသည်။

"အိမ်ခဏပြန်မယ်ဆိုပြီး ကိုကိုကလည်း အကြာကြီးပဲ"

"ဘဒ္ဒက ကြောက်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"နေ့ဘက်တော့ မကြောက်ပါဘူး၊ ကရောတေးလည်း သင်ထား တာ၊ ဘယ်သူလာလာ ပြန်ချရဲတယ်"

"သရဲလည်း မကြောက်ဘူးပေါ့"

"ရွှယ်စူးကောင်လေးပြောဖူးတာ အဲဒါမျိုးတွေ မရှိတော့ဘူးတဲ့၊ ဒါပေမဲ့ တစ်ယောက်တည်းတော့ ညဘက်ကြီး မနေရဲပါဘူး"

ဒီအချိန်ထိ ရွှယ်စူး မင်္ဂလာပွဲအကြောင်း တစ်ခွန်းမှ မဟသေး။ ဦးသီဟဇော် ဘာမှမပြောရသေးတာများလား။

သူကရော ဒီအတိုင်း မသိချင်ယောင်ဆောင်နေရမလား။ မင်းအဖေ ဖုန်းဆက်သေးသလားလို့ မေးလိုက်ရမလား။ အင်း ဒါလည်းမဖြစ်သေးပါ။ မယုံသင်္ကာ သံသယဖြင့် စောစောစီးစီး အမုန်းခံနေရဦးမည်။

"ဟို ဘဒ္ဒ နေ့လယ်စာ စားပြီးပြီလားဟင်"

"စားပြီးပြီပေါ့၊ ညနေတောင် ရောက်တော့မယ်"

"ဝယ်စားတာလား။ ချက်စားတာလား"

"ဈေးသွားဝယ်ပြီး ကိုယ်တိုင်ရယ်ချက်ထားတာပါနော်၊ ရွှယ်စူး လက်ရာလောက်ကတော့ မိုင်နာပါ၊ ကိုကိုချက်တာကြည့်ပြီး ကိုကို့ထက်သာ အောင် ချက်ထားတာ"

"တော်လိုက်တာ ဆရာအခံရင် လုံ့ပြန်ရှုံးမယ်နော် ကလေးမ သတိထား"

ချစ်စနိုးနှင့် သူမနဖူးလေးကို ထုကာ စနောက်လိုက်သည်၊ သူမက သူ့လက်တစ်ဖက်ကို မှီတွယ်ကာ

"ကိုကို့ကို တစ်နေကုန် မတွေ့ရတော့ လွမ်းတယ် ကိုကိုရ"





"ဒါဆို ကိုကိုတို့ လက်ထပ်ကြမယ်လေ၊ ဘဒ္ဒဖေဖေဆီသွားပြီး ခွင့်တောင်းကြတာပေါ့"

"ဟင့်အင်း ဖေဖေ့ကို မပြောချင်ပါဘူး၊ အဲလိုလည်း လက်မထပ် ချင်သေးဘူး"

"ဒီလိုကြီး လက်မထပ်ဘဲ ဘဒ္ဒဆီကို ကိုကိုလာနေတာ ဘယ် သင့်တော်ပါ့မလဲကွာ၊ ပတ်ဝန်းကျင်ကလည်း ဝေဖန်သမုတ်ကြမယ်၊ ဘဒ္ဒနဲ့ ကိုယ့်ရဲ့ဂုဏ်သိက္ခာကလည်း ရှိသေးတယ်"

"အံမယ် ဘဒ္ဒတို့က ဘာတွေကိုယ်ကျင့်တရားပျက်ပြီး အမှား အယွင်းလုပ်နေကြလို့လဲ"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ လူ့ရဲ့စိတ်ဆိုတာ အမြဲတမ်းကြီး ထိန်း ချုပ်ထားနိုင်တာမဟုတ်ဘူး။ မိဘမောင်ဘွားတွေရဲ့ဆိတ်ကွယ်ရာမှာ ရှိနေကြ တဲ့ ကိုကိုတို့နှစ်ယောက်က ဘာသေွးသားမှ မတော်စပ်တဲ့ သူစိမ်းတွေ"

"မဟုတ်ပါဘူး ချစ်သူတွေပါ"

ဘဒ္ဒက နှုတ်ခမ်းလေးစူလျက် မူနွဲ့နွဲ့လေး စကားထောက်သည်။ သူက စိုရဲအိထွေးနေသော နှုတ်ခမ်းလေးကို အကြည့်လွှဲလျက် ဆိုဖာခုံ ထောင့်နေရာမှာ သွားထိုင်လိုက်သည်။

"ချစ်သူတွေမို့ပိုဆိုးတာပေါ့ ဘဒ္ဒရယ်၊ သွေးသားဆာလောင်မှုနဲ့ မှားယွင်းမှုတွေကို ကျူးလွန်တတ်ကြတာ၊ စိတ်တူကိုယ်တူ ချစ်သူတွေပဲလေ၊ လက်မထပ်ရသေးဘဲနဲ့ ကိုကို ဘာအမှားမှ မကျူးလွန်ချင်ဘူး ဘဒ္ဒ၊ ကိုကို ဘဒ္ဒကို အရမ်းတန်ဖိုးထားတယ်၊ ဖြူဖြူစင်စင် ကြွေရုပ်လေးလို အရိပ်တ ကြည့်ကြည့် မြတ်နိုးချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ် သိလို့လည်း ကိုကိုကို ဘဒ္ဒ ပြန်ချစ်တာပေါ့"

"ချစ်နေရုံနဲ့ မပြီးသေးဘူးလေ ဘဒ္ဒရယ်၊ အနာဂတ်အတွက် ရည်ရွယ်ချက်တွေနဲ့လည်း လက်ထပ်ဖို့ လိုသေးတယ်၊ ချစ်သူတွေရဲ့ဘ၀ အဓိပ္ပာယ်က အိမ်ထောင်ကျမှ ပြီးပြည့်စုံတာ၊ ဟို ရွှယ်ရုကိုပဲ ကြည့်ပါလား ချစ်တတ်လာလို့ စွန့်စားထွက်သွားတာ"

"တော်တော့ ကိုကို ရွှယ်ရုက ဘဒ္ဒဆီကသာ စွန့်စားထွက်သွားတယ်ပြောတာ၊ မေမေအရိပ်မှာ ဘာလို့သွားနိုင်ရတာလဲ"

"ဟင် ဘာပြောတယ်"

သူ ဘာမှနားမလည်သလို အလန့်တကြား မေးခွန်းထုတ်လိုက်ရသည်။ ဘဒ္ဒက ဟွန်းခနဲ မဲ့ရွဲ့ပြီးမှ

"ရွှယ်ရုက မေမေဆီရောက်နေတယ်တဲ့လေ၊ ဘဒ္ဒ ဘယ်လောက် ကြောက်တတ်တယ်ဆိုတာ သူအသိဆုံး။ ဒီအိမ်ကြီးမှာ တစ်ယောက်တည်း ကျန်နေခဲ့ရတာကိုလည်း သူသိတာပဲ၊ ဒါကိုတောင် ဘဒ္ဒကို ထားခဲ့ပြီး ချစ်သူနောက် နိုးရာလိုက်သွားတယ်တဲ့၊ သွားတော့လည်း ဝေးဝေးလံလံ စွန့်စားထွက်တာမဟုတ်ဘူး။ မေမေ့အိမ်မှာ သူတို့လင်မယားနှစ်ယောက်ထဲ ပျော်ပြူးလို့ မေမေကရော ဘဒ္ဒတစ်ယောက်တည်း ကျန်ခဲ့ရတာကို စိတ်ရှိဘူးလား။ ရွှယ်ရု သူ့အိမ်ရောက်လာပြီဆိုရင် ဘဒ္ဒတစ်ယောက်တည်း ကျန်ခဲ့တာကို သိကိုသိရမယ်၊ ဒါတောင်မှ စိတ်ချလက်ချ ပစ်ထားနိုင်တာ ဖော်ဝိသတာလား"

သူမ ခံစားချက်နှင့်သူမလည်း မှန်နေပြန်သည်။ ကိုကိုနဲ့အတူ ရှိနေမှာသိလို့ စိတ်အေးလက်အေး ရှိနေကြတာပါလို့လည်း ကိုယ့်မှာမဖြေရှင်း





သာ။ ဘယ်လိုစကားလုံးနှင့် နှစ်သိမ့်ရမှန်းတော့မသိတဲ့ လူ ငြိမ်သက်တွေဝေသွားရ၏။ ဘဒ္ဒမျက်နှာလေးက တင်းမာနေရှာလို့ပါ။

"ကိုကိုသာမရှိရင် ဘဒ္ဒကိုယ်ဘဒ္ဒ ဘာဖြစ်သွားမလဲဆိုတာတောင် မတွေးရဲဘူး။ အခုမှ ရွှယ်ရု မင်္ဂလာပွဲလေးကို ရွှယ်ရု၊ အားငယ်နေမှာစိုးလို့ အဖော်ဖြစ်အောင် လာခဲ့ပေးပါတဲ့လေ"

"အနိကယ်ကလား ဟို ဘဒ္ဒမေမေကလား"

"ဟုတ်တယ် ကိုကိုထွက်သွားပြီး သိပ်မကြာဘူး ဖုန်းဆက်တာ"

"ဘဒ္ဒက ဘာပြန်ပြောလိုက်လဲ"

"မလာနိုင်ဘူးလို့ ပြောလိုက်တာပေါ့။ မေမေက အခုမှ စိတ်မကောင်းဖြစ်နေသလိုလိုနဲ့ သမီးလည်း အိမ်မှာ တစ်ယောက်တည်းနေရဲမှာ မဟုတ်ဘူး။ အိမ်ကိုပြန်လာခဲ့ပါတဲ့လေ၊ ဘဒ္ဒကလည်း ကိုကိုအားကိုးနဲ့ တစ်ယောက်တည်းနေရဲတယ်၊ ဘယ်တော့မှ ပြန်မလာဘူးလို့ ပြောလိုက်တယ်"

"ဟယ် ဘယ်ကောင်းမလဲ ဘဒ္ဒရယ်"

"ဘာလို့ မကောင်းရမှာလဲ၊ နေ့အခါ ကိုကိုနဲ့တက်ရှိလိုက်မယ်၊ ညအခါ ကိုကိုနဲ့ဆိုင်စကားပြောမယ်"

"အဲလိုနေဖို့ဆိုတာလည်း ကိုကိုတို့ရဲ့ဂုဏ်သိက္ခာအတွက် မကောင်း ထင်ပြီးမှုဖြစ်မှာပေါ့။ မင်္ဂလာနဲ့ကျင်းပဝေဖန်မှုတွေရှုမခံရအောင်ဖြစ်ဖြစ် ဘာဘာ ညာညာရဲ့အဆုံးအမကြောင့်ပဲဖြစ်ဖြစ် လက်မထပ်ဘဲအိမ်မှာလမ်းမှာ ဟတွဲတွဲနေလို့ ဘယ်လိုလုပ်သင့်တော်မှာလဲ"

"အဲဒါဆိုရင် ဘဒ္ဒက ဘယ်လိုနေရမှာလဲ၊ မိစ္ဆာတွေကြောက်နေတဲ့ဘဒ္ဒမှာ အိမ်မှာ ပြန်မနေချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ သက်ပြင်းတွေရှိုက်ထုတ်၍ သူမအနား တိုးကပ်ထိုင်ကာ သူမ လက်ကလေးကို ခပ်ဖိဖိ ဆုပ်ညှစ်လိုက်သည်။

"ကိုကိုပြောတာ သေချာနားထောင်နော်၊ ဘဒ္ဒဖေဖေ့ဆီကို ခွင့်မတောင်းချင်သေးဘူးဆိုရင် ကိုကိုတို့ရုံးတက်ပြီး နှစ်ဦးသဘောတူ လက်မှတ်ထိုး လက်ထပ်ထားရအောင်"

"ဟင်"

"ဟို လူကြီးမိဘအသိုင်းအဝန်းတွေရှေ့မှာ မင်္ဂလာဧည့်ခံပွဲမလုပ်ရသေးဘဲ ဘယ်လိုအမှားအယွင်းမျိုးနဲ့မှ ပိုင်ဆိုင်အောင်မကြိုးစားပါဘူး။ အများအမြင်မှာ သင့်တော်အောင်၊ တရားဥပဒေကိုလည်း လေးစားရာရောက်အောင်၊ ပြီးတော့ ဘဒ္ဒကို တရားဝင်စောင့်ရှောက်ခွင့်ရချင်လို့ပါ"

သူ အလေးအနက်ပြောတော့ ဘဒ္ဒ ငြိမ်သက်စွာ နားထောင်ရင်းဖြင့် သူ့ရင်ခွင်မှာ မှီနွဲ့လာ၏။ သူမရဲ့ တိတ်တခိုးသက်ပြင်းငွေ့လေးက သူ့ရင်ဘတ်မှာ ပူခနဲ ဖြစ်သွားစေသည်။

"ကိုကို့ကို လက်မထပ်ချင်ဘူးလားဟင်"

"ကိုကို့မေးခွန်းကြီးက မှားနေတယ်၊ ဘယ်လိုဖြေရမှာလဲ"

"ဟင် ဘာဖြစ်လို့လဲ"

"လက်မထပ်ချင်ဘူးလားဆိုတော့ ခေါင်းညိတ်ပြတော့လည်း လက်မထပ်ချင်လို့ဖြစ်ဦးမယ်၊ ခေါင်းရမ်းပြလည်း လက်မထပ်ချင်တဲ့အဓိပ္ပာယ်ဖြစ်သွားတာပဲ"

"အဲဒါဆို ကိုကိုက ဘယ်လိုမေးရမှာလဲ"

"ကိုကို့ကို လက်ထပ်မှာလား ဘဒ္ဒလေးလို့ ပြန်မေးပေါ့"





တော်တော် ကတ်ကတ်သတ်သတ် ဝေ့လည်ကြောင်ပတ်နိုင်သည့် ကောင်မလေးပါ။ သူက ခပ်ညစ်ညစ်နှင့် ဖွတ်တိုးဖက်ပစ်လိုက်ကာ

"ကိုကို့ကို လက်ထပ်မှာလား ပြောပါခင်ဗျာ"

"အဲလောက်ကြီး ဖက်ထားမှတော့ အသက်ရှူကျပ်ပြီး ဘယ်လိုလုပ် ဖြေရတော့မှာလဲ"

ကြည့် ဒီကောင်မလေး ဆိုးစရာမရှိ ကြဲဖန်ဆိုးနွဲ့နေပါရောလား။ သူလည်း အဲလောက်ကြီးတော့ စိတ်မရှည်ပါ။ အရစ်ရှည်ကိုကျနေသော ကောင်မလေးရဲ့နှုတ်ခမ်းဖူးဖူးလေး ဖျတ်ခနဲ ငုံနမ်း၍ အပြစ်ပေးလိုက်သည်။ အငိုက်မိသွားသော ကောင်မလေး ရှောင်တိမ်းချိန်မရလိုက်ပါ။

ကိုကိုနော်ဆိုပြီး ညည်းညူခွင့်လည်း မသာလိုက်ပါ။ သူက မေးခွန်းလည်း ထပ်မထုတ်တော့ဘဲ မနက်ဖြန် ရုံးတက်လက်မှတ်ထိုးလက်ထပ်ဖို့ စီစဉ်လိုက်သည်။

သူမကလည်း သူ့ကိုချစ်လို့လား၊ နောက်တစ်ခါ အပြစ်ပေးခံရမှာ စိုး၍လားမသိ၊ ကြည်ကြည်ဖြူဖြူပင် လိုက်လျောလက်ခံပေးသည်။ ဘယ်သူ့အထောက်အကူ ပံ့ပိုးမှုမှမပါဘဲ သူတို့လက်ထပ်ဖြစ်လိုက်ကြတာ အဲသေအချာ။

■ ■ ■



www.burmeseclassic.com

## အခန်း (၂၈)

ဘာ၊ မင်းတို့လက်ထပ်လိုက်ကြပြီ ဟုတ်လား လရောင်

ဟုတ် ဟုတ်ကဲ့ မမနိုင်

ဦးဇော်သိရင် ဘာပြောမလဲမသိဘူး၊ လရောင်ရယ်၊ ဦးဇော်က မင်းတို့ကို ခမ်းခမ်းနားနား လက်ထပ်ပေးမယ်လို့ ပြောထားရဲ့သားနဲ့ ဘာလို့ ကိုယ့်သဘောနဲ့ကိုယ် စိတ်ထင်ရာ လုပ်လိုက်ကြတာလဲ

မမနိုင်က အန်ကယ်ကို စိတ်ပူသွားသည့်ပုံမျိုးပေါ်၏။ ဦးသီဟဇော် ပြန်မြင်မှာကို စိုးရိမ်နေဟန်တူသည်။

ဦးသီဟဇော်ကို ကျွန်တော် ဖုန်းဆက်ပြောထားပါတယ်၊ ခုသူ ကုမ္ပဏီကနေ ပြန်လာခဲ့မယ်၊ ဆိုင်ကသွားစောင့်နေဆိုလို့ ကျွန်တော် လာခဲ့တာပါ

ဒါဆို ဦးဇော် ပြန်လာတော့မှာပေါ့

သူ ခေါင်းညိတ်ပြတော့ မမနိုင် သက်ပြင်းချလိုက်သည်။





ဦးဇော် စိတ်မကောင်းဖြစ်နေမလား၊ မင်းကို အပြစ်မြင်နေမလား သိဘူး လရောင်ရယ်

ဒီလို လုပ်မထားရင် မဖြစ်တော့လို့ပါ မမနိုင်၊ အခြေအနေတစ်ခုနဲ့ ဆိုင်းချုပ်ထားတဲ့သဘောပါ၊ ကျ ကျွန်တော်ဘဒ္ဒနဲ့ ခွဲရမှာစိုးလို့

မင်း အကျပ်ကိုင်ပြီး ဘဒ္ဒကို စည်းရုံးခဲ့တာလား

မ မဟုတ်ပါဘူး စိတ်တူသဘောတူပါ၊ သူ ကျွန်တော့်ကို တကယ်ချစ်လို့ လက်ခံလိုက်တယ်ဆိုတာ ကျွန်တော် ယုံကြည်တယ်

အေး အန်ကယ်လည်း ယုံကြည်ပါတယ်ကွာ

သူနှင့်မမနိုင် စကားပြောနေစဉ်မှာ ဦးသီဟဇော် ပြန်ရောက်လာသည်။ မမနိုင်က ဦးသီဟဇော် လက်ထဲက အတက်ချီကေ့စ်ကို ဆွဲယူ၍ ဦးသီဟဇော်အတွက် သံပုရာရည်တစ်ခွက် သွားဖျော်လာ၏။

မမနိုင် အဲလိုတွေ အလိုက်သိနားလည်ပေးလို့ ဦးသီဟဇော် မခွဲနိုင်မခွာရက် ရှန်းမထွက်ခဲ့တာ ဖြစ်မည်။

မင်း ဘာကြောင့် ဒီလိုလုပ်လိုက်ရတာလဲဆိုတာလည်း အန်ကယ် နားလည်တယ်၊ နောက်အားလုံး အဆင်ပြေသွားမှ ဧည့်ခံပွဲကြီးကြီးကျယ်ကျယ် လုပ်ကြတာပေါ့ကွာ

ဟုတ် ဟုတ်ကဲ့ အခုလို နားလည်ပေးတဲ့အတွက် အန်ကယ့်ကို ကျေးဇူးတင်ပါတယ်၊ အခုလို လက်ထပ်လိုက်တာက သူ့ကိုတရားဝင် စောင့်ရှောက်ခွင့်ရချင်တာကြောင့်လည်း ပါပါတယ်၊ သူ့ရဲ့ဂုဏ်သိက္ခာအတွက် တင့်တယ်စေချင်တာရော၊ ဘဒ္ဒက သူ့ကိုရှယ်ရှူးထားခဲ့တာရော အန်ကယ် ထိုးသိရောက်နေပြီ၊ သူတစ်ယောက်တည်း ကျန်နေခဲ့တာကို အန်ကယ်

www.burmeseclassic.com



လျစ်လျူရှုထားတယ်လို့လည်း အထင်မှားနေတယ်''

''အရင်ကထက်ပိုပြီး စိတ်နာနေတယ်ဆိုပါတော့၊ ရွှယ်စူး မင်္ဂလာ ကိုလည်း မလာဘူးလို့ ဆုံးဖြတ်ထားတယ် မဟုတ်လား''

''ဟုတ် ဟုတ်ကဲ့ အန်ကယ်၊ ဒါပေမဲ့ ကျွန်တော် ဖျောင်းဖျနား ကြည့်ပါ့မယ်၊ သူလာဖြစ်ခဲ့ရင် ဖြေရှင်းရမှာတွေ အများကြီးဆိုပေမယ့် အနီး ကြာနေရင် ပိုပြီးနာကျင်စရာတွေပဲ ထပ်ဖြစ်လာမှာ၊ ဘဒ္ဒက အန်ကယ့် ရော ရွှယ်စူးကိုရော အချစ်ပို သံယောဇဉ်ပိုလို့ ဒီလိုတွေဖြစ်နေရတာပါ''

''မင်းတောင် သမီးလေးအပေါ် တော်တော်နားလည်နေပြီပဲ''

ဦးသီဟဇော် စိတ်မကောင်းသလိုဖြစ်နေပေမယ့် ပီတိနှင့်ပြုံးနေ သည်။ မမခိုင်လည်း သူ့အပေါ် ဦးသီဟဇော် ငြိုငြင်ခြင်းမရှိမှ သက်ပြင်းချ နိုင်၏။

''သံပုရာရည်သောက်လိုက်ဦး ဦးဇော်၊ လဲရောင်က ဘဒ္ဒလေးရဲ့ စိတ်ကို ထိန်းချုပ်ပြုပြင်နိုင်မှာပါ''

''ဦးဇော် ယုံကြည်လို့လည်း သမီးလေးကို မောင်လရောင်လက်ထဲ စိတ်ချလက်ချ အပ်နှံထားတာပေါ့ကွာ၊ ဒါပေမဲ့ မောင်လရောင် အဲဒီနေရာမှာ ရပ်တည်နေနိုင်မလားဆိုတာတော့ စိုးရိမ်တယ်''

''ဦးဇော် ဘာကိုဆိုလိုတာလဲ၊ လရောင် စိတ်ကုန်သွားမယ်ထင် လို့လား''

''မဟုတ်ပါဘူး၊ သမီးလေးကို စိတ်ရှည်သည်းခံပေးပါ့မယ်လို့ ဦးဇော် ကို မောင်လရောင် ကတိပေးထားတာပဲ၊ အခုဟာက ဦးဇော်တို့အားလုံးကို သမီးလေး စိတ်နာတာထက် မောင်လရောင်ရဲ့ချည်းကပ်မှုအမှန်ကိုသိသွားရင်





မောင်လရောင်ကို ပိုပြီး မုန်းတီးနာကြည်းသွားနိုင်တာကိုတွေးမိလို့ပါ၊ အချစ် ကြီးရင် အမုန်းကြီးတယ်ဆိုတဲ့စကားလည်း ရှိတယ်မဟုတ်လား''

မမခိုင်က လရောင်ဘက်ကို ကရုဏာသက်စွာ လှည့်ကြည့်သည်။ လရောင်က ခေါင်းကြီးငုံ့လျှိုးထားလျက်မှ

''ကျွန်တော် အဲဒါကို တွေးမိလို့ လက်ထပ်ထားမိကာမှ ပိုဆိုးသွား ပြီလား မသိဘူး၊ တကယ်တမ်းက ဘဒ္ဒအမုန်းခံရမယ်မှန်းသိသိကြီးနဲ့ မစွန့် လွှတ်နိုင်လို့ပါ''

''အရမ်းကြီးလည်း တွေးမထားပါနဲ့ မောင်လရောင်ရယ်၊ သမီးလေး က စိတ်ကြီးတာ စိတ်မြန်တာမှန်ပေမယ့် စိတ်သဘောထားလည်း နူးညံ့ ပျော့ပျောင်းလွယ်ပါတယ်၊ အန်ကယ့်မွေးနေ့တုန်းက ဘုရားကိုရောက်အောင် လာပြီး ပန်း ဆီမီးတွေ လှူဒါန်းပေးခဲ့တာပဲ စဉ်းစားကြည့်ပေါ့၊ သူ သံယောဇဉ် ကြီးတဲ့လူတွေကို ကြာရှည်မမုန်းပါဘူး၊ ဒီကြားထဲမှာ ငြိတွယ်မှုတွေ ပိုလာ အောင် ကြိုးစားပါ မောင်လရောင်''

''ဟုတ်ကဲ့ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် ကျွန်တော် နောက်မ ဆုတ်ပါဘူး အန်ကယ်၊ ဟော် ရွှယ်စူးတို့တောင်အပြင်က ပြန်လာကြပြီ''

''သူတို့မင်္ဂလာဆွမ်းကျွေးနေ့ကျရင်ဝတ်ဖို့ အဝတ်အစားတွေ အန်ကယ်သွားဝယ်ခိုင်းလိုက်တာပါ''

ရွှယ်စူးနှင့်တွန်းခင် အဝတ်အစားအိတ်လေးတွေ ဆွဲလျက် ဧည့်ခန်း ထဲ ဝင်လာကြသည်။ ရွှယ်စူးက သူ့ကိုမြင်တော့ ကပျာကသီ လျှောက်လှမ်း လာ၏။

''ဘ ဘဒ္ဒ အဆင်ပြေလားဟင် ဦးလရောင်၊ ရွှယ်စူးကို ဘဒ္ဒ



www.burmeseclassic.com

www.burmeseclassic.com



တော်တော်စိတ်ဆိုးနေမှာပဲနော်''

''အင်း၊ ဒီလိုပါပဲ မင်းလည်း ဘဒ္ဒအကြောင်းသိသားနဲ့ သူက မင်းကို အရမ်းသံယောဇဉ်ကြီးခဲ့တာမဟုတ်လား။ သရဲခြောက်တဲ့သူ့ကို တစ်ယောက်တည်းထားခဲ့လို့ဆိုပြီး တဈစ်တောက်တောက်ကွ''

''ဦးလရောင်ကို အားကိုးလို့ရတာပဲဆိုပြီး ရွှယ်ရှူး ထွက်လာခဲ့တာပါ၊ ဟို ဦးလရောင်နဲ့လည်း မြန်မြန်ဆင်ပြေသွားစေချင်လို့လေ''

''ဟင်း ဟင်း မင်းစေတနာကို ကိုယ်က သဘောပေါက်ပါတယ်၊ သူ့ကို ဘယ်လိုရှင်းပြရမှန်းမသိတာဘဲ အခက်တွေ့နေတာ၊ နောက်တော့ လည်း အဆင်ပြေသွားမှာပါကွာ၊ သိပ်လည်း စိတ်ပူမနေပါနဲ့''

''ရွှယ် ရွှယ်ရှူးတို့မင်္ဂလာဆွမ်းကျွေးနေ့ကျရင် လာမယ်လို့ မပြောဘူးလားဟင်''

မျက်ရည်လေးဝဲနေသော ရွှယ်ရှူးကိုကြည့်၍ သူ စိတ်မကောင်း ဖြစ်ရသည်။ ထွန်းခင်က မျက်နှာငယ်လေးနှင့် တုတ်တုတ်မျှမလှုပ်။

''သိပ်လည်း စိတ်မကောင်းဖြစ်မနေပါနဲ့ ကိုယ် ရအောင်ခေါ်လာခဲ့ ပါမယ်၊ ဪ ထွန်းခင်လည်း တခြားမှာအလုပ်လုပ်ရမှာ အဆင်မပြေရင် ကိုယ့်စက်ရုံမှာ ပြန်လာလုပ်နော်''

''အဲဒီကိစ္စ အန်ကယ်စီစဉ်ထားတယ် မောင်လရောင်ရေ့ သူတို့ ဆန္ဒရှိရင်ပေါ့လေ၊ ထွန်းခင်ကို ကားမောင်းသွင်ပေးပြီး အန်ကယ့်ရဲ့ဒရိုင်ဘာ လုပ်ဖို့နဲ့ ခွေးပုကလည်း အရင်လိုပဲ ဒီအိမ်မှာ လုပ်ဖို့ပေါ့၊ သူတို့အတွက် ခြံ နောက်ဘက်မှာ သီးသန့်သွပ်မိုး ပျဉ်ထောင်အိမ်လေးတစ်လုံး ဆောက်ပေးဖို့ စိတ်ကူးထားတယ်၊ မွေးလာမယ့် သားသမီးတွေအတွက်လည်း ခုကတည်းက





သစာတိုးပေးရမှာပေါ့''

ဦးသီဟဇော်က ရွှယ်ရှူးတို့အပေါ် သားသမီးနှင့်မခြား သံယောဇဉ် ကြီးရှာပါသည်။ မမြင်ရသေးသည့် အနာဂတ်အတွက်တောင် အစီအစဉ်တွေ ဆွဲလို့ပါ။

ရွှယ်ရှူးနှင့်ထွန်းခင်ကလည်း မိဘသဖွယ် ထိုင်ကန်တော့ကြသည်။

''ရွှယ်ရှူးတို့ကို ဒီခြံကြီးထဲမှာ နေခွင့်ပေးလို့ ကျေးဇူးတင်ပါတယ် ဦးဦးဇော်၊ ရွှယ်ရှူးတို့တစ်သက်လုံး ရိုးရိုးသားသား၊ သစ္စာရှိပါ့မယ်၊ မင်္ဂလာကိစ္စ အစစ စီစဉ်ပေးတဲ့အတွက်လည်း ကိုယ့်မိဘလိုသဘောထားပြီး ပြုစုလုပ်ကိုင် ကျေးဇူးဆပ်ပါ့မယ်''

''အေးပါ ဦးဦးဇော်တို့မိသားစုအပေါ် ညည်းတစ်သက်လုံး ကောင်း လာခဲ့တယ်၊ သမီးလေး ဘဒ္ဒအပေါ် အနစ်နာခံလာခဲ့တယ်၊ အဲဒီအကျိုး ကျေးဇူး ပြန်ခံစားရတယ်လို့ အောက်မေ့ပါ၊ ဟုတ်ပြီလား။ ကဲ ကဲ အပြင်က ပြန်လာကြတာ ပင်ပန်းနေလိမ့်မယ် သွားနားကြ''

ဦးသီဟဇော် ပြောလိုက်မှ ရွှယ်ရှူးနှင့်ထွန်းခင် ကျိုးနွံနာခံစွာ ထွက် သွားကြသည်။

ဦးသီဟဇော် ပေါ့ပေါ့ပါးပါး သက်ပြင်းချ၍

''သမီးလေးသာ နားလည်ပေးရင် ခွေးပုလည်းပျော်သွားမှာ၊ သူတို့ လေးတွေက ဘဝအခြေအနေချင်းမတူကြပေမယ့် ရွှယ်ရှူးလေးက အလိုက်သိ အနစ်နာခံတတ်လွန်းတော့ အလုပ်ရှင်အလုပ်သမားလိုမဟုတ်တဲ့ ညီအစ်မတွေ သူငယ်ချင်းတွေလိုပဲ သံယောဇဉ်ကြီးကြပါတယ်၊ အတတ်နိုင်ဆုံး ဖျောင်းဖျ နားချပြီး ခေါ်လာခဲ့ပါ မောင်လရောင်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အန်ကယ် စိတ်ချပါ"

ဦးသီဟခေါ် ကတိပေးခဲ့ရပေမယ့် သူ့ရင်တစ်ခုလုံး လေးပင်ကျစ်ဖို့နေသည်။ ဘဒ္ဒကို ဒီအိမ်လာဖို့ တိုက်တွန်းရမှာက ကိုယ့်ကိုယ်ကိုယ် သေဒဏ်ပေးစီရင်နိုင်းပြီး အမိန့်ချမှတ်ရသလို ဖြစ်နေ၏။

အမျက်တော်ရှ အာမုန်းဒဏ်သင့်ခံရဖို့အချိန်တွေက တရွေ့ရွေ့ဖြင့်

■ ■ ■



## အခန်း (၂၅)

"မသွားဘူးဆိုရင် မင်းတစ်သက်လုံး နောင်တရနေမှာပေါ့ ဘဒ္ဒရယ်၊ မုန်းလို့မှမဟုတ်ဘဲ စိတ်ဆိုးစိတ်နာရုံသက်သက်နဲ့ မင်း ဒီလိုမလုပ်သင့်ပါဘူး"

"ကိုကိုက ဘဒ္ဒဘက်ကတွေးပြီး နာမပေးတတ်ဘူးလား၊ ဘဒ္ဒဘယ်လိုခံစားရမယ်ဆိုတာ ကိုယ်ချင်းစာကြည့်စမ်းပါ၊ ဖေဖေရော ရှယ်ရှူးရော ဘဒ္ဒအပေါ် ဘာတွေများကောင်းခဲ့လဲ"

"တစ်ဖက်သတ်မတွေးနဲ့လေ ဘဒ္ဒရယ်၊ သူတို့သာ မင်းအပေါ် တကယ်မကောင်းခဲ့ဘူးဆိုရင် မင်း ဒီလိုနေရပါ့မလား"

"ဘာလို့ ဒီနေ့မရမှာလဲ"

ဘဒ္ဒက ခပ်ဆောင့်ဆောင့် မေးခွန်းပြန်ထုတ်၏။ သူက အသက်ကို မြိုင်းပြင်းရှူရှိုက်၍ သူမအနားမှာ ဝင်ထိုင်လိုက်သည်။

www.burmeseclassic.com



"မင်းဘဝမှာ စည်းစိမ်ဥစ္စာအပြည့်နဲ့ နေရတာထက်စာရင် မင်း ဘယ်လောက် ကံကောင်းထားလဲ၊ မင်းလိုချင်သလောက် ပစ္စည်းတွေယူ သွားခွင့်ပြုတာ မင်းကိုချစ်လို့ပေါ့"

"သမီးရင်းတစ်ယောက်ပဲ မပေးလို့ဖြစ်မလား"

"ဖြစ်တာပေါ့ မိဘက မကြည်ဖြူရင် သားသမီးဆိုတာ ဘာခံစား ခွင့်မှမရှိဘူး။ သူတို့ရှာဖွေစုဆောင်းထားတာ သူတို့လုပ်ပိုင်ခွင့်ပဲ၊ သူတို့လှူ ချင်တဲ့နေရာမှာလှူ ပေးချင်တဲ့သူပေး"

"အဲဒီလိုလုပ်ချင်ရာလုပ်မှာဆိုလည်း ဘာလို့ သားသမီးမွေးထား သေးလဲ"

"မိဘတာဝန်ဝတ္တရား မကျေတဲ့မိဘတွေနဲ့ မတွေ့လို့ မင်းဒီစကား ပြောထွက်တာပါ။ မိဘဘက်က ပေးဆပ်လိုက်လျှော့မှုတွေချည်း ခံစားနေရ တော့ မရောင့်ရဲနိုင်တော့ဘဲ ပိုလိုချင်နေတာ၊ ဟုတ်တယ်မဟုတ်လား"

ဘဒ္ဒ တွေတွေငေးငေးလေး စဉ်းစားပြီး ငြိမ်သက်သွား၏။ သူပြော ရတာ အားတွေတက်လာသည်၊ သူမ ပခုံးလေးကို ခပ်ဖွဖွထွေးဖက်လိုက်ကာ

"အဲဒါတွေကို မင်းမိဘဘဝရောက်လာရင် ကိုယ်ချင်းစာတတ်လာ မှာပါ၊ မိဘဆိုတာ သားသမီးတွေအတွက် ပေးဆပ်ပြီး ရှင်သန်ရတာကိုပဲ ပီတိဖြစ်နေကြတာကွ၊ ကိုကိုတို့ သားသမီးလေးတွေမွေးလာရင် မင်းဖေဖေလို မိဘဝတ္တရားကျေဖို့ ကြိုးစားကြမယ်နော်၊ ပြည့်စုံချမ်းသာအောင်ထားမယ်၊ ပညာတွေသင်ပေးမယ်၊ ကြင်နာချွေးထွေးတဲ့မိသားစုဘဝလေးနဲ့ ပျော်အောင် ထားမယ်၊ ခုလို ပြဿနာတွေနဲ့ ကြုံတွေ့လာခဲ့ရင်လည်း မိဘတွေအပေါ် နားလည်အောင်ဆုံးမသွန်သင်ကြမယ်"





"ကိုကိုလူလည် ဖေဖေ့ဆီ မင်္ဂလာဆောင်ပေးဖို့ သွားပြောချင်နေ တာမဟုတ်လား"

"အဟင်း အဲဒါလည်း ပါတာပေါ့၊ နောက်တစ်ခုက ရွှယ်ရှုးက ဘဒ္ဒနဲ့ ပတ်သက်သလို ထွန်းခင်ကလည်း ကိုကို့ရဲ့ဝန်ထမ်းဖြစ်နေတယ်၊ သူတို့ကို အားပေးသင့်တာပေါ့ကွာ၊ ပြီးတော့ ရွှယ်ရှုးဘဝလေးက မင်းတို့အိမ် ရဲ့အစေအပါးအဖြစ်နဲ့ အရစ်နှိမ့်ကျပါတယ်၊ သူ့ဘက်က တစ်ခါအမှားကို မကြည့်ဘဲ တစ်သက်လုံး ကိုယ့်အပေါ် အနွံတာခံ သည်းခံခဲ့တာလေးကို ထောက်ထားကြည့်လိုက်ပါ"

"ကိုကိုက အရမ်းတွေးခေါ်စဉ်းစားတတ်တာပဲနော်၊ ဘဒ္ဒလည်း ရွှယ်ရှုး ဘဒ္ဒအပေါ် ဘယ်လောက်ကောင်းခဲ့တယ်ဆိုတာ နားလည်ပါတယ်၊ သိပါတယ်၊ အခုမှ ဘဒ္ဒကို တစ်ယောက်တည်း ထားခဲ့ရက်တာကို စိတ်နာ တာ"

သူ့ရင်ခွင်မှာမှီနွဲ့ပြီး ဘဒ္ဒ မကျေမချမ်း ဖြစ်နေသေးသည်။ သူက ဘဒ္ဒပါးလေးကို ခပ်နာနာလိမ်ဆွဲလိုက်ပြီး

"မင်း ရွှယ်ရှုးနေရာမှာဆိုရင်ရော ကိုယ့်ချစ်သူနဲ့ အကြွခံပြီး အလုပ် ရှင်ကို တွယ်ကပ်နေမှာလား။ ကိုယ့်ဘဝ အပြောင်းအလဲအတွက် ချစ်သူကို အားကိုးတကြီးချစ်ရှာမှာမဟုတ်လား။ ကိုယ့်ရဲ့စိတ်နဲ့စာနာကြည့်ရင် လူတိုင်းကို အကောင်းမြင်တတ်လာပါတယ်ကွာ၊ အခု မင်းလုပ်နေတဲ့ပုံစံက ရွှယ်ရှုးစိတ် ကိုရော၊ ဘဝကိုရော အတ္တနဲ့ထိန်းချုပ်အနိုင်ယူချင်သလို ဖြစ်နေပြီ"

"အာ ဘဒ္ဒက မကောင်းတဲ့စိတ်နဲ့ အနိုင်ယူနေတာ မဟုတ်ပါဘူး။ ငယ်ငယ်ကတည်းက အဖော်အဖြစ်နဲ့ နေခဲ့ရလို့ ရွှယ်ရှုးကို [illegible] အရမ်းချစ်



www.burmeseclassic.com

www.burmeseclassic.com



တာ''

"ကိုကို နားလည်ပါတယ်၊ အချစ်ကြောင့် လူတွေက စွန့်လွှတ်ရမှာ ဝေးကွာရမှာ တွေးတွေးကြောက်ကြတယ်၊ ရက်စက်တယ်၊ ဥပေက္ခာပြုတယ် ဆိုတာတွေ မြင်လာတယ်၊ မုန်းလာတယ်၊ နာကြည်းတယ်ဆိုတာတွေ ဖြစ်လာတယ်၊ အချစ်တို့ သံယောဇဉ်တို့သာမရှိဘူးဆိုရင် တခြား ဘာခံစားမှုမှလည်း မရှိတော့ဘူးပေါ့၊ ဟာ ဘဒ္ဒ ဘာလုပ်တာလဲ"

သူ စကားပြောနေဆဲ သူ့ရင်ခွင်ထဲကနေ သူ့မေးဖျားလေးကို ဖျတ်ခနဲ နမ်းလိုက်၍ ရင်ခုန်နှုန်းမြန်စွာ မေးလိုက်မိသည်။ သူမက သူ့ကို ပြုံးမော့မော့လေးကြည့်၍

"ဘဒ္ဒ ကိုကိုက စကားတွေအရမ်းတတ်နေတော့ ဆုချတာပေါ့ ကိုကိုရဲ့၊ ဘာလဲ ကိုကိုက မကျေနပ်ဘူးလား။ အော်ချလိုက်တာ လန့်သွားတာပဲ''

"ရင်ခုန်သံတွေ ကမောက်ကမ ဖြစ်သွားလို့ပါကွာ၊ ကိုယ့်ချစ်သူက နမ်းတာပဲ အခါတစ်ရာ အနမ်းခံရလည်း ကိုကိုက နစ်နာတယ်လို့ မထင်ပါဘူး။ မင်းဆန္ဒကို လိုက်လျောပေးရမှာပေါ့''

"ကိုကိုလူလည် အရမ်းအပြောကောင်းတာပဲ၊ ဘဒ္ဒ ကြားဖူးတာနော်၊ စကားပြောကောင်းတဲ့လူတွေက ကိုယ့်ဘက်ကိုယ်ယက်တတ်တဲ့ အစွမ်းရှိတဲ့လူတွေတဲ့''

"အဲဒီ စကားအမှားကြီးပါကွာ၊ ချစ်သူ့အတွက်ဆို စကားမပြောတတ်တဲ့သူတွေတောင် အသံမဲ့ဘာသာစကားတွေနဲ့ ချစ်ခွန်းသီတတ်ကြတယ်တဲ့၊ အူအူအားအားအော်ပြီး၊ အချစ်သရုပ်ကိုပုံဖော်နိုင်တဲ့ စွမ်းအားတွေရှိ





တယ်၊ အခုလို ကိုကိုပြောနေတာတွေကလည်း ဘဒ္ဒလေး နားလည်အောင် နှောင်တမရအောင်လို့ပါ။ ကိုကို့ချစ်သူလေး စိတ်ပင်ပန်းမှာလည်း စိုးရိမ်လို့''

"ဘာကို စိုးရိမ်တာလဲ''

သူမ မေးခွန်းမှာ အပြုံးရိပ်ဆင်လျက် သိပြီးသားအဖြေတစ်ခုကို ထပ်ကြားချင်ဟန်တူသည်။ သူက သူမနှုတ်ခမ်းဖျားလေးနားကပ်ကာ လေသံသဲ့သဲ့ဖြင့်

"အရမ်းချစ်လို့ပေါ့ ဘဒ္ဒလေးရယ်၊ ဘဒ္ဒ မုန်းသွားမှာကို ခံနိုင်ရည် မရှိအောင် ချစ်နေလို့ပေ့ါ''

"ဟင် ဘဒ္ဒက ကိုကို့ကို ဘာလို့မုန်းရမှာလဲ''

"ဟို ဒီလိုလေ ခုနက ကိုကိုပြောသလိုပေါ့၊ အချစ်ရဲ့နောက်မှာ ဖြစ်ပျက်လာနိုင်တဲ့ ဆက်နွယ်မှုတွေက အများကြီး မဟုတ်လား''

"ဘဒ္ဒတို့က လက်ထပ်တောင်ပြီးပြီ၊ အဲဒီလိုကိစ္စတွေ ရှိမလာနိုင်တော့ပါဘူး၊ ဘဒ္ဒလေ ကိုကို့ကို အရမ်းချစ်တာ ဆုံစည်းခွင့်ပေးတဲ့ကံကြမ္မာကိုလည်း အရမ်းကျေးဇူးတင်တယ်၊ ကိုကို့လို စိတ်သဘောထား ပြည့်ဝပြီး ကြင်နာတတ်တဲ့သူနဲ့ လက်ထပ်ရတာကိုလည်း အရမ်းကံကောင်းတယ်လို့ ထင်တယ်''

"ဘယ်လိုအကြောင်းကိစ္စတွေရှိရှိ ကိုကို့ကို မုန်းမသွားပါဘူးလို့ ကတိပေးပါလား''

"ဘယ်လိုအကြောင်းရှိရမှာလဲ၊ ရှိလည်း ဘဒ္ဒကတော့ ကိုကို့ကို မုန်းနိုင်မယ်မထင်ပါဘူး၊ ကိုကိုက ဘဒ္ဒရဲ့အချစ်ဦး၊ ကိုကိုနဲ့တွေ့မှ ဘဒ္ဒ ချစ်တတ်လာတာ၊ အချစ်ဆိုတာလည်း ကိုကိုနဲ့တွေ့မှ သိလာတာ၊ ခံစား



www.burmeseclassic.com

www.burmeseclassic.com



တတ်လာတာ"

"ကိုကို ယုံပါတယ် ကောင်မလေးရယ်၊ ကိုကို့ကို အမြဲချစ်နိုင်ပါစေလို့လည်း ဆုတောင်းပါတယ်"

သူ့ရဲ့ဆုတောင်းမှုမှာ ပြည့်စေတု အနမ်းတစ်ချက်နှင့် သူမက ရွတ်နောက်နောက် ပြော၏။ ဒီလိုအပြုအမူလေးတွေမှာ သူက ချစ်မြတ်နိုးလွန်းစွာဖြင့် နစ်မျောပျော်ဝင်သွား၏။

ဒီအချစ်များဖြင့် အဆုံးသတ်နေဆိုတာ မရှိရင် ဘယ်လောက်များ ကောင်းမည်လဲ။ ဝေးကွာရမလားဆိုသည့် မတင်မကျ နိုးလိုးနုလုအတွေးများကြောင့် ကြောက်အားလန့်အား သူမကို ခပ်တင်းတင်း ထွေးပွေ့ထားလိုက်သည်။

ဘဒ္ဒက အလိုက်တသိဖြင့် ငြိမ်ငြိမ်လေးနေပေး၏။ ဒီအခြေအနေ ရှင်သန်ရာဘဝလေး အဆုံးမသတ်ချင်ပါ။

■ ■ ■



## အခန်း (၂၆)

"ဟယ် ဘဒ္ဒ ဘဒ္ဒ လာတယ်နော်"

လရောင်နှင့်ဘဒ္ဒချို့ ခြံဝင်းထဲအရောက်မှာပင် ထွန်းခင် လက်ကိုဖြုတ်၍ ရွှယ်ရူး အပြေးလာကြိုသည်။ ရွှယ်ရူး မင်္ဂလာပွဲလေးက ဟိုတယ်ကြီးတွေမှာလို ကြီးကျယ်ခမ်းနားမှုမရှိပေမယ့် ဦးသီဟဇော် အရှိန်အဝါနှင့် တင့်တယ်မှုတော့ ရှိပါသည်။

မနက်ပိုင်း မင်္ဂလာဆွမ်းကျွေးပြီး ညနေပိုင်းမှာ ဖိတ်ကြားထားသည့် ဧည့်သည်များကို အစားအသောက်များဖြင့် တည်ခင်းဧည့်ခံနေခြင်း ဖြစ်သည်။

ဘဒ္ဒကို မနက်ကတည်းက သွားဖို့ ချော့မော့ချောင်းဖျခေါ်နေပေမယ့် အမျိုးမျိုး ဂျိကျ၍ ပေကတ်ကတ်လုပ်နေသည်။

"မင်း အဲလိုလုပ်နေရင် ကိုကို စိတ်ဆိုးတော့မှာနော် ဘဒ္ဒ၊ ကိုကို တို့နှစ်ယောက်အခြေအနေကိုလည်း ဘဒ္ဒဖေဖေကို ဖွင့်ပြောတိုင်ပင်ရဦးမယ်၊ လက်ထပ်ဖို့ ခွင့်တောင်းရဦးမယ်လေ ဘဒ္ဒရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ချင်ရာလုပ်ပြီး အခုမှ ဘာလာတိုင်ပင်တာလဲဆိုပြီး ဖေဖေက သဘောတူမှာမဟုတ်ဘူး။ ကိုကိုက ထွန်းခင်ဘက်က ဆရာသမားတစ်ယောက်အနေနဲ့ သွားချင်သွားပေါ့။ ဘဒ္ဒက နောက်မှ သက်သက်သွားလိုက်မယ်"

"ဘဒ္ဒရယ် ကိုကိုတို့အကြောင်းကို ရွှယ်စူး ပြောသင့်သလောက်ပြောပြထားမှာပါ၊ ကိုကိုက ကလေကချေတစ်ယောက်မှ မဟုတ်တာ၊ မင်းအဖေ သဘောတူမှာပါ"

"အာ အတူတူသွားရင် သူ့ကိုအရွဲ့တိုက်တယ်ဆိုပြီး ဖေဖေ စိတ်ဆိုးနေလိမ့်မယ်၊ သူစိမ်းယောကျ်ားလေးတစ်ယောက်နဲ့ တွဲလာတဲ့သမီးကို ဘယ်မိဘမှ နားလည်ပေးမှာမဟုတ်ဘူး။ သူတို့သဘောတူကြည်ဖြူထားတဲ့လူဆိုရင် တစ်မျိုးပေါ့"

သူမဘက်က အတွေးနှင့် သူမကလည်း မှန်နေသလို ဖြေရှင်းမရသည့် သူ့ဘက်က အခြေအနေတစ်ခုလည်း ဒီလို ဒီအကြောင်းပါလို့ ချပြလို့မဖြစ်ပါ။ တကယ့်ကို ဘေးကျပ်နံကျပ်။

"ဒီလိုလုပ်ကွာ ကိုကိုတို့အတူတူသွားမယ်၊ မင်းဖေဖေ သဘောမတူဘူးဆိုရင် ကိုကိုတို့လက်ထပ်ထားတဲ့စာချုပ်ကို ပြလိုက်မယ်လေ၊ သူတောင်မှ မင်း မကြည်ဖြူတဲ့သူနဲ့ လက်ထပ်ထားသေးတာပဲမဟုတ်လား။ အတင်းအကျပ် ငြင်းဆန်မယ်တော့ မထင်ပါဘူးကွာ၊ ကိုကိုတောင် တွေးမကြောက်ဘဲနဲ့ မင်း ဘာမှ စိုးရိမ်မနေပါနဲ့၊ ပြီးတော့ ဒီကိစ္စက အနေးနဲ့အမြန် ရင်ဆိုင်ရမှာပဲ၊ အခုအသိပေးလိုက်မယ်ဆိုရင် ကိုကိုတို့ မြန်မြန်မင်္ဂလာဆည်ခံပွဲလုပ်ပြီး အတူတူနေလို့ရတာပေါ့၊ နော် ဘဒ္ဒလေး လိမ္မာပါတယ်ကွာ"





အချေအတင် အချီအချ စကားတွေပြောပြီး ချော့မော့ဖျောင်းဖျခေါ်ခဲ့ရပါသည်။ ဒါတောင်မှ ညနေပိုင်း ညည်ခံပွဲအချိန်မီရုံလေးမှ ရောက်လာခဲ့ကြသည်။

ခြံဝင်းထဲမှာ စားပွဲဝိုင်း ဆယ်ဝိုင်းခန့်ရှိနေပြီး ရောင်စုံမီးသီးလေးတွေဖြင့် တန်ဆာဆင်ထား၍ သာသာယာယာလှလှပပပင်။ လက်ဖွဲ့တွေကလည်း စားပွဲရှည်ကြီးအပြည့်နှင့်ပါ။ ဦးသီဟဇော်က ရွှယ်စူးအတွက် တင့်တင့်တယ်တယ်လေး ဖြစ်အောင် လုပ်ပေးထားတာ ကျေးဇူးတင်စရာပင်။

"ရော့ နင့်အတွက် လက်ဖွဲ့"

တစ်ကျပ်သားခန့်ရှိ ရွှေကြိုးလေး ထည့်ထားသော လက်ဖွဲ့ဘူးလေးကို ဘဒ္ဒက ရွှယ်စူးလက်ထဲ ဆောင့်ဆောင့်အောင့်အောင့် ထည့်သည်။ သူက အနားလာရပ်သော ထွန်းခင်လက်ထဲ နဝရတ်ကိုးသွယ်လက်စွပ်ထည့်ထားသည့် ရတနာဘူးလေး ပေးလိုက်သည်။

"သာယာချမ်းမြေ့တဲ့မိသားစုဘဝလေးကို ပိုင်ဆိုင်နိုင်ပါစေ၊ ပြော် ဘဒ္ဒကလည်း ဆုပေးလိုက်ဦးလေ"

"ဘာဆုပေးရမှာ ့ ာလဲ ဒီလောက် အပျော်လွန်နေတဲ့မျက်နှာကြီးကို နင် ငါ့ကိုတစ်ယောက်တည်းထားခဲ့တာ ဘယ်တော့မှ ခွင့်မလွှတ်ဘူးသိလား ရွှယ်စူး"

"အေး အေးပါ တို့တောင်းပန်ပါတယ် ဘဒ္ဒရယ်၊ နင်ပြောတာပြော နင်လုပ်ချင်တာလုပ်ပါ၊ ဟိုလေ နင်နဲ့ဦးလရောင်အကြောင်း အန်ကယ်တို့နည်းနည်းပါးပါး ပြောပြထားတယ် သိလား၊ အန်ကယ်က သဘောလည်းတူတယ်၊ လက်လည်း လက်ခံတယ်၊ နင် ဘာမှမကြောက်နဲ့သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း သူ့ကိုလည်း တစ်ခါမှ တွေ့ဖူးလက်ခံစကားပြောဖူးတာမဟုတ်ဘဲနဲ့ ဖေဖေက ရမ်းသန်းသဘောတူတာ အံ့သြစရာပဲ"

"ဪ အင်း အဲဒါက တို့သေချာပြောပြထားလို့ပါ၊ နှင့်ကို အရမ်းဂရုစိုက်တယ်၊ ကြင်နာတယ်လို့ ပြီးတော့ စက်ရုံပိုင်ရှင်သူဌေးလို့ ပြောလိုက်တော့ နှင့်ကိုချစ်တဲ့စိတ်နဲ့ လက်ခံလိုက်တာပေါ့ဟာ၊ ဦးဦးဖော်က နှင်တို့ကို မျှော်နေတာ သွားတွေ့လိုက်ဦးနော်"

"ဖေဖေက ဘယ်မှာလဲ"

"ဟိုဘက်မှာ သူ့ဧည့်သည်တွေ ဧည့်ခံနေတယ်"

ရွှယ်စုး လက်ညှိုးညွှန်ပြရာ လှည့်လိုက်တော့ ဧည့်သည်တွေကို မမခိုင်နှင့်တွဲလျက် ရယ်ပြုံးပြုံး ဧည့်ခံနေတာမို့ သူ့ရင်တွေ ရှိန်းဖိန်းကာ ထိတ်ခနဲ ဖြစ်သွားသည်။

မမခိုင်ကို ဘဒ္ဒ မမှတ်မိပါစေနဲ့။ ဘုရားပေါ်မှာ သူနဲ့နှုတ်ဆက်ခဲ့တဲ့သူကို သတိမထားမိပါစေနဲ့။

ထိတ်ထိတ်လန့်လန့် ဆုတောင်းရင်းဖြင့် ဘဒ္ဒနောက်ကနေ ခေါင်းကြီးငုံ့လျက် လိုက်လာရသည်။

"ဟာ သ သမီးလေး ရောက်လာပြီ၊ ခွေးပုနဲ့ရော တွေ့ပြီးပြီလား သမီး"

"ဟုတ်ကဲ့"

"အေး အေး သမီးရောက်လာတာ ဖေဖေ အရမ်းဝမ်းသာတာပဲ သမီးရယ်၊ ဪ ခိုင် ဒါ ဦးဖော်သမီး ဘဒ္ဒချိုတဲ့၊ ဟင်း ဟင်း ခုမှ မိတ်ဆက်ပေးရတော့တယ်၊ သမီးလည်း မှတ်ထားနော်၊ ဖေဖေ လက်ထပ်လိုက်





တဲ့ ဒေါ်ယဉ်မျိုးခိုင်ပါ"

"ဟင်"

ဒေါ်ယဉ်မျိုးခိုင်ကို မော့ကြည့်မိစဉ်မှာ သူ့မစိတ်ထဲ တစ်နေရာရာမှာ မြင်ဖူးတွေ့ဖူးသလို ထင်လိုက်မိသည်။

ဘယ်မှာလဲ ဘယ်နေရာမှာလဲ။ ဒီလို မိတ်ကပ်အဖွေးသား တောက်တောက်ပြောင်ပြောင် အဝတ်အစားနှင့် ပြင်ဆင်ထားတာမျိုးမဟုတ်ပေမယ့် ကိုယ်လုံးကိုယ်ပေါက် အချိုးအစား၊ သေးမျှင်သောမျက်ခုံးမွေး၊ ညှို့စိမ့်သော အသားအရေနှင့် ထူးခြားအရွယ်တင်သည့် မျက်နှာလှလှလေးကို မှတ်မှတ်ထင်ထင် ရှိနေသလိုပင်။

"ဪ မောင်လရောင်လည်းပါလာတာလား။ အပြင်မှာ ဧည့်သည်တွေများနေတယ်၊ အိမ်ထဲက ဧည့်ခန်းထဲမှာ အေးအေးဆေးဆေး အနားယူကြပါလား။ အန်ကယ်တို့ လာခဲ့ပါ့မယ်"

"ဟုတ် ဟုတ်ကဲ့ အန်ကယ်"

ဟင် ဖေဖေနဲ့ကိုကိုက ဘယ်ချိန်တုန်းက အသိအကျွမ်းတွေဖြစ်နေကြလို့ နာမည်တွေဘာတွေ သိနေတဲ့အထိ ရင်းနှီးကြတာလဲ။

"လရောင်တို့ လာကြလေ၊ ဧည့်ခန်းထဲမှာ မမခိုင် အစားအသောက်တွေ ပြင်ပေးမယ်"

"ဟုတ်ကဲ့ မမခိုင်"

ဒါကရော ဘယ်လိုအနေအထားမျိုးလဲ။ ဒေါ်ယဉ်မျိုးခိုင်နှင့်ကိုကိုရဲ့ ရင်းနှီးမှုက ပဟေဠိပုစ္ဆာများကို ဖြေရှင်းမရနိုင်ဘဲ ဒေါ်ယဉ်မျိုးခိုင်နောက်က ကိုကိုလက်ဆွဲခေါ်ရာ လိုက်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ၊ ဒေါ်ယဉ်မျိုးခိုင်၊ ကိုကိုတို့အားလုံး ခုမှသိကျွမ်းကြသည့် ဆက်ဆံမှုမျိုး မဟုတ်ကြပါ။ လရောင်လို့ ခေါ်လိုက်သည့်အသံကလည်း သာမန်မိတ်ဆွေတစ်ယောက်ကို အသိအမှတ်ပြုရုံမဟုတ်။ ဘုရား ဘုရားပေါ်မှာ ကိုကိုနှင့်နှုတ်ဆက်ခဲ့သည့် အမျိုးသမီးက ဒေါ်ယဉ်မျိုးခိုင်များလား။

"ဖေဖေနဲ့ ဒေါ်ယဉ်မျိုးခိုင်ကို ကိုကို အစကတည်းက သိနေတာလား"

"ဟင် ဟို"

ဒေါ်ယဉ်မျိုးခိုင် အစားအသောက်တွေ သွားယူနေစဉ်မှာ ဘဒ္ဒ မေးလိုက်တော့ ကိုကို ဘယ်လိုဖြေရမှန်းမသိသလို ခေါင်းကြီးငုံ့သွား၏။

"ဘုရားမှာ ကိုကိုနဲ့ စကားရပ်ပြောနေတာ ဒေါ်ယဉ်မျိုးခိုင် မဟုတ်လား"

"ဟို အဲ အဲဒါ"

"ဘာတွေကို ဖုံးကွယ်နေတာလဲ၊ ဘဒ္ဒကို အမှန်အတိုင်းပြောပါ ကိုကို၊ ဘဒ္ဒကို အဲလိုလုပ်နေရင် ဘဒ္ဒစိတ်ဆိုးမှာနော်"

လေသံပြင်းပြင်းနှင့် ဘဒ္ဒမျက်နှာလေးက အလိုမကျခြင်းတွေ ဖုံး ခံစားလျက် တင်းမာနီရဲနေသည်။ အသက်ကို တစ်ဝရှူသွင်းကာ ဘဒ္ဒ မျက်နှာလေးကို ဒေးမောရီဝေစွာ လှည့်ကြည့်လိုက်သည်။

"ဟုတ်တယ် ကိုကိုတို့ အစကတည်းက သိကြပါတယ်"

"ဟင် ဒါဆို"

"မမခိုင်က ကိုကို့အစ်မဝမ်းကွဲပါ"

"ဘာ"





ဘဒ္ဒ စူးခနဲအော်ကာ မျက်လုံးလေး ပြူးကျယ်သွားလျက် သူ့ကို ခပ်စိမ်းစိမ်းကြည့်သည်။

"မောင်နှမ ဟုတ်လား၊ ဒါဆို မောင်နှမနှစ်ယောက်လုံးက ဘဒ္ဒ တို့သားအဖနှစ်ယောက်လုံးကို အကြံအစည်နဲ့ချဉ်းကပ်ခဲ့ကြတာပေါ့"

"မ မဟုတ်ဘူး ဘဒ္ဒ၊ အဲလို မဟုတ်ဘူး"

"ဘာမဟုတ်တာလဲ၊ အခု တွေးကြည့်နေမှ အဖြေက တရေးရေး ပေါ်လာတယ်၊ ဘာအရည်အချင်းမှမရှိလို့ ဘယ်နေရာကမှ အလုပ်မခန့်တဲ့ ဘဒ္ဒတို့ကို လိုက်လျောသည်းခံပြီး အလုပ်ခန့်ခဲ့တာ ဒါရိုးသားမှုလား ကိုကို၊ မိတ္တေးက ငွေမက်တဲ့သူ မဖြစ်နိုင်ပါဘူး နားလည်ပေးလိုက်ပါ ယုံကြည်ပေး လိုက်ပါလို့ တစ်ဖက်လှည့်နဲ့ တိုက်တွန်းနေခဲ့တာလည်း အခုမှ သဘော ပေါက်တော့တယ်"

"ဘဒ္ဒ"

"ဖယ်စမ်းပါ"

သူမ လက်ကလေးကို ဆုပ်ကိုင်လိုက်သည့်အချိန်မှာ စိတ်ဆိုးမာန် ဆိုးနှင့် သူ့လက်ကို ပုတ်ချလိုက်ပြီး ဖြုန်းခနဲ ထရပ်သည်။

"အကွက်ကျကျ စီစဉ်ထားတဲ့ ထောင်ချောက်ထဲမှာ ဘဒ္ဒက ရူးကြောင်ကြောင် အမိခံလိုက်ရတာ ရင်နာဖို့ကောင်းလိုက်တာ၊ ဘာလိုချင်တာ လဲ၊ ဘဒ္ဒတို့သားအဖဆီက ရှင်တို့မောင်နှမ ဘာတွေလိုချင်နေကြတာလဲ"

"ဘဒ္ဒ မင်းထင်နေတာတွေ တစ်ခုမှမဟုတ်ဘူးနော်"

"ကျွန်မ နလပိန်းတုံးမိန်းမ တစ်ယောက်မဟုတ်ဘူး မေမောင်၊ ကျွန်မ အခုမှ မှတ်မိတယ်၊ ရေကူးကန်မှာကတည်းက ရှင် ကျွန်မတို့ကို



www.burmeseclassic.com

www.burmeseclassic.com



နောက်ယောင်ခံနေခဲ့တာမဟုတ်လား။ ရှင့်အရည်အချင်းတွေကို ထုတ်ပြီး ဘာမှမမက်မောချင်ယောင်ဆောင်''

''ဘဒ္ဒလေး''

ဒေါ်ယဉ်မျိုးခိုင် အစားအသောက်ပန်းကန်တွေ ထည့်ထားသည့် ငွေလင်ပန်းလေးကို စားပွဲပေါ်တင်၍ ဟန့်တားသလို ခေါ်လိုက်သည်။ ဘဒ္ဒက ဆတ်ခနဲ မျက်နှာကိုလွှဲပစ်လျက် နှုတ်ခမ်းပါးလေးကို စုံတွန့်မဲ့သည်။

''ရည်ရွယ်ချက်မရှိဘဲ မောင်နှမနှစ်ယောက် စိတ်တူကိုယ်တူ ပေါင်းစရာအကြောင်းမရှိဘူး မဟုတ်လား။ ရှင် ကျွန်မရှေ့က အမြန်ဆုံး ထွက်သွားလိုက်တော့ လရောင်။ ဖေဖေတို့ ရှင်တို့အကြံအစည်ထဲမှာ ကျွန်မက ကျရှုံးခံမှာ မဟုတ်ဘူး''

''ခဏလောက် မမခိုင်ပြောတဲ့ စကားကို နားထောင်ပေးပါလား ဘဒ္ဒလေးရယ်၊ တစ်ဖက်သတ်အတွေးနဲ့ အဲလောက်ကြီး မတိုက်ခိုက်သင့် ဘူးထင်ပါတယ်၊ လရောင်က မင်းကိုတကယ်ချစ်ခဲ့တာပါ''

''အဲဒါ ဘဒ္ဒချီဆိုတဲ့မိန်းမ ပိုင်ဆိုင်မှုတွေများလို့ ချစ်ချင်ယောင် ဆောင်ခဲ့တာဖြစ်ပါလိမ့်မယ်၊ ကျွန်မကသာ ရူးရူးမိုက်မိုက်နဲ့ အယုံလွယ်ခဲ့ မိတာ၊ ကံကြမ္မာကြောင့် ဆုံစည်းခဲ့ရတာဆိုပြီး ကံတရားကြီးကို ကျေးဇူးတွေ တင်နေခဲ့မိတာ၊ အခုက ကြိုတင်လုပ်ကြံမှုကြီးပဲ''

''သမီးလေး''

အသံဗလံတွေကြောင့် ဦးသီဟဇော် ကပျာကယာ ပြေးဝင်လာ သည်။ ဘဒ္ဒအကြည့်က ဦးသီဟဇော်ဆီ စူးခနဲ။

''ဖေဖေကရော ဒေါ်ယဉ်မျိုးခိုင် မှိုင်းမိပြီး ဒီဇာတ်လမ်းမှာ ကြံရာ





ပါလား''

''သမီး စကားကိုဆင်ဆင်ခြင်ခြင် ပြောပါကွယ်၊ ခိုင်နဲ့မောင်လရောင် ကို အားနာစရာကောင်းပါတယ်၊ သူတို့က သမီးပြောချင်တိုင်း ပြောလို့ရတဲ့ အဆင့်အတန်းထဲက မဟုတ်ပါဘူး''

''တော်ပြီ ဖေဖေ၊ ဘဒ္ဒ မကြားချင်တော့ဘူး။ သိလည်းမသိချင် ဘူး ဘာမှရှင်းပြဖို့ မကြိုးစားပါနဲ့၊ လရောင် ရှင်နဲ့ကျွန်မ ဘာမှမပတ်သက် တော့ဘူး။ ဒီနေ့ကစပြီး ရှင့်မျက်နှာလည်း မမြင်ချင်ဘူး။ အလကား အခွင့် အရေးသမား''

''ဘဒ္ဒ ဘဒ္ဒ မင်းပြောချင်တာတွေ လက်လွှတ်စပယ် ပြောမနေနဲ့ မင်းနဲ့ကိုကိုက တရားရုံးမှာ လက်ထပ်ပြီးပြီနော်''

ဘဒ္ဒချီက မျက်ရည်တွေ ရစ်ဝိုင်းနေပါလျက် ဟားတိုက်ရယ်ပစ် သည်။ ဘယ်သူ့ကိုမှ အားနာရမှန်း၊ ဂရုစိုက်ရမှန်း မသိသလို။

''လက်ထပ်တယ်ဆိုတာ စာချုပ်ထဲမှာပဲ အကျုံးဝင်တာပါ၊ ဘဒ္ဒချီ ဘာ ဘာအစွန်းအထင်းမှ မရှိသေးဘူး။ အဲဒီစည်းစောင့်ပေးတဲ့အတွက်တော့ ရှင်ကိုကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ဒီလို လက်ထပ်ဖြစ်အောင် သွေးဆောင် ဖြားယောင်းခဲ့တာလည်း၊ ဘဒ္ဒချီဆိုတဲ့ အချစ်ရိုင်းမလေးကို အပိုင်ချည်ဖို့ပဲ မဟုတ်လား။ တွေးရင်းတွေးရင်းနဲ့ ရှင့်ကို အရမ်းစိတ်နာတယ် သိလား။ အကြည်းတယ် မုန်းတယ်''

''ဘဒ္ဒ ဘဒ္ဒ''

ဘဒ္ဒချီက မျက်ရည်တွေကို ခပ်ကြမ်းကြမ်း ပွတ်သုတ်ရင်း ရှေ့ ဧည့်ခန်းထဲကို ပြေးတက်သွားသည်။ လရောင် ဘယ်လောက်အောင်အော်



www.burmeseclassic.com

www.burmeseclassic.com



နောက်လှည့်မကြည့်။

ဦးသီဟဇော် လရောင်ပန်းတစ်ဖက်ကို ခပ်ဖိဖိ ဆုပ်ညှစ်လိုက်ေ

"အခုမှ သိလိုက်ရလို့ သမီးလေး စိတ်တွေ လွှတ်သွားတာပါ နောက် တဖြည်းဖြည်း စဉ်းစားပြီး သွေးအေးသွားရင် အဆင်ပြေသွားပါလိမ့် မယ်၊ အန်ကယ်တို့နားလည်အောင် ပြောပြပေးပါ့မယ်"

"ဟုတ်သားပဲ လရောင်ရယ်၊ အလိမ်အညာခံရတယ်လို့ ယူဆ တဲ့လူတစ်ယောက်က အလွယ်တကူ ခွင့်လွှတ်နားလည်ပေးမှာတော့ မဟုတ် ဘူးလေ၊ မင်းလည်း ဒီလိုတွေ ဖြစ်လာနိုင်တယ်လို့ ကြိုတွေးထားပြီးသား သူ စိတ်ပြေတဲ့အထိ စိတ်ရှည်ရှည် သည်းခံစောင့်ပေးလိုက်ပါနော် လရောင်"

"အဲလိုတွေ ကြိုသိလို့လည်း ကျွန်တော် လက်ထပ်ထားတာ မမနိုင်ရယ်၊ အခု သူ့ပြောသွားတာကြီးက လက်ထပ်ထားတာတောင် မစိုက်တော့သလိုပဲ"

သူ့အသံတွေ အဖျားခတ် တုန်ယင်လာကာ ယောကျ်ားတ မျက်ရည်တွေပါ ရစ်ဝိုင်းလာသည်။ ကြိုတင်ပြင်ဆင်ထားပေမယ့် ထင် လောက် ခံနိုင်ရည်မရှိပါ။

ဦးသီဟဇော် ပြင်းရှသော သက်ပြင်းရှိုက်သံဖြင့်

"အရမ်း စိတ်မကောင်းဖြစ်မနေပါနဲ့ မောင်လရောင်၊ သမီးလေ အနေးနဲ့အမြန် စိတ်ပြေသွားမှာပါ"

"သူ ဟိုအိမ်ကို မလိုက်တော့ဘူးထင်တယ်နော်"

"မင်းကို စိတ်ဆိုးနေတာဆိုတော့ ဟိုအိမ်ကိုသွားရင် မင်းနဲ့ နေမှာစိုးလို့ အခု လိုက်မယ်တော့မထင်ဘူး၊ အပေါ်ထပ်က သူ့အခန်းထဲ





အခန်းအောင်းနေဦးမှာပေါ့"

"ကျ ကျွန်တော် သွားတွေ့ပြီး ရှင်းပြချင်တယ် အန်ကယ်၊ သူ့ ဘိတ်တိတ်လေး ငိုနေရင် အရမ်းခံစားနာကျင်နေမှာ"

"သူ့အတွက် တွေးပူမနေနဲ့ ဒီအချိန်မှာ ဘယ်သူရှင်းပြပြ နားလည် မှာလည်းမဟုတ်ဘူး၊ လက်ခံမှာလည်း မဟုတ်ဘူး၊ စိတ်အေးအေးထားပြီး ပြန်လိုက်ပါကွာ"

သူ ဘာမှမတတ်နိုင်ပါ။ သူမ မျက်ရည်တွေကို မြင်ရသည်က သူ့ရင်ကို ဗိုပြီးနာကျင်စေသည်။

သူမ စွပ်စွဲမှုတွေ မှားယွင်းနေတာ သူ ဘယ်လိုသက်သေပြရမလဲ။ ဦးသီဟဇော် စီစဉ်သမျှ အစကစိတ်မပါခဲ့ပေမယ့် သူမကို မြင်တွေ့ဆုံစည်း လိုက်သည့်အချိန်မှာ အချစ်စိတ်ကြောင့် ဒီကိစ္စတွေအားလုံး ဖန်တီးယူသလို ဖြစ်လာခဲ့ရသည်။ အချစ်စိတ်သက်သက်ကြောင့်ပါဆိုတာ သူမကို နားလည် စေချင်၏။

မှားယွင်းခဲ့တယ်ဆိုလည်း အချစ်တွေကြောင့်ပါ ကောင်မလေး ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ဘဒ္ဒ ဘဒ္ဒ"

အပြင်က အခန်းတံခါးကို တဒေါက်ဒေါက်ခေါက်ကာ ခေါ်နေသည့် ရွှယ်စူးအသံကို ကြားပေမယ့် သူမ ပြန်မထူးဘဲ ပေကတ်ကတ်အသံတိတ် နေလိုက်သည်။ ရွှယ်စူးကလည်း စိတ်မလျှော့ပါ။

အပေါ်ထပ်နှင့်အောက်ထပ် တက်လိုက်ဆင်းလိုက်ဖြင့် အခေါက် ခေါက်အခါခါ လာခေါ်သည်။ ရွှယ်စူးအနားမှာ ဖေဖေနှင့်ဒေါ်ယဉ်မျိုးနိုင် ရှိမနေမည်ဆိုတာ သူမ သိနေ၏။

ဘယ်သူ့ကိုမှ သူမ မတွေ့ချင်ပါ။ အားလုံး တကျိတ်တည်း တစ်ဉာဏ်တည်း သူမကိုထောင်ချောက်ဆင်ထားကြတာ။ ရွှယ်စူးကရော ဒီကိစ္စတွေအားလုံး သိနေပါရဲ့နဲ့ ဘာကြောင့် ရေငုံနှုတ်ပိတ်နေခဲ့ရတာလဲ။

သူမကို ချစ်လှပါချည်ရဲ့၊ သံယောဇဉ်ရှိလှပါချည်ရဲ့ဆိုပြီး ဖေဖေ





ရေးညွှန်းရိုက်ကူးခဲ့သည့် ဇာတ်လမ်းထဲမှာ ပီပီပြင်ပြင် သရုပ်ဆောင်ခဲ့သည်။

သူမကို အစက အသိပေးခဲ့လျှင် လရောင်ရဲ့လိမ်ညာမှုတွေကို သူမ ရှောင်တိမ်းနိုင်ခဲ့ပေလိမ့်မည်။ သူ့ရဲ့ညို့ယူသိမ်းပိုက်မှုတွေမှာလည်း ပျော်ဝင်နစ်မျောမိလိမ့်မည် မဟုတ်။

အခုတော့ မိထွေး ဒေါ်ယဉ်မျိုးနိုင်၏မောင်ဆိုသည့် အသိကြောင့် ရင်တစ်ခုလုံး မွမွကြေ စုတ်ပြတ်သတ်နေရပြီ။ ဒေါ်ယဉ်မျိုးနိုင်က ဖေဖေ့ စည်းစိမ်ဥစ္စာတွေကို အပိုင်သိမ်း၏၊ မောင်ဖြစ်သူ လရောင်က သူမပိုင်ဆိုင်မှု တွေကို ဝါးမျိုဖို့ အဆင်သင့်။

သူမ ဆက်လက်မိုက်မဲသင့်လို့လား။

"သမီးလေး သမီးလေး ဘဒ္ဒ၊ ဖေဖေနဲ့ ခဏလောက်စကားပြော ရအောင်ပါ သမီးရယ်၊ သမီး ညစာလည်း မစားရသေးဘူး၊ ကျန်းမာရေး ထိခိုက်နေပါဦးမယ်"

"ဘာမှ လာပြောမနေနဲ့၊ ဘာမှလည်း မစားဘူး၊ သေချင်သေပါ စေ"

သူမ အသံကုန်အော်ပစ်လိုက်သည်။ ဒီရင်မှာ ခံစားနေရတာ ဘယ်သူနားလည်ပေးနိုင်မှာလဲ၊ လရောင်ကို ချစ်မိခဲ့သည့် အချစ်တွေကြောင့် နာကျင်စူးရှအောင်မျက်နေသည်။ ကိုကိုလို့ ခေါ်ခဲ့ရသည့် ဖုန်ရာတန်ကြေးက ဒီလိုခံစားစေဖို့လား။

မျက်ရည်တွေက ထိန်းချုပ်တင်းခံနေသည့်ကြားက ပါးပြင်လေးပေါ် အလိုအလျောက် ဖြိုဆင်းနေတာ အဆက်မပြတ်။

"သမီးလေး တံခါးဖွင့်ပေးဖို့ ဖေဖေ ခွင့်တောင်းနေတယ်နော်၊



www.burmeseclassic.com

မေမေ့မှာ အခန်းသော့အပိုတွေရှိတာ သမီးသိတယ်မဟုတ်လား။ မေမေ အတင်းအကျပ် မလုပ်ချင်လို့ဆိုတာရော သမီးနားလည်တယ်မဟုတ်လား"

"မေမေက မေမေပဲ ကြိုက်သလိုလုပ်၊ ဘဒ္ဒကတော့ ဘယ်သူ့မှ မတွေ့ချင်ဘူး"

ဘဒ္ဒချို ပြန်အော်တော့ ဦးသီဟဇော် ငြိမ်ကျသွားသည်။ ဒေါ်ယဉ်မျိုးခိုင်က ဦးသီဟဇော်လက်တစ်ဖက်ကို ဆွဲလိုက်ကာ

"ဘဒ္ဒလေး စိတ်ပုပ်ပန်းနေတဲ့အချိန်မှာ ဖွတ်အတင်းအကျပ် မိအားတွေ မပေးပါနဲ့ ဦးဇော်ရယ်"

"သူ ဘာမှမစားမသောက်နဲ့ ကျန်းမာရေးထိခိုက်မှာပေါ့ ခိုင်ရဲ့"

"အဲဒါဆိုလည်း သော့အပိုနဲ့ဖွင့်ပြီး ခွေးပုကို အစားအသောက်တစ်ခုခု ဝင်ပေးခိုင်းလိုက်ပေါ့၊ ခိုင်က ဦးဇော်ကို ဘဒ္ဒလေး ပိုမုန်းသွားမှာ စိုးရိမ်လို့ပါ"

"အေးလေ အဲလိုပဲ လုပ်တာပေါ့၊ ခွေးပု နင့်မမလေးအတွက် စားစရာတစ်ခုခု သွားယူစမ်း၊ ဦးဇော် တံခါးဖွင့်ထားလိုက်မယ်"

"ဟုတ် ဟုတ်ကဲ့"

ရွှယ်ရှူး ခပ်သွက်သွက် အောက်ထပ်ပြေးဆင်းလာခဲ့သည်၊ ထွန်းခင်လည်း ပြုံးပြုံးပျာပျာ အထိတ်တလန့်နှင့်ပါ။

"ဘယ်လိုလဲ အခန်းတံခါး ဖွင့်ပေးပြီလားဟင်"

"မဖွင့်သေးပါဘူးဟယ် စိတ်ကောက်လို့ကောင်းတုန်းပါ၊ ဦးဦးဇော်က သော့ပိုနဲ့ဖွင့်ပေးမယ်၊ စားစရာယူလာခဲ့ဆိုလို့ လာယူတာ၊ ခြော် ထွန်းခင် နင်အိပ်ချင်ရင် သွားအိပ်လိုက်နော်၊ ငါက အိပ်လို့ရသေးမှာ မဟုတ်





ဘူး"

"ငါ့အတွက် စိတ်မပူပါနဲ့ဟာ၊ ဘဒ္ဒချိုနဲ့ အဆင်ပြေအောင်သာ ကြည့်လုပ်လိုက်ပါ၊ သူ့အဖေက ငါတို့အပေါ် အရမ်းကောင်းနေတော့ အားနာစရာကြီး"

"ဘဒ္ဒကလည်း ငါ့အပေါ် အရမ်းကောင်းပါတယ်၊ ငါကသာ သူ့အပေါ် အပြစ်ရှိသလိုဖြစ်နေတာ၊ ငါသွားတော့မယ်နော် ထွန်းခင်၊ နင်နောက်ကအိမ်လေးကို သွားနေချည်တော့"

"အေး အေးပါ"

ရွှယ်ရှူးတို့ မဂ်လာဦးညက ပူပန်မှုတွေ၊ စိတ်ညစ်ညူးစရာတွေနှင့် နပန်းလုံးနေရသည်။ ညေသည်တွေ ပြန်သွားကတည်းက အိမ်ရှိလူကုန် ဘဒ္ဒချိုကြောင့် ယောက်ယက်ခတ်ခေါင်းစားပြီး လရောင်အတွက်လည်း စိတ်မကောင်းဖြစ်ရသည်။

ဘဒ္ဒဘက်ကလည်း သူ့အတွေးနှင့်သူ မှန်နေသလို ကျန်တဲ့လူတွေကလည်း မှားနေကြတာတော့ မဟုတ်ပါ။ ဘဒ္ဒ နားလည်ပေးလိုက်လျှင် အရာရာ အဆင်ပြေနေသည့်ကိစ္စ။

"ဟာ ခွေးပု ကြာလိုက်တာ၊ ဘာတွေလုပ်နေတာလဲ"

"ဟို ဘဒ္ဒက ထမင်းသုပ်ကြိုက်လို့ သေချာလုပ်နေတာပါ၊ အရင်တုန်းက သူစိတ်ကောက်တိုင်း ထမင်းသုပ်လုပ်ကျွေးနေကျလေ၊ ကြက်သားချောင်းကြော်လေးနဲ့"

"အေး အေး ကောင်းပါတယ်၊ သေချာချော့ပြီး ကျွေးနော် ခွေးပု"

ဦးသီဟဇော်က သော့ပိုနှင့် ချောက်ခနဲ အခန်းတံခါး ဖွင့်ပေးသည်

www.burmeseclassic.com



မို့ ရွှယ်စုး တုန်တုန်ယင်ယင်နှင့် ဘဒ္ဒအခန်းထဲ ဝင်လာခဲ့သည်။ ဘဒ္ဒက ခုတင်ပေါ်မှာ ငုတ်တုတ်ကြီးထိုင်နေပေမယ့် စောင်ကို ခေါင်းမြီးခြုံလို့ပါ။ ဘယ်သူဝင်လာလာ မမြင်ချင် မကြည့်ချင်ဘူးဆိုသည့် သဘောပေါ့လေ"

"ဘဒ္ဒ နင်စားဖို့ တို့ ထမင်းသုပ်လာခဲ့တယ် သိလား။ ကြက်သား ချောင်းကြော်လေးနဲ့ မွှေးနေတာပဲ စားလိုက်နော်"

"မစားဘူး ငါ့ကို ဘာမှလာမပြောနဲ့၊ ငါ့အခန်းထဲက ထွက်သွား ရွှယ်စုး"

"ဘဒ္ဒရယ် ဒီကိစ္စတွေအားလုံး သိသိကြီးနဲ့ နင့်ကိုမပြောမပြခဲ့တာ ငါ မှားမှန်းသိပါတယ်၊ ဒါပေမဲ့ နင့်ဖေဖေ ဖြစ်စေချင်တဲ့ဆန္ဒတွေကို ငါ မလွန်ဆန်ရဲဘူးလေ၊ နင့်ဖေဖေက ဦးလရောင်နဲ့ပတ်သက်သွားစေချင်တာ၊ သူက လူတော်လူကောင်းတစ်ယောက်မှန်းသိနေလို့ပါ၊ လုပ်ငန်းဘက်မှာ လည်း ကျွမ်းကျင်မှုရှိတယ်၊ အရည်အချင်းရှိတယ်၊ ပြီးတော့ မျိုးရိုးအကျင့် စာရိတ္တလည်း ကောင်းတယ်"

"ရွှယ်စုး နင်က အခုထိ သူတို့ဘက်တော်သားလုပ်ပြီး ငါ့ကို ဖျောင်းဖျနားချနေတာလား။ မျိုးရိုးအကျင့်စာရိတ္တကောင်းတယ်ဆိုတာ ဘာကို ကြည့်ပြောတာလဲ၊ မောင်နှမနှစ်ယောက်လုံး ငါတို့သားအဖရဲ့ ပစ္စည်း ဥစ္စာတွေကိုမက်လို့ ဒီယုန်မြင်ပြီး ဒီချုံထွင်ကြတာလေ"

ဘဒ္ဒက စောင်ခြုံကြီးကိုလှပ်ပြီး ကက်ကက်လန်အောင် ပြော သည်။ ရွှယ်စုးက ထမင်းသုပ်ပန်းကန်လေးကို ခုံရှည်လေးပေါ်လှမ်းတင်ပြီး

"အဲလိုကြီး တွေးမပစ်ပါနဲ့ဟာ၊ ဦးဦးဇော်ကို အရမ်းနားလည်ပြီး ချစ်ပေးတဲ့ မမိုင်ကိုရော နင့်ကိုအရမ်းချစ်တဲ့ ဦးလရောင်ကိုရော အားနာဖို့





ကောင်းပါတယ်၊ နင်တို့ပစ္စည်းဥစ္စာတွေကို လောဘနဲ့ မက်မောလောက်အောင် လည်း သူတို့တွေက ဆင်းရဲချို့တဲ့နေကြတဲ့သူတွေ မဟုတ်ပါဘူး၊ သူတို့ အရည်အချင်းနဲ့ သူတို့ ရပ်တည်နိုင်ကြတဲ့သူတွေပါ"

"အဲဒီ အရည်အချင်းတွေကို အသုံးချပြီး ငါ့ကိုသိမ်းသွင်းခဲ့တာ ပိုရင်နာဖို့ကောင်းတယ် ရွှယ်စုးရဲ့၊ အစ်မက ငါ့အဖေကို ဘယ်လိုပုံစံမျိုးနဲ့ ကျူးသွင်းခဲ့တယ်ဆိုတာ ငါမသိပေမယ့် လရောင်ကတော့ ငါ့ကို အချစ်သင် ခန်းစာတွေနဲ့ နလန်မထူနိုင်အောင် ဖမ်းအုပ်တာခံလိုက်ရတာပဲ"

"နင့်အမြင်တွေ အရမ်းအစွန်းရောက်နေပြီ ဘဒ္ဒ၊ ဦးလရောင် နင့်ကို တကယ်ချစ်ခဲ့တယ်ဆိုတာ ငါတို့အားလုံး ယုံကြည်တယ်၊ နင်လည်း သိနေမှာပါ၊ တရားဝင်လက်ထပ်စာချုပ်နဲ့ လက်ထပ်ခဲ့တာတောင် နင့် အပျို ရည်ပျက်အောင် အခွင့်အရေးယူခဲ့သလား၊ နစ်မွန်းအောင် လုပ်ခဲ့သလား"

ဘဒ္ဒချို ငြိမ်သက်တွေဝေသွားပြီးမှ ခေါင်းကိုအဆက်မပြတ် ရမ်း ခါကာ

"ဒါလည်း ဖြားယောင်းမှုတစ်ခုပါပဲ ရွှယ်စုး၊ သူ ငါ့ကို အဲလိုတန်ဖိုး ထားပါလားလို့ ယုံကြည်မှုတွေ ခလေးစားမှုတွေ ရှိလာအောင် ယောက်ျား ကောင်းပီသပြတာပါ၊ တကယ်တမ်းက ငါ့နှလုံးသားကို ကျူးသွင်းတာ၊ ထောင်ချောက်ဆင်တာ၊ သိရဲ့လား၊ ငါ့ဘက် အာသာငမ်းငမ်းနဲ့ တောင့်တ လာအောင် အချစ်နဲ့ဖမ်းစားတာ"

"ဘဒ္ဒရယ်"

"သူသာ ငါ့ကို တကယ်ချစ်ခဲ့တယ်ဆိုရင် အမှန်တရားတွေကို အစကတည်းက ဝန်ခံခဲ့ရမှာပေါ့၊ ငါ အရမ်းမုန်းနေတဲ့ ငါ့မိထွေးက သူ့အစ်မ



www.burmeseclassic.com

www.burmeseclassic.com



ပါဆိုတာ''

''အဲလို ပြောခဲ့ရင် သူ့ကိုနင်ချစ်နိုင်မှာမို့လား။ ဒီလိုအခြေအနေထိ ဖြစ်လာတာ သူ့နှလုံးသားကို သူ မထိန်းချုပ်နိုင်ခဲ့လို့ပါ၊ အစက နင့်အဖေ ဦးသီဟဇော်က နင့်ကိုအစိုးရိမ်လွန် စိတ်မချနိုင်ခဲ့လို့ သူ့ကို အလုပ်ခန့်ခိုင်း ပြီး စောင့်ရှောက်စေခဲ့တာ လုပ်ငန်းသဘောသဘာဝပညာတွေ သင်ပေးခိုင်း ခဲ့တာ အမှန်ပဲ''

ခနိုးခနဲ့နှင့် ဘဒ္ဒ မဲ့ပြုံးပြုံးတော့ ရွှယ်ရူး လေသံတွေ ပိုပြီးပြင်းထန် လာကာ

''ဦးလရောင်က မိန်းမတွေနဲ့ အရောတဝင် မနေဖူးလို့ နင့်အဖေ တောင်းဆိုမှုတွေကို သူ လက်မခံချင်ခဲ့ဘူး။ ဒါပေမဲ့ သူတို့မောင်နှမလုပ်ငန်း တွေစလုပ်တဲ့အချိန်မှာ ဦးဦးဇော် ကူညီထားခဲ့ဖူးတဲ့ ကျေးဇူးတရားတွေကို ထောက်ထားပြီး လက်ခံခဲ့တယ်၊ တိတိကျကျပြောရရင် မိန်းမတွေနဲ့ အတွေ့ အကြုံ ရင်းနှီးပတ်သက်မှုနည်းခဲ့လို့ ဦးလရောင် နင့်ကို စွဲစွဲလန်းလန်း ချစ် သွားခဲ့တာ ဘဒ္ဒ''

''သူက နင့်ကို အဲလိုပြောခဲ့တာလား။ ဘာနဲ့သက်သေပြမှာလဲလို့ ပြန်မမေးခဲ့ဘူးလား ရွှယ်ရူး။ ငါ့ကိုတန်ဖိုးထားတဲ့လူဆိုရင် ငါ့စိတ်ကို နားလည် နေရမယ်၊ ငါက မိထွေးကို မုန်းတယ်၊ မိထွေးရဲ့မောင်ဖြစ်နေတဲ့သူက ငါ့ကို လုံးဝကို ပတ်သက်ဖို့ မကြိုးစားသင့်တာမဟုတ်ဘူးလား''

တစ်ယူသန်စိတ်နှင့် အသံတွေတုန်ကာ ရှင်းပြနေသော ဘဒ္ဒကို ရွှယ်ရူး ဘယ်လိုနှစ်သိမ့်ရမှန်းပင် မသိတော့ပါ။ ဘဒ္ဒချိုက ရွှယ်ရူးကို ခပ်စိမ်း စိမ်း စွေကြည့်ပြီး





''နင်ရော ငါ့အပေါ် ဘယ်လောက်သံယောဇဉ်ကြီးပါတယ်ပြော ပြော သစ္စာရှိခဲ့သလား ရွှယ်ရူး။ နင့်ကိုအကျင့်စာရိတ္တတွေ ပြောင်း။ နာမည် တွေပါပြောင်းပေးခဲ့တဲ့ ငါ့ကို နင့်ချစ်သူနဲ့ပေါင်းဖက်ရဖို့အတွက် တစ်ယောက် တည်း ထားရက်ခဲ့တာပဲမဟုတ်လား။ ထွန်းခင်ကို ငါ့ထက်ပိုချစ်လို့ပေါ့''

ဩော် ဒုက္ခပါပဲ။ ထောင့်ငါးရာနဲ့ ငါးရာနှစ်ဆယ့်ရှစ် ဘယ်လိုမှ မတူနိုင်တာကို ဘဒ္ဒချို ကလေးဆန်ဆန် တန်းညှိနေသည်။ အဝိုက်အခံ ပြောလျှင် ရွှယ်ရူးအပြစ်က ပိုကြီးတော့မည်ထင်၏။ ဘဒ္ဒ မသိအောင် သက်ပြင်းတွေ ခိုးရှိုက်ပြီး

''တို့က ထွန်းခင်ထက် နင့်ကိုပိုချစ်တာပါ ဘဒ္ဒရယ်၊ စိတ်အလို လိုက်ပြီး ထွန်းခင်နောက် ပါသွားခဲ့တာပါ၊ ဟို တို့နင့်ကို တစ်ယောက်တည်း ထားခဲ့တာ မှားပါတယ် ဘဒ္ဒရယ်၊ အပြစ်ရှိတဲ့တို့နဖူးကို ခပ်နာနာလေး ခေါက်လိုက်ပါနော်၊ ပြီးရင် စိတ်ဆိုးပြေပါတော့''

''စိတ်ဆိုးပြေစေချင်ရင် နင် ငါနဲ့အတူလာနေပေးရမယ် ရွှယ်ရူး''

''ဘာ''

''ဟုတ်တယ် နင့်ယောက်ျားနဲ့မအိပ်ရဘူး။ တစ်ပတ်တိတိ ငါနဲ့ လာအိပ်၊ နဖူးခေါက်ရတာက ရိုးနေပြီ''

''အယ်တော်''

အပြစ်ပေးတာကလည်း လင်မယားနှစ်ယောက်ကို ခွဲအိပ်ခိုင်းသတဲ့။ ဘဒ္ဒချိုတို့က ဝင့်လိုက်မှာ မကြောက်ဘူးထင်သည်။ မဖြစ်နိုင်ဘူးလို့ ငြင်းဆန် လိုက်လျှင်လည်း မိုးမီးလောင်တော့မှာ သေချာ၏။

မင်္ဂလာဦးညအရသာကို ကြုံကြိုက်မှ ခံစားရအောင်လို့ ထွန်းခင်တို့



www.burmeseclassic.com

www.burmeseclassic.com



သာ ဖျောင်းဖျရပေတော့မည်။

"တို့ နင်နဲ့လာအိပ်ပေးရင် တို့ကို နင် ခွင့်လွှတ်ပေးမှာ. ကျေနပ်ပေး မှာ သေချာလား ဘဒ္ဒ"

"အင်း"

"စိတ်ဆိုးလည်းပြေမယ်ပေါ့"

"ဦးလရောင်ကိုရော"

"အာ အဲဒီလူကြီးအကြောင်း မပြောနဲ့၊ တွေးကို မတွေးချင်တာ၊ တွေးမိရင် မျက်ရည်က ကျကျလာလို့"

ဖြစ်မှဖြစ်ရလေ၊၊ မလျော်ကန်သည့်အတွေး တစ်လွဲဆံပင်ကောင်းသည့် ဘဒ္ဒချိုမာနုတွေက အတုယူအားကျစရာပင် တောင်းနေသည်။ လရောင်ကို ဖွတ်အတင်းမေ့ပစ်ချင်ယောင်ဆောင်ပြီး အတွင်းကျိတ် ရင်ကွဲနာ ခံတော့မည့်ပုံမျိုးပင်။

လရောင်လည်း ဘယ်လိုတွေ ခံစားနေရမည်မသိ။ ဘဒ္ဒချိုကို ပေးဆပ်ဖို့ ဝဋ်ကြွေးပါလာလျှင်တော့။



အခန်း (၂၈)

"ဆရာ"

"ဟာ ထွန်းခင် မင်း စက်ရုံကို အလုပ်လာဆင်းတာလား၊ ဦးသီဟဇော်က မင်းကို ကားမောင်းသင်ပေးပြီး ဒရိုင်ဘာခန့်မလို့ဆို"

"အဲဒီကိစ္စ နောက်မှ အစီအစဉ်ပြန်ဆွဲဖို့ ဆုံးဖြတ်လိုက်ကြရတယ် ဆရာ"

"ဘာဖြစ်လို့လဲ"

ထွန်းခင် တန့်ခနဲ မဖြေနိုင်ပါ။ သူ့ ကျွန်းစားပွဲရှည်ကြီးရှေ့က ထိုင်ခုံမှာ မျက်နှာငယ်လေးနှင့် ဝင်ထိုင်သည်။ သူ့ကိုယ်ကြီးက မတ်ခနဲ ဖြစ်သွားကာ

"မင်း ဘာဖြစ်လာတာလဲ ထွန်းခင်"

"ခုမှ ရှယ်ရှူးနဲ့ ပိုဝေးနေရပြီ ဆီရာ"

"ဘာ မင်းတို့ မနေ့ကမှ မင်္ဂလာဆည်ခံပွဲလုပ်ပြီးတာလေ၊ ငါ့ကို ရှင်းအောင်ပြော ထွန်းခင်"



www.burmeseclassic.com

www.burmeseclassic.com



"ရွှယ်ရှူးက ဘဒ္ဒ စိတ်ဆိုးပြေတဲ့အထိ ဘဒ္ဒနဲ့ အတူတူနေရမယ်၊ အိပ်ရမယ်တဲ့၊ တစ်ပတ်လို့ ရက်ချိန်းပေးထားပေမယ့် အဲဒီအချိန်ထိ ဘဒ္ဒ စိတ်ဆိုးမပြေသေးရင် ဘယ်လောက်တောင်ကြာဦးမယ် မသိဘူးဆရာ"

"ဟာကွာ အဲဒါ ဘဒ္ဒ ဆုံးဖြတ်တာလား။ ကလေးဆန်လိုက်တာ"

"ငယ်ငယ်ကတည်းက အနွံတာခံလာခဲ့တဲ့သူဆိုတော့ ရွှယ်ရှူးက လည်း မလွန်ဆန်ရက်တာပါ၊ အဲဒီအိမ်မှာလည်းမနေနဲ့တဲ့၊ ဘဒ္ဒက ကျွန်တော့် ကိုမြင်နေရင် တော်တော်နဲ့စိတ်ဆိုးမပြေမှာ စိုးလို့တဲ့လေ"

"ဒါဆို မင်းက ဘယ်သွားနေရမှာလဲ"

"ဆရာလည်း ခုချိန်မှာ တစ်ယောက်တည်း အရမ်းခံစားနေရမှာ စိတ်ဖြေသာအောင် အဖော်အဖြစ် ဆရာနဲ့ သွားနေပေးလိုက်ပါလို့ ရွှယ်ရှူး မှာလိုက်တယ် ဆရာ"

"ဟမ်"

ငိုမဲ့မဲ့ပြောနေသော ထွန်းခင်စကားကြောင့် လရောင် ဟမ်ခနဲ မျက်လုံးပြူးသွားရသည်။ ကလေးဆန်လွန်းသော ဘဒ္ဒချိုကြောင့် ရွှယ်ရှူးတို့ လင်မယား မမြင်မတွေ့ရဘဲ ဘယ်အချိန်ထိတောင် ခွဲနေရတော့မှာလဲ။

သူ့လို တရားဝင်လက်ထပ်ထားသည့်သူကိုတောင် လက်ထပ်တယ်ဆိုတာ စာချုပ်ထဲမှာပဲ အကျုံးဝင်တာပါ။ သူမဘဝ ဘာအစွန်းအထင်းမှ မရှိသေးဘူးဟု စိန်ခေါ်ပြီးမောင်းထုတ်ရက်ခဲ့သေးတာ ရွှယ်ရှူးတို့ကို ဒီလို လုပ်ရဲတာလည်း သိပ်တော့ မထူးဆန်းတော့ဘူး ထင်သည်။

"ကဲ ထွန်းခင်၊ မင်းနဲ့ငါနဲ့ ဘဝတူတွေဖြစ်သွားပြီပေါ့ကွာ၊ မင်း ဘာမှအားမငယ်နဲ့၊ စိတ်မကောင်းလည်း ဖြစ်မနေနဲ့၊ ဦးသီဟဇော်နဲ့မမိုင်ရော





ရွှယ်ရှူးရော ဘဒ္ဒချိုကို အနီးကပ် ဖျောင်းဖျနားချနေကြမှာပါ၊ ဘဒ္ဒက စိတ်တိုလက်မြန်နဲ့ အတွေးကလည်း များနေတော့ ဘယ်အချိန်မှ အဆင်ပြေနိုင်မယ်ဆိုတာတော့ ခန့်မှန်းလို့မရဘူးပေါ့ကွာ၊ စိတ်ရှည်ရှည်နဲ့ သည်းခံစောင့်ရတော့မှာပဲ"

"ဆရာက ဘယ်လောက်ကြာကြာ သည်းခံစောင့်နိုင်တယ်ပေါ့၊ ကျွန်တော်ကတော့ ဘယ်လိုနေရမှန်း မသိတော့ပါဘူး၊ ဆရာရယ်၊ ရွှယ်ရှူး …ရာလိုက်မယ်ပြောတော့ ကျွန်တော်အရမ်းကို တက်တက်ကြွကြွနဲ့ အတူနေရတော့မယ်ဆိုပြီး ပျော်သွားတာ၊ ဒါပေမဲ့ ဦးသီဟဇော်က ဘယ်မှမသွားရဘူး မင်္ဂလာဆောင်ပေးမယ်ဆိုပြီး သူ့အိမ်မှာ ခေါ်ထားတယ်လေ၊ ဒါကလည်း ပြဿနာမဟုတ်သေးပါဘူး။ မင်္ဂလာဆောင်ပြီးတာနဲ့ လင်ရယ်မယားရယ် …လာမှာပဲမဟုတ်လား။ အခုတော့ ဆရာရယ် ကျွန်တော့်မှာ ငုတ်တုတ်ထိုင်နေလို့ မနေနိုင် မထိုင်နိုင် ကျွမ်းဆယ်ပတ်လောက် ထိုးပစ်လိုက်ချင်တော့တယ်"

ငါလည်း မင်းလိုပါပဲကွာလို့ ကလေးဆန်ဆန် ငိုယိုပြီးသာ ပြောပစ်လိုက်ချင်သည်၊ ဒါပေမဲ့ လူကြီးတစ်ယောက် ဆရာသမားတစ်ယောက်ဖြစ်နေသည်မို့ ရင်ထဲရှိသမျှ အုံကြွပေါက်ကွဲလို့မရပါ။

"ဆရာ အခု ဘယ်လိုခံစားနေရလဲဟင်၊ ကျွန်တော့်လိုပဲလား"

"မင်းထက် ပိုဆိုးတယ်"

"ဗျာ"

"မင်းက ဘယ်နေ့ဆိုတာ မျှော်လင့်ချက်ရှိသေးတယ်၊ ရွှယ်ရှူးက …မှသေးတော့ လွတ်ငြိမ်းချမ်းသာခွင့် အမြန်ရနိုင်တယ်၊ ငါက …ိုက်ရိုက်



www.burmeseclassic.com

အနီကာဒ်နဲ့ အထုတ်ခံလိုက်ရသလို အယူခံခွင့်ကို မရတာ၊ ကြားထဲက ဖျောင်းဖျပေးမယ့်သူတွေ ရှိတယ်ဆိုပေမယ့် ဘဒ္ဒက ငါ့ကို ခါးခါးသီးသီး မုန်းတီးနာကြည်းသွားတာကွ၊ မီတွေး အမုန်းစက်ကွင်းထဲကို ငါ့ကိုပါထည့်ပြီး အထင်သေး ရွတ်ချပစ်လိုက်တာ''

သူ နာနာကျင်ကျင်ပင် ရင်ဖွင့်နေမိသည်။ ထွန်းခင်က ကိုယ်ချင်းစာသလိုလို သနားကရုဏာသက်သလိုလိုဖြင့် သူ့ကိုကြည့်၏။

သူက ပြုံးခနဲ ထရယ်လိုက်ကာ

''အဲဒီမျက်လုံးမျိုးနဲ့ ငါ့ကိုမကြည့်စမ်းနဲ့ ထွန်းခင်၊ ဘဒ္ဒချိုကြောင့် ငါ့ကိုငါ ဘာကောင်မှန်းမသိတော့အောင် ခံစားနေရလို့ တော်တော် စက်ဆုပ်နေမိပြီ''

''ဆရာရယ် ဆရာက ကျွန်တော့်ကိုတော့ ဖြေသိမ့်နေပြီး ဆရာ အဲလောက်တောင် ထိထိနိုက်နိုက် ဖြစ်နေတာလား၊ ဒါဆို ကျွန်တော်နဲ့ ဖြေဆေးသွားရှာရအောင် ဆရာ''

''ဘာကွာ ဘာဖြေဆေးသွားရှာရမှာလဲ''

''စိတ်ညစ်စရာတွေကို သူရာရည်နဲ့ဖျော်ချရမှာပေါ့ ဆရာရယ် ရွာမှာဆို ထန်းရည်လေးနဲ့ မြူးလို့ရတယ်ဆရာရဲ့၊ ဒီမှာတော့ ဘီယာနဲ့ပေါ့ နေညိုချိန်မှာ သွားလန်းရအောင်လေ''

''အေး ငါတော့ သိပ်မလုပ်တတ်ဘူး။ မင်းဖျော်ချချင်တယ်ဆိုရင် ညနေ စက်ရုံဆင်းရင် ငါလိုက်ပေးပါ့မယ်၊ အခုတော့ အလုပ်ကိစ္စတွေ ပြီးပြတ်အောင်လုပ်ရမယ်''

သူ စကားမပြတ်လိုက်မှ ထွန်းခင် သူ့ရုံးခန်းထဲက ထွက်သွားသည်။ ထွန်းခင်အတွက် ရင်မောနေမိသလို ကိုယ့်ကိုယ်ကိုယ် တွေးပြီးသည်း စိတ်မချမ်းသာပါ။

ဘဒ္ဒချိုနဲ့ ပြဿနာဖြစ်ပြီးကတည်းက သူ ဘာအလုပ်မှလည်း လုပ်လို့မရ၊ ဘာအစားအသောက်မှလည်း မဝင်။ ရင်ထဲမှာ တနင့်နင့် တမြေ့မြေ့ ခံစားနာကျင်နေရရင်း သူမ ပစ်လွှတ်လိုက်သည့် စကားလုံးမြားတွေက ရင်ဝမှာ မချိမဆံ့ မခံချိမခံသာ စူးစိုက်ဝင်လို့ပါ။

သူမအမြင်မှာ သူက ပိုင်းလုံးသာသာပဲ ဖြစ်နေပါရောလား။ အရမ်းချစ်ပါတယ်၊ မခွဲနိုင်ပါဘူးလို့ အထပ်ထပ်ပြောထွက်ခဲ့သည့် နှုတ်ခမ်းပါးလေးက ဒီလောက်ထိ ပိုးစိုးပက်စက် သူ့အပေါ် အနိုင်နှင့်ပိုင်းလိမ့်မည် မထင်မိ။

''ဟား ရက်စက်လိုက်တာ ဘဒ္ဒရယ်၊ မင်းကိုချစ်မိမှ ငါ့ဘဝက ဘာဂုဏ်သိက္ခာမှကို မရှိတော့ပါလား''

သူ အသံထွက်ညည်းညူ၍ စိတ်ပျက်လက်ပျက် ကောင်တာစားပွဲပေါ် မျက်နှာမှောက်နေမိသည်။ သူ အားထုတ်ကြိုးပမ်းစွမ်းဆောင်ရယူထားသည့် အရည်အချင်းတွေက ဘဒ္ဒချိုနဲ့ တွေ့မှ မြောင်းထဲရောက်ကုန်ရပြီပဲ။

ခုချိန်ထိ သူမကို မုန်းမေ့နာကြည်းမရတာလည်း သူ့ကိုယ်သူ သိမိသည်။ တကယ်ဆို ကိုယ့်ကို အထင်မကြီး ရွတ်ချပုတ်ခတ်စော်ကားသော သူမကို အနည်းအကျဉ်းတော့ နာကြည်းနေသင့်သည် မဟုတ်လား။

''ဆရာ''

''ဟင် ထွန်းခင်''

''စက်ရုံဆင်းချိန်တောင် ရောက်နေပြီ ဆရာ၊ ဆရာ ဒီအတိုင်း ထိုင်မယုက် နေနေတာလား''

www.burmeseclassic.com



"ဩော် အေး အဲဒီအချိန်တောင် ဖြစ်နေပြီလား"

ထွန်းခင် ရုံးခန်းတွင်း ဝင်လာပြီးပြောမှ လက်ကနာရီကို မျှော်ကြည့်မိသည်။ ဘာလို့ အချိန်တွေက အဓိပ္ပာယ်မရှိ ကုန်ဆုံးသွားရတာလဲ

"လာ ငါတို့ဘီယာသွားသောက်မယ် ထွန်းခင်"

"ဗျာ ဟို ဆရာ"

"ဘာမှ ပြောမနေနဲ့၊ ငါသောက်တတ်အောင် သောက်မယ် မင်း ပြောသလို သူ့ရာရည်နဲ့ ဖျော်ချပြီး မမူးနိုင်အောင် ကြိုးစားမှ ဖြစ်တော့မယ် မဟုတ်ရင် ငါရူးတော့မယ်ကွ၊ ဘဒ္ဒကို ဘယ်လိုမှ မမေ့နိုင်ဘူး။ သူပြောလိုက်တာတွေ ပြန်တွေးလည်း နာကြည်းလို့မရဘူး ဖြစ်နေတယ်၊ မင်း ကျွမ်းဆယ်ပတ်လောက် ထိုးမယ်မဟုတ်လား၊ ငါလည်း အရက်သောက်ပြီးရင် မင်းနဲ့ ကျွမ်းထိုးပြီး အသည်းနှလုံးတွေ ပြောင်းပြန်ဖောက်ထိုးဖြစ်အောင် လုပ်ပစ်မယ် အဲလိုလုပ်ပစ်မှ နေသာထိုင်သာ ရှိမယ်ထင်တယ်"

သူ့အပြုအမူ အပြောအဆိုတွေ အသိတရားမဲ့ ကလေးဆန်နေ မှန်း သိပေမယ့် သူ ထိန်းချုပ်မနေချင်တော့။ ပြောတဲ့အတိုင်းလုပ်ဖို့ ထွန်းခင် နှင့် စားသောက်ဆိုင်ကို ထွက်လာခဲ့သည်။ စားသောက်ဆိုင်ရောက်တော့ အရှိန်မပျားအောင်ဆိုပြီး ထွန်းခင်က အရက်ပြင်းတွေမမှာဘဲ ဘီယာလောက်သာ သောက်ခိုင်းသည်။

"ကျွန်တော်လည်း များများမသောက်နိုင်ဘူး၊ ဆရာကလည်း အလေ့အကျင့်မရှိဘူးဆိုတော့ ဘီယာသောက်တာပဲ ကောင်းပါတယ် အမြည်းများများစား ဆရာ၊ အမြည်းသိပ်မစားရင် ဆရာပိုမူးနေလိမ့်မယ်"

ထွန်းခင်က စေတနာနှင့် သတိပေးပေမယ့် အမြည်းသိပ်မစားဖြစ်





ဘီယာနှစ်ခွက်လောက် ဆင့်သောက်ပစ်လိုက်တော့ အတွေ့အကြုံမရှိသော သူ့ခေါင်းတွေက ရီဝေဝေဖြစ်လာသည်။ ပါးစပ်ဖျားမှာလည်း ဘယ်လိုမှ ထိန်းချုပ်မရတော့သလို ပြောချင်သောစကားလုံးတွေ ပြည့်လျှံတက်နေသည်။

ဒါက သူ့ရာရည်ရဲ့တန်ခိုးအစွမ်းတွေလား။

"ဘဒ္ဒ သိပ်ရက်စက်တယ်ကွာ၊ သိပ်ရက်စက်တယ်"

"ရက်စက်မှန်းသိရင်လည်း မေ့ပစ်လိုက်ပေါ့ ဆရာရယ်"

"ဘယ်လိုလုပ် မေ့ပစ်နိုင်မှာလဲ၊ ငါ သူ့ကိုသိပ်ချစ်တာကွ၊ သူက ကလေးဆန်တယ်၊ တဖွတ်ထိုးဉာဉ်လေးတွေရှိတယ်၊ ငါက အဲဒါလေးတွေကို တမ်းတမ်းစွဲနေတာ၊ ငါ့အပေါ် အနိုင်ယူတာ၊ ဂျီကျတာလေးတွေကိုလည်း မြတ်နိုးတာပဲ"

"အဲလောက် ချစ်နေရင်လည်း ဆရာရယ် ဆရာ့လက်ထဲမှာ နှစ်ဦးသဘောတူလက်ထပ်စာချုပ်ကြီး ရှိနေတာပဲ၊ ရုံးတော်ကို တရားဥပဒေ အတိုင်း ပိုင်ဆိုင်ပေါင်းသင်းလိုကြောင်း လျှောက်ထားလိုက်ပေါ့၊ လက်ထပ် စာချုပ်က ရှေ့နေတွေ၊ တရားသူကြီးတွေနဲ့ တရားဝင်လက်မှတ်ထိုးထားတာ မဟုတ်လား"

ထွန်းဇော်က အာလေးလျှာလေးဖြင့် အားပေးသည်။ သူက လေး လေးပင်ပင် ခေါင်းရမ်းပြလိုက်ကာ ဘီယာတစ်ကျိုက်မော့ပြီးမှ

"သူ့ဆန္ဒမပါဘဲ အနိုင်မယူချင်ဘူးကွာ၊ အဲလိုတွေ တန်ဖိုးထားမိ လို့ လက်ထပ်ထားခဲ့ပေမယ့် သူ့ဘဝလေး စွန်းထင်းမှုမရှိအောင် ငါ ထိန်း ထိန်းသိမ်းသိမ်း နေခဲ့တာပေါ့"

"အဲဒီလို တန်ဖိုးထားခဲ့တော့ရော သူက သူတော်ကောင်းကြီးဆို



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆရာ့ကို ကိုးကွယ်ခဲ့လို့လား၊ သူ့မှာ ဘာအစွန်းအထင်းမှမရှိဘူးဆိုပြီး ဆရာ့ကို စိန်တောင်ခေါ်ခဲ့သေးတာ ဆရာက ဆက်ရက်တောင်ပံကျိုးမလုပ် ခဲ့တာ ကံဆိုးသွားတာပေါ့ ဆရာရဲ့"

"ဘာလဲ ဆက်ရက်တောင်ပံကျိုး၊ ဘဒ္ဒက ကြောင်ခံတွင်းယူက်နေတာမှမဟုတ်တာ၊ ငါကလည်း အာသာငမ်းငမ်း သွေးသားဆာလောင်နေတဲ့ သူမဟုတ်ဘူး၊ ရတဲ့အခွင့်အရေး အကုန်ယူပြီး အချစ်ကိုအရောင်ဆိုးတာ ယောကျ်ားကောင်းတွေ လုပ်တဲ့အလုပ်မဟုတ်ပါဘူးကွာ၊ ငါကလေ ဘဒ္ဒကို တန်ဖိုးထားပြီးပဲ ချစ်ချင်တာ"

လရောင် ပြောရင်းနှင့် ငိုသံပါလာသလို မျက်လုံးတွေလည်း မှေးစင်းရီဝေနေသည်။ ခေါင်းကလည်း ငိုက်စိုက်ကျနေသည်မို့ ဒီထက်ပိုသောက်နိုင်းလို့ မဖြစ်တော့။

"ဆရာ တော်သင့်ပြီထင်တယ်၊ ဘီယာကသာ ပါးစပ်ထဲ ဘယ်လောက်မှ မဝင်သေးတာ၊ လူက ယိုင်နေပြီ"

"အောင်မာ မင်းက ငါ့ကို ဆရာပြန်မလုပ်ပါနဲ့၊ မင်းလည်း ဇော်ကျိုးနေပါပြီ"

"ဒီလောက်ကတော့ ထွန်းခင်တို့က အေးဆေးပါ ဆရာရယ်၊ ကဲ ကျွန်တော်တို့ ပြန်ကြရအောင်နော် ဆရာ"

"မပြန်သေးဘူး၊ မပြန်ချင်ဘူးကွာ"

"ဟာ ဆရာရယ်၊ မပြန်လို့ ဘယ်ဖြစ်မလဲ၊ အချိန်လည်းမနည်းတော့ဘူး"

"ငါ့အိမ်ကို မပြန်ဘူး၊ ဘဒ္ဒချို့အိမ် သွားမယ်"





"ဗျာ ဦးသီဟဇော်တို့ ပြောတာလား"

"မဟုတ်ဘူး ဘဒ္ဒနဲ့ ညတိုင်းထိုင်စကားပြောတဲ့အိမ်ကို"

"အဲဒီအိမ်မှာ ဘယ်သူမှ မရှိဘူးလေ ဆရာရဲ့၊ ဘဒ္ဒက ဦးသီဟဇော်အိမ်ကို ပြန်ရောက်နေပြီဥစ္စာ၊ ဟိုမှာ ခြံတံခါးသော့ခတ်ထားလို့ ခြံထဲတောင် ဝင်လို့ရမှာမဟုတ်ဘူး"

"ခြံရှေ့မှာ ငုတ်တုတ်လေးထိုင်ပြီး ဘဒ္ဒကို အလွမ်းဖြေမှာပေါ့"

ထွန်းခင် ကိုယ့်နဖူးကိုယ်ရိုက်ကာ လရောင်ကို စားသောက်ဆိုင်ခေါ်လာမိတာ မှားပြီဟု နောင်တရနေမိသည်။ အူအရိုင်းမို့ ဘီယာနှစ်ခွက်လောက် သောက်ရုံနှင့် ရစ်နေတာ၊ ပေါက်ကွဲနေတာ ရယ်စရာပင်ကောင်းနေ၏။ ဒါပေမဲ့ ဂုဏ်သိက္ခာကြီးကြီးနှင့် ဆရာသမားက သနားစရာကောင်းလွန်းနေတာမို့ ထွန်းခင် မလှောင်ပြောင်ရက်ပါ။

"ဆရာ အဲဒီအိမ်ကို တကယ်သွားမှာလား၊ သွားမယ်ဆိုရင် ကျွန်တော် လိုက်ခဲ့ပါ့မယ်၊ ဒါပေမဲ့ ဆရာ ကားမောင်းနိုင်ပါ့မလား"

"မောင်းနိုင်ပါတယ်ကွ၊ မင်းကများ ငါ့ကို အထင်သေးလို့ ယောကျ်ားပဲ ဒီလောက်အထာကတော့ ပျင်းတောင်ပျင်းသေး"

လရောင်က ဖြုန်းခနဲ မတ်တပ်ထရပ်ပြသည်။ ယိမ်းနွဲ့သလိုဖြစ်သွားပေမယ့် ဟန်ကျပန်ကျမို့ ထွန်းခင် စိတ်ချသွား၏။

"ကဲပါ ဆရာရယ် ဆရာမမူးသေးဘူးဆိုတာ ကျွန်တော် ယုံပါတယ်၊ ဒါပေမဲ့ ကားကိုတော့ ဖြည်းဖြည်းမောင်းနော် ဆရာ၊ ကျွန်တော်က မော်လာဆောင်ထားပေမယ့် လူပျိုနုနုထွတ်ထွတ်လေးပဲ ရှိသေးတယ်"

"မင်းကလည်း ဘဝတူချင်း ကပ်ကြွားမနေပါနဲ့၊ တို့နှစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှိတစ်ခုလပ်တွေ ဟား ဟား ဟား''

လရောင် ပေါ့ပေါ့ပါးပါး ရယ်လိုက်တာလား။ မရှိသွားဖြဲ ရယ်လိုက်တာလား မသိပေမယ့် ထွန်းခင်လည်း စိတ်လွတ်ကိုယ်လွတ် အကျယ်ကြီး အော်ရယ်ချလိုက်သည်။

နည်းနည်းပေါ့ပါး လန်းဆန်းသွားသလိုတော့ ရှိ၏။ ဆရာ ဒီတောင် ကကျော်ပြီး စိတ်ချမ်းသာပါစေ။

■ ■ ■



## အခန်း (၂၉)

''အဲဒါ ဘာလုပ်နေတာလဲ ခွေးပု''

''ဘ ဘဒ္ဒအတွက် ထမင်းပွဲပြင်နေတာပါ၊ သူ့အခန်းထဲသွားပို့ရမှာ''

''မပို့နဲ့ ဒီအတိုင်းထားလိုက်''

''ရှင်''

''သူဗိုက်ဆာလို့ မနေနိုင်ရင် ထမင်းစားခန်းထဲ လာစားလိမ့်မယ်၊ ဘယ်သူ့မျက်နှာမှ မမြင်တွေ့ချင်လို့ မစားချင်ဘူးဆိုရင်လည်း နေပါစေ''

တင်းတင်းမာမာနှင့် ဦးသီဟဇော်စကားကြောင့် ဒေါ်ယဉ်မျိုးနိုင်ရော ရွှယ်စုးရော မျက်လုံးလေးတွေပြူးလည်လျက် နားမလည်နိုင် ဖြစ်သွားကြသည်။

''ဘဒ္ဒ စိတ်ကောက်နေတာ အဲလိုလုပ်လုပ်ရင် ပိုဆိုးသွားမှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဦးဇော်ရယ်၊ ခွေးပု ထမင်းသွားပို့လို့ စားသောက်နေတာပဲ တော်သေးတယ် မဟုတ်လား''

''အဲလို အရှေ့ပေး အလိုလိုက်နေလို့ ရောင့်တက်နေတာ၊ ဘယ်လိုမှ သည်းခံနေလို့ မဖြစ်တော့ဘူး။ ဖအေနဲ့ ကျန်တဲ့သူတွေက ကောင်းစေချင်လို့ သူ့အတွက် စီမံနေတာကို အကောင်းမြင်ရမှန်းမသိဘဲ တိုက်ခိုက်နေတာ တော်ရုံတန်ရုံပဲပေါ့၊ အားလုံးက ဝိုင်းဝန်းဖျောင်းဖျနေတယ်၊ ရှင်းပြနေတယ်၊ နားလည်သင့်ပြီပေါ့၊ အခုတော့ အားလုံး သူ့ကြောင့် စိတ်မချမ်းမသာ ဖြစ်နေရတယ်၊ မောင်လရောင်ကိုရော ဘယ်လောက်အားနာစရာကောင်းလဲ''

''သူလည်း ဒီအတိုင်းကြီးတော့ နေမှာမဟုတ်ပါဘူး။ တဖြည်းဖြည်း စိတ်ပြေနားလည်လာမှာပါ၊ သွေးပူနေတဲ့အချိန်ကို စိတ်ရှည်ရှည်နဲ့ ခဏတော့ စောင့်ကြည့်ရမှာပေါ့ ဦးဇော်ရယ်''

ဒေါ်ယဉ်မျိုးခိုင် ဖြေသိမ့်ပြောပြနေတာကို ဦးသီဟဇော် ခေါင်းတော်ရမ်းရမ်းဖြင့် လက်မခံပါ။

''အဲဒီကိစ္စ စိတ်ရှည်ရှည်စောင့်ပေးနိုင်တယ်ထားဦး၊ ခွေးပုကိစ္စကို သူ ဒီလိုလုပ်နေတာ အခြေအမြစ်ရှိရဲ့လား။ မင်္ဂလာဆောင်ပြီးတဲ့ လင်မယားက အတူတူလည်း မအိပ်ရဘူး။ တစ်အိမ်တည်းလည်း မနေရဘူး။ ဒါ ဘာသဘောလဲ၊ ကိုယ့်အိမ်က အလုပ်သမားပဲဆိုပြီး အနိုင်ကျင့်လို့ရတိုင်း အနိုင်ကျင့်နေတာ၊ ဒီလိုမတရားတာ ဦးဇော် မကြိုက်ဘူး''

''ရ ရပါတယ် ဦးဦးဇော်ရယ်၊ ရှယ်စု သည်းခံနိုင်ပါတယ်၊ ဟို ထွန်းခင်ကလည်း နားလည်ပါတယ်''





''အေး မင်းတို့က သည်းခံလေ၊ သူ့အမေတစ်ယောက်အနေနဲ့ မင်းတို့အားလုံးကို အားနာရလေပဲ ဖအေဖြစ်ပြီး ဩဇာညောင်းဆုံးမသွန်သင်မှု မလုပ်နိုင်တာ ဦးဇော်ရဲ့အားနည်းချက်ပဲ၊ အခု ဦးဇော် သူ့ကိုအပြစ်ပေးမယ်၊ မင်းတို့ ဘာမှ ဝင်မပြောကြနဲ့''

ဦးသီဟဇော် ပြတ်ပြတ်သားသားပင် ဆုံးဖြတ်လိုက်သည်။ ဒီသမီးကို မုန်းလို့မဟုတ်ပါ။ မေတ္တာအပြည့်ဖြင့် ပေးဆပ်ချစ်နိုင်ခဲ့သော ဒီအဖေကြီးမှာ ဘာအပြစ်တွေများရှိနေလို့လဲ။ မှားခဲ့တယ်ဆိုရင်တောင် ပြုပြင်ပြောင်းလဲရင့်ကျက်စေချင်သည့် စေတနာအမှားပါ။

ဒါကလည်း ဖွတ်အူတင်း မချစ်မနှစ်သက်သူနှင့် အဓိမ္မပေးလက်ထပ်ခိုင်းခဲ့တာမှ မဟုတ်ဘဲ။ အနေနီးစပ်မှု ကြင်နာဂရုစိုက်ခံရမှုတွေနှင့် လရောင်သခင်ကိုတမ်းတမ်းစွဲ ချစ်နေပြီ မဟုတ်ပါလား။

စည်းစိမ်ဥစ္စာ ချို့တဲ့သူ မဟုတ်ပါဘဲ ချစ်သူကိုတောင် ဝိုင်းလုံးသာသာ စွပ်စွဲရက်သည်။ ခိုင်ကိုလည်း အခုထိ စကားကောင်းကောင်း မပြောသေးပါ။ အမေတစ်ယောက်လို သဘောမထားနိုင်ဘူးဆိုရင်တောင် မလေးမစား မဆက်ဆံသင့်ဘူးထင်သည်။ ခွေးပုတို့ကိစ္စကိုလည်း ကြည့်ပါဦး။

လင်မယားချင်း ခွဲနေခိုင်းပြီး အပြစ်ပေးတာတဲ့။ ဘယ်တော့များမှ လူကြီးဆန်ဆန် တည်ငြိမ်ရင့်ကျက်လာတော့မှာလဲ။ ဘယ်လိုနည်းလမ်းကို သုံးမှ ပြောင်းလဲလာတော့မှာလဲ။

''ခွေးပု နှင့်မမလေးကို သွားပြော၊ ထမင်းကိုအောက်ထပ် ဆင်းစားပါ၊ ဒီအိမ်မှာရှိတဲ့လူတွေကို မိသားစုလို သဘောထားနိုင်အောင် ကြိုးစားပါလို့ သွား ခုသွားပြော''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ဟုတ်ကဲ့"

ဦးဦးဖော် ဒီလိုမျိုး တစ်ကြိမ်တစ်ခါမှ စိတ်တိုဒေါသဖြစ်တာ မမြင်ဖူး၍ ရွှယ်ရူး ကြောက်ကြောက်လန့်လန့်နှင့် အပေါ်ထပ် ပြေးတက်ခဲ့ရသည်။ ဘဒ္ဒ အခန်းတံခါးတွန်းဖွင့်ပြီး ဝင်လိုက်စဉ်မှာလည်း လူက တုန်တုန်ယင်ယင်။

"ဟင် ငါ့ကို ထမင်းပါမလာဘူးလား ရွှယ်ရူး ဒီမှာ ဗိုက်ဆာနေပါပြီဆိုမှ"

"ဟိုလေ ဦးဦးဖော်က အောက်ထပ်ဆင်းစားပါတဲ့၊ အပေါ်ကို ပို့မပေးရဘူးဆိုလို့ပါ"

"ဘာ ဖေဖေက အဲလိုပြောတယ်ပေါ့၊ အောက်ဆင်းမစားနိုင်ရင် မစားနဲ့ဆိုတဲ့သဘောလား"

"ဘဒ္ဒရယ် ဦးဦးဖော်က မိသားစုတွေနဲ့ နွေးနွေးထွေးထွေး ဖြစ်စေချင်လို့နေမှာပါ၊ ထမင်းစားခန်းထဲပဲ ဆင်းစားလိုက်ပါနော်"

"မစားဘူး ဘယ်သူနဲ့မှလည်း နွေးနွေးထွေးထွေး မနေနိုင်ဘူး။ ငါက မိထွေးအငြိုးငြင်မခံရအောင် အဲလိုနေရမယ်ပေါ့ ဟွန်း ဝေးသေးတယ်"

"မိသားစုတွေဖြစ်နေပြီပဲ ဘဒ္ဒရယ်၊ အားလုံးကလည်း နင့်အပေါ် လိုက်လျောနားလည်ပေးနေကြတာပါ၊ နင်သာ ဒီအခြေအနေလေးကို လက်ခံကျေနပ်ပေးလိုက်ရင် အရမ်းပျော်စရာကောင်းမှာ"

"မသိဘူး မသိဘူး အားလုံးက ကောင်းနေတယ်ဆိုရင် ငါကပဲ သူဆိုးကြီးဖြစ်နေတာပေါ့၊ ငါမရှိရင် အားလုံးအေးချမ်းသွားလိမ့်မယ်၊ ငါ ဒီမှာမနေတာပဲ ကောင်းပါတယ်"

"ဟဲ့ ဟဲ့ ဘဒ္ဒ ဘဒ္ဒ"





ဘဒ္ဒက စလင်းဘတ်ကောက်လွယ်ကာ အခန်းတံခါးကို ဂျုန်းခနဲဆွဲဖွင့်ပြီး ခြေသံတဒုန်းဒုန်းဖြင့် အောက်ထပ်ပြေးဆင်းသွားသည်။ ရွှယ်ရူး နောက်ကနေ အပြေးလိုက်လာခဲ့ပေမယ့် ဘဒ္ဒချီက ခြံတံခါးဘက်ထိ ထွက်သွားသည်မို့ ဘယ်လိုလုပ်ရမှန်း မသိဖြစ်သွားသည်။

"ဘာဖြစ်တာလဲ ခွေးမှ၊ သမီးက ဘယ်ထွက်သွားတာလဲ"

"မသိဘူး ဦးဦးဖော်၊ ဒီအိမ်မှာ သူမရှိမှကောင်းမယ်ဆိုပြီး ထွက်သွားတာ"

"တောက် ဒီသမီးနဲ့တော့ ခက်တော့တာပဲ၊ ညကလည်း မှောင်နေပြီ သူနဲ့လိုက်သွားလိုက်ဦး ခွေးမှ၊ ဟိုဟိုဒီဒီ ထွက်သွားမှာတော့ မဟုတ်ပါဘူး။ ဟိုအိမ်ကိုပဲ ပြန်ချင်ပြန်မှာ၊ နင် သူ့အနားမှာပဲ နေပေးလိုက်"

"ဟုတ်ကဲ့ ဦးဦးဖော်"

ရွှယ်ရူး သုတ်ခြေတင်၍ အပြေးလိုက်သွားမှ ဦးသီဟဖော် သက်ပြင်းချလိုက်သည်။ သမီးကို ဒီအတိုင်းထားလို့ မဖြစ်တော့။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် အပိုင်ရအောင် ကြိုးစားဟု လရောင်ကို အမိန့်ပေးရတော့မည်။

ဒါမှ သားတွေ သမီးတွေ မြေးတွေနှင့်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ဘဒ္ဒ ဟဲ့ ဘဒ္ဒ၊ ခြေလှမ်းကလည်း မြန်လိုက်တာ၊ နောက်က လိုက်နေရတဲ့သူက အမောဆို့ အသက်ထွက်တော့မယ်"

ဘဒ္ဒလက်ကို လှမ်းဆွဲရင်းပြောတော့ ဘဒ္ဒချို ချာခနဲ လှည့်ကြည့်သည်။

"နင်က ဘာလို့လိုက်လာတာလဲ"

"ဩော် နင့်ကို စိတ်မချလို့ပေါ့ ဘဒ္ဒရယ်၊ နင်က အခု ဘယ်သွားမလို့လဲ"

"ငါ့အိမ် ငါပြန်မှာပေါ့"

"ကားလည်းမပါဘဲနဲ့ ဘဒ္ဒရယ်၊ မနက်မှသွားတာမဟုတ်ဘူး၊ ဒါမှ မဟုတ် ဦးဦးဖော်ကားကို ခဏယူခဲ့လည်း ဖြစ်တာပဲ"

"မလိုပါဘူး ငါ့မှာခြေထောက်ပါတယ်၊ တက္ကစီငှားစီးသွားလည်း ဖြစ်တာပဲ"





"နင့်ကားက ဟိုအိမ်မှာ ကျန်ခဲ့တာမဟုတ်လား၊ ဟိုနေ့က တို့ဆီလာဆောင်လာတော့ ဦးလရောင်ကားနဲ့ လာတာလေ"

"ဟုတ်ပါတယ် ဟိုလူနာမည် ထည့်ပြောပြီး အရစ်ရှည်မနေပါနဲ့"

"နင်ကလေ ဦးလရောင်ကို တကယ်မုန်းနိုင်တာလည်း မဟုတ်ဘဲနဲ့ မာနကြီးပြနေတာ"

"ဘာ ငါက အဲဒီလူကို မမုန်းနိုင်ဘူး ဟုတ်လား၊ မုန်းတယ် မုန်းတယ် အဲဒီလူကြီးမျက်နှာကြည့်ကို မကြည့်ချင်ဘူး"

"ဒါဆို ညက နင်မအိပ်ဘဲ ဘာလို့ တရှုပ်ရှုပ်ငိုနေတာလဲ"

"ဟင်"

လှမ်းသွားတော့ ဘဒ္ဒချို မျက်နှာ နီရဲရှိန်းဖိန်းသွားတော့၏။ ရှယ်စုံးက ခနိုးခနဲ့ လှောင်ရယ်လိုက်ကာ

"ဘဒ္ဒရယ် သူများတွေကိုပဲ သွားညာစမ်းပါ၊ နင့်စိတ်ကိုသိနေ နားလည်နေတဲ့ တို့ကိုတော့ ဖုံးကွယ်ဖို့ မကြိုးစားပါနဲ့၊ နင် ဦးလရောင်ကို သတိရနေတာ မဟုတ်လား"

"ဟုတ် ဟုတ်တယ် ငါ သူ့ကို အရမ်းလွမ်းနေတာ၊ သူ ငါ့ကို အရမ်းကြင်နာဂရုစိုက်ခဲ့တာ၊ နင်လည်းသိတယ်မဟုတ်လား၊ အလိုလိုက် မြှောက်စားနေတာ ခံစားနေရတော့လည်း ငါ သူ့ကိုပြန်ချစ်မိသွားတာပေါ့"

"အဲဒါကြောင့် ငါပြောတာပေါ့ ဘဒ္ဒရယ်၊ ဦးလရောင်က လူတော်လူကောင်းတစ်ယောက်မို့ နင့်အဖေက သဘောတူခဲ့တာပါလို့၊ သူက ငွေမက်လို့ နင့်ကိုချစ်ခဲ့တာမဟုတ်ပါဘူး၊ သူလိုလူမျိုးကို နင့်ထက် ချမ်းသာတဲ့မိန်းမတွေက လိုချင်လိုက်တာမှ ဝိုင်းဝိုင်းကိုလည်လို့"

www.burmeseclassic.com



"ဟင် နှင့် ဘယ်သူပြောလဲ"

"ဦးဦးဇော်လည်း ပြောတယ်၊ မမခိုင်လည်းပြောတယ်၊ ဝက်ရုံး လုပ်ခုနှစ်က မေဘယ်လ်ခုံတွေ ဝက်လိုင်းထဲက မိန်းကလေးတွေလည်း ပြောကြတာပဲ"

"ဒါကြောင့် ဒီလူ ဘဝင်မြင့်နေတာနေမှာပေါ့"

"နှင်ကလည်း ဖြစ်ပြန်ပြီ"

အကောင်းမြင်စိတ်ကလေး ပျောက်ပျောက်သွားသော ဘဒ္ဒရှိကို ရွှယ်ရူး စိတ်မရှည်။ ခပ်ချဉ်ချဉ်နှင့် ဘဒ္ဒ လက်ဖမိုးလေးကို ခပ်နာနာဆွဲဆိတ် လိုက်ပြီး

"လူစေ်ယောက်ကို တကယ့်မေတ္တာစစ် မေတ္တာမှန်နဲ့ချစ်ပြီဆိုရင် အပြစ်မမြင်ရတော့ဘူး ဘဒ္ဒရဲ့၊ ဦးလရောင်ကို နှင် တကယ်မချစ်လို့ ဒီလိုတွေ ဖြစ်နေတာမဟုတ်လား"

"မ မဟုတ်ဘူး၊ သူ့ကိုငါ တကယ်ချစ်ခဲ့တာပါ၊ ဒါပေမဲ့ မိတွေးရဲ့ မောင်ဖြစ်နေတာ သူ့ကိုငါ ဘယ်လိုမှ နားလည်လက်ခံပေးလို့မရဘူး"

"အဲဒီအစွဲကြီးကို နှင်ခါစ်သက်ရုံး ဖက်တွယ်ထားရင်တော့ လ ရောင် နှင့်ကို ထားရစ်ခဲ့တော့မှာ အသေအချာပဲ"

"ဘာမှတဲ့"

"မှာတ်တယ်လေ ဒီလောက် အပြုံးကြီးနေတဲ့မိန်းမကို ဘယ် ယောက်ျားက စိတ်ရှည်မှာလဲ"

"အံမယ် အဲ့လိုလုပ်လို့ ဖြစ်မလား၊ သူက ငါနဲ့လက်မှတ်ထိုး လက်ထပ်ထားတဲ့ ငါ့ယောက်ျားလေ၊ တခြားမိန်းမနဲ့ နှစ်ပါးသွားကကြည့်ပါ





သား၊ ဘဒ္ဒချို ဘယ်လိုမိန်းမလဲ သိသွားစေရမယ်"

"ဟား တား တား"

လမ်းမအလယ်ခေါင်မှာ ရွှယ်ရူး ဗိုက်ကိုနှိပ်၍ တဟားဟား အော် ရယ်လိုက်သည်။ ဘဒ္ဒက ရွှယ်ရူးနဖူးကို ခေါက်ခနဲ ခေါက်ကာ

"နှင်က ဘာရယ်တာလဲ"

"ငါ ဘာကြောင့်ရယ်တယ်ဆိုတာ ဘာသာပြန်မပြချင်တော့ဘူး။ ဘဒ္ဒ အိမ်ကိုပြန်ရအောင်ဟာ နှင် ထွက်သွားလို့ ဦးဦးဇော် စိတ်ပူနေတယ်၊ အရမ်းလည်း မိုးချုပ်နေပြီဟာ"

"အာ ဘာလို့ ပြန်ရမှာလဲ၊ မပြန်ဘူး ငါ့အိမ်ကို သွားမလို့ပါဆို"

"နှင် ဘာလို့ အဲဒီအိမ်ကို သွားချင်နေတာလဲ ဘဒ္ဒ"

"နေဦး ဟိုမှာ တက္ကစီကားလာနေပြီ၊ ကားပေါ်ရောက်ရင် ငါ ပြောပြမယ်"

ဘဒ္ဒက တက္ကစီကားကို လက်ပြတားပြီး ကားပေါ် ခွေ့ခနဲ ဝင်ထိုင် သည်မို့ ရွှယ်ရူးလည်း ကပျာကသီ တက်ထိုင်လိုက်ရသည်။

"ပြောလေ ဘာလို့ နန့်နန့်တက် သွားချင်နေတာလဲ၊ စိတ်ဆိုးမာန် ဆိုး အိမ်ပေါ်က ဆင်းလာတာက အကြောင်းပြချက်ကောင်း ရှာထွက်လာ တာ မဟုတ်လား"

"နှင် ယောက်ျားသာရသွားတယ်၊ ဉာဏ်ကောင်းတုန်းပါလား ရွှယ်ရူး အေး နှင်တွေးတာမှန်တယ်၊ နှင်ယောက်ျားနောက်လိုက်သွားကတည်း က အဲဒီအိမ်ထဲမှာ ကိုကိုနဲ့ငါ အတူတူရှိနေခဲ့ရတယ်၊ ညညဆိုလည်း အိပ်ညှ လုံး မအိပ်ကြဘဲနဲ့ စကားတွေ ထိုင်ပြောကြတယ်၊ အဲလိုအချိန်ဆိုရင် ငါက



www.burmeseclassic.com

ကိုကို့ရင်ခွင်ကျယ်ကြီးကို မှီနေတာပေါ့"

"ဟင် အဲလိုနေကြတာတောင် နင်တို့ ဘာဆိုဘာမှ မဖြစ်ကြတာ သေချာတယ်ပေါ့"

"သေချာပါတယ်ဟဲ့ အဲဒါကြောင့် ကိုကို့ကို ပိုလေးစားပြီး ချစ်နိုင် ဖြစ်နေရတာပေါ့၊ သွေးဆူတဲ့အချိန်က ပြောချင်ရာတွေ ပြောပြီး မှုန်နေပေမယ့် နင်တို့အားလုံး ပြောပြတာတွေကို ငါနားလည်ပါတယ်"

ရင်တွင်းခံစားချက်တွေ ပြောပြနေသော ဘဒ္ဒကိုရွှယ်စုးက မျက်စောင်းဝေ့ဝေ့ထိုးလျက်

"ဒါနဲ့များ ကျန်တဲ့လူတွေ စိတ်ဆင်းရဲအောင် ကူလီကူမာလုပ်ပဲများနေရသေးတယ်၊ အဲဒါကြောင့် အဲဒီအိမ်လေးကို သတိရပြီး သွားချင်နေတာမဟုတ်လား"

"ဟုတ်တယ် ပြီးတော့ ကိုကိုလည်း ငါ့ကိုသတိရရင် အဲဒီအိမ်ကို လာမှာပဲဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ ရောက်အောင်လာခဲ့တာ၊ ကိုကို့ကို ငါ ဘယ်လိုမှ မခွဲနိုင်တော့ဘူးဆိုတာ သေချာသွားပြီ ရွှယ်စုး"

"အေး အဲဒီစကားလေးတွေ ကြားရတာတော့ စိတ်လည်း ချမ်းသာတယ်၊ ဝမ်းလည်းဝမ်းသာပါတယ်၊ ဒါပေမဲ့ ငါတို့ကို နင် နှိပ်စက်ထားတဲ့ အပြစ်ကြွေး ရှိတယ်နော်၊ လွယ်လွယ်နဲ့ ကျေအေးမပေးနိုင်ဘူး"

"ဟင်း ဟင်း အဲဒီအပြစ်ကြွေး နောင်ဘဝကျရင် ဆပ်ပါ့မယ်၊ အခုတော့ ငါ့ကို ပါရမီဖြည့်ပေးရတယ်လို့သာ သဘောထားလိုက်ပါ"

ဘဒ္ဒရဲ့တောင်းဆိုမှုကို ရွှယ်စုးက ကြည်နူးပီတိဖြင့် ခေါင်းညိတ်ပြသည်။ ဘဒ္ဒ မျှော်လင့်သလို လရောင်သာ အဲဒီအိမ်လေးမှာ ရှိနေမယ်ဆို





ရင် ဘဒ္ဒလည်း အရမ်းပျော်သွားမှာပါ။

"ဟယ် ဘဒ္ဒ နင့်အိမ်ရှေ့မှာ သူခိုးတွေထင်တယ်၊ လူနှစ်ယောက် နင့်အိမ်ဘက်ကို ချောင်းကြည့်နေတယ်"

"ရပ် ရပ် ကားဆရာ ဒီနားလေးမှာပဲ ကားရပ်လိုက်တော့ ကျွန်မတို့ သူခိုးဖမ်းမလို့"

ကားသမားကို ပိုက်ဆံပေးခဲ့ပြီး ရွှယ်စုးနှင့်ဘဒ္ဒ ကားပေါ်က သုတ်ခြေတင် ပြေးဆင်းလာခဲ့ကြသည်။

လူနှစ်ယောက်က အမှောင်ရိပ်ကျနေသော ခြံတံခါးပေါက်ကနေ အိမ်ဘက်ကို အားသွန်ခွန်စိုက် ချောင်းမြောင်းကြည့်နေကြသည်၊ လူပုံစံတွေက တောင့်တောင့်မတ်မတ်မဟုတ်။ အရက်သမားဒီဖိုင်းနှင့် ယိုင်ထိုးဖြိုလဲမတတ်။

"ဆရာရယ် ဘဒ္ဒချိုလည်း ရှိတာမဟုတ်ဘဲနဲ့ အိမ်ကြီးကို ကြည့်ပြီး ဘာလုပ်မှာလဲ၊ ပြန်ကြရအောင်ပါ ဆရာရယ်နော်"

"မပြန်ဘူးကွာ ဘဒ္ဒရှိလည်း အဲဒီအိမ်ထဲမှာ ဘဒ္ဒ ရှိနေတယ်လို့ အောက်မေ့ပြီး တစ်ညလုံး ဒီနားကနေ ကြည့်နေမယ်"

"အာ တခြားအိမ်တွေက ကျွန်တော်တို့ကို သူခိုးထင်ပြီး လာရိုက်မှာပေါ့ ဆရာရဲ့"

"ဘာလို့ ရိုက်ရမှာလဲကွ၊ ဘဒ္ဒ ယောကျ်ားပါလို့ ပြောလိုက်မှာပေါ့၊ ဘဒ္ဒက ငါ တရားဝင်လက်ထပ်ထားတဲ့ ငါ့မိန်းမပဲ"

လရောင်ကို ဘယ်လိုမှ ဆွဲရုန်းခေါ်မရ ဖြစ်နေစဉ်မှာ ကားမီးရောင်လက်ခနဲ မြင်လိုက်ရတာမို့ ထွန်းခင် တုန်ခနဲ ဖြစ်သွားပြီး နောက်ပြန်လှည့်ကြည့်

www.burmeseclassic.com



လိုက်သည်။

"ဟာ ရွှယ် ရွှယ်စုး"

"ဟင် ထွန်းခင်၊ ဦးလရောင်နဲ့ နင်တို့ ဒီမှာ ဘာလာလုပ်နေကြတာလဲ"

"မပြောချင်တော့ဘူး ငါလည်း ရူးချင်နေပြီ"

"အောင်မယ်လေး နံလိုက်တာ၊ နင်တို့ အရက်တွေသောက်ထားကြတာလား"

"သေတော့ရိုးပဲဟာ ငါနဲ့သရာက မိန်းမတွေနဲ့ အတူမနေရလို့ ပေါက်ကွဲသံစဉ်တွေနဲ့ အရည်ပျော်ချလာကြတာပါ၊ နင်တို့နဲ့ ဒီမှာဆုံရလိမ့်မယ်တောင် ထင်မထားဘူး"

"ထွန်းခင် နင် ဒီဘက်လာစမ်း၊ သူတို့နှစ်ယောက်ကို လွှတ်ပေးလိုက်၊ ဘဒ္ဒလည်း ဦးလရောင်ကို သတိရလို့ လွမ်းလို့လာတာ"

ရွှယ်စုးက ခြံထောင့်တစ်နေရာကို ထွန်းခင်လက်ကိုဆွဲခေါ်သွားသည်။ ဘဒ္ဒက ဦးလရောင်အနား တဖြည်းဖြည်း တိုးကပ်သွား၏။

"ကိုကို"

"ဘ ဘဒ္ဒ"

"ကိုကို ဒီမှာရောက်နေတယ်နော်"

"ဘဒ္ဒကို အရမ်းလွမ်းတယ်၊ ကိုကို မနေနိုင်လွန်းလို့ လာတာပါ"

"ဘဒ္ဒလည်း ကိုကို့လိုပဲ"

"ဘဒ္ဒလေးရယ်"

ရင်ခွင်နှစ်ခု အရှိန်ပြင်းပြင်း ပူးကပ်သွားသည်။ ရွှယ်စုးက ခြံတံခါး





သော့ အမြန်လာဖွင့်ကာ

"ဟဲ့ ဘဒ္ဒ အိမ်ထဲမြန်မြန်ဝင် မှောင်ရိပ်ခို မတော်တရော် လုပ်နေတယ်ထင်ပြီး ရဲအဖမ်းခံနေရဦးမယ်"

"နင် နင်တို့ကရော"

"ငါတို့လည်း ပြန်မှာပေါ့ဟယ်၊ ဒီနေ့ နင့်အပြစ်က လွှတ်မြောက်သွားလို့ မင်္ဂလာဦးည ဖန်တီးမလို့"

"ရွှယ်စုး အစုတ်ပလုတ်မ"

ဘဒ္ဒ နဖူးခေါက်တာကိုခံပြီးမှ ထွန်းခင်ကို တွဲခေါ်ပြီး ရွှယ်စုး ပြန်သွားလေသည်။ ဘဒ္ဒလည်း ကိုကို့ကိုယ်ကြီးကို မနိုင့်တနိုင် တွဲ၍ အိမ်ထဲ ခေါ်လာခဲ့ရသည်။

"ကိုကိုက ဘာလို့ အရက်တွေသောက်တာလဲ"

"ကိုကို မခံစားနိုင်လို့ပါ၊ ဘဒ္ဒနဲ့ဝေးနေရမယ့်ဘဝမှာ ကိုကို ဘယ်လိုမှ မနေတတ်ဘူး၊ ကိုကို ရှင်သန်ရာဘဝလေးက ဘဒ္ဒရှိမှ အဓိပ္ပာယ်ရှိတာ ပြည့်စုံတာပါ၊ ဘဒ္ဒရော ကိုကိုကို ချစ်လို့ပြန်လာတာမဟုတ်လား"

"အင်း ဘဒ္ဒ ရှင်သန်ရာဘဝလေးမှာလည်း ကိုကို မရှိလို့ မဖြစ်ပါဘူး ကိုကို"

"ဘယ်လို အမုန်းတရားမှ မရှိတော့တာ သေချာတယ်နော်"

"အချစ်ဆိုတဲ့အရာက လွှမ်းမိုးသွားလို့ ဘဒ္ဒရင်ထဲ ဘာမှမရှိတော့ပါဘူး ကိုကို၊ ကိုကိုလည်း ဘဒ္ဒလုပ်ခဲ့တဲ့အပြစ်တွေကို မငြိုငြင်ရဘူးနော်"

ဆိုးနွဲ့အနိုင်ယူချင်ပြန်သော ချစ်သူလေးကို ရင်ခွင်ထဲ ဆွဲထည့်၍



www.burmeseclassic.com

www.burmeseclassic.com



ခပ်တင်းတင်း ပွေ့ဖက်ထားလိုက်သည်။ သုရာရည်ကြောင့် ရီဝေဝေဖြစ်နေတာလား။ အချစ်မူး မူးနေတာလား ဝေခွဲမရတော့တဲ့ ချစ်သူကောင်မလေးကို အပိုင်သိမ်းပိုက်နိုင်ဖို့ ကြိုးစားမှုဖြစ်မည်။

အားလုံးအတွက်
နတ်သမီး